ဆုပြည့်စုံထွန်းစာပေ


မဟာသဒ္ဒမ္မဇောတိကဓဇ

တက္ကသိုလ်

# ဉာဏသီရိ

ဓမ္မာစရိယ(တီအေ)

ဒုတိယအကြိမ်



# ဘဝဖန်တီးရှင်

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုပြည့်စုံထွန်းစာပေ



စာမူခွင့်ပြုချက်အမှတ် - ၃၂၀၀၀၇၀၆၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၈၀၀၆၀၂

❖

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် - (၂၀၀၆၊ စက်တင်ဘာ လ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - အောင်စံမြင့်

ကွန်ပျူတာစာစီ - *Quality*

အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

မခင်မာရွှေ၊ (ပ၃၉၀၅) (မြ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၈၀၀ - ကျပ်

## ကံ, ဉာဏ်, ဝီရိယ

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း
ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ
ကောင်းလည်းကံဟု၊ ကံကိုချည်းသာ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်
သင့်, မသင့်ကို ၊ အခွင့်ရှု၍
အပြုလုံ့လ၊ ရှိအပ်စွ တည့်။

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

## အခန်း(၁)
## ဘဝကိုဖန်တီးသူဟူသည်မှာ


ကမ္မ = ကံဟူသည် ---------------------------------- ၁
ကံကြမ္မာဟူသည် ---------------------------------- ၂
စေတနာဟံကမ္မံဝဒါမိ ---------------------------------- ၄
အတိတ်ဘဝက ပြုလုပ်သောကံ ---------------------- ၈
ကံ၏သတ္တိသဘော ---------------------------------- ၉
အတိတ်ကံ ပစ္စုပ္ပန်ကံ ---------------------------------- ၁၃
ကံကိုချည်းသာ အားမကိုးရာ ------------------------ ၁၅
ဉာဏ်ဝီရိယ မတူညီမျှပါ ---------------------------------- ၁၆
ကမ္မဝီရိယမသုံး လူပြိန်းလူအမျှသာ ------------------ ၁၇
ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးနှင့် ပတ်ဝန်းကျင်-- ၁၇
မျက်နှာများရာ ဟင်းဖတ်ပါသော ကံသဘော ---------- ၂၀
ကံတူအကျိုးပေးဟူသည် ---------------------------- ၂၂
ကိုယ်စားဒဏ်ခံရသည်ဟူသည် ---------------------- ၂၄
ကံ၏သမ္ပတ္တိ ဝိပတ္တိစက်များ -------------------------- ၂၅
ဘဝ၏ပြည့်စုံခြင်း (သမ္ပတ္တိစက်) -------------------- ၂၅
လားရာဘဝ မပြည့်စုံပျက်စီးခြင်း (ဂတိဝိပတ္တိ) -------- ၂၆
ရုပ်ဆင်းအင်္ဂါ လှပခြင်း (ဥပဓိသမ္ပတ္တိ) ---------------- ၂၆
ရုပ်ဆင်းအင်္ဂါ မလှခြင်း (ဥပဓိဝိပတ္တိ) ---------------- ၂၇
အချိန်အခါ ခေတ်ကောင်းကာလနှင့်
ကြုံတွေ့ရခြင်း (ကာလသမ္ပတ္တိ) ---------------------- ၂၇
အချိန်အခါ ပျက်စီးမှုကာလနှင့်တွေ့ကြုံရခြင်း(ကာလဝိပတ္တိ) ၂၈
လုံ့လအားထုတ်မှု ပြည့်စုံခြင်း (ပယောဂသမ္ပတ္တိ) -------- ၂၈
ပယောဂသမ္ပတ္တိကောင်း၍ စီးပွားရှေး လူမှုရေး
အဆင့်အတန်းမြင့်သည် ---------------------------- ၃၀
ပယောဂပျက်စီးမှု (ပယောဂဝိပတ္တိ) -------------------- ၃၂
ကံ၏စီမံမှု ---------------------------------------- ၃၃

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အယူမှန်မှ အလုပ်မှန်မည် | ၃၆ |
| ကံအမှုသာ ဘဝအားကိုးစရာ | ၃၇ |
| ကံ၏အစွမ်းသတ္တိ | ၃၉ |
| ကုသိုလ်အမှု (ကံ)နှင့် အကုသိုလ်အမှု (ကံ) | ၃၉ |
| ဘဝအဆင့်ကွာခြားမှုများ | ၄၂ |
| ကံပြုလုပ်ရာမှာ အမြတ်အလတ် အညံ့ဖြစ်မှု | ၅၀ |


## အခန်း(၂)
## ဘဝတို့ကိုဖန်တီးရာ ကံမျိုးအဖြာဖြာ


| | |
|---|---|
| ကံအမျိုးအစားများ | ၅၃ |
| ထောက်ပံ့မှုကံ (ဥပတ္ထမ္ဘကကံ) | ၅၄ |
| အကျိုးပေးခွင့်မရအောင်၊ ရပြန်သော်လည်း အကျိုးပေး မသန်အောင် နှိပ်စက်တတ်သောကံ (ဥပပီဠကကံ) | ၅၆ |
| ကုသိုလ်ကံအကျိုးပေးသွားသော လူသတ်သမား ဝါတကာဠက | ၅၈ |
| ကံအကျိုးကို ပယ်ချိုးနှိမ်ချ သတ်ဖြတ်တတ်သောကံ (ဥပဃာတကကံ) | ၆၀ |
| ကြီးမားပြင်းထန်သောကံ (ဂရုကံ) | ၆၄ |
| အာသန္နကံ (အနီးကပ် အကျိုးပေးသောကံ) | ၆၆ |
| အနီးကပ်အကျိုးပေးကောင်းသွားသော တံခါးမျှူး | ၆၇ |
| အမြဲမပြတ် လေ့လာဆည်းပူးနေသောကံ (အာစိဏ္ဏကံ) | ၆၉ |
| အားကြီးသောကံ (ဗဟုလကံ) | ၇၀ |
| အားကြီးသော ကံအကျိုးပေးသော ဒုဋ္ဌဂါမဏိမင်း | ၇၁ |
| ပြုမိကာမျှ ဖြစ်သောကံ (ကဋတ္တာကံ) | ၇၄ |
| မျက်မှောက်ခံစားရသော အကျိုးဟူသည် (ဒိဋ္ဌဓမ္မဝေဒနီယကံ) | ၇၄ |
| ချက်ချင်းအကျိုးပေးမှု | ၇၆ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဒုတိယဘဝအကျိုးပေးကံ (ဥပပဇ္ဇဝေဒနီယကံ) | ၇၈ |
| ဘဝအဆက်ဆက် အကျိုးပေးကံ (အပရာပရိယ ဝေဒနီယကံ) | ၇၉ |
| အပရာပရိယ ဝေဒနီယကံကုန်ချိန် | ၈၀ |
| အကျိုးမပေးတော့သည့်ကံ (အဟောသိကံ) | ၈၁ |
| ကံတို့၏ အကျိုးပေးရာ ကာလသတ်မှတ်မှု | ၈၂ |
| ဇောတို့၏အကျိုးပေးမှု | ၈၂ |
| ဇောအသီးသီးတို့၏ အကျိုးပေးမှု ဥပမာ | ၈၃ |
| ဇောစေတနာများ ခြားနားမှု | ၈၅ |
| ကံနှင့်စကြဝဠာနိယာမ | ၈၆ |
| ကံနှင့် ဘဝပြောင်းမှု နိယာမများ | ၈၇ |
| ဘဝသစ် ပဋိသန္ဓေ | ၉၁ |
| သတ္တဝါတို့၏ မွေးဖွားနည်းများ | ၉၃ |
| သန္ဓေတည်ရခြင်း အကြောင်း(၃)ပါး | ၉၄ |
| ဘဝဖြစ်ပေါ်ရာ ကိစ္စ (၁၄)ချက် | ၉၆ |
| စိတ်အစဉ်ဖြစ်ပေါ်မှု နိယာမ | ၉၉ |
| စိတ်သက်ရုပ်သက် | ၁၀၁ |
| အဘယ်ကြောင့်စိတ်သက်ကမြန်၍ ရုပ်သက်က ကြာရပါသနည်းဆိုသော် | ၁၀၃ |
| ရုပ်တို့၏ ဖြစ်ပေါ်လာမှုနိယာမ | ၁၀၃ |
| အလွန်ကြီးကြယ်သော မဟာဘူတရုပ်(၄)ခု | ၁၀၄ |
| ပသာဒရုပ်များ | ၁၀၈ |
| ဘာဝရုပ် (၂)ပါး | ၁၀၉ |
| ဟဒယရုပ် | ၁၀၉ |
| ဇီဝိတရုပ် | ၁၀၉ |
| အာဟာရရုပ် | ၁၁၀ |
| ပရိစ္ဆေဒရုပ် (အာကာသရုပ်) | ၁၁၁ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိညတ်ရုပ် (၂) ပါး | ၁၁၁ |
| ဝိကာရရုပ် (၃)ပါး (နိပ္ဖန္နရုပ်တို့၏အမူအရာအထူး) | ၁၁၂ |
| လက္ခဏာရုပ် (၄)ပါး (သိမှတ်နိုင်ကြောင်းရုပ်) | ၁၁၃ |
| လယ်တီဆရာတော် ဘုရားကြီး၏ ကံအယူအဆ | ၁၁၄ |
| ၃၁-ဘုံအတွင်း ကံ၏စီမံခန့်ခွဲမှုနိယာမ | ၁၁၇ |


## အခန်း(၃)

## စာတ်ဆရာကံဖန် ဘဝဖြစ်ပျက်မှုန်များ


| | |
|---|---|
| တရားတော်သံ ကြည်ညိုခံ ဖားငယ်နတ်ပြည်စံ | ၁၂၅ |
| ဆတ္တလုလင် နတ်ပြည်စံ | ၁၂၇ |
| ကျွန်မဝတ်ကြွေးကံ ပြန်ဆပ်ပါသည် | ၁၃၆ |
| သိစ်မက်တဲဆောက်လှူခံ နတ်ပြည်စံ | ၁၃၈ |
| ဆံပင်ဖြတ်၍ ဆွမ်းကပ်ခဲ့ရသော ကုသိုလ်ကံ၏ လက်တွေ့ကောင်းကျိုးချမ်းသာ | ၁၄၁ |
| ကုသိုလ် အကုသိုလ် တစ်လှည့်စီ အပြစ်ခံရသော မလ္လိကာမိဖုရား | ၁၄၄ |
| အရှင်လတ်လတ် ငရဲမီးလောင်ခံရသော ဝက်သတ်သမား စုန္ဒ | ၁၅၀ |
| ဘဝကြမ္မာ ကံမာယာခံ သောရေယျသူဌေးသား | ၁၅၃ |
| သုံးဘဝခန္ဓာအိမ်ပြောင်းရသော ဆရာတော် | ၁၆၅ |
| ဆွမ်းတစ်ဝက် လှူခဲ့ရသော ဒေါ်ညို၏ဘဝ | ၁၇၀ |
| မိမိပြုမိသောကံ မိမိသာခံ၍ ကြွေးဆပ်ရပါမည် | ၁၇၅ |

# ပထမအကြိမ်အမှာစာ

သံလွင်မြစ်ဘေး တောင်ထိပ်တွင် တည်ထားသော ကွမ်းလုံမြို့ကလေးသည် လှပသာယာသလို ကွမ်းလုံတံတားကလည်း ကွမ်းလုံမြို့ကလေး၏ အလှကို ထပ်မံ၍သာ အလှတန်ဆာဆင်ထားသလို ရှိနေပါသည်။

စာရေးသူသည် ကွမ်းလုံ အ-ထ-က ကျောင်းခန်းမပေါ်မှ နေပြီး ကွမ်းလုံမြို့လေး၏ အလှ၊ သံလွင်မြစ်၏အလှ၊ ကြိုးတံတား၏ အလှတို့ကို ခံစားနစ်မျောနေစဉ် -

"ဆရာကြီး၊ ကျွန်တော်ဝင်လာပါရစေ"

ဟုခွင့်တောင်းသံကို ကြားရ၍ ကွမ်းလုံအလှအပ အာရုံ နစ်မျောခံစားမှုကို အာရုံဖြတ်ပြီး ခွင့်တောင်းသူကိုလှည့်ကြည့်မိလိုက်ပါသည်။

ဝင်းအပေါက်ဝတွင် ရပ်လျက် ခွင့်တောင်းနေသူမှာ မြောင်ဇီး အမျိုးသားဝတ်စုံဖြင့် တိုင်းရင်းသားတစ်ဦးဖြစ်သည်ကို သတိပြုမိလိုက်ပါသည်။

"ဝင်လာခဲ့ပါ၊ ထိုင်ပါ"

စာရေးသူက ဖိတ်ခေါ်ပြီး ထိုင်ခိုင်းလိုက်ပါသည်။ မြောင်ဇီး အမျိုးသားသည် ရိုရိုကျိုးကျိုးပင် ခေါင်းငုံ့ဝင်လာပြီး ကြမ်းပြင်တွင် ဝင်ထိုင်သည်။

"ကုလားထိုင်ပေါ်မှာထိုင်ပါ"

စာရေးသူက ကုလားထိုင်ပေါ်ထိုင်ခိုင်းသည်ကို မထိုင်ပါ။ အတင်းတိုက်တွန်းမှ မဝံ့မရဲနှင့် ဝင်ထိုင်သည်။

"ဆရာလေး . . . ဘာကိစ္စရှိပါသလဲ၊ ဘာအကူအညီပေးရပါမလဲ၊ ပြောပါ"

စာရေးသူက သူ့ကို ဖိတ်ခေါ်စကားကမ်းလှမ်း လိုက်ပါသည်။ မြောင်ဇီး အမျိုးသားသည် အသက် (၄၀) အရွယ် ပတ်ဝန်းကျင်အရွယ်ရှိမည် ထင်ရရာ စာရေးသူက သူ့ကိုဆရာလေးဟု ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"ဆရာကြီးတို့ ဒီမှာ ကျွန်တော်တို့ရွာက သူကြီးရော အခြားသူကြီး တွေကိုပါခေါ်ပြီး ဗုဒ္ဓဘာသာ သင်ခန်းစာသင်တယ်လို့ ကြားလို့ လာကြည့်တာပါ"

"ဟုတ်ပါတယ်၊ သူတို့တစ်တွေကို ဗုဒ္ဓသာသနာပြု လုပ်ငန်းတွေ လုပ်ဖို့၊ လူပုဂ္ဂိုလ် ဗုဒ္ဓသာသနာပြု၊ လာဖွင့်တာပါ"

စာရေးသူက ကွမ်းလုံမြို့တွင် လူပုဂ္ဂိုလ်သာသနာပြုသင်တန်းဖွင့်ပုံ၊ လူပုဂ္ဂိုလ်သာသနာပြု ခန့်အပ်ပုံ အကြောင်းစုံ ရှင်းလင်းပြောပြရပါသည်။

"ဆရာလေးကရော ဒီသင်တန်းတက်ချက်လို့လား"မေးမိသည်။

"မတက်ချင်ပါဘူး၊ ကျွန်တော်က ခရစ်ယာန်ဘာသာဝင်ပါ။ ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေနဲ့ ဆရာကြီးတို့ ဗုဒ္ဓဘာသာဝင်တွေ မတူညီဖြစ်နေတဲ့ အယူအဆတစ်ခုကို ဆရာကြီးကို မေးချင်လို့ပါ"

မူလက စာရေးသူက သူ့ကိုသာမန် မြောင်ဖိုးအမျိုးသားတစ်ဦး ဗုဒ္ဓဘာသာဝင်ဟု ထင်ခဲ့ပါသည်။ ယခုသူကပြောတော့မှ ဗုဒ္ဓဘာသာဝင် မဟုတ်၊ ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်ကြောင်း အံ့သြစွာ သိလိုက်ရသည် အစချီထားသော မေးခွန်းကြောင့်လည်း အံ့အားသင့်ပြီး သူ့ကိုခဏစိုက်ကြည့်ပြီးလေ့လာအကဲခတ်မိပါသည်။

"ကျွန်တော်က တပ်မတော်ကအငြိမ်းစားပါ။ ဆရာကြီး ကြားဖူးမှာပေါ့၊ ဒီကွမ်းလုံ ရက်(၄၀)တိုက်ပွဲတို့၊ ဟိုက်ကမ်းပါးတိုက်ပွဲတို့ဆိုတာ ဒီကွမ်းလုံမှာနာမည်ကြီး တိုက်ပွဲတွေပေါ့။ ဒီတိုက်ပွဲတွေမှာ ကျွန်တော်ပါဝင်ခဲ့တယ်။ ဒီတိုက်ပွဲမှာ တော်တော်သေကြေကြတယ်။ ကျွန်တော်တောင် သေတွင်းက လွတ်ရုံကလေးရှိခဲ့တယ်။ သေတွင်းကလွတ်တော့ ကျွန်တော်စဉ်းစားမိလာခဲ့တယ်။ လူ့ဘဝရဲ့ဖြစ်ခြင်း၊ သေခြင်းဟာ ဘာလဲဆိုတာ စဉ်းစားမိလာတယ်။ လူ့ဘဝဖြစ်ပေါ်မှုကိုလည်း စဉ်းစားမိလာတယ်။ လူဟာ ဘယ်ကစဖြစ်လာသလဲ၊ ဒီလူတွေဟာ ဘာဖြစ်လို့ တစ်ယောက်နှင့်တစ်ယောက် အမုန်းရန်ငြိုးမရှိ၊ သိလည်းမသိကြဘဲနဲ့ ဘာပြုလို့ သေနတ်တွေ၊ ကျည်ဆန်တွေနဲ့ ပစ်သတ်နေကြတာလဲ။ ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေက လူတွေအပါအဝင် အားလုံးကို ထာဝရ ဘုရားသခင်က ဖန်ဆင်းပေးတယ်လို့ ဆိုတယ်။ ဒီလို ဖန်ဆင်းပေးတာ လွယ်သလား။ လွယ်လို့ပဲ လူ့အသက်တွေကို ကြက်သတ်၊ ငှက်သတ်သလို လွယ်လွယ်ကူကူ သတ်နေကြတာလား။ ဆရာကြီးတို့ ဗုဒ္ဓဘာသာကတော့ လူ့အဖြစ်ကို ရခဲတယ်လို့ ဆိုတာကို ကြားဖူးပါတယ်။ ဒီလို ရခဲတဲ့ လူ့ဘဝတွေကို ဘာဖြစ်လို့ အဓိပ္ပာယ်မရှိ စစ်ပွဲတွေလုပ်ပြီး သတ်ဖြတ်နေရပါလဲ။ အဲဒါကို ကျွန်တော် စဉ်းစားလို့မရဘူး ဆရာကြီး။ ပြီးတော့ ကျွန်တော်တို့ခရစ်ယာန်က လူတွေ၊ တိရစ္ဆာန်တွေကို ဘုရားသခင်က ဖန်ဆင်းပေးတယ်လို့ဆိုတယ်။ ဖန်ဆင်းတယ်၊ တည်ဆောက်တယ်ဆိုတာ မူလအရာဝတ္ထုတစ်ခု ရှိရမယ်လို့ ကျွန်တော်စဉ်းစားမိတယ်။ ဘယ်အရာဝတ္ထုကနေပြီး လူကို

ဖန်ဆင်းပါသလဲ။ တချို့ဘာသာတွေက လူတွေကို ပြဟ္မာက ဖန်ဆင်းတယ်လို့ပြောတယ်။ အဲဒီတော့ လူကိုဖန်ဆင်းတဲ့ ထာဝရဘုရားရော၊ ပြဟ္မာရောကို ဘယ်သူကဖန်ဆင်းပါသလဲ။ အဲဒီအဖြေကို သိချင်ပါတယ်။ ဆရာကြီး။ ဆရာကြီးတို့ ဗုဒ္ဓဘာသာကရော လူတွေ၊ တိရစ္ဆာန်တွေကို ဆရာကြီးတို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘုရားက ဖန်ဆင်းပါသလား။ အဲဒါလေးကို ပြည့်ပြည့်စုံစုံ နားလည်အောင် ရှင်းပြပေးပါ ဆရာကြီး"

လေးနက်သော အတွေးအခေါ်နှင့် ရှည်လျားစွာမေးလာသော မြောင်ဇီတိုင်းရင်းသားကြီးလည်းဖြစ်၊ စစ်ပြန်ကြီးလည်းဖြစ်သော ဦးဝေါပေါက်၏မေးခွန်းကို စာရေးသူသည် သူကိုထပ်မံအံ့သြပြီး အဖြေကို ရုတ်တရက်မပေးနိုင်ဘဲ ငေးမောတွေးတောကြည့်နေမိပါသည်။

နောက်မှ မြောင်ဇီးအမျိုးသားကြီးကို အထင်ကြီးမှု၊ လေးစားမှု အပြည့်ရှိသော စိတ်ဖြင့် သူ့အမေးကို ဗုဒ္ဓဘာသာရှုထောင့်ဘက်က အမြင်ဖြင့် ရှင်းလင်းပြောကြား ရပါသည်။

သက်ရှိသတ္တဝါဟူသမျှ ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးက ဖြစ်ပေါ်လာရသည့် အကြောင်းကို အသေးစိတ် ရှင်းပြရပါတော့သည်။

ဘဝ၏ ဖန်တီးရှင်သည် ထာဝရဘုရားမဟုတ်၊ ပြဟ္မာမဟုတ်၊ နတ်မဟုတ်ပါဘဲ မိမိပြုခဲ့သော ကံကသာ ဖန်တီးသည့်အကြောင်းကို ဥပမာ ဥပမေယျ စုံလင်စွာဖြင့် ရှင်းလင်းဖြေကြားပေးလိုက်ရပါသည်။

သူကလည်း စိတ်ဝင်တစား နားထောင်ပြီး မရှင်းလင်းသည်ကို ပြန်မေးပါသည်။

စာရေးသူကလည်း သူ နားလည်လောက်မည်ထင်သော စကားအသုံးအနှုန်းတို့ဖြင့် ကံသဘော၊ ကမ္မသတ္တိ အကြောင်းအရာ ဘဝသစ် ပဋိသန္ဓေ ဖြစ်မှုပျက်မှုတို့ကို ရှင်းပြရပါမည်။

သူသည် နောက်ဆုံးတော့ တော်တော်ကျေနပ် လက်ခံသွားပါသည်။ ဗုဒ္ဓဘာသာကို ခံယူပြီး ဆက်လက်လေ့လာပါမည်ဟု ဝန်ခံသွားသည်။ စာရေးသူက သူ့ကိုဆက်လက်လည်းလေ့လာပါ။ ဝိပဿနာ တရားလည်းထိုင်ရန် နည်းပေးလမ်းပြ ပြုခဲ့ပါသည်။

ယခု ဤဘဝဖန်တီးရှင် စာမူသည် သံလွင်မြစ်ဘေးရှိ ကွမ်းလုံမြို့ကလေးတွင် အ-ထ-က ကျောင်း၌ မြောင်ဇီးအမျိုးသားကြီး ဦးဝေါပေါက်နှင့်

ဆွေးနွေးခဲ့ရသော အကြောင်းအရာများကို မူတည်၍ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

ဤဘဝဖန်တီးရှင်ကို ဖတ်ရသောအားဖြင့် စာဖတ်သူတို့သည် မိမိတို့ဘဝကို ဘယ်သူဖန်တီးခဲ့သည်ကို အာရုံပြု သတိထား သိရှိလာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုသို့ သိရှိပြီးသော် ဘဝဖန်တီးရှင်ကို ပတ်သက်နိုင်အောင် နောက်ထပ် မဖန်တီးနိုင်အောင် ဆက်လက်ကြိုးပမ်း အားထုတ်ကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်မိပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်လျှင် ဖြစ်ချင်း စိတ်က ကြွေးကြော်ခဲ့သည်။

ဘဝကို ဖန်တီးတည်ဆောက်သောတဏှာယောက်ျား အိုလက်သမား သင့်ကို ငါသည် ဘဝများစွာ သံသရာလမ်းတစ်လျှောက်လုံး ဆင်းရဲပင်ပန်းကြီးစွာနှင့် ရှာဖွေမတွေ့၍ ဘဝများစွာ သံသရာ၌ သင်၏ တည်ဆောက်မှုကို ခံခဲ့ရပါသည်။ ယခုတော့ ဘဝကိုတည်ဆောက်သော သင့်ကိုငါတွေ့ပြီ၊ သင်သည် ငါ၏ခန္ဓာကိုယ်အချင်ရနယ်တည်းဟူသော ဘဝခန္ဓာအိမ်ကို နောက်ထပ်တစ်ဖန် မတည်ဆောက် မဖန်ဆင်းနိုင်တော့ပြီ။

ဘုရားရှင်သည် ဘဝကိုဖန်တီးသော အဝိဇ္ဇာ(မသိမှု)၊ တဏှာ (လိုချင်မှု) ဟူသော မူလတရားနှစ်ပါးက ဘဝကို ဖန်တီးနေသည်ဟု ဟောခဲ့ပါသည်။

အဝိဇ္ဇာ တဏှာတည်းဟူသော ဝဋ်မြစ်နှစ်ပါးကို အမြစ်သဖွယ် စွဲမြဲငုပ်ကည်နေသည်ကို တူးဖော်၍ မဖျက်ဆီးနိုင်သမျှ လူ၊ နတ်၊ ဗြဟ္မာစသော ဘဝများ၊ ဆင်းရဲများ၊ ချမ်းသာများ . . . စသောဘဝသံသရာ အခက်အလက် အသီးအပွင့်များ ဆက်လက်ပွင့်နေပါသည်။

ဘုရားရှင်ကြွေးကြော်ခဲ့သလို မိမိဘဝခန္ဓာအိမ်ကို နောက်ထပ်တစ်ဖန် ပြန်မဖြစ်နိုင်ဘို့အတွက် မိမိဘဝဖန်တီးရှင်ကို သိရှိကြပြီး ထိုဖန်တီးရှင်ကိုပယ်သတ်နိုင်သော ဝိပဿနာကျင့်စဉ်ကို ကြိုးစားအားထုတ်နိုင်ကြဖို့ လိုအပ်ပါသည်။

စာရေးသူသည် စာဖတ်သူတို့အား မိမိဘဝ ခန္ဓာအိုးအိမ်ကို ဖန်တီးတည်ဆောက်သူကို သိစေလိုပါသည်။ ထိုခန္ဓာအိမ်တည်ရှိသမျှ မိမိဘဝသုံးဆယ့်တစ်ဘုံဝယ် စုန်ချည်ဆန်ချည်ဖြင့် ဆင်းရဲဒုက္ခခံကာ ကျင်လည်နေကြ

ရပါမည်။ ထိုဘဝမှ လွတ်မြောက်ရေး နည်းလမ်းမှန်ကိုလည်း သိစေရန်လိုပြီး ကျင့်စေလိုပါသည်။

ပဌမသိရပါမည်။ ဒုတိယကျင့်နိုင်ရပါမည်။

ထိုသို့သိပြီး ကျင့်နိုင်လျှင် မိမိဘဝခန္ဓာအိမ် တည်ဆောက်သူကို ပယ်သတ်နိုင်ပြီး အေးချမ်းသော သန္တိသုခကို မုချ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။

ဤသို့ ရေးသားခံစားနိုင်ကြရန် စိတ်ရည်သန်၍ ဤဘဝဖန်တီးရှင် စာအုပ်ကို ရေးသားတင်ပြလိုက်ရပါသည်။

ဤစာမူဖြစ်မြောက်ရေးအတွက် လာရောက်ဆွေးနွေးသော ကွမ်းလုံမြို့မှ မြောင်ဇီး အမျိုးသားကြီး ဦးဝေါပေါက်နှင့်စာမူကို ဝိုင်းဝန်းရေးသား ပြုစုကူးယူပေးကြသော သမီးများဖြစ်ကြသည့် မစန္ဒာလင်း၊ မခင်သူဇာ၊ မစန္ဒာမြင့်အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့် — ဓာတ္တသိုလ်ချင်သီရိ
အမှတ်–၈/၅၅၊ သုနန္ဒာ(၃)လမ်း — ဓမ္မစရိယ၊ ဘီအေ
၈–ရပ်ကွက်၊ မ/ဥက္ကလာ

# မိမိကိုယ်သာမိမိအားကိုးပါ

သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံဟူ၍ နှစ်မျိုးရှိ၏။ ကံဆိုသည်မှာ အလုပ်ပင်ဖြစ်သည်။ ကံတည်းဟူသောအလုပ်နှစ်မျိုးတွင် ဘီ-အေ၊အမ်-အေ ဘွဲ့ကို ရရှိပြီးသော သူသည် ယင်းဘွဲ့ကိုရရှိသော သူငယ်တန်းမှစ၍ ပညာသင်ယူခဲ့ခြင်းသည် အတိတ်ကံဖြစ်သည်။ (အတိတ်ကံအလုပ်ဖြစ်သည်) ရရှိသောဘွဲ့အားလျော်သော အလုပ်ကို ဆက်လက် လုပ်ကိုင်ခြင်းသည် ပစ္စုပ္ပန်ကံဖြစ်သည်။ (ပစ္စုပ္ပန်အလုပ်ဖြစ်သည်)

ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသော အလုပ်ကိုဆက်ကာဆက်ကာ နေ့စဉ်လစဉ်နှင့်ပခမျှ ပြုလုပ်ဆောင်ရွက်သွားပါမှ စားဝတ်နေရေးချောင်လည်ကာချမ်းသာစွာ အသက်မွေးနိုင်ပေမည်။ ယင်းသို့လျှင် ပစ္စက္ခမျက်မှောက်ဘဝ၌ပင်အတိတ်ကံ၊ ပစ္စုပ္ပန်ကံ(ဝါ) အတိတ်အလုပ်၊ ပစ္စုပ္ပန်အလုပ်ရှိသည်ကို သတိပြု၍ အတိတ်ကပြုလုပ်ခဲ့သော ကံ(အလုပ်)ကိုသာ အားကိုးမျှော်လင့်၍ မနေကြဘဲ နေ့ရက်ရှိသမျှ ပစ္စုပ္ပန်ကံ(ပစ္စုပ္ပန်အလုပ်)ဖြင့် ဆက်ကာ ဆက်ကာ ပြုလုပ်အားပေးမှသာလျှင် မိမိတို့အလိုရှိသော ကောင်းကျိုးချမ်းသာ အကျိုးကျေးဇူးကို ရရှိကြပေမည်။

သူတစ်ပါးကို အားမကိုးကြဘဲ နတ်များကို၊ ဝိဇ္ဇာများကို၊ ချမ်းသာအောင်ပြုလုပ်ပေးကြသည်ဆိုသော လူလိမ်ဆရာများကို အားမကိုးကြဘဲ မရရှိသေးသောပညာ၊ ဥစ္စာပစ္စည်းများကို ရရှိစေရန်၊ ရရှိပြီးသော ပညာ၊ ဥစ္စာ၊ ပစ္စည်းများကို တိုးပွားစေရန် မိမိကိုယ်ကိုသာလျှင် မိမိအားကိုးအားထားပြု၍ မိမိနှင့်သက်ဆိုင်ရာ ကံတည်းဟူသောအလုပ်ကိုသာလျှင် ဉာဏ်၊ ဝီရိယနှင့် ယှဉ်ကာ အားထုတ်ပြုလုပ်ကြရမည်။

**အဘိဓမ္မမဟာရဋ္ဌဂုရု**
**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သြဝါဒ**

# အခန်း (၁)
# ဘဝကိုဖန်တီးသူဟူသည်မှာ

ကမ္မ = ကံဟူသည်

မြန်မာတို့၏ ဝေါဟာရတွင် ကံကောင်းသည် ကံမကောင်းသည်၊ ကံဆိုးသည်၊ ကြမ္မာဆိုးဝင်သည်ဖြင့် ကံနှင့်ပတ်သက်၍ ပြောဆိုသုံးစွဲကြသည်။ ကံနှင့် ကံကြမ္မာကိုလည်း တစ်ခါတစ်ရံ ကံကြမ္မာဆိုးသည်ဟု ခွဲ၍သုံးနှုန်းကြလေ့ရှိကြပါသည်။

ကံကိုမူ ကောင်း , မကောင်းနေရာ၌ သုံးသည်ကို သဘောပေါက်သိရှိနားလည်ထားသလို ကြမ္မာကိုမူ မကောင်းသောနေရာ၌ သုံးစွဲသည်ဟု ထင်မြင်ယူဆလေ့ရှိပါသည်။

ကံနှင့်ကံကြမ္မာသည် အဓိပ္ပာယ်တူ၊ အနက်တူဖြစ်ပါသည်။ ကံဟူသောမြန်မာစကားသည် ကမ္မ(အမှု) ဟူသောပါဠိစကားမှ ဆင်းသက်လာသောပါဠိသက် မြန်မာစကားဖြစ်ပါသည်။

ကြမ္မာဟူသော မြန်မာစကားသည် ကြမ္မဟူသောသက္ကဋသက်မြန်မာစကားဖြစ်ပါသည်။ (သက္ကဋတွင် ကမ္မဟူသော ပုဒ်မရှိချေ။)

ပါဠိကမ္မနှင့်သက္ကဋ "ကြမ္မ"ဟူသောစကားသည် ပြုလုပ်မှုဟူသော အဓိပ္ပာယ်အတူတူပင်ဖြစ်ပါသည်။

ထိုပြုလုပ်မှုကံ ဖြစ်ပေါ်လာစေရန် စေကနာသည် အရင်းခံဖြစ်ပါသည်။

## ကံကြမ္မာဟူသည်

ပြစ်မှုကျူးလွန်သဖြင့် မင်းပြစ်သင့်သော ရာဇဝတ်သားများနှင့် မကောင်းမှုပြုသဖြင့် ငရဲကျရောက်သော ငရဲသားများကို မင်းမှုထမ်းများနှင့် ငရဲထိန်းများက ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခြင်း အမှုများကို "ကံကြမ္မာ" ဟုခေါ်ဆိုပါသည်။ ထိုကံကြမ္မာသည် ၃၂ ပါးရှိပါသည်။

## ကံကြမ္မာ ၃၂ ပါး

၁။ နှင်တံတို့ဖြင့် ရိုက်နှက်မှု၊
၂။ ကြိမ်လုံးတို့ဖြင့် ရိုက်နှက်မှု၊
၃။ တုတ်တိုဖြင့် ရိုက်နှက်မှု၊
၄။ လက်ကိုဖြတ်မှု၊
၅။ ခြေကိုဖြတ်မှု၊
၆။ လက်ခြေတို့ကို ဖြတ်မှု၊
၇။ နားကိုဖြတ်မှု၊
၈။ နှာခေါင်းကိုဖြတ်မှု၊
၉။ နား၊ နှာခေါင်းကိုဖြတ်မှု၊
၁၀။ ဦးခေါင်းခွံကို ခွာပြီးလျှင် ရဲရဲတောက်ပူသော သံတွေခဲကိုညှပ်ဖြင့် ယူ၍ ဦးခေါင်းထဲထည့်ကာ ဦးနှောက်ကို ပအုန်းရည်ကဲ့သို့ ကျိုက်ကျိုက်ဆူလျက် လျှံကျအောင် ညှဉ်းပန်းနှိပ်စက်မှု၊
၁၁။ အထက်နှုတ်ခမ်း၊ နားနှစ်ဖက်နှင့် လည်ပင်းတိုင်အောင် အရေကို လှီးဖြတ်ထားပြီးလျှင် ဆံပင်အားလုံးကို တစ်ပေါင်းတည်းထုံးလျက် တုတ်ဖြင့်ရစ်ပတ်၍ ဆံပင်နှင့်တစ်ကွ ဦးရေကို ဆုတ်ခွာပြီးနောက် ဦးခေါင်းခွံကို ကြမ်းတမ်းသော ကျောက်ခဲတို့ဖြင့် ပွတ်တိုက်ဆေးကြော ထားသော ခရုသင်းရောင်ကဲ့သို့ ဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှု၊
၁၂။ ခံတွင်းဟင်းလင်းပွင့်နေအောင် သံချွန်ဖြင့်ထောက်ပြီးလျှင် အာခေါင်တွင်းမှာ မီးထွန်းကာ ရာဟုခံတွင်းပမာဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှု၊
၁၃။ တစ်ကိုယ်လုံးကို ဆီစိမ်ပြီးသော အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် မီးရှို့လျက် မီးပန်းလုံးပမာဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှု၊
၁၄။ လက်များကို ဆီစိမ်ပြီးသောအဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် မီးရှို့လျက် ဆီမီးတိုင်ပမာဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှု၊

၁၅။ လည်ပင်းမှနေ၍ အရေခွာပြီးလျှင် ခြေမျက်စိပေါ်၌ ပုံထားလျက် လူကို လွန်ကြိုးဖြင့်ဆွဲကာ မိမိအရေကိုမိမိ နင်းမိတိုင်း နင်းမိတိုင်း လဲ၍ကျသွားအောင် ညှဉ်းပန်းနှိပ်စက်မှု၊

၁၆။ လည်ပင်းမှစ၍ အရေခွာပြီးလျှင် ခါးပေါ်၌ထား၍လည်းကောင်း၊ ခါးမှ အရေခွာပြီးလျှင် ခြေမျက်စိပေါ်၌ ထား၍လည်းကောင်း၊ အထက်ပိုင်း အရေဖြင့် အောက်ပိုင်းကိုယ်ကို လျှော်တေအဝတ် ဝတ်သကဲ့သို့ဖြစ် အောင် ညှဉ်းပန်းနှိပ်စက်မှု၊

၁၇။ တံတောင်နှစ်ဖက်၊ ဒူးနှစ်ဖက်တို့၌ သံထူးခတ်၍သံချွန်လေးချောင်းစိုက် နှက်လျက် မြေမှာထားပြီးလျှင် သားကောင်ကို ဖုတ်သကဲ့သို့ ထက်ဝန်း ကျင်မှမီးရှို့မြိုက်ကာ ညှဉ်းပန်းနှိပ်စက်မှု၊

၁၈။ နှစ်ဖက်အသွားရှိသော သံပြားချိတ်တို့ဖြင့်အရေ အသား အကြောတို့ကို ခြစ်ခွာလျက် ညှဉ်းပန်းနှိပ်စက်မှု၊

၁၉။ ခါးမှနေ၍ တစ်ကိုယ်လုံးကို ထက်စွာသော ပဲခွပ်တို့ဖြင့် ခုတ်ရွေလျက် ကျပ်ပြားမျှသော အသားတစ်တုံးကလေးများ ပြုတ်ကျလာအောင် ညှဉ်းပန်းနှိပ်စက်မှု၊

၂၀။ ကိုယ်ကို ထိုထိုအရပ်၌ လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီးလျှင် ဆားငံရည်ပက်ကာ ဝက်မှင်ဘီးတို့ဖြင့် ပွတ်တိုက်၍ အရေ အကြော အသားတို့ကို အရည်ပျော်ကျစေလျက် အရိုးချည်းသာ ကျန်သည့်တိုင် အောင် ညှဉ်းပန်းနှိပ်စက်မှု၊

၂၁။ နံပါးတစ်ဖက်ဖြင့် အိပ်စေ၍ နားတစ်ဖက်မှ နားတစ်ဖက်ပေါက်အောင် သံတံကျင်လျှိုကာ မြေကြီးနှင့်တစ်စပ်တည်း ရှိစေပြီးလျှင် ခြေဘောက် မှကိုင်ကာ တံခါးကျင်ကဲ့သို့ လှည့်လည် ညှဉ်းပန်းနှိပ်စက်မှု၊

၂၂။ အသားအရေများကို မစုတ်မပြတ်စေမူ၍ တင်းပုတ်တို့ဖြင့် အရိုးများကို ထုရိုက်ကာ ဆံပင်များကို ဆွဲကိုင်မြှောက်ပစ်လျက် အသားစုချည်းသာ ဖြစ်သောအခါ ဆံပင်တို့ဖြင့်ပင် ချည်နှောင်ပြီးလျှင် ကောက်ရိုးထုံး သကဲ့သို့ဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှု၊

၂၃။ ကျိုက်ကျိုက်ဆူအောင် ဆီပူဖြင့် သွန်းလောင်းလျက် ညှဉ်းပန်း နှိပ်စက်မှု၊

၂၄။ နှစ်ရက်သုံးရက် အစာမကျွေးဘဲထားသဖြင့် အလွန်ဆာလောင်မွတ် သိပ်နေသော ခွေးများကို ကိုက်စားစေလျက် ချက်ခြင်းအရိုးချည်း ကျန်အောင် ညှဉ်းပန်းနှိပ်စက်မှု၊

ဆုပြည့်စုံထွန်းစာပေ

၂၅။ အရှင်လတ်လတ် သံတံကျင်လျှိုကာ နှိပ်စက်မှု၊

၂၆။ သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်လျက် ညှဉ်းပန်းနှိပ်စက်မှု၊

၂၇။ မြေပေါ်၌ အိပ်စေလျက် လက်နှစ်ဖက် ခြေနှစ်ဖက်ဖြင့် ရင်အလယ်တို့၌လောလောပူသော သံစို့ကို ရိုက်နှက်ကာ ညှဉ်းပန်းနှိပ်စက်မှု၊

၂၈။ မြေပေါ်အိပ်စေလျက် ဓားမကြီးဖြင့် ခုတ်ရွေ၍ ညှဉ်းပန်းနှိပ်စက်မှု၊

၂၉။ ဇောက်ထိုးမိုးမျှော် ဆွဲကိုင်လျက် ပဲခွပ်တို့ဖြင့် ခုတ်ရွေကာ ညှဉ်းပန်းနှိပ်စက်မှု၊

၃၀။ ရထားလှည်းဖြင့်တပ်၍ ရဲရဲညီးကာ အလျှံတပြောင်ပြောင် လောင်သော မီးတောက်မီးလျှံရှိသည့် မြေအပြင်၌ အခေါက်ခေါက် အပြန်အပြန် မောင်းနှင်လျက် ညှဉ်းပန်းနှိပ်စက်မှု၊

၃၁။ ရဲရဲညီးကာ အလျှံတပြောင်ပြောင် တောက်လောင်သော မီးတောက်မီးလျှံရှိသည့် မီးတောက်ကြီးပေါ် တက်စေဆင်းစေလျက် ညှဉ်းပန်းနှိပ်စက်မှု၊

၃၂။ ဇောက်ထိုးမိုးမျှော် ဆွဲကိုင်ပြီး ရဲရဲညီးသည့် အလျှံတပြောင်ပြောင် လောင်သော မီးတောက်မီးလျှံရှိသည့် လောလောပူသော သံအိုးကြီး၌ ပစ်ချလျက် ညှဉ်းပန်းနှိပ်စက်မှု၊

ဤ (၃၂)ပါးကို "ကံကြမ္မာ ၃၂ ပါး" ဟုခေါ်သည်။ ထို ၃၂ ပါးတို့တွင်ရှေ့ ၂၆ပါး တို့ကို လူ့ပြည့်၌ မင်းမှုထမ်းများက ရာဇဝတ်သားတို့ကို ညှဉ်းပန်းနှိပ်စက်မှုအဖြစ်လည်းကောင်း၊ နောက်ဆုံး ၆ပါးကို ငရဲပြည်၌ ငရဲထိန်းများက ငရဲသားများတို့ကို ညှဉ်းပန်းနှိပ်စက်မှုအဖြစ်လည်းကောင်း၊ ပါဠိတော်များ၌ တစ်နေရာစီ ဟောတော်မူသည်။

စေတနာဟံ ကမ္မံဝဒါမိ

ကိုပြုလုပ်မှုကံ ဖြစ်ပေါ်လာရခြင်းမှာ "စေတနာ" သည်အရင်းခံဖြစ်ပါသည်။

စေတနာဟူသော စကားလုံးသည် ဗုဒ္ဓဘာသာဝင်တို့ လူတိုင်းသုံးစွဲနေသော ပါဠိသက် မြန်မာစကားဖြစ်ပါသည်။

စေတနာဟူသောစကားသည် မိမိနှင့်အတူ ဖြစ်ကြသော စိတ်စေတသိက်များကို စေ့ဆော်ခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းအားပေးခြင်း သဘောရှိပါသည်။

အာရုံတစ်ခုကို စိတ်ကယူလိုက်သည့်ခဏဝယ် -

ဖဿစေတသိက်က ထိုအာရုံကို ထိတွေ့လိုက်သည်။

ဝေဒနာစေတသိက်က ခံစားလိုက်သည်။

သညာ စေတသိက်က မှတ်သားလိုက်သည်။

ဧကဂ္ဂတာ စေတသိက်က အာရုံ၌အတော်ကြာအောင် ကြပ်ကာလပ်ကာ ယူထားလိုက်သည်။

ဇီဝိတိန္ဒြေစေတသိက်က ရုပ်နာမ်အသက်ကိုဆက်၍ ဆက်၍တည်ပေးနေသည်။

မနသိကာရစေတသိက်က အမြဲနှလုံးသွင်းပေးနေလိုက်၏။ ဤသို့လျှင်ဆိုင်ရာတာဝန်ကို ရွက်ဆောင်လျက် စိတ်နှင့်တစ်ပြိုင်တည်း ဖြစ်နေကြရသည်။

လောဘ၊ ဒေါသ၊ မာနစသော မကောင်းသော အကုသိုလ်တရား

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသောကောင်းသော ကုသိုလ်တရားများသည်စိတ်က အာရုံကိုယူရာတွင် ပါဝင်ကြသည်။

စိတ်က အာရုံကိုယူရာဝယ် ဆိုင်ရာယှဉ်ဘက် စေတသိက်များတွင် မည်သည်စေတသိက်မှ နောက်ချန်၍ မနေရစ်ပါ။ မည်သည့်စေတသိက်မှ မိမိဆိုင်ရာ တာဝန်ကိုမလစ်ဟင်းကြပါ။

စေတသိက်အားလုံးသည် စိတ်နှင့်အတူ အာရုံကို စေ့စေ့စပ်စပ်ကပ်၍ယူသလိုဖြစ်အောင် ယူကြသည်။

ထိုသို့အာရုံနှင့် စိတ်စေတသိက်တို့ စေ့စပ်မိအောင် နှိုးဆော်သောတရားသည်ကား စေတနာပင်ဖြစ်ပါသည်။

အာရုံကိုယူရာ၌ စိတ်စေတသိက်တို့၏ သဘောသည် အသင်းတစ်ခုနှင့်တူပါသည်။ထိုအသင်း၌ခေါင်းဆောင်သည် ဥက္ကဋ္ဌနှင့်တူသည်။ စေတသိက်သည် အကျိုးဆောင်နှင့်တူသည်။

အသင်းများ၌ အကျိုးဆောင်သည် အလွန်ဗျာပါရများသည်။

အသင်းသားများကိုလည်း ဆိုင်ရာကိစ္စမလစ်ဟင်းရအောင် ပြုလုပ်ရန်တိုက်တွန်းသည်။ မိမိကိုယ်တိုင်လည်း အသင်းကိစ္စကိုကြိုးစားအားထုတ်လုပ်ကိုင်သည်။

သို့အတွက် အကျိုးဆောင်သည် အခြားသောအသင်းသားများထက် နှစ်ဆလောက် တာဝန်ကြီးသည်။

ထို့အတူ စေတနာဆိုသော စေတသိက်သည် အခြားစိတ်စေတသိက်များကို ဆိုင်ရာကိစ္စမလစ်ဟင်းစေဘဲ အာရုံနှင့်စေ့ကပ်နေသကဲ့သို့ ဖြစ်အောင်လည်းဗျာပါရများရသည်။ မိမိကိုယ်တိုင်လည်း မိမိကိစ္စကိုဆောင်ရွက်ရသည်။

ကိစ္စတစ်ခု ပြုလုပ်ရာဝယ် စေတနာက ညံ့နေပါလျှင် စိတ်ကမပါ့တပါဖြစ်ကြသည်။ အခြားစေတသိက်များလည်းညံ့ကြသည်။

စေတနာထက်သန်လျှင် စိတ်စေတသိက်များလည်း ထက်သန်ကြသည်။ စိတ်ရော ကိုယ်ပါထက်သန်ကြသဖြင့် ခန္ဓာကိုယ်လည်း ထိုကိစ္စအတွက်သွက်သွက်လက်လက် တက်တက်ကြွကြွ ဖြစ်လာရသည်။

ထို့ကြောင့် မည်သည့်အာရုံမဆို အာရုံကိုယူရာတိုင်း၌ စေတနာသည် အချုပ်အခြာ အခရာဖြစ်ပါတော့သည်။ ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ရာ၌ စေတနာသည်အချက်အချာ ကျသောအကြောင်းတရားဖြစ်ပါသည်။

ဥပမာ-ထပ်မံဆိုရသော် လူတစ်ယောက်ကို အများကဝိုင်းဝန်းသတ်ဖြတ်ရာ၌ အခြားသူတို့က အတော်အတန်ရိုက်ကြ နှက်ကြသော်လည်းအရာမထင်ချေ။ တစ်ယောက်သူကား သူများထက်နှစ်ဆ လောက်နာအောင်ရိုက်နှက်လေရာ သေရှာသည်။

ထိုလူသတ်မှုဝယ် သေအောင်ရိုက်သူသည်သာ တရားခံအစစ်ဖြစ်သကဲ့သို့ အလားတူ ဒါန၊ သီလ၊ ဘာဝနာ . . . စသော ကုသိုလ်ကံ၊ သူ့အသက်သတ်ခြင်း . . . အစရှိသော အကုသိုလ်ကံများကို စိတ်စေတသိက်များနှင့်ပေါင်း၍ ပြုလုပ်ရာ၌ စေတနာသည် သတ္တိအထက်ဆုံး ဗျာပါရလွန်ကဲဆုံးဖြစ်သည်။ စေတနာ၏သတ္တိသာလျှင် ကံပြုသူသန္တာန်၌ အဖတ်တင်ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် ကံပြုသူဖြစ်သော အမှုသည်ကိုရှာလျှင် စေတနာအပေါ်မှာသာတာဝန်ကျပါသည်။

စေတနာသည် လွန်စွာ နူးညံ့သိမ်မွေ့သော တရားဖြစ်သဖြင့်သဘောပေါက်ရန် မလွယ်ကူလှပါ။ သို့သော်ထိုနူးညံ့သိမ်မွေ့သော စေတနာကပင် စိတ်တရားတို့ကို တွန်းအားပေးနေပါသည်။

ဤကမ္ဘာဝယ် အလုပ်တစ်ခုပြုလုပ်ရာ၌ ကံ၊ ဉာဏ်၊ ဝီရိယသုံးမျိုးညီညွတ်မှသာ အကျိုးပြီးမြောက်သည်။ ကြီးပွားအောင်မြင်သည်ဟုဆိုထားကြပါသည်။

ဉာဏ်၊ ဝီရိယမှာ ပေါ်လွင်လှ၍ လူတိုင်းကလက်ခံသည်။ အငြင်းမပွားကြပါ။

ကံနှင့်စပ်၍ ယုံကြည်သူ မယုံကြည်သူများရှိပါသည်။

ကံကိုမယုံသူတို့သည် မိမိတို့မယုံပါဟုဆိုသော ကံကိုပင်နေ့စဉ်ပြုလုပ်နေသောကြောင့် မိမိကိုယ်မိမိပင် ဆန့်ကျင်နေကြပြန်သည်။

လောကလူသားတို့ကို ကြည့်လျှင် လူတိုင်းသည် အချိန်တိုင်း အလုပ်လုပ်နေကြသည်။ အလုပ်ကိုလုပ်သဖြင့် လုပ်အားတန်ဖိုးအကျိုးအမြတ်များ ရရှိနေကြသည်။

ထိုအလုပ်သည် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူ၍ နှစ်မျိုးရှိနေပါသည်။

မကောင်းသောအလုပ်ကို လုပ်မိသဖြင့် လောကဥပဒေအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ ကြိုးဒဏ်များ၊ ရောဂါဘယဒဏ်၊ မကောင်းသောဂုဏ်သတင်း စသည်များ ရရှိခံစားကြရသည်။

ကောင်းသောအလုပ်ကို လုပ်ခဲ့မိသဖြင့် ငွေကြေးဥစ္စာ၊ ဆုလာဘ်၊ ရာထူး၊ အာဏာ၊ ကောင်းသောဂုဏ်သတင်း . . . စသည်များ ရရှိခံစားကြသည်။

ဤသို့ဆိုလျှင် လူသားတို့သည် ကံဟုခေါ်သောအလုပ်များကို နေ့စဉ်၊ နေ့တိုင်း အချိန်ရှိတိုင်း ပြုလုပ်နေကြသည်။

ထိုသို့ပြုလုပ်နေကြသဖြင့် ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူသော ကံအကျိုးတရားများ ရရှိနေကြသည်။

သို့ဖြစ်၍ပြုလုပ်မှုဟူသောကံသည် ဧကန်အမှန်ပင်ရှိသော သဘာဝတရားပင်ဖြစ်သည်။ အလုပ်ဟူသော ကံရှိနေ၍ အလုပ်ဟူသောကံ၏ ကောင်းကျိုး ဆိုးပြစ်တို့ကို ခံစားနေကြရသည်။

ဘဝကိုဖန်တီးနေသောကံကို ငြင်းဆန်ကန့်ကွက်ရန် အကြောင်းမရှိပါပေ။

စေတနာကို တိုက်တွန်းနှိုးဆော်မှုကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့က ပြုလုပ်ပြောဆို ကြံစည်သဖြင့် စေတနာရှေ့သွားရှိသော ကိုယ်မှု၊ နှုတ်မှု၊ ကြံစည်မှုဟူသမျှသည် စေတနာသဘောရှိသောကြောင့်လည်းကောင်း၊ စေတနာနှိုးဆော်တိုက်တွန်း၍ ကိုယ်နှုတ်တို့ဖြင့် လှုပ်ရှားမှုအမူအရာ၊ စိတ်ဖြင့် ကြံစည်မှု အမူအရာတို့ကို ပြုလုပ်ပြီးစီးစေတတ်သောကြောင့်လည်းကောင်း၊ စေတနာကို ကံဟူ၍ခေါ်ဆိုပါသည်။

ကံဟူသောအမည်ဖြင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများဟူသော စေတနာကြောင့်သာ ထမြောက်အောင်မြင်ရသောကြောင့် အကြောင်းရင်းခံ စေတနာကိုပင် ကံဟူ၍ခေါ်ဆိုရပါသည်။

ထို့ကြောင့်ကံတရားဖြစ်ပေါ်လာရေးအတွက် စေတနာသည် အကြောင်းရင်းခံ ဖြစ်သည်။

ဘုရားရှင်က -

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ"

"ချစ်သားတို့၊ စေတနာကို ကံဟုငါဘုရားဟောတော်မူသည်" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

ကံတရားတို့၏ အပြင်းအပျော့ အားကောင်း၊ မကောင်းသည် လှုံ့ဆော်ပေးတတ်သော စေတနာအင်အားအပေါ်၌ မူတည်သည်။

ကံဟာရေးတစ်ခုဖြစ်ပေါ်လာစေရန်အတွက် လှုံ့ဆော်သော စေတနာ တွန်းအားသည် သုံးမျိုးရှိပါသည်။

စေတနာသည် ကံတစ်ခုမဖြစ်မီ ကြိုတင်၍တွန်းအားပေးသည်။

ကံပြုဆဲခဏ၌လည်းတွန်းအားပေးသည်။

ထိုကံပြုချိန်၌လည်း အဆက်မပြတ်တွန်းအားပေးသည်။

ထိုစေတနာသုံးချက် ညီညွတ်စွာပြုလုပ်မှသာ အလုပ်တစ်ခု၊ ကံ တစ်ခု၊ အကျိုးပေးမှုမှာပြည့်စုံအားကောင်းသည်။ စေတနာတစ်ချက်၊ ပျက်ကွက်အားလျော့နေလျှင်၊ ချို့တဲ့နေလျှင် ကံတရားတို့ဖြစ်ပေါ်မှု အားလျော့ ကာအကျိုးပေးမှု ချို့ယွင်းတတ်ပေသည်။

## အတိတ်ဘဝကပြုလုပ်သောကံ

အလုပ်(ကံ) ဟူသောစကားတွင် -

အတိက်က ပြုလုပ်ခဲ့ဖူးသော အတိတ်ကံ

လက်ရှိပစ္စုပ္ပန် ပြုလုပ်သော ပစ္စုပ္ပန်ကံဟူ၍ (၂)မျိုးရှိနေပါသည်။

လူသားဘဝ၏ သံသရာသည် လွန်စွာ နှစ်ပရိစ္ဆေဒ များပြား ရှည်လျားလွန်းလှပါသည်။

သို့အတွက် လူသား၏သံသရာအစကို မသိမြင်နိုင်ပါသည်။

ထိုမျှရှည်လျားသော သံသရာကြီးဝယ် သတ္တဝါတိုင်းသည် ဘဝမျိုးစုံ ၌အလုပ်အမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ ပြုလုပ်နေကြဆဲလည်းဖြစ်သည်။

ယခုပြုလုပ်ဆဲအမှု(ကံ) သည်ပစ္စုပ္ပန်ကံဖြစ်သည်။ ထိုအတိတ်ဘဝများကပြုလုပ်ခဲ့သော ကံ(အမှု)များသည် အတိတ်ကံများ ဖြစ်ကြသည်။

ကံအမျိုးအစားအလိုက် တစ်ဘဝတည်း အကျိုးအကုန်ပေးနိုင်သောကံကနည်းပါး၍ သံသရာတစ်လျှောက် ရေရှည် တုံ့ပြန်အကျိုးပေးရသောကံအမျိုးတို့က များပြားလှပါသည်။

သို့ဖြစ်၍ အတိတ်ဘဝက ပြုလုပ်ခဲ့သော ကံများသည်ယခုဘဝ၌ အတိတ်ကံ၏ အကျိုးတရားများအဖြစ် လာရောက်အကျိုးပေးကြသည်။

အတိတ်ကံကြောင့် သတ္တဝါတို့သည် ယခုဘဝတွင်ကောင်းကျိုးဆိုးပြစ်များကို ခံစားကြရသည်။

ထိုအတိတ်ကံများမှာလည်း အတိတ်ဘဝခန္ဓာများက မိမိပြုလုပ်ခဲ့သော ကံတရားများပင်ဖြစ်၍ ယခုဘဝ၌ မိမိခံရခြင်းဖြစ်သည်။နောင်လည်း ခံစားကြရလိမ့်မည်သာ ဖြစ်သည်။

သတ္တဝါတို့သည် မိမိတို့၏ လက်ရှိဘဝကို အတိတ်က မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံကသာ ဖန်တီးတည်ဆောက်ပေးနေပါသည်။ မည်သည့်ဖန်ဆင်းရှင်ကမှ မတည်ဆောက်နိုင်ပါ။

## ကံ၏သတ္တိသဘော

ကံ၏သဘောကား အလွန်သိမ်မွေ့လှပါသည်။ အင်အားသတ္တိလည်းအလွန်ကြီးမားလှပါသည်။

မည်သည့် သက်ရှိသတ္တဝါမဆို ကြံစည်ပြောဆို ပြုလုပ်သမျှ ကြံပြီးပြောပြီး လုပ်ပြီးလျှင် ပြီးသွားပြီ ပျောက်သွားပြီဟု ထင်မှတ်ကြ၏။

ထိုသို့မဟုတ်ပါ။ ကြံမှု၊ ပြောမှု၊ ပြုလုပ်မှုများ ပြီးဆုံးသွားသော်လည်း ထိုကြံစည်လုပ်စဉ်ပြောစဉ်က စေတနာဇောအင်အား သတ္တိများသည်ကား ပျောက်ပျက်မသွားပါ။ ဆက်လက်၍ လိုက်ကာအလုပ်လုပ်နေပါသည်။ အကျိုးပေးနေပါသည်။

ရေကန်အတွင်းသို့ ခဲတစ်လုံးပစ်ချလိုက်သော အချိန်သည်တစ်ခဏမျှသာ ဖြစ်သော်လည်း ခဲကျသောအရှိန်အင်အားအလိုက် ဆက်လက်ရိုက်ခတ် ဂယက်များကား ကြာမြင့်စွာ ရိုက်ခတ်လျက်ရှိနေသလိုပင် ကံ၏အရှိန်ကား နိဗ္ဗာန်သို့ မရောက်မချင်း ရိုက်ခတ်အကျိုးပေးလျက်ရှိပါသည်။

မိုးရွာသွန်းမှုသည် နာရီပိုင်းအတွင်း ရပ်စဲသွား၏။ သို့သော်

တောတောင် ရေမြေ၌ စိမ့်ဝင်နေသောမိုးရေ၏ အအေးဓာတ်အငွေ့အား သတ္တဝါများကားရုတ်တရက် ပျက်ပြယ်မသွားသကဲ့သို့ပင် ကံအကျိုးတရားကား ပျောက်ပျက်မသွားပေ။

တစ်ဖန် မိုးကာလပေါက်သော မြက်သစ်ပင်များစသည့် နွေအခါတွင် ကွယ်ပျောက်သွားကြ၏။ မမြင်ရ၍ မရှိဟုထင်နေရသော်လည်း မိုးတွင်း ရောက်လာပြန်လာလျှင် မြက်သစ်ပင်များ ပြန်၍ပေါ်ပေါက်လာကြသည်။

ဤသည်မှာ မျိုးစေ့နှင့်မျိုးဂုဏ်၏ သတ္တိများ ကျန်ရစ်ခဲ့သောကြောင့် မြက်ပင်များ သံသရာလည်ရခြင်းဖြစ်သကဲ့သို့ ကံတရားတို့သည် သတ္တဝါတို့၏ တစ်ဘဝသေပြီး တစ်ဘဝသစ်ဖြစ်ကာ ဘဝသံသရာကို နိဗ္ဗာန်မရောက်မချင်း လည်နေကြရတော့သည်။

ကံမျိုးစေ့ ကံသတ္တိကား ထိုထက်အဆပေါင်းများစွာ သိမ်မွေ့လှပါသည်။ ကမ္ဘာပေါင်း ရာပေါင်းများစွာ ကြာအောင်လည်း ဆွေးမြေ့ကွယ်ပျောက်သွားသည်ဟူ၍ မရှိပါ။ ကြာရှည်လည်းခံသည်။

ကမ္ဘာများစွာ ကွာခြားသော်လည်း အကြောင်းတိုက်ဆိုင်လာသော အခါ ယိုကံမျိုးစေ့မှ အပင်ပေါက်လာတတ်သည်။

အဘိဓမ္မာဒေသနာတော်အရ ယင်းကို နာနက္ခဏိကကံဟုခေါ်လေသည်။

ယင်းကို အဘိဓမ္မာဒေသနာတော်အရ ကမ္မဝဋ္ဋ်ဟု ခေါ်ကြသည်။

ထို့ကြောင့်ဗုဒ္ဓဘာသာဝင်တို့က မကောင်းသောအကြံ၊ မမှန်သော အပြော၊ မတရားသော အလုပ်ဟူသမျှ အသေးအဖွဲကလေးကအစ မလုပ်မိရလေအောင် တတ်သိနားလည်သောသူတို့က သတိပေးဆုံးမကြလေ့ရှိကြသည်။ လိုက်နာသူက လိုက်နာကြသည်၊ ဝဋ္ဋ်မှာအမြဲ ငရဲမှာအပ ဆိုသည်ကို အများလက်ခံ ယုံကြည်ထားကြသည်။

သတ္တဝါတိုင်းတွင် အတိတ်ကပြုလုပ်ခဲ့သော အတိတ်ကံသည် အမှန်တကယ်ရှိသည်။ သို့သော်လည်း ထိုအတိတ်ကံကို အားကိုးတကြီး ယုံပြီး ပစ္စုပ္ပန်ကံကို မပြုလုပ်ပါမူ လောကတွင် စီးပွားရေး ပညာရေးစသည် အောင်မြင်မှုများ မရနိုင်ပေ။

မြန်မာစကားပုံက ကံကိုယုံ၍ ဆူးပုံမနင်းရဟု ဆိုဆုံးမထားသည်။

တစ်ခါက လူတစ်ယောက်သည် သူ၏ကံကြမ္မာကို ဗေဒင်ဆရာက တွက်ချက်ပြီး ရွှေထီးဆောင်းရမည်ဟု ဟောဆိုသည်။ ထိုသူသည် ဘုရင်ဖြစ်

သောကသတ္တိပါလာသည်၊ တစ်နေ့နေ့ ဘုရင်ဖြစ်လိမ့်မည်ဟူသောအသိဖြင့် မည်သည့် ကြိုးစားအားထုတ်မှုမျှမလုပ်။ ဝေလေလေနှင့်နေခဲ့သည်။ အလုပ်လုပ်မှုဝီရိယမရှိ။ စဉ်းစားဆင်ခြင်နိုင်သော ဉာဏ်ကမရှိသောကြောင့် ဆင်းရဲဒုက္ခရောက်တော်ပြတ်ပြီး သူတောင်းစားဘဝသို့ ရောက်ခဲ့သည်။ သူတောင်းစားဘဝတွင် ရောဂါဝေဒနာဖြစ်ပြီး လမ်းဘေး၌လဲကျကာ သေလုနီးပါး ရောဂါခံစားနေရသည်။

ထိုအချိန်တွင် တိုင်းခန်းလှည့်လည်လာသော ဘုရင်ကတွေ့၍ လူနာကိုသနားလှသောကြောင့် ရွှေထီးမိုးပေးပြီး ရေတိုက် အစာကျွေးပြုစုသည်။

သို့သော်လူနာမှာ ရောဂါကျွမ်းနေ၍ ရေမသောက်နိုင်၊ အစာမစားနိုင်ဘဲ သေဆုံးသွားရလေသည်။

ရွှေထီးဆောင်းရသော အတိတ်ကုသိုလ်ကံက ပါလာသည်။ ဉာဏ်၊ ဝီရိယယှဉ်၍ အားမထုတ်နိုင်ခဲ့သောကြောင့် ကြီးပွားတိုးတက်ခြင်းသို့ မရောက်ခဲ့ရချေ။ ကုသိုလ်ကံအရ ရွှေထီးသာဆောင်းလိုက်ရသည်။

ဤပုံပြင်က အတိတ်ကံကိုယုံပြီး ပစ္စုပ္ပန်တွင် မကျိုးစားဘဲ မနေရဟူ၍ဆိုဆုံးမထားခြင်း ဖြစ်ပါသည်။

ဖန်ဆင်းရှင် တန်ခိုးရှင်ကြောင့် မိမိတို့ဘဝ ပြည့်စုံမှု မပြည့်စုံမှုဖြစ်ရသည်ဟူသော အယူဝါဒကို ယုံကြည်သူတို့သည် အတိတ်ကံကို လက်မခံကြပေ။

ဘုရားရှင်ပွင့်ကာစ တိတ္ထိဆရာကြီးများရှိကြသည်။ ထိုတိတ္ထိဆရာကြီးများတွင် အချို့သည် အတိတ်ကံနှင့် ပတ်သက်၍ဘဝသံသရာလည်းမရှိ၊ အတိတ်ဘဝလည်းမရှိ၊ မည်သည့်အကုသိုလ် ကုသိုလ်ပြုပြု ခံစားရခြင်းမရှိ။ ကောင်းကျိုး ဆိုးကျိုးတို့သည် အစီအစဉ်မရှိ၊ သူဖြစ်ချင်သလို အလျဉ်းသင့်သလိုသာ ဖြစ်နေကြခြင်းဖြစ်သည်။

ဖန်ဆင်းသူလည်းမရှိ၊ အတိတ်ကံတရားလည်းမရှိ အလိုလိုဖြစ်၍ အလိုလိုပျက်သည်၊ ဤဘဝကုန်ဆုံးလျှင် နောက်တစ်ဘဝ မရှိတော့ဟူသော အကြောင်းအကျိုးမဲ့ဝါဒများလည်း ပေါ်ထွန်းခဲ့ဖူးသည်။

ဤသို့အတိတ်ကံကို မယုံကြည်သူများရှိသကဲ့သို့ အတိတ်ကံကို တစ်ဖက်သတ်ယုံကြည်နေသူများလည်းရှိသည်။

ထိုသူတို့ကို ဗုဒ္ဓဘာသာက "ပုဗ္ဗေကတဟေတုဒိဋ္ဌိ" အယူရှိသူများဟု ခေါ်ဆိုပါသည်။

ဆုပြည့်စုံထွန်းတာပေ

ဖြစ်ပေါ်နေသော ပစ္စုပ္ပန်ကောင်းကျိုး ဆိုးပြစ်ဟူသမျှသည် အတိတ်ဘဝက ပြုလုပ်ခဲ့သော ကံကြောင့်သာ ဖြစ်ပေါ်နေကြရသည်။

ယခုဘဝတွင်မည်မျှပင်ကြိုးစားအားထုတ်နေသော်လည်း တိုးတက်မြင့်မားသော ဘဝမျိုးကို ရနိုင်တော့မည်မဟုတ်ဟု အတိတ်ကံကိုသာ လုံးဝအားကိုး လုံးဝမှီခို၍ ယုံကြည့်နေကြသူများ ရှိခဲ့ကြသည်။

ထိုသူများသည် မည်သည့် ကြိုးစားအားထုတ်ကိုမျှ မပြုလုပ်ကြသဖြင့် ဘဝ၏တိုးတက်မှုတို့ကို မရရှိတော့ဘဲ တဖြည်းဖြည်း ပျက်ပြားဆုတ်ယုတ်သွားရပါတော့သည်။

ဤဖန်ဆင်းရှင်ပါဒသည် အတိတ်စွဲကံဝါဒနှင့် ကြောင်းကျိုးမဲ့ဝါဒတို့ကိုဆန်းစစ်ကြည့်မည့်ဆိုလျှင် ထိုဝါဒများကို ယုံကြည်သူတို့၏ သန္တာန်၌ ယခုဘဝတွက် တိုးတက်ကြီးပွားအောင် မဆုတ်မနစ်ကြိုးစားရမည်ဟူသော-

စိတ်ဓာတ်မြင့်မြတ်မှုများ

စေတနာကောင်းထားမှုများ

ကိုယ်ချင်းစာမှုများ

အားကြိုးမာန်တက် အလုပ်ကြိုးစားလုပ်ကိုင်လိုမှုများ

စဉ်းစားချင့်ချိန်တွေးခေါ်မှုများ

စသောကောင်းမြတ်သော သတိ၊ စေတနာ၊ ဝီရိယ၊ ဆန္ဒတရားကောင်းများ ပျောက်ကွယ်သွားတော့သည်။

အမှန်လက်တွေ့ဘဝ အမြင်တွင်မူ ယခုလက်ရှိ ဘဝတကယ်တိုးတက်အောင်မြင်နေသူတို့သည် မိမိတို့၏ ကာယ၊ ဉာဏအင်အားအလိုက်သတိ၊ ပညာ၊ စေတနာ၊ ဝီရိယ၊ ဆန္ဒကောင်းတို့ဖြင့် ကြိုးစားပြုလုပ်ကြ၍သာ တကယ်အောင်မြင်မှု သရဖူဆောင်းနေကြရကြောင်း မျက်မြင်တွေ့ရှိကြပါ လျက်ကြိုးစားမှုမရှိပါက မည်သူမျှ အောင်မြင်မှုရနိုင်မည် မဟုတ်ပါ။

ထိုထက်အလွန် လေးလေးနက်နက် စဉ်းစားတွေးခေါ်ကြည့်လျှင် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း စသောမကောင်းမှုများပြုလုပ်နေကြရခြင်းသည် ဖန်ဆင်းရှင်အလိုအရ သတ်ရသည်၊ အတိတ်ကံကပါလာ၍သတ်ရသည်၊ အကြောင်းမဲ့သတ်နေရသည်ဟူသော ခံယူချက်ဖြင့် ပြုလုပ်နေရသကဲ့သို့ ဖြစ်နေပါမည်။

မိမိကိုယ်တိုင်က စေတနာပါ၍ ဝါသနာပါ၍ နှစ်သက်ခုံမင်၍ပြုလုပ်နေရသည်မဟုတ်ပါဟူသောမှားယွင်းလွဲချော်သောအယူအဆတို့ပေါ်ထွက်

လာပါသည်။ သဘာဝမကျယုတ္တိမရှိသော အဖြေတို့ ထွက်ပေါ်လာပါသည်။

အမှန်မှာ သတ္တဝါတို့ခံစားနေရသော ကောင်းကျိုးဆိုးပြစ်ဟူသမျှ တို့မှာ မိမိတို့ပြုလုပ်ခဲ့သော အတိတ်ကံ ပစ္စုပ္ပန်ကံနှစ်မျိုး ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

အတိတ် ပစ္စုပ္ပန်ဟူသော ဝေါဟာရမှာ အချိန်ကာလအရ ခွဲခြားထားမှုသာဖြစ်ပါသည်။

ယခုဘဝသည် ပစ္စုပ္ပန်ဖြစ်သည်။

လွန်ခဲ့သောဘဝသည် အတိက်ဖြစ်သည်။

အမှန်မှာမူ ကာလကွာခြားခြင်းမျှသာဖြစ်သည်။ ပြုလုပ်မှုကံမှာမူ အတိတ်ကံဖြစ်စေ၊ ပစ္စုပ္ပန်ကံဖြစ်စေ မိမိပြုလုပ်ခဲ့သော ကံများပင်ဖြစ်သည်။

## အတိတ်ကံ ပစ္စုပ္ပန်ကံ

အတိတ်ကံကြောင့် ရခဲလှသော လူ့ဘဝကို ရခဲ့ကြသည်။ ရုပ်ဆင်း အင်္ဂါလက္ခဏာနှင့် ပြည့်စုံရသည်။

အကယ်၍ အတိတ်ကံသာ မကောင်းခဲ့ပါမူ လူ့ဘဝကောင်းကို ရလာကြမည်မဟုတ်ပေ။ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝစသည်တို့ကို ရကြပေလိမ့်မည်။

အတိတ်ကုသိုလ်ကံ ကောင်းကြ၍သာ သုဂတိဘဝ လူလာဖြစ်ကြရသည်။ လူ့ဘဝတစ်လျှောက် ကြီးပွားတိုးတက်ရန်မှာ ပစ္စုပ္ပန်ပြုလုပ်မှုခေါ်သော ကံ၊ ဉာဏ်၊ ဝီရိယတို့ကို ဟန်ချက်ညီညီ အသုံးပြုကြရပေလိမ့်မည်။

လောကတွင် မည်သူမဆို အလုပ်ပြုရာ၌ ပြုလုပ်ခြင်း-ကံ၊ နိုင်ယှဉ်ဝေဖန်ခြင်းတို့တွင် သိမြင်ခြင်း-ဉာဏ်၊ ကြိုးစားအားထုတ်ခြင်း ဝီရိယ ဤသုံးချက်ကို ဟန်ချက်ညီညီ အသုံးမချနိုင်ပါက တိုးတက်မည်မဟုတ်ပေ။

အတိတ်ကံနှင့် ဖန်ဆင်းရှင်ကိုသာ အားကိုးပြီး ပစ္စုပ္ပန်ကံ၊ ဉာဏ်၊ ဝီရိယတို့ကို လွှာ၍မသုံးပါမူ အောင်မြင်မှုမရနိုင်ပါ။

ကံကိုယုံ၍ ဆူးပုံနင်းခဲ့သော် ဆူးစူးပေလိမ့်မည်။ ကံယုံ၍ မီးပုံထဲ ခုန်ဆင်းပါမူ မီးလောင်သေလိမ့်မည်။

ရှေးပညာရှိတို့က "ကျားရဲရာ ကြမ္မာမယုံးသာ" ဟု သဟိပေးဆုံးမ ခဲ့ကြသည်။

တစ်ဖန် "တံငါလက်တွင်း၊ ရောက်လျှင်းဟုံငြား၊ သုံးကောင်ငါးလို၊ မှတ်သားစမ်းထဲ၊ နည်းယူတဲ့လော့" ဟူသောဆုံးမစာပါ စကားအရ ကံ ဉာဏ်၊

ဝိရိယမျှတစွာ သုံးရန် လိုအပ်ပုံကို ငါးသုံးကောင် ဥပမာပုံနှင့်ပြရာတွင် မှတ်သားဖွယ်ကောင်းလှပါသည်။

တစ်ခါက ငါးသုံးကောင်သည် တံငါသည်လက်တွင်းသို့ကျရောက် အဖမ်းခံရပြီး လှေပေါ်တွင် ဟင်ထားခံရသည်။

ငါးတစ်ကောင်က တံငါလက်တွင်း လှေပေါ်သို့ ငါရောက်နေပြီ၊ ကံပေါ့လေ၊ ကံရှိကလွတ်လိမ့်မည်ဟု ကံကိုယုံ၍ အေးဆေးစွာ လှေပေါ်မှာနေသည်။

ငါးတစ်ကောင်ကမူ လုံလဝိရိယအရေးကြီးသည်။ တံငါလက်တွင်း လှေထဲသို့ ရောက်နေပြီး လုံလဝိရိယစိုက်၍ခုန်မည်ဆိုပြီး စွပ်ကနဲ စွပ်ကနဲ လှေပေါ်သို့ ကျော်လွန်နိုင်အောင် ခုန်သည်။ တံငါက တယ်ဆော့တဲ့ငါးဆိုပြီး တက်နှင့်ခုတ်ချလိုက်၍ သေပွဲဝင်ရသည်။

ငါးတစ်ကောင်က ဉာဏ်သမားဖြစ်သည်။ အခွင့်အခါကြည့်မည်၊ ဝီရိယသမားကတော့ အချိန်အခါမဟုတ် ဝီရိယထုတ်ပြီး သေရပြီ၊ ကံသမား ကလည်း ကံယုံပြီး မတုန်မလှုပ်နေသည်။ ငါကတော့ အခွင့်အချိန်အခါ ကြည့်ပြီးလှုပ်ရှားရမည်ဟု ကြံစည်ပြီး အခွင့်ကိုစောင့်နေခဲ့သည်။

ကမ်းနားသို့ရောက်သောအခါ တံငါသည်က လှေကိုခပ်ပေါ့ပေါ့ ကလေးနှင့် နင်း၍ဆင်းလိုက်ရာ လှေမှာစောင်းသွားသည်။ ထိုအချိန်တွင် ဉာဏ်သမားငါးက အသာကလေးခုန်ဆင်းသွားရာ လွတ်ထွက်သွားသည်။ ထိုငါးသည် လွတ်လောက်သော ကံလည်းရှိ၊ ဉာဏ်လည်းရှိ၊ ဝီရိယအားထုတ်မှုကလည်းအခွင့်အခါကြည့်၍ ကြိုးစားသောကြောင့် အသက်ဘေးမှလွတ်ရသည်။

ကံငါးကမူ ကုန်းပေါ်ရောက်ပြီး အသတ်ခံရကာ ဟင်းချက်အစားခံရတော့သည်။

ဤပုံဝတ္ထုကိုထောက်သောအားဖြင့် ဘဝတစ်ခုတည်ဆောက်ရာတွင် **ကံတွင်**မက ဉာဏ်ရှိဖို၊ ဝီရိယရှိဖို့သည် အလွန်လိုအပ်ပါသည်။

"ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း မဆင်းထိုက်စွ"

ဟုဆိုသည့်အတိုင်း အခါကာလကြည့်ရပါမည်။ အချိန်အခါကောင်းဟုတ်, မဟုတ် မိမိအတွက် အချိန်အခါကောင်းဖြစ်, မဖြစ် အချိန်ကာလကို ဉာဏ်ဖြင့်ဆင်ခြင်ကြည့်တတ်ရပါမည်။

ဤပုဂ္ဂိုလ်နှင့် အပေါင်းအသင်းဆက်ဆံ၍ အကျိုးရှိ, မရှိ ပုဂ္ဂိုလ်ပေါင်းဖော်မှုကိုလည်း ဉာဏ်နှင့်နှိုင်းယှဉ်ကြည့်ရပါမည်။ လောကကြီးပွားတိုးတက်ရေးတွင် ပုဂ္ဂိုလ်များ၏ ကျေးဇူးပြုမှုများစွာ ရှိသည်ကိုသိရပါမည်။ ဘုရားရှင်စသော ပုဂ္ဂိုလ်များ၏ သတ္တဝါအများအပေါ် ကျေးဇူးပြုသွား၍ သတ္တဝါအများချမ်းသာသုခခံစားရသကဲ့သို့ နိုင်ငံခေါင်းဆောင် ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် တိုင်းပြည်တိုးတက်ချမ်းသာပြီး တိုင်းသူပြည်သားများ သာယာချမ်းမြေ့စွာနေထိုင်ရသည်။ အပေါင်းအသင်းကောင်းမှုကြောင့် ကြီးပွားချမ်းသာရသည်။

တစ်ဖန်ဒေသကို ကြည့်ရပါမည်။ ဤဒေသသည် ကိုယ့်အတွက် ကောင်းကျိုးပြု, မပြုကြည့်ရပါမည်။ ဘုရားရှင်က မင်္ဂလာသုတ်မှာ ကိုယ့်အတွက် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးရမည့်နေရာမှာ နေရပါမည်ဟု ဟောကြားခဲ့ပါသည်။

ဤသို့ဖြင့် ဘဝကောင်းတစ်ခုဖြစ်ရန်မှာ "ကာလ၊ ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တံ့"ဟုဆိုထားသည့်အတိုင်း ဉာဏ်ပညာဖြင့် နှိုင်းဆတတ်ရပါမည်။

ကံကိုချည်းအားမကိုးရာ

"ကံကိုယုံ၍ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊
ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မယိုးကောင်းဟု၊
သူဟောင်းရှေးက ဆိုကုန်ကြ၏"
"လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊
ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊
ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်, မသင့်ကို၊
အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်"

ကံကိုချည်းတစ်ဖက်သတ်မယုံရပါ။ ဘဝအဆက်ဆက်က ပါလာသောကံသတ္တိက နည်းနည်းကလေးရှိကောင်း ရှိပါမည်။

သစ်ပင်တစ်ပင်ပေါက်ရန် မျိုးစေ့ကလေးချည်း အားကိုးနေ၍မရပါ။ မျိုးစေ့ရှိလျှင် သစ်ပင်ပေါက်မှာပဲဟူ၍ မမျှော်မနေရပါ။ မျိုးစေ့သည် အရင်းခံမှန်ပါသည်။ သို့သော် ရေကောင်းလိုသည်။ မြေကောင်းလိုသည်။ စိုက်တက်သောဉယျာဉ်မှူးကောင်းလိုသည်။

ထိုကဲ့သို့ အကုန်လုံးကောင်းတော့မှ သစ်ပင်သည်ပေါက်လာပြီး

စည်ကားထွားကြိုင်းကာ အပွင့်အသီး ဝေဝေဆာဆာ ပွင့်သီးမည်ဖြစ်သည်။

ကံကိုယုံပြီး မီးပုံကြီးထဲမဆင်းရပါ။ ငါကံအလွန်ကောင်းနေတာပဲ ဆိုပြီး ကံကို ယုံပြီး မီးပုံထဲဆင်းက မီးလောင်မှာသေချာပါသည်။ကျားဆိုသည် မှာလူတွေကို ကိုက်သတ်နေသည်။ ကျားလာနေသည်ကိုသိလျှက် ငါ့မှာကံရှိ နေတာပဲ၊ ကျားမကိုက်ပါဘူးဆိုပြီး ဇွတ်တိုးသွားက ကျားကိုက်ခံရပါမည်။ ကိုက်ခံရမှ ငါကြမ္မာမကောင်းလို့ အကိုက်ခံရတာဘဲဟု မစွပ် စွဲရပါ။

အယူတစ်ချောင်း ရှဲ့စောင်းပြီး မကောင်းတာလည်းကံပါ၊ ကောင်း တာလည်းကံပါ၊ ဘယ်သူတွေကျတော့ ဘာမှမဖြစ်ဘူး၊ ပါကျမှဖြစ်တာ ငါကံ မကောင်းလို့ဖြစ်ကာ စသည်ဖြင့် မယူဆသင့်ပါ။

သူတို့တစ်တွေသည် မည်သည့်ဝီရိယ၊ မည်သည့်ဉာဏ်နှင့် လုပ်ကိုင် နေသည်၊ သူတို့က ဘယ်လောက်ဉာဏ်ဝီရိယကြီးစွာနှင့် လုပ်နေသည်၊ ကိုယ်ဘက်က ဉာဏ်ဝီရိယမည်မျှ ညံ့နေသည်၊ အားနည်းနေသည်ကို လေ့လာ ဆန်းစစ်ရန် ဉာဏ်လိုပါသည်။

သို့အတွက် ကံကိုချည်း မယုံပါနှင့်။ ဉာဏ်ဝီရိယ ပယောဂသည် လည်းအလွန်အရေးကြီးပါလှသည်။

ဉာဏ်ဝီရိယ တွေ့ညီမျှပါ

"ကံမဲ့ဉာဏ်နဲ့ မလုံ့မလ၊ နတ်မ, မဘူး၊ အလသမျိုး၊
အကျိုးယွင်းလို၊ အလိုလျော့ရည်း၊ မကျော့ကျည်းနှင့်၊
ကိုယ်လည်းလုံ့လ၊ နတ်လည်းမ၍၊ တောင့်တကြံရာ
မြန်မကြာလျှင်၊ လွယ်တင်ကိစ္စ၊ ပြီးနိုင်ကြ၏"

မိမိကံကလည်း ညံ့နေသေးသည်၊ ဉာဏ်ကလည်းနုံ့နေသေးသည်၊ ဝီရိယကလည်းမရှိ ဆိုက ထိုသူအတွက် နတ်ကသော်မျှ မနိုင်မည်မဟုတ်ပါ။ နတ်ကမချင်ပါသော်လည်း ကံမရှိသူသွား၍ မ,ပါက နတ်သော်မှ နာမည် ပျက်ပါမည်၊ အကျိုးရမည်မဟုတ်ပါ။

သို့အတွက် ကံမရှိသူ နတ်မ, မပါ။
ဉာဏ်မရှိသူ နတ်မ, မပါ။
ဝီရိယမရှိသူ နတ်မ, မပါ။

မိမိလိုလားသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စအားလုံးကို မိမိကိုယ်တိုင် ဉာဏ်၊ ဝီရိယ၊ ပယောဂယှဉ်၍ ကြိုးစားလုပ်ကိုင်မှသာ မိမိလိုလား

တောင့်တသောအရာအားလုံး အလွယ်တကူ ပြီးမြောက်အောင်မြင်နိုင်ပါမည်။

လူကလည်း လုံ့လပြုပါ၊ ဉာဏ်လည်းရှိပါ၊ မုချ နတ်မ, ပါလိမ့်မည်။

## ကမ္မဝီရိယသုံး လူပြိုန်း လူအမျှသာ

အနန္တဇာလ၊ လူလိုမျှတို့၊ ကမ္မဝီရိယ၊ မယုံကြဘူး၊

သီဝမဟော၊ ပရမေသွာ၊ ဗြဟ္မာဗိသာနိုး၊ ကမ္ဘာစိုးနှင့်

တန်ခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားဖန်ဆင်း၊

ဖြစ်တုံလျဉ်းက၊ ချွတ်ယွင်းသမူ၊ အမှားရှုသည်၊

တောင်သူယူလေ့ ယခုလာကည်း။

လောကတွင် ဖြစ်ပေါ်တိုးတက်မှုဟူသမျှသည် လူသားတို့၏ ကမ္မ (အလုပ်)နှင့်ဉာဏ်၊ ဝီရိယ ယှဉ်၍လုပ်ကြသောကြောင့် ဖြစ်ပေါ်လာသော တိုးတက်မှုများသာ ဖြစ်ပါသည်။

သတ္တဝါတို့၏ ဘဝတွင် ကုသိုလ်ကံ, အကုသိုလ်ကံများ အမြဲပါနေပါသည်။ ဘဝများစွာက လာခဲ့ကြ၍ ကုသိုလ် အကုသိုလ်တွေ အပြည့်ပါနေသည်။ ရောက်ရာဘဝမှာ သမ္ဘတ္တိ ပြည့်စုံလာလျှင် ကုသိုလ်, အကုသိုလ်ကံတွေ ကမုချအကျိုးပေးလာပါသည်။

## ကုသိုလ်ကံ-အကုသိုလ်ကံ အကျိုးပေးနှင့် ပတ်ဝန်းကျင်

မြန်မာစကားပုံတွင် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသကဲ့သို့ မိသားတစ်စု၊ ဆွေမျိုးတစ်စုတွင် အကုသိုလ်ကံများသူ တစ်ဦးတစ်ယောက်ပါလာခဲ့သော် သူ၏အကုသိုလ်ကံဂယက်၊ အကုသိုလ်၏ အရိပ်သည် ကျန်လူပတ်ဝန်းကျင်ကိုပါ ရိုက်ခတ်ဒဏ်ခတ်သော သဘောရှိပါသည်။

ဘုရားရှင်လက်ထက်က ဖြစ်သည်။ အိမ်ခြေတစ်ထောင်ရှိသော တံငါရွာတွင် တံငါသည်မတစ်ဦးသည် သားသန္ဓေကိုယ်ဝန်လွယ်သည်။ ထိုသန္ဓေသား ကိုယ်ဝန်တည်သည့်အချိန်မှစ၍ တံငါရွာမှ တံငါသည်များသည် ငါးဖမ်းမရဖြစ်ရုံတွင်မက တစ်ရွာလုံး မင်းပြစ်မင်းဒဏ် (၇)ကြိမ်ခံရသည်။ (၇)ကြိမ် ရွာလုံးမီးလောင်ခံရသည်။

ထိုအခြေအနေကို စဉ်းစားမိကြသော လူကြီးများက စုဝေးတိုင်ပင်ကြပြီး ငါတို့တံငါမှာ အကုသိုလ်ကံအားကြီးသူ ပါရှိရမည်၊ ရွာလူထုကို ကစ်ဝက်ခွဲမည်ဟုတိုင်ပင်ပြီး တစ်ဝက်စီခွဲကြသည်။

ထိုသန္ဓေသားပါသောအုပ်စုသည် ဈေးနည်းတူ ငါးရှာမရ၊ ဆင်းရဲဒုက္ခဖြစ်သဖြင့် ထပ်မံခွဲကြပြန်သည်။ နောက်ဆုံးတွင် ထိုကလေးသန္ဓေရှိသော မိခင်တစ်ဦးသာလျှင် ကျန်ရစ်ခဲ့သည်။

မိခင်သည် ထိုသားကလေးကို ဆင်းရဲငြိုငြင်စွာဖြင့် မွေးဖွားခဲ့ရပြီး ကလေးကို ဆင်းရဲငြိုငြင်စွာ ကျွေးမွေးခဲ့ရသည်။

ကလေးမတ်တတ်သွားနိုင်သော အရွယ်တွင် မိခင်သည် ကလေးကို ခွက်ငယ်တစ်ခုပေးကာ တောင်းစေပြီး မိမိကမူ သားငယ်ကိုပစ်ကာ ထွက်ပြေးသွားခဲ့သည်။

ကလေးငယ်သည် ခွက်ဆွဲကာတောင်းရမ်းစားသောက်လာရာ (၇)နှစ်သားအရွယ်သို့ရောက်လာသည်။ ထိုအရွယ်တွင် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့်တွေ့ပြီး မထေရ်မြတ်ကသနားကရုဏာကြီးမား၍ ရှင်ရဟန်းပြုပေးသည်။ လောသကထိဿမထေရ်ဟူ၍ အမည်တွင်ခဲ့သည်။

ရဟန်းဖြစ်၍ တရားကိုအားထုတ်ခဲ့ရာ ရဟန္တာဖြစ်ခဲ့သည်။ ရဟန္တာဖြစ်သော်လည်း ထိုလောသကတိဿမထေရ်သည် တစ်နေ့မျှဆွမ်းဝအောင် ဘုန်းမပေးရချေ။

ပရိနိဗ္ဗာန်ပြုမည့်နေ့တွင် ရှင်သာရိပုတ္တရာမထေရ်မြတ်က ဆွမ်းခံအတူတူခေါ်သွားရာ ဘုန်းတန်ခိုးကြီးမားသော ရှင်သာရိပုတ္တရာပင် ဆွမ်းမရတော့ချေ။

ရှင်သာရိပုတ္တရာသည် လောသကတိဿမထေရ်ကိုပြန်လွှတ်ပြီး တစ်ပါးတည်း ဆွမ်းခံဝင်မှ ဆွမ်းရလေသည်။ အရှင်သာရိပုတ္တရာသည် အိမ်တစ်အိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် အိမ်က လူများကို လောသကတိဿမထေရ်ထံဆွမ်းပို့စေလွှတ်လိုက်သည်။

ဆွမ်းပို့သူများသည် သတိမေ့ပြီးလျှင် ပါလာသောဆွမ်းများကို လမ်းမှာပင်ချစားလိုက်ကြသည်။

ရှင်သာရိပုတ္တရာသည် ဆွမ်းစားမှပြန်လာပြီး လောသကတိဿမထေရ် ထံသို့သွားကာ ဆွမ်းရ, မရမေးရာ မရကြောင်း သိရှိရပြီးနောက် ကြီးစွာသော သံဝေဂတရားဖြစ်ပွားပြီး ချက်ချင်းပင် ကောသလမင်းနန်းတော်သို့ဝင်၍ စတုမဓုကို အလှူခံတော်မူပြီး ပြန်လာကာ လောသကတိဿမထေရ်ကိုကျွေးမွေးသည်။

ကျွေးမွေးသောအခါတွင်မူ သပိတ်ပေးလိုက်ပါက သပိတ်ပါကွယ်

ပျောက်သွားမည်စိုးသဖြင့် ရှင်သာရိပုတ္တရာက ပွေ့ပိုက်ထားပြီးမှ ဘုဦးပေးစေလေသည်။

လောသကတိဿမထေရ်သည် နောက်ဆုံးယိုစတုမမှုကို အငဘုဦးပေးပြီးနောက် ပရိနိဗ္ဗာန်စံဝင်လေသည်။

လောသကတိဿမထေရ်၏ အတိတ်ဘဝအကုသိုလ်သည်ကား အဘယ်နည်း။

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။ သူကြွယ်တစ်ယောက်၏ကျောင်းဘုန်းကြီးဖြစ်သော ရဟန်းတစ်ပါးသည် သီလရှိသော သူတော်ကောင်းရဟန်းတစ်ပါးဖြစ်ခဲ့သည်။

သို့သော် ထိုရဟန်းသည် မိမိကျောင်းသို့ လာရောက်တည်းခိုသော အာဂန္တုရဟန္တာကို မိမိ၏ကျောင်း၌ ဒါယိကာက ကြည်ညိုသွားမည်ကို စိုးရိမ်သော ကုလမစ္ဆရိယဝန်တိုစိတ်ဝင်လာခဲ့သည်။

သူကြွယ်က အာဂန္တုက ကိုယ်တော်ကိုမေးလျှောက်သော် -

"ဒါယိကာရဲ့ကိုယ်တော်က အလွန်အအိပ်ကြီးသည်၊ ခေါင်းလောင်းထိုးတာတောင် မနိုး၍ထားခဲ့သည်" ဟုလိမ်ညာပြောဆိုခဲ့သည်။

အကင်းပါးသော ကျောင်းဒကာသူကြွယ်က သူ့ဘုန်းကြီးစိတ်ထားကို သိ၍ကျောင်းဘုန်းကြီးအား ဆွမ်းကပ်ပြီးနောက် အာဂန္တုက ကိုယ်တော်အတွက်ဟုဆိုကာ ထပ်မံလှူလိုက်ပြန်သည်။

ကျောင်းထိုင်ကိုယ်တော်သည် ဘဝင်မကျ၊ မနှစ်မြို့ပါချေ။

"ဤကဲ့သို့ဆွမ်းကောင်းတွေ စားနေရလျှင် ငါ့ကျောင်းက ဆွဲချတောင် ပြန်ကြွတော့မည်မဟုတ်"

ဟုကျောင်း၌ ဆက်၍နေမည်ကို စိုးရိမ်သောကြောင့် အာဝါသမစ္ဆရိယဖြစ်ကာ ထည့်ပေးလိုက်သောဆွမ်းများကို မီးလောင်နေသော လယ်ကွင်းထဲသို့ သွန်ပစ်ချခဲ့လေသည်။

အာဂန္တုက ရဟန္တာအရှင်မြတ်သည် ကျောင်းဘုန်းကြီး၏ စိတ်အကြံကိုသိတော်မူသဖြင့် စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ ကြွသွားနှင့်တော့သည်။

ကျောင်းထိုင်ဘုန်းကြီးသည် ကျောင်းရောက်၍ အာဂန္တုရဟန်းကို မတွေ့ရသောအခါကျမှ နောင်တ, တစ်ဖန် ပူပင်သောကဝေဒနာ ခံစားရသည်။ စိတ်ဆောင်းကိုယ်ကြေ ဝေဒနာခံစားရပြီး မကြာခင်ပျံလွန်တော်မူပြီး ငရဲသို့ရောက်ခံစားရသည်။

ထိုငရဲမှ လွတ်မြောက်ပြီးနောက်ဘီလူးဘဝ ၅၀၀၊ ခွေးဘဝ ၅၀၀ တို့၌ဖြစ်ရသည်။ ထိုဖြစ်လေရာ ဘဝတိုင်း၌လည်း အစားအစာဝအောင် မစား မသောက်ရချေ။ ထိုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့် ကွယ်လွန်ခဲ့ရာ ယခုဤဘဝတွင် တံငါသည်မထံ၌ ပဋိသန္ဓေတည်ရသည်။

ဤလောသကတိဿမထေရ်၏ အဖြစ်အပျက်တွင် ကဿပဘုရား ရှင်လက်ထက်က ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံတို့ကြောင့် သူ တစ်ယောက်တည်းသာမက တစ်ရွာလုံး မကောင်းကျိုး ခံစားသွားရသည်။ ဘုန်းတန်ခိုးကြီးသော ရှင်သာရိပုတ္တရာမထေရ်ကဲ့သို့သော ရဟန္တာမထေရ်မြတ် ကြီးသည်ပင် ဆွမ်းခံမရဘဲ အကုသိုလ်ဝယက်ဒဏ်ရိုက်ခတ် ခံရသည်။

အလားတူပင်ဘုရားရှင်လက်ထက်က အာနန္ဒသူဌေးကြီးသည်လည်း လောသကတိဿမထေရ်ကဲ့သို့ပင် ဝယက်ရိုက်ခတ်၍ ဒွန်းစဏ္ဍားတစ်ရွာလုံး အငတ်ဘေး ကြုံခဲ့ရသည်။

အလားတူပင် ကုသိုလ်ကံအရာ၌ သစ်တစ်ပင်ကောင်း ငှက် တစ်သောင်းနားခိုနိုင်ဆိုသော မြန်မာစကားပုံကဲ့သို့ ကောင်းမှုကုသိုလ်ကံအကျိုး ဝယက်ရိုက်ခတ်မှုကြောင့် ပတ်ဝန်းကျင်ပါ ချမ်းသာသုခ ရရှိခံစားရသည်များ လည်းရှိပါသည်။

သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက်၌ ဖြစ်သည်။ ထိုမင်းသည် နွားသားစားသူများကို ဒဏ်တပ်လေ့ရှိပါသည်။ နွားသားစားပြီး အဖမ်းခံရ၍ ဒဏ်ငွေမဆောင်နိုင်သော သူတို့သည် မင်းနန်းတော်ထံ၌ အမှိုက်ရှင်းသူများ အဖြစ်တာဝန်ပေးအပ်ခံရသည်။

ထိုဒဏ်ပေးခံရသော မိသားတစ်စုတွင် အမျိုးသမီးငယ်တစ်ဦးသည် အလွန်ချောမောလှပသည်။ ထိုအမျိုးသမီးငယ်ကို မင်းကြီးကမြင်၍ လွန်စွာ နှစ်သက်သဖြင့် နန်းတွင်း၌ "သာမာဒေဝီ" ဟူသောအမည်ဖြင့် မိဖုရားငယ် အဖြစ် မြှောက်စားချီးမြှင့်ထားလေသည်။

ထိုမိန်းကလေးကို အကြောင်းပြု၍ သူမ၏ ဆွေမျိုးများကိုလည်း အပြစ်မှလွတ်ပြီးလျှင် ချမ်းသာစွာ အသက်မွေးနိုင်လောက်အောင် ချီးမြှောက် ထောက်ပံ့မှုပေးလေသည်။

ဤသည်မှာ တစ်ယောက်၏ ကုသိုလ်ကောင်းမှု အကျိုးကြောင့် အများ ချမ်းသာစွာ ခံစားရခြင်းပင် ဖြစ်ပါသည်။

ဘိုဝဖန်တီးရှင် ၂၁

## မျက်နှာများရာ ဟင်းဖတ်ပါသော ကံသဘော

လောကတွင် ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးမှုသည် မျက်နှာများရာ ဟင်းဖတ်ပါဆိုသကဲ့သို့ မျက်နှာလိုက်မှုများ ရှိကြသည်။

လောကဥပမာအရ ရေများ ရေနိုင်၊ မီးများ မီးနိုင်သဘောမျိုးများသာ ဖြစ်တတ်လေ့ရှိပါသည်။

ဥပမာလောကသဘာဝတွင် -

အလွန်ဖြူစင်သော (ကုသိုလ်များသော) ပုဂ္ဂိုလ်တစ်မျိုး

ယုတ်မာသော (အကုသိုလ်များသော) ပုဂ္ဂိုလ်တစ်မျိုးဟူ၍ (၂)မျိုး ခွဲခြားရှိပါသည်။

ထို(၂)မျိုးတွင် သာမန်အကုသိုလ်ကံတစ်ခုကို ကိုယ်စီကိုယ်ငှ ပြုမိကြသည်။

သူတော်ကောင်း၌ ထိုကံ အကျိုးပေးခွင့် မရပါ။ သူ့တွင်ရှိသော များစွာသော ကောင်းမှုတို့က ထိုကံကိုဖုံးလွှမ်းလိုက်ပါသည်။

ဥပမာ-အင်္ဂုလိမာလသည် လူများစွာကို သတ်ခဲ့သော်လည်း အရိယာမဂ်ဟူသော အမြင့်ဆုံးသော ကုသိုလ်ကံက လွှမ်းမိုးသွားသဖြင့် ထိုအကုသိုလ် အပြစ်ကိုမခံရတော့ပါ။

ယုတ်မာသူ အကုသိုလ်များသူက ထိုပြုမိသောအကုသိုလ်ကံကို ကာကွယ်နိုင်ရန် အားကိုးလောက်သော ကုသိုလ်ကံမရှိ၍ ထိုအနည်းငယ်သော အကုသိုလ်ကံကပင် အထင်အရှား အကျိုးပေးတော့သည်။

လောကဥပမာပြောရသော် သူဌေးသားတစ်ဦးနှင့် ဆင်းရဲသား အခြေအနေမဲ့တစ်ဦးတို့သည် တစ်ည၌ အိမ်တစ်အိမ်၌ ကြက်ကိုခိုးယူခဲ့ကြသည်။ ကြက်ရှင်ကမိ၍ လိုက်ရှာသောအခါ ကြက်တစ်ကောင်ကို သူဌေးသား ထံ၌တွေ့ရ၏။ သူဌေးသားကို သူခိုးဟုမစွပ်စွဲဝံ့သည့်ပြင် ချော့ချော့မော့မော့ တောင်းယူခဲ့၏။

ဆင်းရဲသား အခြေအနေမဲ့ကိုမူ သူခိုးဟုစွပ်စွဲကာ ရိုက်နှက်ပုတ်ခတ်၍သူကြီးထံပို့ကာ ထောင်ချပစ်လေသည်။

ဤဥပမာကဲ့သို့ပင် ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မျက်နှာလိုက်တတ်သည်။ (ဝါ) ရေများ ရေနိုင်၊ မီးများ မီးနိုင်သဘောဖြစ်တတ်ပါသည်။

ထင်ရှားသော ဥပမာဆိုရသော် ဆားတစ်ပိဿာကို မြစ်ထဲသို့

ချလိုက်သော် ရေ၏အရသာ မပျက်သကဲ့သို့ ကုသိုလ်ကံများစွာ ရှိသူ၌ အကုသိုလ်ကလေးအတွက် မကောင်းကျိုးအရသာ မပေါ်နိုင်ပါ။

ထိုဆားတစ်ပိဿာကို သောက်ရေအိုးတစ်လုံးထဲသို့ လောင်းထည့်လိုက်ပါက သောက်ရေများအကုန်ပျက်တော့သည်။

ထို့အတူ အနည်းငယ် ကုသိုလ်ရှိသူ၌ အထိုက်အလျောက်သော အကုသိုလ်ဖြစ်လျှင် ထိုရှိရင်း ကုသိုလ်ကလေးများ၏ သတ္တိသည် ပျက်ပြယ်တတ်လေသည်။

များစွာသော ကုသိုလ်ကံများကို အနည်းငယ်သော အကုသိုလ်က မနှောင့်ယှက်နိုင်ပါသော်လည်း အနည်းငယ်ကုသိုလ်ကို အနည်းငယ် အကုသိုလ်က နှောင့်ယှက်နိုင်ပါသည်။

ထို့ကြောင့် ကုသိုလ်အထူးများစွာ ဖုံးလွှမ်းရန် ကြိုးစားထားသင့်ကြပါသည်။

## ကံတူအကျိုးပေးဟူသည်

ကံ၏သတ္တိအရှိန်အရ သတ္တဝါတို့သည် တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရသော်လည်း ရှေးဘဝက မိမိ၏ အဝိဇ္ဇာ၊ တဏှာ၊ ကံစွမ်းအတွက် နောက်ဘဝသစ် ဖြစ်ရသောကြောင့် နောက်ဘဝဖြစ်သူသည် သူများမဟုတ်၊ မိမိပင်ဖြစ်ပါသည်။

ပြုခဲ့မှုသော စေတနာကံတရားတို့သည် ချုပ်ပျောက်သွားသော်လည်း ထိုကံအရှိန် သတ္တိများ အကျိုးမပေးရသေးသမျှ မပျောက်မပျက် လိုက်ပါလျက်ရှိသောကြောင့် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ သတ္တိသည် မိမိ၏သန္တာန်ဝယ် လူသွားရာနောက်သို့ လူရိပ်လိုက်ပါသို့ မိမိကိုစောင့်ရှောက်ဖို့ အမြဲလိုက်ပါနေပါသည်။

မိမိပြုအပ်သော အကုသိုလ်ကံ၏ သတ္တိများသည် လှည်း၌တပ်ဆင်ထားသော နွား၏ နောက်သို့ လှည်းဘီးပါသကဲ့သို့ မိမိကိုနှိပ်စက်ရန် အမြဲလိုက်ပါနေတတ်ပါသည်။

လောကတွင်အချို့သူတို့က ဒီဘဝ ဒီကိုယ်စံ နောက်ဘဝ နောက်ကိုယ်ပင်ခံရလိမ့်မည်ဟု ဆိုကြသေးသည်။ နောက်ဘဝတွင် ခံရမည်သူမှာ သူများ မဟုတ်၊ မိမိသာဖြစ်ကြောင်း မိမိသာတိုက်ရိုက်ခံရမည် ဖြစ်ကြောင်း သိထား သင့်ပါသည်။-

ရှေးရှေးဘဝက စိတ်တူကိုယ်တူ ပြုခဲ့ကြသော သူတို့သည် နောင်အခါတွင်လည်း အတူတူ အကျိုးပေးတတ်ပါသည်။

ဒါနအတူတူပြုခြင်း၊ သီလအတူတူဆောက်တည်ခြင်း၊ အတူတကွ ပြုလုပ်ခွင့်မရသော်လည်း တစ်ယောက်ပြုနေသည်ကို သဘောကျခြင်း၊ ချီးမွမ်းခြင်း ၊ ဝမ်းမြောက်ခြင်း၊ ဥပမာ-ယောကျ်ားက ဥစ္စာရှာဖွေ၍ မိန်းမက ကုသိုလ်ကောင်းမှုပြုသည်ကို ဝမ်းမြောက်ချီးမွမ်းခြင်းစသော ကုသိုလ်များကို ကံတူဟူ၍ ဆိုပါသည်။

ထိုကဲ့သို့ ကံတူပြုလုပ်ရာတွင် ပညာရှိသူတော်ကောင်းချင်းဖြစ်လျှင် တစ်ယောက်စကား တစ်ယောက်နားထောင်ကာ မခွဲမခွာနေလိုသော သမ္မာဆန္ဒဖြင့် တစ်ယောက်နှင့်တစ်ယောက် ငဲ့ညှာသော တဏှာဆန္ဒများကလည်း ကုသိုလ်၏ ရှေ့အဖို့မှာ မကင်းဘဲရှိတတ်နေပါက ထိုကုသိုလ်ကံအကျိုးပေးသောအခါ သမ္မာဆန္ဒ တဏှာဆန္ဒ အလိုကျအောင် ထိုသူနှစ်ယောက်တို့ အတူတကွ တွေ့ဆုံရတတ်သည်။ အတူ**အကျိုးခံစားရတတ်**သည်။

ဤအရာမျိုးကို ကံတူအကျိုးပေးဟု ခေါ်ပါသည်။

ထိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ငဲ့ညှာမှုဆန္ဒပြင်းပြလှသော ကုသိုလ်ရှင်တို့သည် သံသရာလည်ရာ၌ ပါရမီဖြည့်ဖက် အဖြစ်ဖြင့် ကျင်လည်လာခဲ့ရပါသည်။

ဥပမာ -

သိဒ္ဓတ္ထမင်းသားနှင့်ယသော်ဓရာမိဖုရား

ပိပ္ပလိလုလင်နှင့်မယ်ဘဒ္ဒါ

မဟာကပ္ပိနမင်းနှင့် အနောဇာမိဖုရား

ကောသမ္ဗီဃောသကသူဌေးနှင့် သူဌေးကတော်

အကုသိုလ်အရာ၌လည်း စိတ်တူသဘောတူပြုလျှင် ကံတူအကျိုးပေးမြဲဖြစ်ပါသည်။

ဥပမာ-ဘုရားရှင်လက်ထက်၌ ဥတေနမင်း၏ သားတော် ဗောဓိမင်းသားနှင့် မိဖုရားတို့သည် သားသမီးမရခဲ့ကြ၍ အတိတ်ကြောင်းကို ဘုရားရှင်က ဟောပြောပြရာ၌ -

ရှေးက ဇနီးမောင်နှံနှစ်ဦးသည် လှေပျက်၍ လူမရှိသော ကျွန်းငယ်တစ်ခုသို့ ရောက်ရှိသွားသည်။ ထိုနေရာ၌ အစာမရသဖြင့် ငှက်ဥများနှင့် ငှက်ကလေးများကို သတ်၍စားကြရသည်။ ထိုမကောင်းမှုအတွက် ငရဲကျရပြီး

ယခုလူဖြစ်လာသောအခါ သားသမီးမရ ဖြစ်ရသည်။

ဤသည်မှာ အကုသိုလ်ကံတူအကျိုးပေးပုံဖြစ်ပါသည်။

ငှက်ကလေးများကို သတ်စားစဉ် မိန်းမကသဘောမတူလျှင် မိန်းမအတွက်သားသမီးရနိုင်သည်။ ယောကျ်ားကသဘောမတူလျှင် ယောကျ်ားဘက်ကသားသမီးရနိုင်သည်။ ယခုမူ လင်မယားနှစ်ယောက် သဘောတူ သတ်ခဲ့သောကြောင့် သားသမီးမရဖြစ်ရသည်။

ထိုကံတူ အကျိုးပေးမှုနှင့်ပတ်သက်၍ မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာ၌ - အကုသိုလ်နှင့် ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မယားအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာတည်း" ဟူ၍ စပ်ဆိုမိန့်မှာခဲ့ပါသည်။

## ကိုယ်စားဒဏ်ခံရသည်ဟူသည်

အချို့ကုသိုလ်ကံများသည် ကံပြုသူက အစောင့်အရှောက်အနေအထိုင် ကောင်းလှသဖြင့် ထိုသူကို တိုက်ရိုက်ထိခိုက်မိအောင် မတတ်နိုင်လျှင် ထိုသူနှင့်ဆက်သွယ်မိသော မိဘ၊ ဆရာ၊ သားသမီး၊ ကျွန်၊ တပည့် စသည်များကိုထိခိုက်စေတတ်ပါသည်။

ထိုကဲ့သို့ တစ်စုံတစ်ယောက်ထိခိုက်မိသွားလျှင် ကိုယ်စားဒဏ်ခံသွားရသည်ဟုပေါ်ဟာရ ဆိုစမှတ်ပြုကြလေ့ ရှိပါသည်။

ထိုသို့ ဒဏ်ခံသွားရလျှင် အကုသိုလ်ကံရှင်မှာလည်း စိတ်ဒုက္ခရောက်ရသောကြောင့် တစ်နည်းအားဖြင့် ကံပြုသူကိုလည်း ညှဉ်းဆဲပြီး သဘောဖြစ်တော့သည်။

လူသားတို့၏ လူ့ဘုံဟူသည် အပါယ်လေးဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံကဲ့သို့ ကံအကျိုးသက်သက်ကိုသာ ခံစားရသောဘုံမဟုတ်ပါ။

အကုသိုလ်ကံအကျိုးသက်သက်သာ ခံစားရသော အပါယ်လေးဘုံသည်ဆင်းရဲဒုက္ခအတိ ခံစားရသည်။

ကုသိုလ်ကံအကျိုးသက်သက် ခံရသောနတ်ပြည်၊ ဗြဟ္မာပြည်သည် ဆင်းရဲမရှိ၊ ချမ်းသာအတိ ခံစားရသည်။

လူ့ဘုံသည် ကံ၊ ဉာဏ်၊ ဝီရိယ မျှတညီညွတ်စွာ ကြိုးပမ်းအားထုတ်ရသောဘုံဖြစ်၍ မိမိတို့ကြိုးစားအားထုတ်သော ကောင်းမှု၊ မကောင်းမှုအပေါ်မူတည်၍ ခံစားကြရသည်။

ဆုပြည့်စုံထွန်းစာပေ

ရှေးရှေးပညာရှိတို့က လူ့ဘုံကို ကူးတို့ဆိပ်ဘုံဟုခေါ်ပါသည်။

နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်လမ်းခရီးကိုလည်း သွားနိုင်သည်။ ငရဲစသော အပါယ်လေးပါးသို့လည်း သွားနိုင်သည်။

လူ့ဘဝတွင် ပစ္စုပ္ပန်ကံသည် အရေးကြီးလှပါသည်။ ယင်းပစ္စုပ္ပန်ကံဟူသည် ယခုဘဝ၊ ယခုကာလတွင် ဉာဏ်ပညာဖြင့် ချိန်ဆတွေးခေါ် မြော်မြင်၍ ဝီရိယဖြင့် ကြိုးစားလုပ်ကိုင်မှု မှန်သမျှပင်ဖြစ်ပါသည်။

## ကံ၏သမ္ပတ္တိ - ဝိပတ္တိစက်များ

လူ့ဘဝသည် အတိတ်ကံကောင်းထောက်မသော်လည်း သမ္ပတ္တိစက်ခေါ် အချိန်အခါကောင်း အခွင့်ကောင်းတို့နှင့် တွေ့ကြုံဆုံရန်လည်း လိုအပ်ပါသည်။ ဆိုင်ရာ ဆိုင်ရာအကြောင်းများ၏ ပြည့်စုံမှုကို သမ္ပတ္တိစက်ဟုခေါ်ပါသည်။

သတ္တဝါတို့၏ သန္တာန်၌ ရှေးရှေးဘဝပေါင်းများစွာက ပြုခဲ့သောကံတို့သည် အလွန်များပြားလှပါသည်။

အကျိုးပေးရန် အခွင့်မသာသေးသဖြင့် အကျိုးပေးရသေးသမျှခန္ဓာအစဉ်မှာ အမြဲပါရှိသောကြောင့် သမ္ပတ္တိစက်ဆိုက်နေသောအခါ ကုသိုလ်ကံအကျိုးပေးခွင့်သာသလို ဝိပ္ပတ္တိစက်ဆိုင်ရာ၌ အကုသိုလ်ကံအကျိုးပေးခွင့်သာပါသည်။

## ဘဝ၏ပြည့်စုံခြင်း(သမ္ပတ္တိစက်)

ရရှိသော ဘဝကောင်းမွန်ပြည့်စုံခြင်း (ဂတိသမ္ပတ္တိ)

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်များသို့ ရောက်ရှိရရှိခြင်းကို ရရှိသောဘဝကောင်းမွန် ပြည့်စုံသူဟု ခေါ်ပါသည်။

ထိုလားရာ ဘဝကောင်းမွန်မှုနှင့် ပြည့်စုံသောအခါ ကုသိုလ်ကံတို့သည်အကျိုးပေးခွင့် ရကြပါသည်။

လူ့ပြည်၌ ဒုက္ခရှိသေးသော်လည်း နတ်ပြည်၊ ဗြဟ္မာပြည်တို့၌မူ ဒုက္ခမရှိသလောက် ရှားပါးလှပါသည်။

ကုသိုလ်ကံတို့ အကျိုးပေးခွင့်ရ၍ အကျိုးပေးနေသောကြောင့် အစားအသောက်၊ အဝတ်အစား၊ အနေအထိုင်၊ အတွေ့အကြုံ အာရုံတို့မှာလည်း အကောင်းအမွန်ချည်းသာ ဖြစ်ကြရပါသည်။

ထိုကဲ့သို့ ဘဝကောင်းမွန်ပြည့်စုံမှုရနေသော သူတို့၌ အကုသိုလ်ကံ တွေပါရှိနေသော်လည်း ထိုအကုသိုလ်ကံများ အကျိုးပေးခွင့် မရကြပါ။

လူ့ဘုံသည် ဒုက္ခဆင်းရဲမကင်းသည်မှာ မှန်သော်လည်း အပါယ် လေးပါးနှင့် ထောက်ဆလျှင် အလွန်သက်သာချမ်းသာလှပါသည်။

ကုသိုလ်ကံများက အထိုက်အလျောက် အကျိုးပေးခွင့်သာသော ကြောင့်မကောင်းသောအာရုံမှ တိမ်းရှောင်နိုင်၍ ကောင်းသောအာရုံများတွေ့ ကြုံနိုင်ကြပါသည်။

လားရာဘဝ မပြည့်စုံပျက်စီးခြင်း (ဂတိဝိပတ္တိ)

လားရာဘဝမပြည့်စုံ ပျက်စီးသောအခါ အကုသိုလ်ကံများ အခွင့် သာပြီး အကျိုးပေးပါသည်။ ငရဲကျရောက်သူ၊ ပြိတ္တာဖြစ်ရသူ၊ အမြဲဒုက္ခရောက် ပြီးအမြဲအနှိပ်စက်ခံရ၊ အမြဲပူလောင်ဆာလောင်လျက် ဆင်းရဲဒုက္ခကြီးစွာ ခံစားကြရပါသည်။

အထိုက်အလျောက် သက်သာခွင့်ရသည်ဟု ဆိုရသောတိရစ္ဆာန် ဘဝသည်ပင် အစာငတ်ရန်၊ ရေငတ်ရန်၊ နေပူမိုးရွာ ဆင်းရဲဒဏ်ခံရန်၊ တုတ်၊ ဓား လက်နက် စသည်ဖြင့် ရိုက်နှက်ခံရန်၊ အသတ်အဖြတ်ခံရန် စသည်ဖြင့် အလွန်ဆိုးဝါးသော အကုသိုလ်ကျိုးများ ခံစားရပါသည်။ တစ်ကောင်နှင့် တစ်ကောင် နှိပ်စက်သတ်ဖြတ်မှုလည်း ခံရ၍ အကုသိုလ် ကံများစွာ ခံစားရန် နီးကပ်လှပါသည်။

အလွန်သေးငယ်သော ပိုးမွှားတိရစ္ဆာန်ကလေးများဘဝတွင်မူ သူကနင်း၊ ငါကနင်းနှင့် သွားရင်း လာရင်းအသေဆိုးဖြင့် သေကြေပျက်စီးကြ ရသည်။ အကုသိုလ်ကံ အကျိုးပေးက လွယ်လှသည်။

ထိုလားရာ ဂတိဝိပတ္တိပျက်စီးနေသောအချိန်ဝယ် ရှေးရှေးဘဝ ကုသိုလ်ကံတွေ ပါရှိနေကြသော်လည်း ကယ်ဆယ်ဖို့ရန် အခွင့်မသာ မရကြ ချေ။

ရုပ်ဆင်းအင်္ဂါလှပခြင်း (ဥပဓိသမ္ပတ္တိ)

လားရာဂတိပြည့်စုံ၍ လူ့ဘဝသို့ရောက်နေရသော်လည်း ရုပ်ဆင်း အင်္ဂါလှပခြင်းပဲ့သော ဥပဓိသမ္ပတ္တိပြည့်စုံရန် အရေးကြီးလှပါသည်။

ရုပ်ဆင်းအင်္ဂါလှပမှု ဥပဓိသမ္ပတ္တိ ပြည့်စုံနေလျှင် ဆွေမျိုးဥစ္စာ

ပစ္စည်း အောက်ကျနောက်ကျ ဖြစ်နေရသော်လည်း ပစ္စည်းဥစ္စာရှိသူ၊ အမျိုးမြတ်သူတို့က ကြည်ဖြူလေးမြတ်ကြသဖြင့် အထက်တန်းရောက်၍ ကုသိုလ်ကံများအခွင့်သာကြသည်။

ဥပမာ-ဆီးသီးသည်မလေး မိဖုရားဖြစ်ရခြင်း၊ သာမာဝတီမိဖုရားဖြစ်ရခြင်း၊ ဖွားစောမိဖုရားဖြစ်ရခြင်းတို့သည် ဥစ္စာပစ္စည်း၊ ဆွေဂုဏ်မျိုးဂုဏ်နိမ့်ကျသော်လည်း ဥပဓိသမ္ပတ္တိပြည့်စုံကြ၍ မိဖုရားအရာ ကုသိုလ်ကံအခွင့်သာကြသည်။

လောကတွင် လူကိုမဆိုထားဘိ၊ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ဥပဓိသမ္ပတ္တိပြည့်စုံသော ခွေး၊ ကြောင်၊ စသည်များပင် လူချမ်းသာတို့၏ မွေးမြူခြင်းကို ခံရ၍ကုသိုလ်ကံ အကျိုးပေးခွင့်ရကာ ချမ်းသာကြလေသည်။

ရုပ်ဆင်းလှပမှု ဥပဓိသမ္ပတ္တိသည် ဤမျှပင် အကျိုးများလှပါသည်။

ရုပ်ဆင်းအင်္ဂါမလှပခြင်း (ဥပဓိဝိပတ္တိ)

လူ့ဘုံလောကဝယ် လူ့အဖြစ်ကို ရခဲ့သော်လည်း ရုပ်အဆင်းမလှမပ ဖြစ်နေသည်များ ရှိပါသည်။ ဤသည်မှာ ကုသိုလ်ကံအကျိုးပေးခွင့် ရသင့်သလောက်မရဘဲ ရှိသည့်သဘောဖြစ်ပါသည်။

အမျိုးမြတ်၊ ဥစ္စာပစ္စည်း ရှိသော်လည်း ရုပ်အဆင်းမလှမပ ဖြစ်သည်ရှိသော် အမျိုးတူ ဥစ္စာရှိသူတို့ကပင် မနှစ်သက် မမြတ်နိုးနိုင်ကြပါ။

မင်းကုသဇာတ်တော်တွင် ကုသမင်းသည် အမျိုးမြတ်ပြီး ဥစ္စာပစ္စည်းပြည့်စုံသော်လည်း ရုပ်ဆင်းမလှပမှုကြောင့်ပဘာဝတီ မင်းသမီး၏ ချစ်ခင်မြတ်နိုး လက်ခံခြင်းကို မရခဲ့ပေ။

ဥပဓိဝိပတ္တိဖျက်လျှင် လူ့လောကတွင် ထင်ပေါ်ကျော်ကြားမှု အားနည်းသည့်ပြင် လူအများ၏ ချစ်ခင်မှုလည်း အားနည်းတတ်ပါသည်။

အချိန်အခါခေတ်ကောင်းကာလနှင့်ကြုံတွေ့ရခြင်း (ကာလသမ္ပတ္တိ)

မင်းကောင်းမင်းမြတ်၊ ခေါင်းဆောင်ကောင်း ခေါင်းဆောင်မြတ်တို့ ကြီးစိုးအုပ်စိုးနေသောအခါကို အချိန်အခါကောင်း ခေတ်ကောင်းနှင့်ပြည့်စုံသည်ဟု ဆိုပါသည်။

ပြည်သူပြည်သားတို့ သာယာဝပြောအောင်၊ ပညာတတ်အောင်၊ ကျန်းမာအောင် အစရှိသည်ဖြင့် စီမံထားသော မင်းကောင်း ခေါင်းဆောင်

ကောင်းတို့၏လက်ထက်ဝယ် ပညာ ဥစ္စာ၊ စီးပွား အေးချမ်းစွာ လုပ်ကိုင်ရှာဖွေ ခွင့်ရ၍ ကုသိုလ်ကံအကျိုးပေးခွင့်များ သာလေသည်။

ထိုကုသိုလ်ကံအကျိုးပေးခွင့်များ ရကြသဖြင့် ကောင်းသောအာရုံနှင့် တွေ့ကြုံရသည်၊ ခံစား စံစားကြရသည်။ ပူပင်သောက ကင်းကြရသည်။ မိမိက ခေတ်ကောင်း၊ ကာလကောင်း၊ အချိန်ကောင်းများနှင့် ကြုံကြိုက်ရသလို မိမိပတ်ဝန်းကျင်ရှိ ဆွေမျိုးသားချင်း ပတ်ဝန်းကျင်ရှိ ရပ်ဆွေရပ်မျိုးတို့သည် လည်း ချမ်းသာမှုရကြသည်။

ထိုအချိန်အခါကောင်း (ကာလသမ္ပတ္တိ)နှင့်ပြည့်စုံသော အချိန်အခါ ဝယ်ငတ်ပြတ်ဆင်းရဲနေအောင် အကျိုးပေးမည် အကုသိုလ်ကံ ပါရှိသော်လည်း အခွင့်မရကြသဖြင့် အကျိုးမပေးနိုင်ပါ။

## အချိန်အခါ ပျက်စီးမှုကာလနှင့်တွေ့ကြုံခြင်း (ကာလဝိပတ္တိ)

မင်းဆိုး၊ မင်းယုတ်ခေါင်းဆောင်သော အညံ့စားတို့ အုပ်စိုးသော ကာလအချိန်ကို အချိန်အခါကောင်း ပျက်စီးသောကာလ ကာလဝိပတ္တိဟု ခေါ်ပါသည်။

တိုင်းပြည်ပျက်သော အချိန်ကာလ၊ မိမိတိုင်းပြည်ဝယ် စစ်မက်အင်္ဂါ ထူပြောသော ကာလတို့သည် ကာလပျက်သော ကာလဝိပတ္တိ အချိန်အခါများ ဖြစ်ကြပါသည်။

ထိုကဲ့သို့ အချိန်အခါကာလတွင် ရှေးရှေးပါလာသော အကုသိုလ်ကံ တို့သည် အခွင့်သာ၍ အကျိုးပေးကြသည်။

လူအများ ဆင်းရဲငတ်ပြတ်နေကြသည်။ ကုသိုလ်ကံ အလွန်ကြီးမား သူတို့သည် ထိုကုသိုလ်ကံ အခွင့်မရကြဘဲ ရှိသမျှ အကုသိုလ်ကံတို့ဒဏ်ကို ခံကြရသောကြောင့် ပြေးရလွှားရ ပုန်းလျှိုးကြရသည်။ စားချင်တာမစားရ၊ ချစ်ခင်သူများနှင့်ကွဲရ၊ မိသားစုတွေကွဲရ၊ ရောဂါဘယတွေဖြစ်ကြရပြီး ကုစရာ ဆေးမရှိဘဲ ဆရာဝန်ပရှိဖြစ်ကာ သေရသည်အထိ ဒုက္ခရောက်ကြရသည်။

## လုံ့လအားထုတ်မှုနှင့်ပြည့်စုံခြင်း (ပယောဂသမ္ပတ္တိ)

အလုပ်တာဝန်ဟူသမျှ သတိ၊ ဝီရိယ၊ ဉာဏ်တို့ဖြင့် ဆောင်ရွက် လုပ်ကိုင်ခြင်းကို ပယောဂလုံ့လပြု၍ အားထုတ်ခြင်းဟုခေါ်ပါသည်။

ဤနေရာတွင် ဉာဏဟုဆိုရာ၌ အပြစ်ကင်းသော ဉာဏ်ကိုဆိုလို

ပါသည်။ ဉာဏ်ဟူသည် အကုသိုလ်အရာ၌လည်း လှည့်ပတ်တတ်သော လိမ်ညာတတ်သော ဉာဏ်နှင့်ကြံစည်မှု (ဝိတက်) များလည်း ဉာဏ်များပင် ဖြစ်ပါသည်။ ထိုအကုသိုလ် ဉာဏ်ကို အသုံးမပြုရပါ။

အရာရာတိုင်း၌သတိရှိခြင်း၊ လုံ့လကောင်း၍ သွက်သွက်လက်လက်၊ တက်တက်ကြွကြွရှိခြင်း၊ လိမ္မာခြင်း၊ ပါးနပ်ခြင်း၊ သိတတ်ခြင်း၊ မမေ့မလျော့ ခြင်းများသည် ပယောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်းများ ဖြစ်ပါသည်။

နတ်ပြည်ဗြဟ္မာပြည်တို့၌ ပယောဂသမ္ပတ္တိ မထင်ရှားသော်လည်း ဤလူ့ဘုံဝယ် ပယောဂသမ္ပတ္တိအကျိုးသည်ကား ထင်ရှားလှပါသည်။ လူ့ဘုံဝယ် လူဖြစ်လာရသည် ဆိုကတည်းက ကုသိုလ်ကံများ၏ အကုသိုလ်ကံ နည်းကြ သောကြောင့် လူဖြစ်လာကြရသည်။ လူ့ဘဝကို ရခဲ့သော်လည်း အထက်တန်း ကျဖို့ဆိုသည်မှာ ပယောဂသမ္ပတ္တိကောင်းမှ ရနိုင်ပါသည်။

ပယောဂသမ္ပတ္တိထက်လျှင် ထက်သလို အကျိုးပေးသည်၊ ညံ့လျှင် ညံ့သလိုအကျိုးပေးတတ်ကြပါသည်။

ယနေ့လူသားတို့၏ ကောင်းကျိုးရရှိရေး၌ရှေးကံတစ်ခုတည်းကိုသာ အားမကိုးသင့်ပါ။ ယခုဘဝတွင် လုံ့လပယောဂကိုလည်း အားကိုးရပါမည်။

ပယောဂသမ္ပတ္တိသည် ရှေးကုသိုလ်ကံကို အခွင့်သာလာအောင် ရေလာမြောင်းပေး ပြုလုပ်ခြင်းနှင့်တူပါသည်။

ရှုတ်တရက်ထိပေါက်ခြင်း၊ ရွှေအိုးကောက်ရခြင်း၊ ထိုမှတစ်ပါး အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်း၊ ကြိုးစား၍ ကူးသန်းရောင်းဝယ်ခြင်း စသည် များကြောင့် ကောင်းကျိုးခံစားရာကြရာ၌ တစ်ကျပ်သားလျှင် ရှေးကံက တစ်မတ်သားလောက် ပါဝင်ရာ ယခုဘဝသတိဝီရိယဉာဏ်ဟူသော ပယောဂ သမ္ပတ္တိ သုံးမတ်သားလောက် ပါရှိရပါမည်။

ပယောဂအရာဝယ် အကုသိုလ်ကံများကို -

အလွန်ကြီးသောကံ

သိပ်မကြီးသောကံဟူ၍ (၂)မျိုးခွဲခြားနိုင်ပါသည်။

အကျိုးပေးရလျှင် မနေနိုင်လောက်အောင် ကြီးမားသောကံ၊ ဥပမာအကုသိုလ်အရာ၌ ဒေမိသတ်၊ အဖသတ်စသောပဉ္စာနန္တရိယကံ၊ ကုသိုလ် အရာ၌ မဟဂ္ဂုတ်ကုသိုလ်စျာန်ကံ၊ လောကုတ္တရာကုသိုလ် မဂ်ဖိုလ်ကံများ ဤ ကဲ့သိုသော ကံများကို ပယောဂသမ္ပတ္တိဖြင့် တား၍မရနိုင်ပါ။

သို့သော် သက်သာခွင့်ရအောင်မူ ကြိုးစားနိုင်ပါသည်။ ဥပမာ

အဇာတသတ်မင်းသည် အဖသတ်မိသော အလွန်ကြီးသောကံကို ပြုမိ၍ အဝီစိငရဲသို့ ကျခံရမည်ဖြစ်သည်၊ သို့သော် ဘုရားရှင်ကို အလွန်ကြည်ညို သော ပယောဂသမ္ပတ္တိကြောင့် အဝီစိငရဲသို့ မကျရတော့ဘဲ အဝီစိငရဲ၏ အခြံအရံဖြစ်သော ဥဿဒငရဲ၌ ကျခံခဲ့ရသည်။

ဤသည်ကား ပယောဂသမ္ပတ္တိက သက်သာအောင် ဆောင်ရွက် ပေးနိုင်ခြင်းဖြစ်ပါသည်။

ထိုမျှလောက်မကြီးမားသော အကုသိုလ်ကံများကိုမူ လုံးဝအကျိုး မပေးနိုင်အောင် တားဆီးနိုင်ပါသည်။

မိဘကိုဆဲရေး၊ ဆရာသမားများကို အပြစ်ပြောခြင်း၊ လူကြီးများကို ဆဲရေးခြင်း၊ ဂုဏ်ရှိသူ၊ သမာဓိရှိသူကို ကဲ့ရဲ့ခြင်း၊ ပြစ်မှားခြင်းတို့သည် အတော် ပင်ကြီးမားသော အကုသိုလ်ကံများ ဖြစ်ကြပါသည်။

သို့သော် အပြစ်ကိုပြော၍ သတိရ၍ ပြစ်မှားခံရသူများရှိသေးလျှင် ထိုသူထံသွား၍ ဖြစ်စေ၊ ထိုသူမရှိလျှင် ထိုသူ၏ သင်္ချိုင်းသို့သွား၍ ဖြစ်စေ၊ ထိုကဲ့သို့မသွားနိုင်လျှင် မာန်မာနကိုလျှော့၍ ကာကယ်စေတနာဖြင့် အဝေးမှ ဖြစ်စေ တောင်းပန်ဝန်ချလျှင် ထိုဝန်ချမှုပယောဂကြောင့် ထိုအကုသိုလ်ကံများ အကျိုးမပေးနိုင်တော့ပါ။

ထိုအတူပင် အခြားသော အကုသိုလ်ကံလေးများစွာသည် ကုသိုလ် ကံအားကြီးလျှင် ပပျောက်ကြရသည်။

ပယောဂသမ္ပတ္တိကောင်း၍စီးပွားရေး၊ လူမှုရေးအဆင့်အတန်းမြင့်သည်

ဗုဒ္ဓဘာသာဝင်မဟုတ်သော အခြားနိုင်ငံခြားသားများ ကြီးပွား ချမ်းသာကြသည်မှာ ထိုနိုင်ငံခြားသားများ၏ သန္တာန်၌ ရှေးရှေးက ပြုခဲ့သော ကုသိုလ်ကံတရားများအလွန်ရှိကြပြီး သူတို့သည် ယခုဘဝတွင်လည်း ဆေးရုံလှူ၊ ဆင်းရဲသားလှူများ ရှိနေသောကြောင့် ဒါနမျိုးဆက်ကံ ရှိနေကြပါ သည်။

သတိ၊ ဝီရိယ၊ ဉာဏ်ကလည်း အလွန်ကောင်းကြသည်။ ကျန်းမာရေး အတွက်အမျိုးမျိုး ကြိုးစားပြီး ရှာဖွေလုပ်ကိုင်ကြသည်။ တီထွင်ကြံဆ၊ ကြိုးစား ရှာဖွေ သုတေသနပြုကြသည်။

ကာကွယ်ရေးအတွက် စစ်မင်္ဂအင်္ဂါများကို ဉာဏ်အမျိုးမျိုးဖြင့် စိတ်ကူးကြပြီး ဝီရိယဇွဲသန်သန်ဖြင့် မှန်မှန်ကြီးလုပ်ကိုင်နေကြသည်။

စီးပွားရေးဘက်ကလည်း အမျိုးမျိုးကြံဆပြီး ရောင်းဝယ်ကောင်းအောင်ကြိုးစားလုပ်ကိုင်ကြသည်။

ထို့ကြောင့် ထိုနိုင်ငံခြား နိုင်ငံကြီးများသည် သတိ၊ ဉာဏ်၊ ဝီရိယကောင်းကြ၍တိုးတက် စည်ပင်ဝပြောလာကြသည်။

ဤသည်မှာ ပယောဂသမ္ပတ္တိနှင့် ပြည့်စုံကြ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စီးပွားလာရှာကြသော နိုင်ငံခြားသားများကို ကြည့်လျှင် -

အလွန်သတိကောင်းကြသည်။

လုံ့လဝီရိယ ဘာမျှပြောစရာမရှိ။

လိမ္မာပါးနပ်မှုက သူမတူအောင် ဉာဏ်ရှိကြသည်။

စီးပွားရှာ၍ကောင်းမည့် အရပ်ဒေသကို ရွေးချယ်တတ်ကြပြီး လုံ့လဝီရိယဖြင့် လုပ်ကိုင်ကြ၏။

ဤသို့ ပယောဂသမ္ပတ္တိပြည့်စုံကြ၍ နိုင်ငံခြားသားတို့ ကြီးပွားချမ်းသာ နေကြရပါသည်။ဗုဒ္ဓဘာသာဝင်တို့တွင်လည်း သတိဝီရိယနှင့် အသိအလိမ္မာရှိသော သူတို့သည် ကြီးပွားချမ်းသာကြပါသည်။

ထို့ကြောင့် လောက၌ ကြီးပွားချမ်းသာရေးတွင် ကံကိုသာအားကိုးမနေရပါ။ ပယောဂသမ္ပတ္တိပြည့်စုံရန်သာ လိုပါသည်။

ကံသည်ကား ရေမြောင်းသဖွယ် ရေစီးရေလာကောင်းအောင် စီမံပေးရုံမျှသာ ရှိပါသည်။

ပယောဂသမ္ပတ္တိသည် ကုသိုလ်ကံအကျိုးပေးရန် အချုပ်အခြာဖြစ်၍ ပယောဂသမ္ပတ္တိရှိသူသည် -

ပညာတတ်လည်းဖြစ်နိုင်သည်၊

ဉစ္စာပစ္စည်းလည်း ပြည့်စုံနိုင်သည်၊

ရာထူးဂုဏ်သိမ်လည်းတိုးတက်နိုင်သည်၊

အိမ်ထောင်ဘက်ကောင်းလည်း ရနိုင်သည်။

ဆရာကောင်းနှင့် လည်းတွေ့ကြုံနိုင်သည်၊

မိတ်ဆွေကောင်းနှင့်လည်းပေါင်းသင်းနိုင်သည်။

နောက်ဆုံး နိဗ္ဗာန်ထိရောက်နိုင်သည်၊

ထိုပယောဂသမ္ပတ္တိတွင်

အရာရာ၌ တတ်သိနားလည်မှုဉာဏ်သည် ပထမ အရေးကြီးသည်၊

နောက်အရာရာ၌ သတိထားဖို့သည် ဒုတိယအရေးကြီး၏၊

နောက် ပေါ်ပေါက်လာသော ကိစ္စ၌ မပျင်းမရှိ လုံ့လရှိဖို့သည် တတိယအရေးကြီးသည်။

ပယောဂပျက်စီးမှု (ပယောဂဝိပတ္တိ)

ဉာဏ်ပညာကင်း၍ ဖျင်း၊ အ၊ ထိုင်း၊ မှိုင်းသူ၊

သတိကင်းပေ့ါ မေ့လျော့သူ၊

ဝီရိယကင်း၍ ပျင်းရိသူ

အားလုံးသည်ပင် ပယောဂပျက်စီးမှုများကြောင့် ဖြစ်ပါသည်။

တစ်ယောက်ပေါ်တစ်ယောက် မနာလိုဝန်တိုအားကြီးမှု၊

အရာရာ၌ စိတ်တိုလျက် ဒေါသကြီးမှု၊

မာန်မာနကြီးမှုများသည်

ကြီးပွားရေး စီးပွားရေးတို့ကို နှောင့်ယှက်တတ်သဖြင့် ပယောဂပျက်စီးမှုများပင် ဖြစ်ပါသည်။

ဂူတွင် ပယောဂပျက်စီးမှုများရှိနေပါလျှင် မကောင်းကျိုးပေးမည့် အကုသိုလ်ကံကလေးများက ကိုယ်စီကိုယ်ငှ ပါရှိနေတတ်ပါသည်။

အမျိုးကောင်းသားပီပီ ပညာတတ်အောင်သင်ခြင်း၊

ဥစ္စာပစ္စည်းများကို တရားနည်းလမ်းအတိုင်း ရအောင်ရှာဖွေခြင်း၊

ကံငါးပါးကို မကျူးလွန်ခြင်း

စသည်ဖြင့် အပြစ်ကင်းအောင်နေသူတို့၌ အကုသိုလ်ကံကပါရှိသော်လည်း ထိုအကုသိုလ်ကံက အကျိုးပေးခွင့် မရတော့ချေ။

ငယ်ရွယ်စဉ်က ပညာကိုလည်းမသင်၊

ဥစ္စာရှာဖွေချိန်၌ မတရားသဖြင့် ရှာဖွေ၏။

(သို့မဟုတ်) လုံးဝမရှာဖွေဘဲနေ၏။

ကံငါးပါးကိုလည်း အခွင့်သင့်သလိုကျူးလွန်၏။

ထိုသူသည် ပယောဂပျက်စီးပြီး အကုသိုလ်များနေ၍ တစ်နေ့နေ့မှာ အကုသိုလ်ကံများ ဧကန်မုချ အကျိုးပေးခွင့် ရကြပေတော့မည်သာ ဖြစ်ပါသည်။

အလွန်ကြီးကျယ်သော ကုသိုလ်၊ အကုသိုလ်ကံမှတစ်ပါး များစွာသောကုသိုလ်-အကုသိုလ်ကံတို့၏ အကျိုးပေးမှု ရမှု-မရမှုသည် ပယောဂအပေါ်၌ အခြေစိုက်လျက် ရှိနေပါသည်။

ပယောဂသမ္ပတ္တိ အမြဲရှိနေသူများ၌ ကံဇာတာနိမ့်ခိုက် ဖြစ်နေစေကာမူ အကုသိုလ်ကံ ခွင့်မရ၍ ကုသိုလ်ကံတွေသာ အခွင့်ရကြ၍ ဒုက္ခဆင်းရဲ မရောက်ကြရပေ။

ပယောဂဝိပတ္တိ ရှိနေသူတို့ကား ကံဇာတာမြင့်တုန်း၌ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုသကဲ့သို့ ခေတ္တခဏ ကောင်းစားစေကာမူ အကုသိုလ် အခွင့်သာလာသောအခါ အတိဒုက္ခဆင်းရဲခြင်းသို့ ရောက်ရတော့သည်။

ရခဲသော လူ့ဘဝကိုရလာကြပြီးဖြစ်သဖြင့် ကံကောင်းသူများပီပီ ဉာဏ်၊ ဝီရိယ ပယောဂအားထုတ်မှုကို အစဉ်ကြိုးစားနေရပေမည်။

သို့မှသာ ကံ၊ ဉာဏ်၊ ဝီရိယအကျိုးကို အပြည့်အဝ ခံစားရပေလိမ့်မည်။ ထို့ကြောင့်ပင် မန်လည်ဆရာတော်ဘုရားကြီးက -

"ကံဟုမူလ၊ သမ္ဘဒ္ဒတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊
ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊
ဉာဏ်ဝီရိယ၊ ပယောဂတည်း"

ဟူ၍ကံသဘောတရားကို ရှင်းလင်းဖွင့်ဆိုထားခဲ့ပါသည်။

ကံ၏ခြိမ်မှု

အတိတ်ကံသည် -

အလွန်အားကောင်းသောကံ၊

အလယ်အလတ်အားကောင်းသောကံ၊

နုံချာသောကံ ဟူ၍ (၃)မျိုးရှိသလို ပစ္စုပ္ပန်ကံသည်လည်း -

ကံ ဉာဏ် ဝီရိယ မျှတစွာသုံး၍ လက်ရှိအခြေအနေထက် ဘိုးတက်အောင်ကြိုးစားခြင်း၊

တည်တံ့ရုံသာ ကြိုးစားခြင်း၊

တည်တံ့ရုံလောက်ကိုပင် အားမထုတ်ခြင်းဟူ၍ သုံးမျိုးရှိပါသည်။

အလွန်အားကောင်းသော အတိတ်ကံကြောင့် မိကောင်း ဖကောင်း အထက်တန်းစား ဆရာသမား မိဘကောင်းတို့ထံတွင် လူဖြစ်လာရသည်။

ထိုသူသည် အရွယ်ရောက်သောအခါ ကံ ဉာဏ် ဝီရိယသုံးပါး ညီညွတ်စွာ ပစ္စုပ္ပန်ကောင်းအောင် ကြိုးစားက ၎င်းသူသည် လူ့ဘဝ၏အထွတ်အထိပ် မင်းစိုးရာဇာ သူဌေး၊ သူကြွယ်၊ ပညာရှင်ကြီး ဖြစ်နိုင်ပါသည်။

အတိတ်က အလွန်အားကောင်း၍ မိကောင်း ဖကောင်းထံတွင်

လူဖြစ်လာရသော်လည်း ပစ္စုပ္ပန်အားထုတ်မှုများ အလယ်အလတ် တည်တံ့ရုံသာကြိုးစားလျှင် အလယ်အလတ်တန်းစားဘဝကိုသာ ရောက်ရှိမည်။

ထိုသူပင် ပစ္စုပ္ပန်ကြိုးစားမှုမရှိ၊ တည့်တံ့ရုံမျှပင် အားမထုတ်မကြိုးစားပါလျှင် နိမ့်ကျဆင်းရဲမွဲတေတေသော ဘဝသို့ရောက်သွားရပေမည်။

ပစ္စုပ္ပန်၏ အင်အားအပေါ်လိုက်၍ မိဘတိုယက် ပိုမိုတိုးတက်သွားသူ(အတိဇာတသားသမီး) -

မိဘခြေရာနင်း၍ မိဘအဆင့်ကိုမီသူ (အနုဇာတသားသမီး)

မိဘအဆင့်မမီ မိဘထက်ယုတ်နိမ့်သွားသူ (အဝဇာတသားသမီး) ဟူ၍ (၃)မျိုးပေါ်ထွက်လာခဲ့ရပါသည်။

အတိတ်ကံသည် မကောင်းဖခင်သားဖြစ်အောင်သာ ပို့ဆောင်ပေးနိုင်ပါသည်။ အတိတ်ကံ အလတ်တန်းစားကြောင့် သာမန်မိဘတို့ဝမ်း၌ လူဖြစ်လာရသော်လည်း ပစ္စုပ္ပန် ကြိုးစားအားထုတ်မှုများပြားလာလျှင် အထက်တန်းအဆင့်သို့ရောက်နိုင်ပါသည်။ မင်းစိုးရာဇာ သူဌေး သူကြွယ်၊ ပညာရှင်ကြီးများဖြစ်နိုင်သည်။ ယနေ့ခေတ်နိုင်ငံခေါင်းဆောင်များ ၊ ပညာရှင်များ အချို့ကိုလေ့လာ ဆန်းစစ်လျှင် တောလက်ကျေးရွာ သာမန်လယ်သမား မိဘကမွေးဖွားလာ ခဲ့ကြသည်။ ကြိုးစားအားထုတ်မှုကြောင့် နိုင်ငံခေါင်းဆောင်များ၊ ပညာရှင်ကြီး များ၊ သူဌေးကြီးများ ဖြစ်နေကြရသည်။

ထိုသူသည်အလယ်အလတ် တည်တံ့ရုံသာ ကြိုးစားအားထုတ်လျှင် အလယ်အလတ်တန်းစားထဲက အလတ်တန်းစားသာ ဖြစ်ရမည်။

ထိုသူသည်ပင် ပျင်းရိပြီး ကြိုးမားမှုမရှိ၍ ပစ္စုပ္ပန်ကံအားနည်းမွဲတေပါလျှင် ဆင်းရဲသားဘဝ ကျရောက်ပါလိမ့်မည်။

အလားတူပင် အတိတ်ကံအားနည်း၍ ဆင်းရဲသူမိဘများဝမ်း၌ ဖြစ်ရသော်လည်း ပစ္စုပ္ပန်ဘဝ အားထုတ်မှုများပြားလျှင် တွင်ကျယ်သူဘဝ မြင့်မြတ်သူဘဝ ရောက်ရသည်။

အလယ်တန်းစား တည့်တံ့ရုံသာ ကြိုးစားလျှင် သာမန်ဆင်းရဲသားဘဝသာ ရရှိမည်။ ပစ္စုပ္ပန်ကြိုးစားမှုမပြုလျှင်မူ လွန်စွာနိမ့်ကျ၍ သူတောင်းစားဘဝသာသာမျှသို့ ရောက်ရတော့သည်။

ဘုရားရှင်လက်ထက်တော်က မဟာဓနသူဌေးသားနှင့် ပတ်သက်၍ ထိုသူဌေးသားသည် နှစ်ဖက်မိဘအမွေကို သောက်စားဖြုန်းတီးပြီး နောက်ဆုံး သူတောင်းစားဘဝသို့ ရောက်ရှိသွားသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွရင်း ထိုသူဌေး ဘဝစျာန်လျော၍ သူတောင်းစားဘဝသို့ ရောက်နေကြသော လင်မယား ကိုတွေ့၍ ရှင်အာနန္ဒာကို ဤသို့မိန့်တော်မူသည်။

"အာနန္ဒာ၊ခွက်လက်ဆွဲကာတောင်းစားနေကြသော ဤသူတောင်း စားကိုကြည့်ပါလော့။ ထိုသူတို့သည် သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝကြသော သူဌေးကြီးနှင့် သားနှင့်သမီးများဖြစ်ကြသည်။

"သူတို့သည် ငယ်စဉ်က ပညာမသင်ကြဘဲ အိမ်ထောင်ပြုကြပြီး မိဘပစ္စည်းများကို ဖြုန်းသုံးနေခဲ့ကြသည်။ မိဘတို့ကွယ်လွန်ကြသောအခါ ကံ၊ ဉာဏ်၊ ဝီရိယကိုအသုံးမချ၊ စီးပွားဥစ္စာတိုးတက်လာအောင် မကြိုးစားကြဘဲ ရှိသမျှပစ္စည်းကိုသာ သုံးဖြုန်းခဲ့ကြရာ နောက်ဆုံးတွင် ဥစ္စာပစ္စည်း လူလုံးမလှဖြစ်ကာ ခွက်လက်ဆွဲပြီး တောင်းစားရသော ဖုန်းတောင်းယာစကာ ဘဝသို့ ရောက်ရသည်။

"ထိုလင်မယားနှစ်ယောက်တို့၏ အတိတ်သည် အလွန်ကောင်းခဲ့ သည်။ အကယ်၍ ပထမအရွယ်တွင် စီးပွားဥစ္စာ ကြိုးစားရှာဖွေပါက ဤမြို့ တွင်ပထမတန်းစား သူဌေးကြီးဘဝသို့ ရောက်နိုင်ကြသည်။

ရဟန်းပြု၍ ရဟန်းတရားအားထုတ်ပါမူ အထက်တန်းမဂ်ဖိုလ်သို့ ရရှိနိုင်သည်။

ဒုတိယအရွယ်တွင် သတိရပြီး ကြိုးစားပါက အလယ်တန်းစားသူဌေး ဘဝသို့ ရောက်နိုင်ကြသည်။ ရဟန်းတရားအားထုတ်ပါက အောက်မဂ် အောင်ဖိုလ်များကို ရနိုင်ပါသည်။

တတိယအရွယ်မှာ သတိရပြီး ကြိုးစားပါက လူတန်းစေ့ သာမန် ဘဝမျိုးရနိုင်သေးသည်။ ရဟန်းပြု၍ တရားအားထုတ်ပါက အကျင့်မြတ်နှင့် ပြည့်စုံသူ ရဟန်းကောင်းများဖြစ်နိုင်ကြသည်။

ယခုမူ လုံ့လကြိုးကုန် အားထုတ်မှုမပြုခဲ့သဖြင့် သူတောင်းစားဘဝ သို့ရောက်ကြရသည်" ဟုမိန့်ကြားတော်မူခဲ့သည်။

ဤသူဌေးလင်မယားဘဝကို ကြည့်လျှင် အတိတ်ကံကောင်း၍ သူဌေးသားသမီးများ ဖြစ်ခဲ့ကြသော်လည်း ပညာမတတ်၍ ဉာဏ်ကလည်း မရှိ၊ အလုပ်ကလည်း မကြိုးစား မလုပ်ကိုင်၊ ရှိသမျှ ထိုင်၍ဖြုန်းသုံးခဲ့ကြ၍ ဘယ်ဖန်ဆင်းရှင်ကမျှ မဖန်ဆင်းနိုင်ဘဲ မိမိပြုသော ကံ၊ ဉာဏ်၊ ဝီရိယအား နည်းမှုကြောင့် ဆင်းရဲသော သူတောင်းစားဘဝသို့ ရောက်ရတော့သည်သာ။

အယူမှန်မှ အလုပ်မှန်မည်

အလုပ်ဟူသော ကံတရား၏ သဘောလက္ခဏာကို တိကျမှန်ကန် ပြည့်စုံစွာ သဘောပေါက်စေရန် လူတိုင်းလိုအပ်ပါသည်။

ကုသိုလ်အလုပ်(ကံ) အကုသိုလ်အလုပ် (ကံ)တို့သည် -

ရှေးဦးစွာဖြစ်သောစေတနာ (ပုဗ္ဗစေတနာ)

ပြုလုပ်နေဆဲစေတနာ (မုဉ္စစေတနာ)

ပြုလုပ်ပြီးစေတနာ (အပရစေတနာ)

သုံးတန်ပြည့်ဝအားသန်လျှင် အမှန်ပင်ကြီးမားသော အကျိုးတရားကိုပေးစမြဲဖြစ်ပါသည်။

သံသရာခရီးတစ်လျှောက် ဒုဂ္ဂတိဘဝ၊ သုဂတိဘဝမျိုးစုံတို့ကို ပေးနိုင်သောစွမ်းအား ရှိကြသည်။ မိမိဘဝသံသရာ ခရီးအတွက် ကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင်ပြုလုပ်၍ ရသည်။

ထိုအလုပ် (ကံ) တရားကောင်းများ ဖြစ်ပေါ်ရေးအတွက်မူ အယူအဆ အတွေးခေါ်ဖြောင့်မှန်မှုသည်လည်း အရေးကြီးလှပါသည်။ ကံ(အလုပ်) နှင့် ကံ၏ အကျိုးတရားတို့ကို ဖြောင့်မှန်စွာ သိမြင်မှသာ မိမိတို့ဘဝအတွက် အရေးကြီးဆုံးဖြစ်သော အမှု(ကံ) တရားတို့ကိုမှန်ကန်စွာ ပြုလုပ်နိုင်ကြမည် ဖြစ်ပါသည်။

ဖြောင့်မှန်သူသည် ကံတရား၏ အကျိုးပေးမှုကို သိမြင်နားလည်သဖြင့် မိမိအတွက် သံသရာတစ်လျှောက် ကောင်းကျိုးဝေဖြာ ဘဝသမ္ပတ္တိ ပြည့်စုံလာစေရေးအတွက် ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုသာ ပြုလုပ်တော့မည် ဖြစ်သည်။

သို့ဖြစ်၍ ကုသိုလ်ကံစွမ်းအားကြောင့် လူ့ပြည်၊ နတ်ပြည်၊ သာယာချမ်းသာသော ဘဝတို့ကို ရရှိမည်မှာ သေချာလှပါသည်။

အယူလွဲမှားဖောက်ပြန်၍ ကံ, ကံ၏အကျိုးကို လက်မခံ၊ မယုံကြည်သဖြင့်အကြံအစည်များ၊ အပြောအဆိုများ၊ အလုပ်အကိုင်များ မှားယွင်းပြီးရင်း မှားယွင်းကြရသည်။

ဒုစရိုက်တရားများကိုသာ ပြုလုပ်ကြ၍ ထိုဒုစရိုက်များ၏ အကျိုးကြောင့်အပါယ်လေးဘုံသို့ ဥဒဟို ဝင်ရောက်သွားကြရသည်။ ဆင်းရဲ ဒုက္ခမျိုးစုံ ကြုံတွေ့ကြရသည်။

ထို့ကြောင့်လည်းဘုရားရှင်က-

"အယူလွဲမှားမှုသည် အကုသိုလ်တရားတို့တွင် အပြစ်အကြီးဆုံး ဖြစ်သည်။ အယူလွဲမှားခြင်းသည် အကုသိုလ်ဖြစ်ပွားခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်" ဟူ၍ ဟောတော်မူခဲ့ပါသည်။

ကံအမှုသာလျှင် ဘဝအားကိုးစရာ

"ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသည့်သူမှ၊ လူတွင် လူမွန်၊ လွှားတံခွန်သို့၊ လူချွန်တစ်ယောက်၊ ထင်ပေါ်လောက်အောင်၊ အခါရောက်ချိန်ဆုံး၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းသော်ရမည်ဆိုသော်"

**(မန်လည်ဆရာတော်)**

ကံ(အလုပ်)ကို အရင်းမူလပဓာနအဖြစ်ထားပြီး ဉာဏနှင့်ဝီရိယ ထောက်ကူအပြည့်အဝဖြင့် ကြိုးစားအားထုတ်သူသည်သာလျှင် လူ့လောက တွင် လူချွန်လူမွန်တစ်ယောက် ဖြစ်နိုင်ပေလိမ့်မည်။

အချိန်ကောင်း အခါကောင်း အခြေအနေကောင်း ကြုံတွေ့လာပါမူ ဘုန်းရှင်ကံရှင် သမ္မာရှင် ပါရမီရှင်တစ်ဦး ဖြစ်ပေါ်လာနိုင်ပါသည်။

ကံသဘောတရားသည် လေးနက်လှပါသည်။ အတိတ်ကံ၊ ပစ္စုပ္ပန် ကံနှစ်တန်ပြည့်စုံမှသာ လောကတွင် အောင်မြင်သူ ဖြစ်နိုင်ပါသည်။

အတိတ်ကံဟူသည် မိမိပြုလုပ်ခဲ့သောအမှု (ကံ)ပင်ဖြစ်၍ မိမိနှင့် သက်ဆိုင်သည်ပင် ဖြစ်ပါသည်။

အတိတ်ကံကို မမြင်ရသော်လည်း ပစ္စုပ္ပန်ကံထောက်ကူက အောင်မြင်ရသည်သာ ဖြစ်ပါသည်။

ဉာဏအမြင်မှန်ဖြင့် ကံကိုပြုလုပ်ပါမှ (ဝါ) ဉာဏ်အမြင်မှန်ဖြင့် သုစရိုက် (အမှု)များကို ပြုလုပ်ကြမှသာ ကောင်းရာသုဂတိ ဘဝသို့ ရောက်နိုင် ကြသည်။

သုဂတိဘဝကောင်းများသို့ သတ္တဝါများအား ပို့ဆောင်ခြင်း၊ ဒုဂ္ဂတိ ဘုံဘဝများသို့ သတ္တဝါများအား ပို့ဆောင်ခြင်းတို့တွင် မည်သည့်ဗြဟ္မာ၊ မည်သည့်ဖန်ဆင်းရှင်၊ မည်သည့်ဘုရားကမျှ ဖန်ဆင်း၍မရပါ။ သတ္တဝါများ၏ ဘဝမြင့်ရေး၊ နိမ့်ရေးကိုလည်း မကယ်မ နိုင်ပါ။ ဆုတောင်း၍လည်း မရနိုင်ပါ။

သတ္တဝါများ အစစ်အမှန် အားကိုးရမည့် အရာသည်ကား မိမိတို့ ပြုလုပ်သော ကံတရားပင်ဖြစ်ပါသည်။

ဘုရားရှင် နာလန္ဒမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ် အသိဗန္ဓကပုတ္တရွာသူကြီးက ကံတရားနှင့်ပတ်သက်၍-

"အို . . . မြတ်စွာဘုရား၊ ပစ္ဆာဘူမိအရပ်တွင် နေကြသော ပြဟ္မဏတို့ကသေသူတို့ကို နတ်ပြည်၊ ပြဟ္မပြည်သို့ရောက်အောင် ပို့ဆောင်ပေးနိုင်ကြသည်ဟု ဟောပြောနေကြပါသည်။ မြတ်စွာဘုရားကော သေသူတို့ကို နတ်ပြည်၊ ပြဟ္မာပြည်သို့ပို့ဆောင် ပေးနိုင်ပါသလော" ဟုမေးလျှောက်ခဲ့သည်။

မြတ်စွာဘုရားရှင်က-

"ကျောက်ဖျာကြီးကို ရေထဲချလျှင် ပေါ်တက်မလာဘဲ မြုပ်သွားမြဲဖြစ်သကဲ့သို့ မကောင်းမှု ဒုစရိုက်အမှု(ကံ) တွေကို ပြုလုပ်နေကြသောသူများမှာလည်း အပါယ်ငရဲတွင် နစ်မြုပ်ရမြဲဖြစ်ပါသည်။

ထောပတ်တို့ကို ရေနက်ထဲ ရိုက်ခွဲလိုက်ပါက ထောပတ်သဘာဝအရ ရေပေါ်သို့တက်လာမြဲ ဖြစ်သကဲ့သို့ ကောင်းသောသုစရိုက်အမှု (ကံ)များကိုပြုသော သူတို့သည် သုဂတိဘုံဘဝများသို့ ပို့ဆောင်မြဲဖြစ်သည်" ဟူ၍ မိန့်ကြားတော်မူသည်။

မိမိတို့ပြုလုပ်သော ကုသိုလ်အမှု(ကံ)နှင့် အကုသိုလ်အမှု (ကံ)များက မိမိတို့ဘဝကို မိမိ ဖန်တီးတည်ဆောက်ပေးနေပါသည်။

သို့အတွက် ဘုရားရှင်က လောက၌ သတ္တဝါဟူသမျှတို့သည် -

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏၊

ကံသာလျှင် အမွေအနှစ် ရှိကြကုန်၏၊

ကံသာလျှင် အဆွေအမျိုး ရှိကြကုန်၏၊

ကံသာလျှင် အဆွေခင်ပွန်းရှိကြကုန်၏၊

ကံသာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်၏၊

ကံသည်ပင်လျှင် သတ္တဝါဟူသမျှတို့ကို အယုတ်အလတ်အမြတ်စသည် ထူးခြားကွဲပြားအောင် စီမံဖန်တီးပေးထားတတ်၏ ဟူ၍ဟောတော်မူခဲ့ပါသည်။

ထို့ကြောင့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည့် မိမိပြုလုပ်သော အမှု(ကံ)မှ တစ်ပါး လောကကြီးမှာ အခြားစီမံဖန်တီးသူ မရှိပါ။

ဤသို့ သိသောသူသည် ကမ္မဿကတာဉာဏ်ရှိသူ၊ ဤသို့ ယုံကြည်သူကို ကမ္မဿကတာသမ္မာဒိဋ္ဌိရှိသူ ဟူ၍လည်းခေါ်ပါသည်။

## ကံ၏အစွမ်းသတ္တိ

ပြုလုပ်မှု (ကံ) သည် ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါအပေါင်းးတို့တွင် -

အချို့သော သူတို့အားမင်း၊ မှူးမတ်ဖြစ်စေ၏၊

အချို့သော သူတို့အား သူဌေးသူကြွယ် ဖြစ်စေ၏၊

အချို့သော သူတို့အား လူမွဲ၊ လူဆင်းရဲဖြစ်စေ၏၊

အချို့သော သူတို့အား အနာရောဂါ နည်းစေ၏၊

အချို့သော သူတို့အား နား၊ နှာ၊ ခြေ၊ မျက်စိ စသော အင်္ဂါကြီးငယ်ပြည့်စုံစေ၏၊

အချို့သော သူတို့အား အဆင်းလှပတင့်တယ်ခြင်း၊ တန်ခိုးအာဏာကြီးမားခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်း စသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံစေ၏။

အချို့သော သူတို့အား အဆင်းအရောင် မလှမပ မတင့်တယ်ခြင်း၊ တန်ခိုးအာဏာနည်းပါးခြင်း၊ အသိအလိမ္မာ ဉာဏ်နည်းပါးခြင်း၊ အသက်တိုခြင်း၊ အမျိုးယုတ်ညံ့ခြင်း စသော အယုတ်တရားတို့နှင့် ပြည့်စုံအောင် ဖန်တီးစွမ်းနိုင်သည်။

ဤသည်မှာ အဘယ်နည်း-

မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်အမှု (ကံ)နှင့် အကုသိုလ်အမှု (ကံ) တို့ကြောင့်ပင်ဖြစ်ပါသည်။

## ကုသိုလ်အမှု (ကံ)နှင့် အကုသိုလ်အမှု (ကံ)

အလုပ်(ကံ)ဟူသည်

ကောင်းကံဟူသော ကုသိုလ်ကံ၊

ဆိုးကံဟူသော အကုသိုလ်ကံ ဟူ၍နှစ်မျိုးရှိသည်။

ကုသိုလ်ဟူသည် အပြစ်မရှိခြင်း

ကောင်းသောအကျိုးပေးခြင်း သဘောရှိပါသည်။ ကုသိုလ်ကံသည် (၄)မျိုးရှိသည်။

ကာမာဝစရကုသိုလ်ကံသည် ကာမဘုံ၌ အကျိုးပေး၏။

ရူပါဝစရကုသိုလ်ကံသည် ရူပဗြဟ္မာဘုံတို့၌ အကျိုးပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

အရူပါဝစရကုသိုလ်ကံသည် အရူပ ဗြဟ္မာဘုံတို့၌ အကျိုးပေးပါသည်။ (ဈာန်အင်အားအလိုက် ထိုထိုဗြဟ္မာဘုံတို့၌ အကျိုးပေးပါသည်)။

လောကုတ္တရာကုသိုလ်ကံသည် လောကုတ္တရာဖိုလ်အကျိုးကို ပေးပါသည် (ဉာဏ်စွမ်းအရ ခံစားရသော အကျိုးတရားဖြစ်ပါသည်)။

ကာမာဝစရ ကုသိုလ်ကံသည်

(၁) သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) ကာမဂုဏ်တို့မှ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း

ဟူသောကာယသုစရိုက် (၃)ပါး-

ဝစီသုစရိုက် (၄)ပါး

(၁) မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) ဆဲရေးကိုင်းတွာခြင်းစသော ကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၄) အကျိုးမရှိ အနှစ်မရှိစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

ဟူသော ဝစီသုစရိုက်ကံ(၄)ပါး။

(၁) သူတစ်ပါးပစ္စည်းကို ငါ့ဟာဖြစ်လျှင်ကောင်းလေစွဟုကြံစည်မှုမပြုခြင်း၊

(၂) သူတစ်ပါး သေကြေပျက်စီးစေလိုသော စိတ်မရှိခြင်း၊

(၃) အယူမှန် ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း၊

ဟူသော မနောသုစရိုက် (၃)ပါးအားဖြင့် သုစရိုက်ကံ (၁၀)ပါး ရှိသော် ထို(၁၀)ပါးသည် ကောင်းသောအကျင့်အများဖြစ်၍ သုစရိုက်တရားများဟုခေါ်သည်။

ကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူသော သုစရိုက်တရား (၁၀) ပါးသည်လူ့ပြည်၊ နတ်ပြည်၊ သုဂတိဘဝများသို့ရောက်စေတတ်သော လမ်းခရီးကောင်းဖြစ်ကြသောကြောင့် ကုသလကမ္မပထဆယ်ပါး ဟူ၍လည်း ခေါ်ပါသည်။

ကုသိုလ်ကံတို့တွင်-

သမ္မာဒိဋ္ဌိခေါ် အယူမှန်မှု

ကံ, ကံ၏အကျိုးကို ယုံကြည်မှု မနောကံသည် အရေးကြီးဆုံးသော အခြေအနေကံ ဖြစ်ပါသည်။

အကုသိုလ်ကံဟူသည် အပြစ်ရှိခြင်း၊
မကောင်းသောအကျိုးကို ပေးခြင်းသဘောရှိသည်။
အကုသိုလ်ကံသည်လည်း -

(၁) သူ့အသက်သတ်ခြင်း၊
(၂) ပိုင်ရှင်သည် ကိုယ်မှုနှုတ်မှုတို့ဖြင့် မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊
(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊

ဟူသော ကာယဒုစရိုက်ကံ (၃)ပါး။

(၁) မဟုတ်မမှန်ပြောဆိုခြင်း၊
(၂) ကုန်းတိုက်စကားပြောကြားခြင်း၊
(ချစ်သူနှစ်ဦးကွဲအောင် ရန်တိုက်ပေးခြင်း)
(၃) ဆဲရေးတိုင်းထွာခြင်းစသော ကြမ်းတမ်းသောစကားပြောဆိုခြင်း၊
(၄) အကျိုးမရှိ အနှစ်မဲ့သော စကားကို ပြောဆိုခြင်း၊

ဟူသော ဝစီဒုစရိုက်ကံ (၄)ပါး။

(၁) သူတစ်ပါးပစ္စည်းကို ငါ့ဟာဖြစ်လျှင်ကောင်းလေစွဟု မတရားကြံစည်ခြင်း၊
(၂) သူတစ်ပါးအားသေကြေပျက်စီးစေလိုခြင်း၊
(၃) ကံ, ကံ၏အကျိုးကိုမယုံသော အယူများရှိခြင်း၊

ဟူသောမနောဒုစရိုက်ကံ (၃)ပါးအားဖြင့်မကောင်းဒုစရိုက်ကံ (၁၀)ပါးရှိသည်။

ဤကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည် ဒုစရိုက်တရားများဖြစ်၍ အပါယ်ဘုံသို့ ရောက်စေတတ်သော လမ်းခရီးများ ဖြစ်ကြသောကြောင့် "အကုသလကမ္မပထတရားဆယ်ပါး" ဟူ၍လည်းခေါ်သည်။

ဤအကုသိုလ်ဒုစရိုက်မှု (ကံ) (၁၀)ပါးတို့တွင် -

(၁) သူ့အသက်သတ်မှု
(၂) ကြမ်းတမ်းရိုင်းစိုင်းစွာ ဆဲရေးပြောဆိုမှု
(၃) သူတစ်ပါးကိုပျက်စီးစေမှု

ဤ (၃)ပါးသည် ဒေါသကြောင့် ဖြစ်ပေါ်လာရသည်။

(၁) ခိုးယူလိုမှု

(၂) လိမ်ညာပြောဆိုမှု
(၃) ကုန်းတိုက်မှု
(၄) အကျိုးမရှိစကားပြောဆိုမှု

ဤ (၄)ပါးသည် လောဘ၊ ဒေါသနှစ်ပါးကြောင့် ဖြစ်ပေါ်လာရပါသည်။

ဤအကုသိုလ် ဒုစရိုက်မှု (ကံ)တို့တွင် အယူလွဲမှားမှု၊ ကံ, ကံ၏အကျိုးကို မသိမြင် မယုံကြည်မှုတို့သည် အပြစ်အကြီးမားဆုံး အမှု(ကံ)များဖြစ်ကြသည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

မိစ္ဆာအယူစွဲသန်လျှင် ဒါနသလောက်၊ အယူသည်းလျှင် သည်းသလောက်၊ လေပြီးနောက် ငရဲသို့ဟောက်လျှောက် ကျရောက်ခံရကြောင်း၊ ကမ္ဘာပျက်၍ သတ္တဝါအများ ဗြဟ္မာဘုံသို့ ပြောင်းရွှေ့ရသော်လည်း မိစ္ဆာဒိဋ္ဌိငရဲသားများမှာမူ ပြောင်းရွှေ့ခွင့်မရ ဆက်၍ ခံရသည်ဟု ကျမ်းဂန်တို့၌ ဆိုပါသည်။

သို့အတွက် အယူမှန်ရှိသော သူကိုသည် မိစ္ဆာဒိဋ္ဌိ အယူရှိသူများနှင့် အပေါင်းအသင်း မပြုသင့်ဟု ဆရာအစဉ်အဆက်တို့က နည်းပေးလမ်းပြ ပြုလုပ်ကြသည်။

ဘဝ အခြေအနေ ကွာခြားမှုများ

လောကရှိ သတ္တဝါများအားလုံးတို့သည် မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံများကြောင့် အသက်ရှည်ခြင်း၊ တိုခြင်း၊ အဆင်းလှခြင်း၊ မလှခြင်း၊ ဥစ္စာရှိခြင်း၊ မရှိခြင်း စသည်တို့ဖြစ်ရသည်။

ဤသည်မှာအဘယ်ကြောင့်နည်း။ ဗြဟ္မာကဖန်ဆင်း၍ ဖြစ်ရသလောဟု မေးခွန်းမေးစရာ ဖြစ်လာပါသည်။

ယိုပြဿနာ ထိုအမေးသည် ဘုရားရှင်လက်ထက်ကတည်းက မေးခဲ့သော မေးခွန်းဖြစ်ပါသည်။ ဘုရားရှင်လက်ထက်က သုဘလုလင်သည် ဘုရားရှင်ကို လူတို့၏ ဘဝအခြေအနေ ကွဲပြားခြားနားမှုနှင့် ပတ်သက်၍ မေးခွန်းပြဿနာ (၁၄)ချက်ကို မေးခဲ့သည်။ ထိုအမေးကို ဘုရားရှင်ကလည်း အဖြေပေးခဲ့သည်။

(၁) လူချင်းတူပါလျှက် အဘယ်ကြောင့်အချို့မှာ အသက်တို၍

(၂) အချို့မှာမူ အဘယ်ကြောင့်အသက်ရှည်ပါသနည်း။

ဤလောက၌ အချို့သော မိန်းမယောက်ျားများသည် သတ္တဝါအပေါ် သနားကြင်နာကရုဏာကင်းပါလျှက် ရက်စက်ဆိုးဝါးစွာ အသက်ကို သတ်ဖြတ်လေ့ရှိသည်။

ထိုလူမျိုးသည် သေလျှင်ငရဲသို့ ရောက်ရတတ်သည်။ (ရှေးကုသိုလ်ကံ တစ်စုံတစ်ခု၏ ထောက်မမှုကြောင့် ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် ကြာရှည်နေခွင့်မရဘဲ အသက်တိုကြရလေသည်။)

လောက၌ အချို့သော မိန်းမ၊ ယောက်ျားတို့သည်ကား သတ္တဝါတို့အပေါ် သနားကြင်နာ ကရုဏာအားကြီးလျက် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။

ထိုသူများသေလျှင် နတ်ပြည်သို့ ရောက်ရတတ်၏။ နတ်ပြည်သို့ မရောက် လူ့ပြည်သို့ရောက်လျှင်မူ အသက်ရှည်စွာတည်နေရပါသည်။

(၃) အဘယ်ကြောင့် အချို့မှာမူ အနာရောဂါများ၍

(၄) အချို့မှာအနာရောဂါ ကင်းရှင်ကြပါသနည်း။

ဤလောက၌ အချို့သော ယောက်ျား မိန်းမတို့သည် တစ်ပါးသော သတ္တဝါတို့ကို လက်ဖြင့်သော်လည်းကောင်း၊ ခဲ, တုတ်, ဓား စသောလက်နက်ဖြင့်သော်လည်းကောင်း ညှဉ်းဆဲလေ့ရှိသည်။ (သေအောင်ကား မသတ်ကြပါ)

ထိုလူမျိုးများသည် သေလျှင်ငရဲကျတတ်သည်။ ငရဲမကျလျှင် လူ့ပြည်ရောက်ရလျှင် ရောဂါထူပြော အနာပေါ်လေသည်။

ထိုကဲ့သို့ ညှဉ်းဆဲလေ့မရှိသောသူတို့သည် သေလျှင်နတ်ပြည်သို့ ရောက်ရတတ်သည်။ နတ်ပြည်သို့မရောက်ဘဲ လူ့ပြည်သို့ရောက်လျှင်မူ အနာရောဂါကင်းရှင်းရသည်။

(၅) အဘယ်ကြောင့်အချို့မှာ အရုပ်ဆိုးကြ၍

(၆) အချို့မှာ အဆင်းလှပါသနည်း။

ဤလောက၌ အချို့သော ယောက်ျား မိန်းမတို့သည် အလွန်ဒေါသကြီးသည်။ အနည်းငယ် စကားပြောစရာရှိလျှင် သူတစ်ပါးကို ထိပါးပုတ်ခတ်ပြောဆိုလေ့ရှိ၏။

ထိုလူမျိုးသေလျှင် ငရဲကျတတ်သည်။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင် မျက်နှာပုပ်သိုး အရုပ်ဆိုးတတ်သည်။

ထိုကဲ့သို့ဒေါသမထွက်ဘဲ စိတ်ဓာတ်ကြည်လင် အစဉ်အေးမြသူ

သည် သေလျှင် နတ်ပြည်သို့ရောက်ရတတ်သည်။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်ရလျှင်မူ ကြည်လင်လှပသော အဆင်းကို ရလေသည်။

(၇) အဘယ်ကြောင့်အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာနည်းပါး၍

(၈) အချို့မှာ ခြွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားပါသနည်း။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် ဣဿတရား အားကြီး၏။ ထိုလူမျိုးသေလျှင် ငရဲသို့ကျရောက်တတ်၏။ ငရဲမကျလည်း လူ့ပြည့်သို့ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးလေသည်။

ထိုကဲ့သို့ ဣဿတရားမရှိသော သူသည် သေလျှင် နတ်ပြည်သို့ ရောက်ရတတ်သည်။ နတ်ပြည်သို့ မရောက်လျှင်လည်း လူ့ပြည်သို့ ရောက်ရလျှင် ခြွေရံစိုးမိုး တန်ခိုးအာဏာ သြဇာကြီးမားလှပေသည်။

ဤဣဿတရားဟူသည်-

သူတစ်ပါးတို့၏ ကံ၊ ဉာဏ်၊ ဝီရိယအားလျော်စွာ စည်းစိမ်ဥစ္စာပေါ များခြင်း၊

ဂုဏ်သိရ်ကြီးမားခြင်း၊

ထင်ရှားကျော်စောခြင်း၊

တက်သိလိမ္မာခြင်း စသည်တို့ကို မနှာလိုမှု၊ မကြည်ဖြူနိုင်မှု၊ စောင်းမြောင်းမှု (မျက်စောင်းထိုးကြည့်မှု၊ ငြူစူမှု၊ "သည်လိုယုန်မျိုးတော့ ခြုံတိုင်းရှိလေရဲ့။ ဇီးကွက်လောက်တော့ ငှက်တိုင်းလှတာပေါ့" စသည်ဖြင့် နှုတ်ခမ်းစူ၍ ပြောဆိုမှု)

စသည်များသည် အတွင်း (ဣဿာ)တရား၏ သဘောတရားလက္ခဏာများပင်ဖြစ်ပါသည်။

( ၉ ) အဘယ်ကြောင့်အချို့မှာဥစ္စာမဲ့၍ ဆင်းရဲသည်၊

(၁၀) အချို့မှာ ဥစ္စပြည့်စုံ ကုံလုံကြွယ်ဝရပါသနည်း။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းလေ့မရှိ။ မစ္ဆေရတရား အလွန်အားကြီး၏။

ထိုလူမျိုးသေလျှင် ငရဲသို့ကျတတ်၏။ ငရဲမကျဘဲ လူ့ပြည်သို့ရောက်လျှင်ဥစ္စာမဲ့ ဆင်းရဲမွဲတေရလေသည်။

ထိုကဲ့သို့ မစ္ဆေရမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသူသည် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ ရောက်လျှင်မူ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝလေသည်။

ဤ၌ မဆွေရဟူသည်
မိမိ၌ ရှိသောပစ္စည်း
မိမိနှင့်ဆိုင်သောပစ္စည်း
စသည်တို့ကို သူတစ်ပါးနှင့် မဆက်ဆံလိုမှု၊ မပေးကမ်း၊ မစွန့်ပစ်ရက်မှုတို့ကို ဆိုလိုပါသည်။

(၁၁) အဘယ်ကြောင့် အချို့မှာ အမျိုးယုတ်၍
(၁၂) အချို့မှာ အမျိုးမြတ်၍ ဖြစ်ရပါသနည်း။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် အလွန်မာနကြီးကြသည်။ ( သူတစ်ပါးကို အနုံအသေး အဖျင်းအဖွဲ့ဟု ထင်မှတ်၍) ရှိသေလေးစားထိုက်ကိုမျှ ရှိသေလေးစားမှုန်း မသိတတ်။ ထိုလူမျိုးသည့် သေလျှင် ငရဲကျရောက်တတ်ရသည်။ ငရဲမကျဘဲ လူ့ပြည်သို့ ရောက်ရလျှင်လည်း အောက်ကျနောက်ကျ ယုတ်ညံ့သော အမျိုး၌ ဖြစ်ရသည်။

ဤကဲ့သို့ မာန်မာနမကြီးဘဲ ရှိသေထိုက်သူကို ရှိသေလေ့ရှိသည့် မာန်မာနမရှိသူသည် နတ်ပြည်သို့ ရောက်ရတတ်သည်။ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်သို့ရောက်လျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရရိုးရှိသည်။

(၁၃) အဘယ်ကြောင့်အချို့မှာ အသိအလိမ္မာဉာဏ်ပညာနည်းပါး၍
(၁၄) အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာကြီးမားပါသနည်း။

ဤလောက၌ အချို့သော ယောကျ်ား မိန်းမတို့သည် ပညာရှိ ပုဂ္ဂိုလ်များထံ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်အပြစ်ရှိ, မရှိ၊ မိမိမှီဝဲထိုက်၊ မမှီဝဲထိုက်သောအရာ၊ နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမည့်တရား အချက်တို့ကို မေးမြန်းလေ့မရှိ။

ထိုသူတို့သည် ထင်မိထင်ရာပြုသဖြင့် ဒုစရိုက်အကုသိုလ်များသဖြင့် သေလျှင် ငရဲသို့သွားရတတ်သည်။ ငရဲသို့မကျဘဲ လူ့ပြည်သို့ရောက်ရလျှင်လည်းအသိအလိမ္မာ ဉာဏ်ပညာကင်း လူဖျင်း လူအ လူမိုက် ဘဝသို့ ရောက်ရသည်။

ထိုကဲ့သို့တရားအချက်တို့ကို နှစ်သက်ကြည်ဖြူနာယူ မေးမြန်းလေ့ရှိသူသည်ကား သေလျှင်နတ်ပြည်သို့ ရောက်ရတတ်သည်။ နတ်ပြည်သို့ မရောက်ပါဘဲ လူ့ပြည်သို့ ပြန်ရောက်လျှင်လည်း အသိအလိမ္မာ ဉာဏ်ပညာကြီးမားလျက် ထက်မြက်သော အခြေသို့ ရောက်တတ်ရသည်။

သုဘလုလင် အမေး(၁၄)ချက်ကို ဘုရားရှင်က ဤကဲ့သို့ ဖြေကြားခဲ့ပါသည်။ ဘုရားရှင်၏ အဖြေကိုအချုပ်လေ့လာကြည့်သော် ဘယ်သူမပြု မိမိမှုဆိုသည့်စကားနှင့် အားလျော်စွာ ကောင်းကျိုး မကောင်းကျိုးများကို ရရှိခံစားကြရသည်သာဖြစ်သည်။

ဤတွင် ကံအကျိုးပေးရာ၌ ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့်ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှုဟူသည်တို့ကို ကမ္မ = ကံဟုခေါ်ဆိုကြောင်း ရှေးက ဆိုခဲ့ပြီးဖြစ်သည်။

ထိုကမ္မ (ကံ) သည် ႏ

ရှေးရှေးဘဝက ပြုခဲ့ ဖြစ်ခဲ့သော ကံ

ယခုဘဝမှ ပြုခဲ့ဖြစ်ခဲ့သောကံဟူ၍ (၂)မျိုးရှိခဲ့သည်။

ထို (၂)မျိုးတွင် အကျိုးတစ်စုံတစ်ရာကို ပေးရာ၌ရှေးရှေးကံသည် လိုရင်းအကြောင်းဖြစ်ပါသည်။

ယခုဘဝကံသည် ယခုဘဝအတွက် ကူညီထောက်ပံ့ပေးရုံသာစွမ်းနိုင်ပါသည်။

နောက်နောင်ဘဝများ၌ကား ဆိုင်ရာအကျိုးကို ကိုယ်တိုင်ပေးခွင့်ရှိ၍ရှေးရှေးကံများတွင်လည်း-

အလွန်အားကောင်းသောကံ

သာမန်အားရှိသောကံ ဟူ၍ (၂)မျိုးရှိပြန်သည်။

အလွန်အားကောင်းသောကံ၏ အကျိုးပေးပုံသည် အလွန်ထင်ရှားလှပါသည်။ ဥပမာ - ရှင်ဘုရင်၊ သူဌေး၊ မှူးမတ် စသည်တို့ဖြစ်စေ နိုင်ပါသည်။ ဆင်းရဲသားမျိုး၌ ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် ကြွယ်ဝချမ်းသာစေ နိုင်ပါသည်။

သာမန်ရှိသောကံ၏ အကျိုးပေးပုံမှာ မထင်ရှားပါချေ။ သူများနည်းတူ အကျိုးကိုသာ ရစေနိုင်သည်။

ထိုကံများသည် ဤလူ့ပြည်လောက၌ မိမိတို့ချည်းသက်သက် အကျိုးပေးနိုင်ရန် ခဲယဉ်းသဖြင့် အကျိုးပေးခွင့်ရလေအောင် ဉာဏ်၊ ဝီရိယများကိုလည်း လှုံ့ဆော်ထူထောင်ပေးရလေသည်။

ဤဉာဏ်၊ ဝီရိယထူထောင်သည်ကို ပယောဂသမ္ပတ္တိပြည့်စုံသည်ဟု ဆိုပါသည်။

ဤဉာဏ် ဝီရိယနှင့်ပတ်သက်၍ ဉာဏ်ဟူသည်အဘယ်နည်း။ အဘိဓမ္မာနည်းအရ အကုသိုလ်မဖြစ်၊ အပြစ်မရှိအောင် တတ်သိလိမ္မာမှုကို ဉာဏ်ဟုဆိုရပါမည်။

ဆုပြည့်စုံထွန်းစာပေ

သို့သော် ကံအကျိုးပေးခွင့်သာအောင် ကြံဆောင်ရသည့်အရာမှာ အပြစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ

တတ်သိမှု

လိမ္မာပါးနပ်မှု

ဖျတ်လတ်သွက်လက်၍ ချက်ချက်ချာချာ အရာရာ နှံ့စပ်မှုများကို လည်းဉာဏ်ဟူ၍ပင် ခေါ်ဆိုရပါသည်။

ထိုဉာဏ်သည် -

- မိမိဘာသာ တတ်သိလိမ္မာသော ပင်ကိုယ်ဇာတိဉာဏ်

- စာပေဗဟုသုတ လေ့လာဖတ်ရှုမှုများ၍ သော်လည်းကောင်း၊ တတ်သိလိမ္မာပညာရှိသော သူတို့နှင့် ပေါင်းသင်းရ၍သော်လည်းကောင်း ဖြစ်ပေါ်လာသော ပဝတ္တိဉာဏ်များလည်း တိုးပွားသည်ထက်တိုးပွားလာအောင် ကြိုးစားအားထုတ်ပါလျှင် လူ့လောကတွင် အမှန်ပင် ထွန်းတောက်ပေါ်လွင်လာပါမည်။

ဇာတိဉာဏ်မရှိသူတို့အတွက် စာပေအမျိုးမျိုးကို လေ့လာဖတ်ရှု၍ တတ်သိနားလည်ခြင်း၊ ဗဟုသုတရှာဖွေ၍ တတ်သိနားလည်ခြင်း၊ ပညာရှိတို့ ထံဆည်းကပ်၍ သင်ယူခြင်း၊ နာကြားခြင်း၊ မှတ်သားခြင်းတို့ဖြင့် ပဝတ္တိဉာဏ် ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ရသည်။

ထိုကြိုးစားအားထုတ်မှု ပဝတ္တိဉာဏ်ကောင်းလာလျှင်တွင် ကြီးပွားချမ်းသာမှုနှင့် ပညာရှင် တတ်သိလိမ္မာရှင်ဖြစ်ရန် အကြောင်းသည် မုချရှိပါသည်။

မိမိကြိုးစားအားထုတ်က မိမိရသည်။ မည်သည့်ဖန်ဆင်းရှင်၊ မည်သည့်နတ်၊ မည်သည့်ဗြဟ္မာကမှ ဖန်ဆင်းတည်ဆောက်ပေး၍ မရကြောင်း သိအပ်ပေသည်။

မိမိဘဝဖန်တီးရှင်သည် မိမိ၏ဉာဏ်သာအဓိက အစိတ်အပိုင်း တစ်ခုဖြစ်သည်ကို သိရှိနားလည်ရန် လိုအပ်ပါသည်။

ငါတို့အမျိုးသည် အထက်တန်းကျလျက် ထက်မြက်သောအမျိုး၌ ဖြစ်ခဲ့၏၊ ငါတို့လက်ထက်ကျမှ အောက်တန်းမကျသင့်ဟု မျိုးရိုးအနွယ်ကို စိစစ်ဆင်ခြင်တတ်ပြီး အားထုတ်ရမည်။

ပျင်းရိသောသူများကို မပေါင်းသင်းဘဲ ရှောင်ကွင်းရမည်။ ထိုသူမျိုးများနှင့်ပေါင်းသင်းဖန်များလျှင် တံငါနားနီး တံငါဆိုသကဲ့သို့ အပျင်းဓာတ်ကူးစက်၍ အပျင်းဓာတ်ပါနေတတ်ပြီး လုံ့လဝီရိယမရှိဖြစ်ရတတ်သည်။ -

လုံ့လဝီရိယရှိသူများကို ဆည်းကပ်မှုပြု၍ ပုဂ္ဂိုလ်ခင်၍ တရားမင်ဆို သကဲ့သို့ ဝီရိယဓာတ်ကူး၍ အထူးအားကျအားတက် ဖြစ်တတ်ပြီး မည်သည့် ကိစ္စမဆို လုံ့လဝီရိယမပါလျှင် အောင်မြင်နိုင်မည်မဟုတ် ဆိုသည်ကို သိရှိ နားလည်ပြီး ကြိုးစားအားထုတ်တတ်သည်။

သို့အတွက် ကံပေးသမျှ ပဋိသန္ဓေနှင့်နေခဲ့ရပြီးနောက် တစ်စုံတစ်ခု သောကောင်းကျိုးပေးရာ၌

ကံသည် ဝေးသောအကြောင်း

ဉာဏ်သည် အလယ်အကြောင်း

ဝီရိယသည် အနီးဆုံးသောအကြောင်း

ဟူ၍ သဘောကျပြီးလျှင် ရှေးကံ၏ အကျိုးပေးမှုကို အလေးဂရု မပြုဘဲ၊ မမျှော်လင့်ဘဲ လောကကြီးပွားရေးရာ၊ လောကုတ္တရာအောင်မြင်ရေး ရာတို့၌ အသိအလိမ္မာ ဉာဏ်ပညာတိုးပွားအောင် ကြိုးစား၍ ကိုယ်နှင့်ထိုက် တန်သော လုံလဝီရိယကို အသုံးချပါလျှင် အောင်မြင်မှုကျက်သရေအဖြာဖြာ တို့သည် ပေါ်ပေါက်လာပါမည်။

မည်သည့်ဖန်ဆင်းရှင်မှ မျှော်လင့်နေစရာမလိုပါ။

လုံလဝီရိယမှန်မှန်ဖြင့် အလုပ်လုပ်နေသောသူကို-

လူအများကလည်း ကြည်ညိုလေးစား၏။

နတ်များကလည်း စောင့်ရှောက်၏။

အသိအလိမ္မာ ဉာဏ်ပညာနှင့် ကံရှိပါသော်လည်း လုံ့လဝီရိယမရှိ ပါကမည်သည့်အကျိုးကိစ္စမှ မပြီးနိုင်သောကြောင့် တစ်စုံတစ်ခုသော အကျိုး ပေးရာ၌ ဝီရိယသည်သာလျှင် အချုပ် 'ပဓာန' ဖြစ်ရပြန်ပါသည်။

ထိုဝီရိယဟူသည်အဘယ်နည်း။

တစ်စုံတစ်ခုသော ကိစ္စပေါ်ပေါက်လာလျှင် မကြောက်မရွံ့ စွန့်စွန့် စားစားအားထုတ်မှုကို ဝီရိယ (လုံ့လ) ဟုခေါ်ပါသည်။

ဤဝီရိယသည်လည်း -

ပင်ကိုယ်ဇာတိဝီရိယ

နောက်မှဖြစ်ပေါ်လာသော ပဝတ္တိဝီရိယဟူ၍ (၂)မျိုးရှိပါသည်။

ရှေးရှေးဘဝက ဝီရိယအထုံပါခဲ့သဖြင့် ဇာတိဝီရိယရှိသူမှာ ဉာဏ်ရှိ ပါလျှင်သူတကာနှင့်မတူ မယှဉ်သာအောင် အကျိုးကို ခံစားစံစား ရပါသည်။

ဇာတိဝီရိယမရှိသူသည်ကား ပဝတ္တိဝီရိယရှိအောင် ပြုပြင်ရသည်။

သတိမမေ့အားထုတ်ရသည်။ စိတ်ဓာတ်ကို အမြဲသတိထားပြီး ကြိုးစားရသည်။

ဝီရိယနှင့်ပတ်သက်၍ ထားရမည့်စိတ်ဓာတ်နှင့်ပတ်သက်၍ ဆရာတော် ဦးဇနက,က -

"အကျိုးအပြစ်၊ အမျိုးစစ်လျက်၊ ဆိုးပြစ်ရိပ်ပျင်း
သူကိုကွင်း၍၊ ထန်ပြင်းလုံ့လ၊ ရှိသူခလျှင်
ဝီရိယ ဧကန်တိုးမည်တည်း"

ဟူ၍ မိန့်ဆိုထား လမ်းညွှန်ထားခဲ့ပါသည်။

ဆိုလိုသောအဓိပ္ပာယ်မှာ-

လုံ့လဝီရိယရှိလျှင် ရနိုင်မည့်အကျိုးကို စဉ်းစားဆင်ခြင်၍အားထုတ်တတ်ရမည်။

ရှေးကံများကလည်း အကျိုးပေးခွင့်သာ၍ လှလှပပအကျိုးပေးကြသည်။ ဆရာတော် အရှင်ဇနကာ ဘိဝံသက ဤသို့မိန့်ကြားခဲ့ပါသည်။

လူတစ်ယောက်တစ်နေ့တာအဖို့ -

ကုသိုလ်

ဉစ္စာ

ကျန်းမာရေး

အတတ်ပညာ

တန်ခိုးဂုဏ်သိရ်

ဤငါးပါးတွင် တစ်မျိုးမျိုးအကျိုးမရဘဲ ကုန်သွားသော နေ့သည် လွန်စွာ အသုံးမကျ မသေခင်က အသေဖြစ်သောနေ့ပေတည်း။

✔ ✔ ✔

အထက်ဆိုခဲ့သော ကုသိုလ်လမ်းကြောင်းတရားများ၊ အကုသိုလ်လမ်းကြောင်းတရားများတို့တွင် တစ်ပါးပါးကို ပြုလုပ်ရာ၌-

ကိုယ်တိုင်ပြုလုပ်ခြင်း

သူတစ်ပါးပြုလုပ်ရန်တိုက်တွန်းစေခိုင်းခြင်း၊

ရရှိမည့်အကျိုးကျေးဇူးများကို ပြောပြ၍ ချီးမွမ်းအားပေးခြင်း၊ သူတစ်ပါးတို့ ပြုလုပ်နေသည်ကို ဝမ်းမြောက်ဝမ်းသာ ကျေနပ်သဘောကျ ကျေနပ်ခြင်း၊ သဘောတူခြင်း၊

ဤ(၄)ပါးမျိုးမြောက်ပွားလျှင် သုစရိုက်တရား (၄၀)၊ ဒုစရိုက်တရား (၄၀)ဖြစ်ပေါ်လာပါသည်။

ကြံရာပါလူလေးဦးတူမျှ ၊ မျှယူခွဲဝေခံဆိုသည့်အတိုင်း ကောင်းကျိုး ဆိုးပြစ်များကို ထပ်တူထပ်မျှ အတူတူခံကြရသည်။

ကံပြုလုပ်ရာ အမြတ်၊ အလတ်၊ အညံ့ဖြစ်မှု

ကုသိုလ်ကံများ ပြုလုပ်အားထုတ်ရာ၌ စနစ်တကျ နည်းမှန် လမ်းမှန် ပြုလုပ်နိုင်ကြရန် လွန်စွာ အရေးကြီးလှပါသည်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံတစ်ခုခုကို ပြုလုပ်ကြရာ၌

မပြုလုပ်မီအချိန် (ပုဗ္ဗ)

ပြုလုပ်နေဆဲအချိန် (မုဉ္စ)

ပြုလုပ်ပြီးအချိန် (အပရ)ဟူ၍ အချိန်ကာလ (၃)မျိုးရှိပါသည်။

ပြုလုပ်နေဆဲ အချိန်ကာလတွင် ကံ, ကံ၏အကျိုးကို ယုံကြည်သိမြင်သောဉာဏ် (ကမ္မဿကတာဉာဏ်) ရှိရန်အထူးလိုအပ်ပါသည်။

ထိုကံ, ကံ၏အကျိုးကို ယုံကြည်သိမြင်သောဉာဏ်ဖြင့် ပြုလုပ်လျှင် ထိုကုသိုလ်သည် အမြတ်စား ကုသိုလ်ဖြစ်နေသည် (တိဟိတ်ကုသိုလ်)

ယုံကြည်ဉာဏ်မရဘဲ မိရိုးဖလာအနေဖြင့် သာမန်သာပြုလုပ်လျှင်ဖြစ်စေ၊ ကလေးသူငယ်ကဲ့သို့ အသိဉာဏ်မပါဘဲ ပြုလုပ်လျှင်ဖြစ်စေ၊ ထိုကုသိုလ်သည် အလတ်စားကုသိုလ်ဖြစ်သည်။ (ဒွိဟိတ်ကုသိုလ်)

အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဖြစ်ရန် အခြေခံ မရှေသောက်မြစ်ကြီးသုံးခုကို ဟေတု-ဟိတ် (အကြောင်းရင်းကြီး)ဟုခေါ်သည်။

အလှူဒါနပြုလုပ်သောအခါ လှူဖွယ် ပစ္စည်းဝတ္ထုများနှင့် ပတ်သက်၍ နှမြောတွယ်တာတပ်မက်မှုမရှိဘဲ စွန့်လွှတ်မှုသည် အလောဘဟိတ် ဖြစ်သည်။

မိမိအလှူနှင့် ပတ်သက်၍စိတ်ချမ်းသာ ကြည်လင်ရွှင်ပျနေမှု၊ အလှူခံပုဂ္ဂိုလ်များ အပေါ်မေတ္တာထားမှုသည် အဒေါသဟိတ်ဖြစ်သည်။

မိမိပြုလုပ်သော ကုသိုလ်ကံနှင့်အကုသိုလ်ကံ၏ အကျိုးတရားများကိုယုံကြည်သိမြင်မှု အသိဉာဏ်ရှိလျှင် အမောဟဟိတ်ဖြစ်သည်။

ထိုဟိတ် (၃)ပါးနှင့်အညီ ပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာအမှုသည်အမြတ်စားကုသိုလ်ဖြစ်သည်။

အလှူကိုလှူဆဲ၊ သီလကိုဆောက်တည်ဆဲ၊ ဘာဝနာကို ပွားများဆဲ၊ ပြုလုပ်ဆဲအခိုက်တွင် ဤဒါန၊ သီလ၊ ဘာဝနာအမှုသည် ကေန်မုချ အကျိုး

ရှိမည်ဟု ကမ္မဿကတာဉာဏ်ဖြင့် သိမြင်မှုမရှိဘဲ (အသိဉာဏ်မပါဘဲ) မိရိုးဖလာအနေ၊ သာမန် လုပ်ရိုးလုပ်စဉ်အနေဖြင့် ပြုလုပ်လျှင် အလောဘဟိတ်၊ အဒေါသဟိတ် (၂)မျိုးသာရှိ၍ အလတ်စားကုသိုလ် (ဒွိဟိတ်ကုသိုလ်) ကံဖြစ်သည်။

အလှူကိစ္စပြီးမြောက်ပြီး နောက်၌လည်း ငါလှူလိုက်ရတာများ လေခြင်းစသည်ဖြင့် နောင်တတစ်ဖန် ပူပန်ခြင်းစသော အကုသိုလ်များဖြစ်နေခြင်း၊ ရှေ့နောက်အကုသိုလ်စိတ်များ ခြံရံနေလျှင် ထိုကုသိုလ်သည် အညံ့စားကုသိုလ်ဖြစ်သွားတော့သည်။

အလှူကို မလှူခင်၊ သီလဘာဝနာအလှူကို မပြုခင်ရှေးကာလတွင် ဒါန၊ သီလ၊ ဘာဝနာနှင့်ပတ်သက်၍ ဝမ်းမြောက် ဝမ်းသာ ထက်ကြွရွှင်လန်းစွာပြုလုပ်လျှင်ဖြစ်စေ၊ ဒါန၊ သီလ၊ ဘာဝနာ ကိစ္စပြီးဆုံးသည့် နောင်ကာလ၌လည်း မိမိပြုလုပ်မှုတို့ကို ဝမ်းမြောက်ဝမ်းသာ ကြည်နူးကျေနပ်နေလျှင် ထပ်ကာထပ်ကာ သတိရအောက်မေ့နေလျှင် ရှေ့နောက် ကုသိုလ်စိတ်များ ခြံရံနေသဖြင့် အမြတ်စားကုသိုလ်စိတ်များ ခြံရံနေသဖြင့် အမြတ်စားကုသိုလ် (ဥက္ကဋ္ဌကုသိုလ်)ဟုဆိုပါသည်။

ထိုအမြတ်စား ကုသိုလ်ကြောင့် လူ့ပြည်နတ်ပြည်တို့၌ တိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြရပါသည်။

အထက်တန်းစား လူ၊ နတ်များဖြစ်ကြရပြီး ဘဝသမ္ပတ္တိနှင့် ပြည့်စုံကြသည်။ အထက်တန်းစား စည်းစိမ်ဥစ္စာများကို ရရှိသုံးဆောင်ရသဖြင့် ဘောဂသမ္ပတ္တိနှင့်လည်း ပြည့်စုံရသည်။

ဉာဏ်ပညာထက်မြက်ထူးချွန်သော ဉာဏကြီးရှင် ဘုန်းရှင်ကံရှင် သမ္မာရှင်များဖြစ်ကြသည်။ ဈာန်မဂ်ဖိုလ်အရိယာသစ္စာများကို သိမြင်နိုင်သော အရိယာပုဂ္ဂိုလ် မြတ်များ ဖြစ်နိုင်ကြသည်။

အလတ်တန်းစားကုသိုလ်သည် ဒွိဟိတ်ပဋိသန္ဓေတည်နေရသည်။

ဒါနကြောင့် ဘောဂသမ္ပတ္တိ ပြည့်စုံနိုင်သည်။

သီလမှုကြောင့် ဘဝသမ္ပတ္တိ ပြည့်စုံနိုင်သည်။

သို့သော် ပညာဉာဏ် (အမောဟဟိတ်) ပဋိသန္ဓေကပင် မပေးသဖြင့် ဈာန်မဂ်ဖိုလ်တရားထူးများကိုမူ ဤဘဝတွင် ရနိုင်ခွင့်မရှိတော့ပေ။

အညံ့စား ကုသိုလ်ကံကြောင့် လူ့ပြည်၊ နတ်ပြည်တို့တွင် ပဋိသန္ဓေတည်နေနိုင်သည်။

လူ့ပြည်တွင် လူဖြစ်လာရသော်လည်း ပဋိသန္ဓေကပင် မျက်စိကန်းလာသူများ ၊ နားထိုင်းလာသူများ၊ စကားမပီ-ထစ်-အ-နေသူများ၊ ထိုင်းမှိုင်းဖျင်းအနေသူများ၊ ရူးနှမ်းသူများ၊ နပုံးပဏ္ဍုတ်၊ ဥဘတောဗျည်း (မိန်းမတစ်လှည့်၊ ယောကျ်ားတစ်လှည့်ဖြစ်ရသူ) စသည့် လူစဉ်မမီ၊ အောက်တန်းကျသူများ ဖြစ်လာကြသည်။

ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်လုပ်ငန်းပြုစဉ် နည်းစနစ်မှန်ကန်ရန် အလွန်အရေးကြီးလှပါသည်။

ငွေကြေး ကုန်ကျခံ၍ လူအပင်ပန်းခံ၍ ပြုလုပ်ခဲ့သော ကုသိုလ်တရား၏ အကျိုးအာနိသင်တို့ကို ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

သံသရာဝယ် ကျင်လည်နေစဉ် ဘဝများစွာတို့၌ ကမ္မဿကတာဉာဏ်ပညာရှိသူဖြစ်ရန် ခဲယဉ်းလှပါသည်။

ထိုကမ္မဿကတာဉာဏ် မပါဘဲ ကုသိုလ်မှုများကို မည်မျှပင် ပြုလုပ်စေကာမူ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်အကျိုးတရား အထက်တန်းစားများကို ခံစားရမည်မဟုတ်ပါ။ ကံ, ကံ၏အကျိုးကို မယုံကြည်၊ မသိမြင်သူ၊ အယူဝါဒမှားယွင်းသူများ၏ကောင်းမှုကုသိုလ်များသည် တိဟိတ်ဥက္ကဋ္ဌ အကျိုးပေးကြမည် မဟုတ်ပေ။ ကုသိုလ်ပြုစဉ် ဉာဏ်ပညာမျိုးစေ့ပါမှသာလျှင် အရိယာပုဂ္ဂိုလ် မြတ်များဘဝကို ရရှိနိုင်ပါသည်။

သို့ဖြစ်၍ကုသိုလ်ပြုစဉ်ကံအကျိုးမြင်သိ၊ ဉာဏ်ယှဉ်သိ၍ ရှေ့နောက်နှစ်ရပ်ကုသိုလ်ခြံရံ၍ ပြုလုပ်ပါမှသာ အဆင်အမြင့်ဆုံးသော ကုသိုလ်အကျိုးကိုအပြည့်အဝ ရရှိခံစားကြရပေလိမ့်မည်။

ဘဝတိုင်း၌ အဆင့်မြင့်ဘဝရရှိလိုကြသော သူတို့သည် ဤသို့လျှင် ရှေ့နောက် ကုသိုလ်ခြံရံသော ကုသိုလ်အလုပ်(ကံ)များကို ပြုလုပ်ရန် လိုအပ်သည်ကို သတိပြုကြစေလိုပါသည်။

# အခန်း(၂)
# ဘဝတို့ကို ဖန်တီးရာကံမျိုးအပြားပြား

ကံအမျိုးအစားများ

လောကတွင် သတ္တဝါတို့သည် မွေးဖွားခြင်း ကြီးပြင်းလှုပ်ရှားခြင်းဟူသော ဘဝသံသရာထဲဝယ် တဝဲလည်လည်ဖြစ်, တည်, ပျက်, ဖြစ်နေကြရသည်။

ဤသို့ဖြစ်ရသည်များကို လေ့လာရင်းသတ္တဝါတို့၏ ဘဝသစ်ဖြစ်မှု၊ ဘဝရပ်တည်မှု၊ ဘဝနိဂုံးချုပ်မှုတို့ကို ဖန်တီးနေသော ကံအမျိုးအစားများကို တွေ့ရှိရပါမည်။

သတ္တဝါတစ်ဦး ဘဝတစ်ခု နိဂုံးချုပ်ပြီး၊ ဘဝသစ်တစ်ခု ဖြစ်ပေါ်အောင် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ထိုက်သည့်အားလျော်စွာ ဝိပါက်၊ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်၊ ကမ္မပစ္စယ၊ ဥတုဇရုပ်များကို ဖြစ်စေနိုင်သော ကုသိုလ် အကုသိုလ် စေတနာသည် ဇနကကံဖြစ်ပါသည်။

ဤဇနကကံသည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်ကလာပ်များကိုလည်းကောင်း၊

နတ်ဘုံဗိမာန်၊ ငရဲ၌ သင်တုန်းဓားစက်စသော ကမ္မပစ္စယဥတုဇရုပ်များကိုလည်းကောင်း၊

ပဝတ္တိအခါဝယ် စက္ခုဝိညာဏ်စသော သမ္ပဋိစ္ဆန်း၊ သမ္ပဋိစ္ဆိုင်း သန္တီရဏ၊ တဒါရုံ၊ မဟာဝိပါက် စသော နာမ်ဝိပါက်များကိုလည်းကောင်း၊

ခဏခဏတိုင်း ကမ္မဇရုပ်များကို ဖြစ်စေပါသည်။

အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘုံ၌ ပဋိသန္ဓေနေပြီး နဂါး၊ ဂဠုန်၊ ဆင်ဖြူ စသည်ဖြစ်ရသော်လည်း ပဝတ္တိအခါ၌ လုပသော အခြောင်းနှင့်

ဘုံဗိမာန်ကောင်း ရရှိကာ ဆင်လှ၊ မြင်းလှဖြစ်အောင် ပဝတ္တိဇနက ကံက စီမံထားပါသည်။

ကုသိုလ်ကံကြောင့် လူဘုံ နတ်ဘုံ၌ ဖြစ်ရသော်လည်း ပဝတ္တိအခါ မလှမပဖြစ်ရခြင်း၊ ရောဂါထူပြောခြင်း၊ ဝေမာနိက ပြိတ္တာတို့ကဲ့သို့ နေ့စံညခံ ဘဝမျိုး ရရှိခြင်းတို့ဖြင့် ပဝတ္တိအကုသိုလ်ဇနကကံက စီမံပါသည်။

ဤဇနကကံဖြစ်မှုတွင် ဇနကကံသဘောသည် ဘဝသစ်တစ်ခု ဖြစ်ပေါ်အောင် ပဋိသန္ဓေကိစ္စသာ ပြုလုပ်စွမ်းနိုင်သည်။

ပဝတ္တိကျိုး ဆက်လက်ဖြစ်ပွားမှုကိုမူ မပြုလုပ်နိုင်၊ ပဝတ္တိအခါ၌ အခြားကံတစ်ခုက အကျိုးကို ဖြစ်စေတတ်ပါသည်။

ဥပမာအားဖြင့် မိခင်သည် သားငယ်ကိုမွေးဖွားပေးသည်။ နို့ထိန်းက ကျွေးမွေးသုတ်သင်ပေးသည်နှင့်တူပါသည်။

ယင်းအလားတူပင် ဇနကကံသည် မိခင်ကဲ့သို့ ပဋိသန္ဓေမှု ဘဝသစ် မွေးဖွားမှုကို ဖြစ်စေ၏။ ပဝတ္တိအခါ၌မူ အခြားကံတို့က နို့ထိန်းကဲ့သို့ သတ္တဝါတို့ကိုထိန်းသိမ်းသည်ဟု ဆိုလိုပါသည်။

ထောက်ပံ့မှုကံ (ဥပတ္ထမ္ဘကကံ)

ဘဝတစ်ခု ဖြစ်ပေါ်လာမှုကို ဇနကကံက စီမံပေးလိုက်သည်။ ထိုစီမံပေးလိုက်သော ကံအရ ကုသိုလ်များခဲ့သူကို ကုသိုလ်အရကောင်းသော နေရာတွင် ရှည်ကြာစွာအကျိုးပေးအောင်၊ အကုသိုလ်များခဲ့သူကို အကုသိုလ်အရ မကောင်းဆိုးဝါးသော နေရာဌာနတွင် ကြာရှည်စွာအကျိုးပေးအောင် ထောက်ပံ့ကူညီတတ်သော သဘောဖြစ်ပါသည်။

သေးငယ်သောဇောအခါ ကုသိုလ်ဇောနှင့်သေဆုံးလျှင် နောင်ဘဝ၌ ကုသိုလ်ကံအကျိုးပေးခွင့်ရသည်။ အကုသိုလ်ဇောစော၍သေဆုံးလျှင် နောက်ဘဝ၌ အကုသိုလ်ကံ အကျိုးပေးခွင့်ရသည်။

ဤအရာ၌ သေခါနီးကုသိုလ် အကုသိုလ်ဇောတို့သည် ကိုယ်တိုင် အကျိုးမပေးရဘဲ ရေလာမြောင်းပေးသလို အခြားကံများ အခွင့်သာအောင် ထောက်ပံ့ပေးသော ကံများဖြစ်ပါသည်။

ရှိုးရှိုးလက်ရှိဘဝတွင်လည်း ကုသိုလ်များစွာ ပြုနေလျှင် ထိုကုသိုလ်များကအခွင့်သာအောင် ထောက်ပံ့မှုကြောင့် ရှေးရှေးကုသိုလ်များက အကျိုးပေးခွင့် ရကြပါသည်။ အကုသိုလ်များစွာပြုနေလျှင်လည်း ရှေးရှေး အကုသိုလ်များအကျိုးပေးခွင့် ရပါသည်။

ပဋိသန္ဓေဖြစ်စေမှုကံ (ဇနကကံ)တို့အကျိုးပေးရန် အခွင့်သာနေသောအခါ အကျိုးပေးထက်သန်အောင်လည်း ထောက်ပံ့ပါသည်။

ဥပမာ-ဘုရားလောင်းတို့ ပဋိသန္ဓေနေရာ၌ ပဋိသန္ဓေကျိုးကိုပေးမည့် ဇနက ကံတစ်ပါးပါး အားရှိအောင် (အကျိုးထက်သန်အောင်) များစွာသောပါရမီကုသိုလ်တွေ အကျိုးပေးခွင့်ရပါသည်။

ယနေ့ခေတ်လောကတွင် ပြစ်ချက်များစွာရှိဖူးသူ၌ အပြစ်ဒဏ်တစ်ခုထင်ရှားလာသည့်အခါ ထိုရှေးကအပြစ်များ၏ ထောက်ပံ့မှုကြောင့် ကြီးလေးသော အပြစ်ဒဏ်ကို ခံရသကဲ့သို့ပင်ဖြစ်ပါသည်။

ဇနက ကံစီမံပေးသောလိုက်သောအကျိုး ဝိပါက်အစဉ်ကိုအကောင်းအဆိုးဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်တရားများက ကြာရှည်စွာတည့်တံ့နိုင်အောင် ထောက်ပံ့ပါသည်။

ကုသိုလ်ကံ ဇနက ကံအစွမ်းကြောင့် လူ့ဘဝနတ်ဘဝကို ရရှိလေရာထိုလူနတ်ဘဝတာရှည်စွာ တည်နိုင်အောင် ကုသိုလ်ထောက်ပံ့မှုကံကဘေးအန္တရာယ်ကိုကာကွယ်ပေး၏။ အသက်ရှည်ရာရှည်ကြောင်း ဆေးဝါးကောင်းများ ရရှိအောင် ထောက်ပံ့တတ်ပါသည်။

အကုသိုလ်ဇနကအစွမ်းကြောင့် ခွေးဘဝကို ရရှိလေရာ ထိုခွေးဘဝ၌အစာရေစာမဝ ပိန်ပိန် ချည့်နဲ့နဲ့ ဖြင့် တာရှည်အောင် အကုသိုလ် ထောက်ပံ့မှု ကံက ထောက်ပံ့တတ်ပါသည်။

တစ်ဖန် သတ္တဝါတစ်ဦးသည် ကုသိုလ်ကံများကို ပြုလုပ်ခဲ့သဖြင့်ကုသိုလ်ဇနက ကံစွမ်းများကြောင့် သုဂတိဘဝ၌ ဖြစ်လာရသည်။ ထိုသူသည်ထိုဘဝ၌ပင် ကုသိုလ်တရားများကို ထပ်ကာထပ်ကာ အဖန်တလဲလဲ ပြုလုပ်သည်။ ထိုသူသည် ထိုနောက်ပြု ကုသိုလ်ကံများက ထောက်ပံ့ပေးသဖြင့်နှစ်ပေါင်းများစွာ သုဂတိဘဝ၌ ချမ်းသာသုခကို ခံစားရသည်။

ဤသည်မှာ ကုသိုလ်ထောက်ပံ့မှုက အထောက်အပံ့ ပေးပုံဖြစ်ပါသည်။

သတ္တဝါတစ်ဦးသည် အကုသိုလ်ကံများကို ပြုလုပ်ခဲ့သဖြင့်အကုသိုလ် ဇနက ကံအစွမ်းကြောင့် ဒုဂ္ဂတိဘဝ၌ ဆင်းရဲဒုက္ခခံစားရသည်။

ထိုဘဝ၌ အကုသိုလ်များကို အဖန်တလဲလဲ ပြုပြန်သည်။ ထိုအကုသိုလ်ကံများက အထောက်အပံ့ ပေးကြသဖြင့် နှစ်ပေါင်းများစွာ ဒုဂ္ဂတိဘဝ၌ ဆင်းရဲဒုက္ခခံစားရသည်။

ဤသည်မှာ အကုသိုလ်ထောက်ပံ့မှုကံက အထောက်အပံ့ပေးမှုဖြစ်ပါသည်။

ထောက်ပံ့မှု (ဥပတ္ထမ္ဘက) ကံသည် ကုသိုလ်ပြုသူအား ကုသိုလ်အကျိုး ခံစားရအောင်၊ အကုသိုလ်ပြုသူအား အကုသိုလ်အကျိုးခံစားရအောင်၊ အခွန့်ရှည်စွာ တည်တံ့အောင် ထောက်ပံ့ပါသည်။

ကောင်းမွန်စွာနေရပါမူ ကောင်းမွန်သော ရုပ်အဆင်းလှပမှု၊ ဥစ္စာပစ္စည်းရှိမှုနှင့် ဆင်းရဲစွာနေရမှု၊ ရုပ်နာမ် မလှမှု၊ ဥစ္စာပစ္စည်းမရှိမှုတို့သည် မည်သူကမျှ ဖန်ဆင်းခြင်း၊ ထောက်ပံ့ ပံပိုးကူညီခြင်း မရှိပါ။ မိမိတို့ ပြုခဲ့သော ပြုခဲ့ဖြစ်သော ကုသိုလ်မှု၊ အကုသိုလ်မှုတို့ကသာ ဖန်တီးတည်ဆောက်ပေးနေသည်ကို သိရှိကြပါလေ။

## အကျိုးပေးခွင့်မရအောင်၊ ရပြန်သော်လည်း အကျိုးပေးမသန်အောင် နှိပ်စက်တတ်သောကံ (ဥပပီဠကကံ)

အကျိုးပေးခွင့် မရလင့်အောင်၊ ရပြန်သော်လည်း အကျိုးမသန် မဖွံ့ဖြိုးအောင် နှိပ်စက်ဖျက်ဆီး တတ်သောကံမျိုး ဖြစ်ပါသည်။

ဇနကကံကြောင့် ပဋိသန္ဓေတည်နေလာသူတစ်ဦး သည်ချမ်းသာမှု ဆင်းရဲမှုတို့ကို ခံစားနေရသောအခါ အချိန်ကြာကြာ ခံစားခွင့်မရအောင် ဇနက ကံ၏အကျိုးကို အားနည်းချည့်နဲ့အောင် မဖွံ့ဖြိုးအောင် နှိပ်စက် ညှဉ်းပန်းတတ်သော ကုသိုလ် အကုသိုလ်စေတနာပင် ဖြစ်ပါသည်။

ကုသိုလ်ကံများ အကျိုးပေးနေ၍ ချမ်းသာစွာ ခံစားနေရသည့်အချိန်၌အကုသိုလ် စေတနာကံက ပေါ်ပေါက်လာ၍ ကုသိုလ် ကံအကျိုးပေးနေမှုကိုပိတ်ပင်တားဆီးလိုက်သည်။

အလားတူပင် အကုသိုလ်ကံစေတနာ အကျိုးပေးနေ၍ ဆင်းရဲဒုက္ခရောက်နေစဉ်ကုသိုလ်ကံ စေတနာကပေါ်ထွက်လာပြီး အကုသိုလ်ကံ၏ အကျိုးပေးမှုကို ပိတ်ပင်တားဆီးတတ်သည်။

ကုသိုလ်စေတနာသည် အခြားသော အကုသိုလ်များကို အကျိုးပေးခွင့်မရအောင် ကာကွယ်စောင့်ရှောက် နှိပ်စက်တတ်သည်။

ယခုမျက်မှောက်ဘဝ မိဘဆရာကို ပြစ်မှားမှု၊ သူတော်သူမြတ်တို့ကို ပြစ်မှားမှု အကုသိုလ်ကံသည် ရှေးရှေးက ကုသိုလ်ကံများ အကျိုးပေးခွင့်မရအောင်တားဆီးနှိပ်စက်သည်။

ကံတစ်ပါးကို အကျိုးပေးခွင့်ရနေပြန်လျှင်လည်း အကျိုးပေးမသန်အောင် နှိပ်စက်တတ်သောအရာလည်း ဖြစ်ပါသည်။

လူ့ဘဝကို ရရာ၌ပင် ကိုယ်က မျက်စိ၊ နား၊ နှာခေါင်း၊ အင်္ဂါစုံသော လူဘဝကို ပေးနိုင်သော ကုသိုလ်စေတနာသတ္တိရှိသော်လည်း အကုသိုလ်ကံ နှောင့်ယှက်မှုကြောင့် အမိဝမ်းထဲကပင် ပျက်စီးချို့ယွင်းသူ ဖြစ်လာရသည်။ ပစ္စုပ္ပန်ဘဝမှာပင် မျက်စိကန်းသူ၊ နားထိုင်းသူ စသည်ဖြစ်ရပါသည်။

ထင်ရှားသော ဥပမာပြရလျှင် အဇာသတတ်မင်း၏ အဖကိုသတ်သော အကုသိုလ်ကံသည် အဝီစိငရဲတိုင်အောင် အကျိုးပေးရန် ရှိသော်လည်း ဘုရားရှင်နှင့် သာသနာတော်ကို ကြည်ညိုသော ကုသိုလ်ကံများက နှောင့်ယှက်နှိပ်စက်သဖြင့် အဝီစိငရဲသို့ မရောက်ရတော့ဘဲ အဝီစိ၏ အခြံအရံဖြစ်သော ဥဿဒငရဲငယ်ဖြစ်သော လောဟကုမ္ဘိငရဲ၌သာ အကျိုးပေးရသည်။

ကြီးပွားနေသော သစ်ပင်ချုံနွယ်ကို တစ်စုံတစ်ယောက်က တုတ်၊ ဓား၊ လက်နက်ဖြင့် ခုတ်ဖြတ်လိုက်ပါက ထိုအပင်ချုံနွယ်သည် ကြီးထွားရန် မဖြစ်နိုင်တော့သကဲ့သို့ ကုသိုလ်ဇနက ကံအစွမ်းကြောင့် လူခန္ဓာကို ရပြီးသော်လည်းပစ္စုပ္ပန်(ပဝတ္တိ)အခါဝယ်၊ အကုသိုလ်ကံစေတနာ နှိပ်စက်မှုကြောင့် ရောဂါထူပြောခြင်း၊ ဆွေဂုဏ်မျိုးဂုဏ် စည်းစိမ်ရာထူးများ ပျက်ပြား၍ စိတ်မကြည်မသာ ခံစားရခြင်းတို့သည် ကုသိုလ်ကံ၏ အကျိုးကို အကုသိုလ်ကံက နှိပ်စက်ခြင်း ဖြစ်ပါသည်။

လက်တွေ့ဥပမာတွင် ဘုရားရှင်လက်ထက်က သုနက္ခတ္တရဟန်းသည်ဒိဗ္ဗစက္ခု အဘိညာဉ်ရခဲ့သည်အထိ ကုသိုလ်ကံ ကအကျိုးပေးခဲ့သည်။ သို့သော်မြတ်စွာဘုရားကို စွပ်စွဲပြစ်မှားခဲ့သည်။ ထိုအကုသိုလ်ကံက အကျိုးပေးတားမြစ်လိုက်သဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ် ကွယ်သွားခဲ့ရသည်။

အလားတူပင် ရှင်ဒေဝဒတ်သည် ဈာန်ဝိဓအဘိညာဉ်တန်ခိုးကို ရခဲ့သော ကုသိုလ်ကံအကျိုးပေးခဲ့သည်။ ဘုရားရှင်ကိုပြစ်မှားသော အကုသိုလ်ကံကနှိပ်စက်လိုက်သောအခါ တန်ခိုးအဘိညာဉ်များ ကွယ်ပျောက်ပြီး နောက်ဆုံး အဝီစိငရဲရောက်သည့်အထိ အကုသိုလ်ဂရုကံက အကျိုးပေးတော့သည်။

ကုသိုလ်ကံအကျိုးပေးသွားသော လူသတ်သမားဝါတကာဠက

အကျိုးပေးဆဲ အကုသိုလ်သည် ကုသိုလ်ကံနှိပ်စက်၍ အကျိုးမပေးနိုင်သော မှတ်သားဖွယ် ဥပမာဖြစ်ရပ်မှန်ဇာတ်လမ်းမှာ -

ရာဇဂြိုလ်ပြည်၌ ဝါတကာဠကသည် နှစ်ပေါင်းငါးဆယ်တို့ကာလ ပတ်လုံး ခိုးသားတို့ကို သတ်ဖြတ်သော အာဏာပါးကွက်သားအလုပ်ဖြင့် အသက်မွေးခဲ့သည်။

အသက်ငါးဆယ်ပြည့်သောအခါ ထိုအလုပ်ကို မလုပ်နိုင်တော့၍ ဝါတကာဠကအကြောင်းကို တာဝန်ရှိသော အမတ်က မင်းထံလျှောက်ထား သည်။

မင်းလောင်းကြီးအနားယူခွင့် ပေးလိုက်သည်။ ဝါတကာဠကသည် ထိုလူသတ်သောအလုပ်ကို လုပ်နေသမျှ ကာလတစ်လျှောက်လုံး အဝတ်ပုဆိုး အသစ်များ ဝတ်ရန်ကိုလည်းကောင်း၊ မွှေးကြိုင်သော ပန်းနံ့သာစသည်ကို ဆင်မြန်းရန်ကိုလည်းကောင်း၊ အမွှေးအကြိုင်လိမ်းကြံခြင်း၊ ရေချိုးခြင်းကို လည်းကောင်း၊ ကောင်းမွန်သော နို့ထမင်းစသည်ကို စားရန်ကိုလည်းကောင်း မပြုခဲ့ရပေ။

“ယခုမှ ကြာမြင့်စွာ နေညဉ့်ပတ်လုံး ညစ်ညူးသောအမှု၏ အစွမ်း အားဖြင့် ပြုကျင့်ခဲ့ရသည်”

ဟုမိမိကိုယ်ကိုမိမိ စဉ်းစားဆင်ခြင်မိပြီး မိမိမယားကို-

“ငါ့အတွက် ကောင်းမွန်သော နို့ထမင်းကို ချက်ပါလေ” ဟုမှာကြား ခဲ့ပြီး ရေချိုးရန်မယ်ပြာ၊ စသည်ယူပြီး ရေချိုးဆိပ်သို့ သွားရောက်ခဲ့သည်။

ရေချိုးဆိပ်တွင် ခေါင်းလျှော်ရေချိုးပြီးလျှင် ပုဆိုးသစ်တို့ကို ဝတ်ဆင် သည်။ နံ့သာတို့ကို လိမ်းကျံခဲ့သည်။ မွှေးကြိုင်သောပန်းတို့ကို ဆင်မြန်း၍ အိမ်သို့ပြန်လာသည်။

ဝါတကာဠကသည် တိုသို့ပြန်လာစဉ် လမ်းခရီး၌ ရှင်သာရိပုတ္တရာ နှင့်အမှတ်မထင် တွေ့မြင်ရသည်။

‘ငါသည် ညစ်ညူးသောအမှု ပြုလုပ်မှုမှ လာခဲ့ရသူဖြစ်သည်။ အရှင်မြတ်ကြီးကို မမျှော်လင့်ဘဲ ဖူးတွေ့ရ၏’

ဟုနှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် မထေရ်မြတ်ကို အိမ်သို့ ပင့်ဆောင်လာခဲ့သည်။

အိမ်သို့ရောက်သော် မထေရ်မြတ်ကို ဆီဦးထောပတ်သကြားမုန့်ဖြင့် ပြုလုပ်အပ်သော နို့ထမင်းဖြင့် ဝမ်းမြောက်နှစ်သက် ရိုသေစွာ ပြုစုလုပ်ကျွေး ဆက်ကပ်လေသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဝါတကာဋကကို အနုမောဒနာတရား ဟောကြားခဲ့သည်။

ဝါတကာဋကသည် ရှင်သာရိပုတ္တရာ၏ အနုမောဒနာတရားကို နာကြားရပြီးနောက် (သင်္ခါရုပေက္ခာဉာဏ်) အနုလောမိကခန္တီကို ရရှိလေသည်။

ဝါတကာဋကသည် တရားနာပြီးနောက် မထေရ်မြတ်ကို လိုက်လံပို့ဆောင်သည်။ ထို့နောက် ပြန်လာစဉ် လမ်းခရီးကြား၌ နွားငယ်မွေးစဖြစ်သော နွားမတစ်ကောင်က အတင်းဝင်ခွေ့ပြီး နင်းသတ်သောကြောင့် ထိုနေရာမှာပင် သေဆုံးလေသည်။

ဝါတကာဋကသည် သေဆုံးသည်နှင့်တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ရလေသည်။

ရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍-

"မြတ်စွာဘုရား၊ ခိုးသူသတ်သမားသည် ယနေ့ပင် ညစ်ညူးသော အမှုကို ရှောင်ကြဉ်၍ ယနေ့ပင် သေဆုံးရပါပြီ၊ အဘယ်ဘုံ၌ ဖြစ်ရပါသနည်း" ဟုမေးလျှောက်ကြလေသည်။

"ရဟန်းတို့၊ တာဝတိံသာဘုံ၌ ဖြစ်၏"

"မြတ်စွာဘုရား၊ ခိုးသူသတ်သမားသည် ကြာမြင့်စွာ နေ့ညဉ့်ပတ်လုံး ယောကျ်ားတို့ကို သတ်၏။ အရှင်ဘုရားကလည်း တာဝတိံသာသို့ ရောက်၏ဟု မိန့်တော်မူပါသည်။ မကောင်းသောကံ၏ အကျိုးသည် မရှိပါလေတော့ သလော"

"ရဟန်းတို့၊ ဤသို့မဆိုကြကုန်လင့်။ အားကြီးသော မိတ်ဆွေကောင်း၏အမှီရ၍ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာအား ဆွမ်းလှူပြီးလျှင် အနုမောဒနာတရားကို နာရသဖြင့် (သင်္ခါရုပေက္ခာဉာဏ်) အနုလောမိကခန္တီကိုရသောအကြောင့် ထိုသူသည် ထိုဘုံ၌ဖြစ်ရ၏"

ဤဝါတကာဋက အဖြစ်အပျက် ဇာတ်လမ်းဝယ် လူသတ်မှု အကုသိုလ်ကံ၏ အကျိုးပေးခြင်းကို ဆွမ်းအလှူနှင့် တရားနာလုံးသွင်းမှု ကုသိုလ်ကံက တားမြစ်ပိတ်ပင်လိုက်သဖြင့် လူသတ်သမားကြီး ဝါတကာဋကသည် သုဂတိဘဝကောင်းကို ရခဲ့ပေသည်။

ကံအကျိုးကို ပယ်ချိုးနှိမ်ချသတ်ဖြတ်တတ်သောကံ (ဥပဃာတကကံ)

အားနည်းသောကံကို ဖယ်ရှားသုတ်သင်လိုက်ပြီး ထိုကံ၏ အကျိုးပေးခွင့်ကို တားမြစ်ကာ မိမိကံ၏ အကျိုးပေးခွင့်ကိုသာ ဖြစ်ပေါ်စေတတ်သော သဘောရှိသည်။

ကုသိုလ်ကံအကျိုးပေး၍ ချမ်းသာသုခ ခံစားနေရသူတစ်ဦးအား အကုသိုလ် ကံဆိုးတစ်ခုက ပေါ်ထွက်လာပြီး ကုသိုလ်ကံအကျိုး ဆက်လက်ပေးခွင့်မရအောင် ပယ်သတ်ပစ်၏။

အလားတူပင် အကုသိုလ်ကံ အကျိုးပေး၍ ဒုက္ခဆင်းရဲရောက်နေသူတစ်ဦးအား ကုသိုလ်ကံကောင်းတစ်ခု ပေါ်ထွက်လာပြီး ထိုအကုသိုလ်ကံကို အကျိုးပေးခွင့် မပေးတော့ဘဲ ဖြတ်တောက်ပစ်လိုက်သည်။

ဥပပီဠကကံသည် ကံကိုနှိပ်စက်ရာ၌ ယခုလတ်တလော အကျိုးမပေးရုံသာ နှိပ်စက်၏။ နောင်အခါ လုံးလုံး အကျိုးမပေးနိုင်အောင် မတတ်နိုင်။

ကံတစ်ပါးအကျိုးကို နှိပ်စက်ရာချည့်နဲ့ပိန်ချုံး လူလုံးမလှ ရောဂါထူပြောများသော နှိပ်စက်သည်။ တစ်ခါတည်း သေအောင်မသတ်နိုင်ပါ။

ဥပဃာတကကံသည် နောင်အခါ လုံးလုံးအကျိုးမပေနိုင်အောင် တစ်ခါတည်း ပယ်ဖြတ်လိုက်သည်။

“ကုသိုလ်သော်လည်းကောင်း၊ အကုသိုလ်သော်လည်းကောင်း ဖြစ်လျက် အခြားအားနည်းသော ကံကိုသတ်ပြီးလျှင် ထိုကံ၏အကျိုးကို တားမြစ်၍ မိမိအကျိုးကို ခွင့်ပြု၏။ အကျိုးပေး၏’ ဟူသော သဘောသည် ဥပဃာတကကံ၏ သဘောသဘာဝဖြစ်သည်။ ဇနကကံကလည်း ပဋိသန္ဓေတစ်ခုကို အကျိုးပေး၏ ဆိုထားပြန်၍ ဤကံနှစ်ခုမည်သို့ ကွဲပြားခြားနားပါသနည်းဆိုသော်-

ဇနကသည် ကံတစ်ပါး၏ အကျိုးကိုမပြတ်မူ၍ သာလျှင် အကျိုးကို ဖြစ်စေ၏။

ဥပဃာတကကံသည် ကံတစ်ပါး၏ အကျိုးကိုဖြတ်ပြီးမှ မိမိ၏ အကျိုးကိုပေး၏။

ဥပမာ ဇာတ်လမ်းပြရသော် အဇာတသတ်မင်းသားသည် အဖကို သတ်သောကံကြောင့် မုချဆက်ဆက် အဝီစိငရဲ၌ ကျရောက်၍

နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခကို ခံစားရမည်ဖြစ်ပါသည်။ သို့သော်လည်း ဘုရားရှင်ထံ ဥပသကာခံ၍ တရားတော်ကို နာကြားရသော ကုသိုလ်ကံကဝင်ရောက်ထွက်ပေါ်လာပြီး အကုသိုလ်ကံကို ပယ်သတ်လိုက်သဖြင့် မဟာအဝီစိငရဲကြီးသို့ မကျရောက်ရတော့ဘဲ လောဟကုမ္ဘီငရဲသို့ ကျရောက်ရသည်။

ဤသည်မှာ ကုသိုလ်ဥပဃာတကကံက အကုသိုလ်ကိုပယ်သတ်ပုံဖြစ်ပါသည်။ အလားတူပင် အင်္ဂုလိမာလ လူဆိုးကြီးသည် လူပေါင်းများစွာ၏ အသက်ကို သတ်ဖြတ်ခဲ့သူဖြစ်၍ အကုသိုလ်ကံအကျိုးကြောင့် ငရဲသို့ ကျရောက်ရမည်မှာ အမှန်ဖြစ်ပါသည်။

သို့သော်လည်း ဘုရားရှင်နှင့်တွေ့ပြီး တရားနာခွင့်ရခဲ့သဖြင့် အမြတ်ဆုံး၊ အားအကောင်းဆုံးသော အရဟတ္တမဂ် ကုသိုလ်ကြီးကိုရကာ ရဟန္တာ ဖြစ်ခဲ့ရသည်။ အရဟတ္တမဂ်ဉာဏ် (လောကုတ္တရာကုသိုလ်)ဟူသော ဥပဃာတကကံက ပေါ်ထွက်လာပြီး အကုသိုလ်ကိုအပြီးတိုင် ပယ်သတ်လိုက်သဖြင့် ငရဲရောက်ရမည့် အကုသိုလ်ကံသည် လုံးဝကွယ်ပျောက် ချုပ်ငြိမ်းသွားရတော့သည်။

ဤသို့လျှင် ဥပဃာတကကံသည် အခြားကံများကို အပြီးတိုင်ပယ်သတ်နိုင်သည်။ မိမိတည်းဟူသော ဥပဃာတကကံ၏ အကျိုးများကိုသာ ဖြစ်ပွားစေနိုင်သော သတ္တိရှိလေသည်။

ဖြစ်ပျက်မှုဇာတ်လမ်း ဥပမာပြုရသော် -

အင်္ဂုလိမာလ၏ ခိုးသားဘဝတုန်းက ပြုခဲ့သော အကုသိုလ်ကံများသည် ရဟန္တာဖြစ်သော မဂ်စေတနာဟူသော အကုသိုလ်ကံ၏ ဖျက်ဆီးသတ်ဖြတ်မှုကြောင့် နောက်နောင်ဘဝ၌ အကျိုးပေးခွင့်မရတော့ဘဲ ပျက်စီးရခြင်း၊

ရှင်ဒေဝဒတ်ပမာ ပုဂ္ဂိုလ် စျာန် ကုသိုလ်ကံ စေတနာများသည် အဇာတသတ်ကို သွေးဆောင်ဖြားယောင်းသည်မှစ၍ ဖြစ်ပွားသော အကုသိုလ်ကံတို့၏ သတ်ဖြတ်မှုကြောင့် နာလန်ထူခွင့်မရဘဲ လုံးဝပျက်စီးရခြင်း၊

ဤသည်မှာ ကံတစ်ပါးကို သတ်ဖြတ်တတ်သော ဥပဃာတကကံ သဘောသဘာဝများပင် ဖြစ်ပါသည်။

ကံတစ်ပါး၏ အကျိုးဝိပါက်အစဉ်ကို သတ်ဖြတ်ရာ၌-

- သတ်ရုံသာသတ်သောအရာ
- သတ်ပြီးနောက် အခြားသော ဇနကကံကိုအကျိုးပေးခွင့်ပြုသော အရာ

- သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကို ဆက်လက်ပေးသောအရာ

ဟူ၍(၃)မျိုးရှိပါသည်။

ဥပမာ-စက္ခုပါလမထေရ်သည် အတိတ်ဘဝတစ်ခုက ဆေးဆရာဖြစ်ခဲ့သည်။ ဆေးကုသပြီး ဆေးဖိုးဝါးခ မရသောကြောင့် ဒေါသအကုသိုလ်စေတနာဖြင့် မျက်ကန်းဆေးကို ပေးခဲ့ဖူးသည်။

ထိုအကုသိုလ်ကံသည် ယခု ဘုရားရှင် လက်ထက်ဝယ် ကုသိုလ်ဇနက ကံကြောင့် ခြေ လက် မျက်စိစသည့် အင်္ဂါအစုံအလင်ပါပြီး မွေးဖွားအကျိုးပေးခဲ့သော်လည်း ထိုဆေးဆရာဘဝက အကုသိုလ်ကံက လိုက်၍သတ်ဖြတ်လာသောကြောင့် ယခုဘဝဝယ် မျက်စိနှစ်ကွင်းအလင်းမရ ပျက်စီးရသည်။

အလားတူ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် ရှေးက အမိကိုသတ်ခဲ့သော အကုသိုလ်ကံအတွက်ကြောင့် ခိုးသားငါးရာ၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံရသည်။

ဤသည်မှာ ကံတစ်ပါးပါး၏ အကျိုးကို သတ်ရုံသာသတ်၍ နောက်ထပ် အကျိုးမဆက်သော ဥပဃာတကကံ၏ လက်ချက်များ ဖြစ်ပါသည်။

မိမိက သတ်ဖြတ်ပြီးနောက် အခြားသော ဇနကကံကို ခွင့်ပြုသော ဥပဃာတကကံ အဖြစ်အပျက်သဘော ဇာတ်လမ်းမှာ-

ဘုရင်ဗိမ္ဗိသာရမင်းသည် ရှေးကဘုရားရှင်ပြင်တော်မှာ ဖိနပ်စီးခဲ့ဖူးသော အကုသိုလ် ဥပဃာတကကံ၏ လက်ချက်ကြောင့် ခြေဖဝါးကို ဓားခွဲခံရပြီးနောက် အခြားသော ဇနကကံကြောင့် စတုမဟာရာဇ်နတ်ပြည်ဝယ် ဇနဝသဘမည်သော နတ်စစ်သူကြီး ဖြစ်ရပြန်သည်။

အလားတူပင် ဥတေနမင်း၏ မိဖုရား သာမာဝတီအမှူးရှိသော မောင်းမတို့သည် ရှေးအတိတ်က ပစ္စေကဗုဒ္ဓါကို မီးရှို့ခဲ့သော အကုသိုလ် ဥပဃာတကကံအတွက်ကြောင့်ယခုဘဝတွင်မာဂဏ္ဍီ၏ လက်ချက်ဖြင့်မီးလောင်တိုက်သွင်းခံရကာ အသက်များဆုံးရှုံးရပြီးနောက်ဘုရားရှင်ကို ကြည်ညိုလေးစားသော ကုသိုလ်ဇနက ကံကြောင့် နတ်ပြည်သို့ ရောက်ရလေသည်။

ဤသည်မှာ မိမိက သတ်ပြီးနောက် အခြားဇနကကံအကျိုးပေးသော ဥပဃာတကကံတစ်မျိုးဖြစ်သည်။

---

သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေအကျိုးကို ဆက်လက်ပေးသောအရာ (ဝါ) ကုသိုလ် အကုသိုလ်ဇနကကံ၏ အကျိုးကို အားကြီးသော ကုသိုလ် အကုသိုလ်တစ်မျိုးက သတ်သောအရာ ဥပမာပြဇာတ် အဖြစ်အပျက်မှာ-

ရှေးအခါက စျာန်ရပြီးသော ရဟန်းတော်သုံးပါးသည် သေခါနီးဝေး ရှေးကဖြစ်ပျက်ခဲ့ဖူးသော နေရာဌာနကို တပ်မက်မှုတဏှာ (နိကန္တိကတဏှာ) အစွမ်းကြောင့် စျာန်ကွယ်ပျောက်ရပြီးစတုမဟာရာဇ် နတ်ဘုံဝယ် ဂန္ဓမ္ဗနတ်မျိုး ဖြစ်ရသည်။ (စျာန်သာမကွယ်သော် မုချဗြဟ္မာပြည်မှာ ဖြစ်ရမည်) ဂန္ဓမ္ဗနတ် မျိုးသည်နတ်ကချေသည်များဖြစ်၍ သိကြားမင်းစသည်တို့ကို ကပြဖျော်ဖြေ ရသည်။

ထိုနတ်သုံးပါးတို့သည်တစ်နေ့တွင် နတ်အပေါင်းတို့ ကပြဖျော်ဖြေ နေစဉ် လူ့ဘဝတုန်းက မိမိတို့ကို ကြည်ညိုဆည်းကပ် ကုသိုလ်ပြုခဲ့၍ တာဝတိံ သာနတ်ပြည်၌ နတ်သားဖြစ်ပြီး နတ်စည်းစိမ် ခံစားနေရသော နတ်သားက တွေ့မြင်သွားခဲ့သည်။ ထိုနတ်သားက ထိုဂန္ဓမ္ဗနတ်တို့ကို တွေ့ဆုံပြီး အကျိုးအကြောင်း စုံစမ်းမေးမြန်းသည်။

ဂန္ဓမ္ဗနတ်သုံးပါးသည် သတိရပြီးလျှင် တရားအားထုတ်ခဲ့ကြရာ ရှေးက ရခဲ့သောစျာန်ကို တစ်ဖန်ပြန်ရပြီးလျှင် ထိုမဟာကုသိုလ်စွမ်းကြောင့် ဖြစ်သော နတ်ဘဝကို ထိုစျာန်ကုသိုလ်က ဖြတ်တောက်လိုက်၍ ဗြဟ္မာပြည်သို့ တက်ရောက်ကြရသည်။

**(သက္ကပဉှာသုတ်-သုတ်မဟာဝါ)**

ဤသည်မှာ ကုသိုလ်ဇနကကံ၏အကျိုးကို အားရှိသော ကုသိုလ် တစ်မျိုးက သတ်ဖြတ်သော ဥပဃာတကကံ၏အကျိုးပေးပုံဖြစ်ပါသည်။

အလားတူပင် အကုသိုလ်ဇနကကံ၏ အကျိုးကို အကုသိုလ်တစ်မျိုး ကသတ်ဖြတ်သောအရာ(ဥပဃာတကကံ)မျိုးလည်းရှိသည်။

ဥပမာ- အကုသိုလ်ဇနကကံကြောင့် ခွေးဖြစ်ရသောဘဝဝယ် ကြီးလေးသော အကုသိုလ်ကံက ထပ်မံနှိပ်စက်ပြီး အကျိုးပေးခွင့်ကြုံလာ၍ အပြင်းအထန် ရိုက်နှက်သတ်ပုတ်သောကြောင့် အသတ်ခံ သေဆုံးရသည်။

ဤသည်မှာ အကုသိုလ်ဇနကကံကြောင့် ခွေးဖြစ်ရပြီး အကုသိုလ်ကံ ကပင်ထပ်မံသတ်ဖြတ်ရသော အကျိုးခံစားမှုပင်ဖြစ်ပါသည်။

## ဘဝကူးပြောင်း အကျိုးပေးစဉ် အရက်လေးမျိုး

ကြီးမားပြင်းထန်သောကံ (ဂရုကံ)

ကြီးမားပြင်းထန်သောကံဟူသည်မှာ ကုသိုလ်၊ အကုသိုလ်နှစ်မျိုးလုံးနှင့်ဆိုင်၍ သေလွန်ပြီးနောက် မလွဲမသွေ အကျိုးပေးနိုင်လောက်အောင် အင်အားကြီးမားသောကံဖြစ်သည်။

ကုသိုလ်အရာတွင် အင်အားကြီးမားသော ဈာန်တရားနှင့် အကုသိုလ်အရာတွင် အပြစ်ကြီးမားကြသော အနန္တရိယကံ မိစ္ဆာဒိဋ္ဌိကံများ ဖြစ်ကြပါသည်။ ယင်းကံတို့သည် ဘဝမခြား ကျိန်းသေပေါက် အကျိုးပေးမည့် ကံများဖြစ်ကြပါသည်။

ကုသိုလ်အရာ၌ မဟဂ္ဂုတ်ဟုခေါ်ဆိုရသော ဈာန်တရားများသည် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဥ္စမဈာန်ဟူ၍ ရူပကုသိုလ်ဈာန်ငါးပါး၊ အကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်ဟူ၍ အရူပဈာန် လေးပါးအားဖြင့် (၉)ပါးရှိပါသည်။

ထိုဈာန်တရားကို ရရှိသောသူသည် ဈာန်လက်ရှိဖြင့် ဤဘဝမှ ကွယ်လွန်သောအခါ ဧကန်မုချပင် ဗြဟ္မာပြည်၌ ဖြစ်ရမည်။

ကုသိုလ်အရာ၌ စွမ်းအင်ကြီးမားသော ကံတရားပင်ဖြစ်၍ ကုသိုလ်ကြီးပျင်းသောကံ (ဂရုကံ)ဟုခေါ်ပါသည်။

အကုသိုလ်အရာ၌ မိဘသတ်ခြင်းစသော အနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံသည် အကြီးဆုံးကံများဖြစ်ကြသည်။ သေသူသည် အခြားမဲ့၌ ငရဲတွင် မုချဧကန် အကျိုးပေးမည့် အကုသိုလ်ပြင်းထန်သော (ဂရုကံ)များဖြစ်သည်။

အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း စေတနာ၌ အမိအဖမှန်း သိသိ မသိသိ သေစေလို၍ သတ်မိလျှင် ကံကြီးထိုက်ပါသည်။

မိဘတို့က တိရစ္ဆာန်ဖြစ်လျှင် (သို့မဟုတ်) မိမိက တိရစ္ဆာန်ဖြစ်လျှင် အနန္တရိယကံမထိုက်သော်လည်း အနန္တရိယကံလောက်နီးနီး အပြစ်ကြီးသည် ဟုဆိုပါသည်။

(အခြားသူကို သေစေလို၍ သေနတ်ဖြင့်ပစ်ခတ်ရာ မိဘကို မတော်တဆ ထိမှန်လျှင်လည်း မိဘကိုသတ်ကံထိုက်သည်ဟု တတိယပါရာဇိကအဋ္ဌကထာ စသည်မှာဆိုထားပါသည်။)

ရဟန္တာကိုသတ်ကြောင်း စေတနာတွင်လည်း ရဟန္တာမဖြစ်ခင် သတ်မိသည်။ အသတ်ခံရသော ရဟန်းသည် မသေမီကာလအတွင်း ရဟန္တာဖြစ်သွားပြီးမှ သေဆုံးသော် ဘဝဇီဝိန္ဒြေအစဉ်ကို ခွာချသည် မည်သောကြောင့် ရဟန္တာကို သတ်သည်မည်ပါသည်။

ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုသောစေတနာ၌ ရှင်ဒေဝဒတ်သည်ဂိဇ္ဈကုတ်တောင်ခြေ၌ စင်္ကြံကြွတော်မူနေသော ဘုရားရှင်ကို ယန္တရားစက်ဆင်၍ကျောက်တုံးကြီးဖြင့် ဖိသတ်ရန် ကြိုးစားသည်။ ကျောက်တုံးကျအလာတွင်တောင်ထွဋ် (၂)ခုခံထားမှုကြောင့် ကျောက်တုံးဖြင့် မဖိမိဘဲထိုကျောက်တုံးမှဆတ်၍ ကွာကျသော ကျောက်ခဲဖြင့် ဘုရားရှင်၏ ခြေမတော်ကို ထိခိုက်မိသောကြောင့် သွေးခြေဥသကဲ့သို့ ဘုရားကိုယ်တော်၌ သွေးခြေဥအောင်ပြုသော အကုသိုလ်အမှုဖြစ်ပါသည်။

ဤသွေးခြေဥအောင် ပြုမှုသည် သေစေလိုသော စေတနာဖြင့် ပြုသောကြောင့် သူ့အသတ်သတ်မှု ကံမမြောက်သော်လည်း ဗျာပါဒရဇောကံမြောက်သည်ဟုဆိုပါသည်။

သံဃဘေဒကကံ၊ သံဃာအချင်းချင်းသင်းခွဲကြောင်း စေတနာ၊ သိမ်တစ်ခုထဲ၌ ရဟန်းသံဃာအချင်းချင်း အတူတကွ ကံမပြုဘဲ သူ့ဖက်ငါ့ဖက်နှစ်ဖက်ခွဲ၍ တစ်ပြိုင်နက်ကံပြုအောင် အားထုတ်စီမံ၍ အထမြောက်လျှင် ထိုကဲ့သို့ကွဲပြားအောင် ကြံဆောင်စီမံသော ပုဂ္ဂိုလ်မှာ ဤသံဃဘေဒက ကံထိုက်ပါသည်။

မတရားဘက်၌ လိုက်ပါအားပေးသော ပုဂ္ဂိုလ်များကလည်း အပြစ်ကြီးမား လှပါသည်။

တစ်သိမ်တည်းပင် ဖြစ်သော်လည်း တစ်ဖက်ပြီးမှ တစ်ဖက်က ကံပြုခြင်းကံ ဒွါရစသည်ကွဲပြားခြင်း စသည်တို့မှာ ဤသံဃဘေဒက ကံနှင့်မဆိုင်ပါ။

တစ်သိမ်တည်းဝယ် ကံကြီးကံငယ် ခွဲခြားလျက် တစ်ပြိုင်နက်ကည်း ကံပြုမှ သံဃဘေဒက ကံဖြစ်သောကြောင့် လူသာမဏေတို့မှာ သံဃဘေဒက ကံထိုက်ရန် အကြောင်းမရှိပါ။

သို့သော် ရပ်ရွာနယ်ပယ်၌ သံဃာတော်အချင်းချင်း ကွဲပြားအောင် ကြံဆောင်အားထုတ်သူတို့မှာ သူတို့အတွက် ဆိုင်ရာ၌ အကုသိုလ်တို့ပွားရသောကြောင့် သံဃာဘေဒက ကံလောက်နီးနီး အပြစ်ကြီးမားသည့်ဟုဆရာအစဉ်အဆက်တို့က ဆိုပါသည်။

ကံငါးပါးတွင် ဤသံဃဘေဒကကံသည် အပြစ်အကြီးဆုံးဖြစ်ပါသည်။ အဝီစိ၌ အာယုကကပ်လုံးခံရသော ကပ္ပဋ္ဌိတိယကံ ဖြစ်ပါသည်။ ကြွင်းကံလေးပါးမှာ ကပ္ပဋ္ဌိတိယဟု အဆိုမရှိပါ။ ထိုက်သင့်သမျှသာ ခံကြရပါသည်။

ထို့ကြောင့် ကံငါးပါးလုံး ပြုမိလျှင် အခြားသော လေးပါးတို့ကို လွှမ်းမိုး၍ သံဃဘေဒကကံကသာလျှင် ပဋိသန္ဓေအကျိုးကို ပေးပါသည်။

ရှေးကံသုံးပါးပြုမိလျှင် ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုသော လောဟိတုပ္ပါဒကံ အကျိုးပေးပါသည်။

ရှေးကံသုံးပါးပြုမိလျှင် အရဟန္တဃာတကံ(ရဟန္တာကို သတ်သောကံ အကျိုးပေးပါသည်။)

ရှေးကံ(၂)ပါးလုံးကို ပြုမိလျှင် မိဘနှစ်ဦး သီလရှိခြင်း၊ မရှိခြင်း တန်းတူပါမူ အမိကသာ၍ ကျေးဇူးများသောကြောင့် မာတုဃာတက ကံက အကျိုးပေးပါသည်။

ဤဘဝတွင် အဓိကသာနေပါက အထူးပြောဖွယ်ရာမရှိပါ။ အဖက သာ အမိထက် သီလသိက္ခာလွန်နေပါမူ အဖသတ်ကံ ပို၍အကျိုးပေးပါသည်။

ဥပမာအားဖြင့် ကျောက်စရစ်ခဲဖြစ်စေ၊ သံခဲဖြစ်စေ၊ မုန်ညင်းစေ့ ပမာဏရှိသော်လည်း ရေအိုင်၌ချသော် ရေပြင်၌ မပေါ်ဘဲ အောက်သို့သာ မြုပ်ပင်သကဲ့သို့ ဤအတူ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ အကြင်ကံသည် ကြီးလေးခြင်း (ဂရုက)ဖြစ်၏။ ထိုကံကသာပင် ယူ၍သွား၏။

အာသန္နကံ (အနီးကပ်အကျိုးပေးသောကံ)

သေခါနီးကာလ၌ အောက်မေ့အပ်သောကုသိုလ်ကံ၊ အကုသိုလ် ကံကို အနီးကပ်ကံ(အာသန္နကံ)ဟုခေါ်ပါသည်။

- သေခါနီးမှ ပြုအပ်သော အနီးကပ်ကံတစ်မျိုး

- ရှေးကပြုဖူး၍ သေခါနီးမှ အမှတ်ရသော အနီးကပ်ကံတစ်မျိုးဟူ၍ အနီးကပ်ကံ (၂)မျိုး ရှိပါသည်။

သေခါနီးပြုအပ်သော ကံဟူသည်ကား အဆုံးစွန်ဖြစ်သော သေယံဇောခရီး၏ ရှေ့အဖို့ဖြစ်၍ အနီးဆုံးသော ကာလ၌ ပြုအပ်သော ကုသိုလ်မှုကံ၊ အကုသိုလ်မှုကံစုများ ဖြစ်ပါသည်။

ဥပမာအားဖြင့် နွားအပေါင်းဖြင့် ပြည့်နေသော နွားခြံ၌ ခြံတံခါးကို ဖွင့်လိုက်သည်ရှိသော် ခြံနောက်ပိုင်း၌ အားကောင်းသော နွားသိုးများ ရှိသော်လည်းခြံဝနှင့်နီးသော နွားအိုကသာ ရှေးဦးစွာ ထွက်ရသကဲ့သို့ အနီးကပ်အခြားကုသိုလ် အကုသိုလ်ကံများ ရှိကြသော်လည်း သေခါနီးအခါနှင့် နီးသောကံကသာ အကျိုးဦးစွာပေးပါသည်။

အချို့သော ကုသိုလ် အကုသိုလ်ကံတို့ကို မသေမီ အချိန်အတော်ဝေးဝေးကာလ ပြုခဲ့ပြီးနောက် သတိမရဘဲ နေခဲ့ပြီး သေခါနီးမှ ထိုကံများကို ပြန်လည်သတိရတတ်သည်။

ထိုကံသည် ခပ်စောစောက ပြုလုပ်သော ကံဖြစ်စေကာမူ သေခါနီး၌ သတိရအောက်မေ့ဖြစ်ပေါ်လာသော ကံဖြစ်၍ အနီးကပ်ကံ (အာသန္နကံ)ဟု ခေါ်ပါသည်။

သေခါနီးကာလ၌ ပြုကြသောတရားနာခြင်း၊ သင်္ကန်းလှူခြင်း၊ ဒါနပြုခြင်း၊ ဘာဝနာစီးဖြန်းခြင်းစသော ကုသိုလ်ကံအမှုများ ရိုက်ပုတ်သတ်ဖြတ်ခြင်းစသော အကုသိုလ်ကံအမှုများသည် အနီးကပ်ကံများဖြစ်ကြပါသည်။

## အနီးကပ် အကျိုးပေးသွားသော တံခါးမှူး

သီရိလင်္ကာနိုင်ငံ၊ မခုဂ်ဏရွာ၌ တမီလ်လူမျိုး တံခါးမှူးတစ်ယောက်ရှိသည်။ သူသည် နေ့စဉ်နံနက်တိုင်း ငါးမျှားချိတ်ကိုယူပြီး ငါးမျှားလေ့ရှိသည်။ ရလာသော ငါးများကို သတ်ဖြတ်ရောင်းချသည်။

ရလာသော အသပြာငွေကို သုံးပုံ, ပုံ၍တစ်ပုံကိုဆန်ဝယ်သည်။ တစ်ပုံကို နို့ဓမ်းဝယ်သည်။ တစ်ပုံကို အခြားအသုံးအဆောင်အတွက် ဝယ်သည်။

ဤသို့ဖြင့်နေလာခဲ့ရာ အသက် (၅၀)နှစ်ပြည့်လာခဲ့သည်။ အနှစ် (၅၀)ကာလပတ်လုံး ကုသိုလ်ဟူ၍လည်းမရှိ၊ ငါးသတ်သော အကုသိုလ်ကသာ အနှစ်(၃၅)နှစ် လုံးလုံး ရှိခဲ့သည်။

အသက် (၅၀)အရွယ်တွင် အသည်းအသန် နာမကျန်းရောဂါဖြစ်လာခဲ့သည်။

ကိုကမီလ်တံခါးမှူး အသည်းအသန် နေထိုင်မကောင်းသည်ကို ဝိရိကျောင်းနေ စူဠပိဏ္ဍပါတိကတိဿမထေရ်သည် သိတော်မူ၍-

"ငါသိပြင်ခိုက် ဤသတ္တဝါအကျိုးမယုတ် မပျက်စီးပါစေလင့်" ဟု

မေတ္တာနှလုံးသွင်းပြီးလျှင် တံခါးမှူးတမိလ်အိမ်သို့ ကြွသွားတော်မူ၍ အိမ်တံခါး၌ရပ်တော်မူသည်။

မထေရ် ရပ်လာသည်ကိုမြင်သော တံခါးမှူး၏ မယားသည် အိပ်ရာထဲတွင် လဲနေသောလင်ကို-

"မထေရ်ကြွလာသည်"ဟုလှမ်း၍ ပြောပြသည်။

"ငါသည် အနှစ်ငါးဆယ်လုံးလုံး မထေရ်ထံ မသွားဘူးချေ။ အဘယ် အကြောင်းကြောင့် ကြွလာရပါသနည်း။ ကြွဦးလော့ဟု မထေရ်ကို လျှောက်ထားလိုက်ပါ"ဟု မယားကို ပြန်ပြောလိုက်သည်။ ထိုအခါ မယား ကလည်း မထေရ်ကို

"ကန်တော့ဆွမ်းပါဘုရား"ဟူ၍လျှောက်ထားလိုက်သည်။

"ဥပါသကာ၏ ရောဂါဖြစ်ပုံကား ဘယ်လိုဖြစ်ပါသလဲ"

"အရှင်ဘုရား၊ အားနည်းလှပါသည်။ ရောဂါပြင်းထန်ပါ၏"

မထေရ်သည် အိမ်ထဲသို့ဝင်တော်မူပြီးတံခါးမှူးကို သတိဖြစ်စေကာ-

"သီလယူမည်လား" ဟုမေးလိုက်သည်။

"ကောင်းလှပါပြီဘုရား၊ ပေးတော်မူပါ"

မထေရ်သည် တံခါးမှူးကို သရဏဂုံသုံးပါးတို့ကို ပေးပြီးနောက် ငါးပါးသီလကို ဆောက်ပေးရန် အားထုတ်တော်မူသည်။

"ငါးပါးသီလကိုဆောက်တည်လော့"

ဟုမထေရ်မြတ်က ဆောက်တည်စေရန် ဆိုစဉ်ခဏဝယ် လူမမာ သည်လျှာသာလှုပ်နိုင်သည်။ အသံကားမထွက်နိုင်တော့ချေ။

မထေရ်မြတ်က ဤမျှဖြင့် သင့်လျော်လောက်ပြီဟု မှတ်ကာကြွသွား တော်မူသည်။

တံခါးမှူးလူမမာသည် ထိုခဏမှာပင် ကွယ်လွန်အနိစ္စရောက်လေ သည်။

တံခါးမှူးသည် ဤဘဝခန္ဓာမှ စွန့်ခွာပြီးသည်နှင့် တစ်ပြိုင်နက် စတုမဟာရာဇ်နတ်ပြည်ဝယ် အိပ်သောယောကျ်ား နိုးသောလားကဲ့သို့ ၁၆ နှစ်သားအရွယ် နတ်သားဖြစ်သွားရလေသည်။

နတ်သားသည် နတ်ဖြစ်သောခဏဝယ်-

"ငါသည် အဘယ်ကဲ့သို့ ကံကိုပြုခဲ့၍ ဤချမ်းသာကို ရခဲ့ပါသနည်း" ဟုဆင်ခြင်မိသည်။ မထေရ်မြတ်ကို အမှီပြု၍ ရသည်အဖြစ်ကို သိရှိ၍

နတ်ပြည်မှ ချက်ခြင်းလာကာ မထေရ်မြတ်ကို ရှိခိုးကာ သင့်ရာအရပ်၌ နေလေသည်။

"ဤသူကားအဘယ်နည်း"

"အရှင်ဘုရား၊ တပည့်တော်သည် တမိလ်လူမျိုး တံခါးမှူးဖြစ်ပါသည်"

"ယခုအဘယ်ဘုံ၌ ဖြစ်ရပါသနည်း"

"အရှင်ဘုရား စတုမဟာရာဇ်ဘုံ၌ ဖြစ်ရပါသည်"

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ငါးပါးသီလကို အကယ်၍ ပေးနိုင်ပါမူ အထက်နတ်ပြည့်သို့ ရောက်ရမည်ဖြစ်ပါသည်ဘုရား။ တပည့်တော် ငါးပါးသီလကို ယူနိုင်စွမ်းမရှိတော့၍သာ ဤဘုံဘဝနှင့် ကျေနပ်ရပါတော့သည်ဘုရား"

နတ်သားသည် မထေရ်မြတ်ကို လျှောက်တင်ပြီး ရှိခိုးကာ နတ်ပြည်သို့ ပြန်လည်သွားတော့သည်။

ဤအဖြစ်အပျက်သည်ကား အကုသိုလ်များစွာရှိသော်လည်း အနီးကပ်ကုသိုလ်ကံက အကျိုးပေးသွား၍ နတ်ပြည်ဝယ် နတ်သားဖြစ်ရခြင်း ဖြစ်ပါသည်။

အမြဲမပြတ် လေ့လာဆည်းပူးနေသောကံ(အာစိဏ္ဏကံ)

အမြဲမပြတ် လေ့ကျက်ထုံပွားထားသော ကံသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်အရာ၌ သူ့အသက်သတ်၍ သူ့ဥစ္စာ ခိုး၍အစဉ်အမြဲ အသက်မွေးမှု၊ ကုသိုလ်အရာ၌ အမြဲထာဝရ ဒါနမှု၊ သီလစောင့်မှု၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု၊ စာပေရေးသားဟောပြောမှုစသည်ဖြင့် အမြဲမပြတ် လေ့ကျင့်ပွားများစေအပ်သော ကံများသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်မှု တစ်ခုခုပြုပြီးနောက်အမြဲသတိရနေမှု၊ နောင်တ တစ်ဖန် ပူပန်မှု၊ စိတ်နှလုံး မသာယာမှုတို့ ထပ်ခါထပ်ခါတိုးပွားနေလျှင် အာစိဏ္ဏကံမည်၏။

အာစိဏ္ဏကံသည် ပင်ကိုသဘောအားဖြင့် အာသန္နကံထက်အားရှိသော်လည်း သေသည့်နောက်ဘဝ၌ ပဋိသန္ဓေကျိုးပေးရာဝယ် မရဏာသန္နဇောစိတ်နှင့်နီးကပ်နေသောကြောင့် အာသန္နကံသာလျှင် သာလွန်၍အရေးပါအရာရောက်၏။ နွားကျောင်းသားတစ်ဦးသည် ခြံတဲသို့နွားများကို ညနေတွင်သွင်း

သည်။ အင်အားချည့်နဲ့နေသည့် နွားအိုကြီး တစ်ကောင်မှာ နောက်ကျ၍ ခြံတံခါးဝနား၌ အိပ်ရ၏။ နံနက်စောစော နွားခြံကိုဖွင့်သည့်အခါ နွားပျိုများမှာ အားခွန်ဗလကောင်းကြသော်လည်း ခြံအတွင်းဘက်ရောက်နေ၍ ရှေးဦးစွာ မထွက်နိုင်ကြဘဲ ခြံတံခါးဝနှင့်နီးသော နွားအိုကြီးကသာ ရှေးဦးစွာထွက်ရ၏။ ထို့အတူ အာစိဏ္ဏကံမှာ အားကောင်းသော်လည်း အာသန္နကံက သေခါနီးကာလမှာဖြစ်သော စုတိစိတ်နှင့်နီးကပ်နေသည့်အတွက် ရှေးဦးစွာ အကျိုးပေးခြင်းဖြစ်သည်။ မရဏာသန္နဇော၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးမျိုးတို့တွင် တစ်ခုခုသည် ပဋိသန္ဓေကျိုးပေးမည့်ကံ၏ အစွမ်းသတ္တိကြောင့် ထင်လာမြဲဖြစ်သည်။ ထိုထင်လာသောကံသည် ပဋိသန္ဓေကျိုးပေးရတော့သည်။ ဤကဲ့သို့ မရဏာသန္နဇော၌ အာရုံနိမိတ်တစ်မျိုးမျိုး ထင်စေဖို့ ကိစ္စကို လည်းထိုဇောနှင့် နီးကပ်သော အာသန္နကံကသာ ဆောင်ရွက်ပေးနိုင်သည်။

တံခါးအနီးက နွားကြီးသည် မထနိုင်အောင် အားနည်းအိုမင်းနေပါမူ ရှေးဦးစွာ ထွက်နိုင်မည်မဟုတ်သကဲ့သို့ ထို့အတူ အလွန်အားသေးလှ၍ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကို ထင်စေအောင် မတတ်နိုင်သော အာသန္နကံကား အာစိဏ္ဏကံကို လွှမ်းမိုး၍ အကျိုးပေးနိုင်မည်မဟုတ်ချေ။

အားကြီးသောကံ (ဗဟုလကံ)

ကုသိုလ် အကုသိုလ်ကံတို့တွင် အကြင်ကံသည်များ၏။ ထိုကံသည် အားကြီးသောကံ (ဗဟုလကံ) မည်ပါသည်။

အားကြီးသော ကုသိုလ်ကံတို့တွင် နှစ်သက်ဝမ်းမြောက်ခြင်းကို ပြုတတ်သော (သောမနဿကုသိုလ်)ကံသည် အားကြီးသော ကမည်ပါသည်။

အကုသိုလ်ကံတို့တွင် ပူပန်ခြင်းကိုပြုတတ်သောကံသည် အားကြီးသောကံမည်ပါသည်။

ဥပမာ- လက်ဝှေ့သမားနှစ်ယောက်တို့သည် လက်ဝှေ့သတ်ရာ၌ အားကြီးသောလက်ဝှေ့သမားက အားနည်းသော လက်ဝှေ့သမားကို ပုတ်သတ်၍သွားသကဲ့သို့ အားနည်းသောကံကို အားကြီးသောကံကလွှမ်းမိုး၍ အာသေဝနပစ္စည်း၏ အစွမ်းဖြင့် များသော အာစိဏ္ဏကံသည်လည်းကောင်း နီးကပ်စွာအကျိုးပေးတတ်သောအားကြီးသော အာသန္နကံသည်လည်းကောင်း အကျိုးကိုပေးပါသည်။

အားကြီးသောကံ အကျိုးပေးသော ဒုဋ္ဌဂါမဏိမင်း

ဒုဋ္ဌဂါမဏိအဘယမင်းသည် စူဋ္ဌဂ်ဏိယတစ်ပွဲ၌ ရှုံးသဖြင့်မြင်းကိုစီး၍ထွက်ပြေးရသည်။

တိဿအမည်ရှိသော အလုပ်အကျွေးငယ် အမတ်တစ်ယောက်တည်းသာထိုမင်းနောက်မှ အမှီလိုက်ပါလာခဲ့သည်။

မင်းသည် တောအုပ်တစ်ခုထဲသို့ဝင်ပြီးနောက် ထိုင်သည်။ ပြေးလွှားလာရ၍ ဆာလောင်မွတ်သိပ်မှု ဒဏ်က ပြင်းစွာခံစားရလေသည်။

အစ်ကိုတိဿ၊ ကျွန်ုပ်တို့ကို ဆာလောင်မွတ်သိပ်မှုက အလွန်နှိပ်စက်လှပါသည်။ အသို့ပြုကုန်အံ့နည်း”

“အရှင်မင်း၊ ကျွန်ုပ်သည် ပုဆိုးအတွင်း၌ ထားသော ရွှေခွက်ငယ်၌ ထမင်းထည့်ခဲ့ပါ၏”

“သို့ဖြစ်လျှင် အစ်ကိုတိဿ ယူခဲ့ပါလော”

အမတ်တိဿသည် ရွှေခွက်ငယ်ကိုယူ၍ မင်း၏ ရှေ့မှောက်၌ထားလေသည်။

“အစ်ကိုတိဿ လေးပုံပုံပါ”

“အရှင်မင်းကြီး ၊ ကျွန်ုပ်တို့မြင်းရောပါမှ သုံးဦးသာဖြစ်ပါသည်။ အဘယ်ကြောင့်လေးပုံ ပုံစေပါသနည်း”

“အစ်ကိုတိဿ၊ ကျွန်ုပ်သည် မိမိကိုယ်ကို မှတ်မိသော အချိန်အခါကစ၍အရှင်တို့ကို မလှူဘဲအာဟာရကို စားသည်ဟူ၍ မရှိခဲ့ဖူးပါ။ ကျွန်ုပ်သည် ယနေ့လည်း မလှူဘဲ မစားပါ”

အမတ်တိဿသည် မင်းအမိန့်အတိုင်း လေးပုံပုံပေးသည်။

“အစ်ကိုတိဿ ဆွမ်းအချိန်ကို ကြွေးကြော်ပေးပါ”

“အရှင်မင်းမြတ်၊ စွန့်ပစ်ထားသော တောအုပ်၌ အရှင်မြတ်တို့ကို အဘယ်မှာ ရနိုင်ပါအံ့နည်း”

“ဤအရှင်တို့ကို ရမှုသည် သင့်တာဝန်မဟုတ်။ အကယ်၍ ကျွန်ုပ်ယုံကြည်မှု သဒ္ဓါရှိပါက အရှင်မြတ်တို့ကို ရနိုင်ပါကုန်လိမ့်မည်။ ဆွမ်းအခါကိုသာရဲရဲတင်းတင်းကြွေးကြော်ပါ”

အမတ်တိဿသည် မင်း၏အမိန့်အရ

“အရှင်မြတ်တို့ ဆွမ်းအခါအချိန်ရောက်ပါပြီ ” သုံးကြိမ်ကြွေးကြော်လေသည်။

ထိုအခါ ဂေါဓိယမာလက ပဟာတိဿမထေရ်သည် တိဿအမတ်၏အသံကို ဒိဗ္ဗသောတအဘိညာဉ်နားဖြင့် ကြား၍-

"ဤအသံကား အဘယ်သူ၏ အသံနည်း"

ဟုဆင်ခြင်မိသည်။ အကြောင်းအချင်းအရာကို သိတော်မူ၍-

"သခင်သည် မင်းကိုချီးမြှောက်ခြင်းငှာသင့်၏" ဟုအသိဉာဏ် (မနောဂတိ) ဖြင့်လာ၍ မင်းရှေ့၌ရပ်တော်မူသည်။

မင်းသည် မထေရ်ကိုမြင်သည်ရှိသော် အလွန်ဝမ်းမြောက်သောစိတ်ဖြစ်၍ -

"အစ်ကိုတိဿရှုလော့" ဟုဆိုပြီး မထေရ်ကို ရှိခိုးကာ-

"အရှင်သပိတ်ကို ပေးတော်မူပါ" ဟုလျှောက်သည်။ မထေရ်ကလည်းသပိတ်ကိုထုတ်တော်မူသည်။

မင်းသည် မိမိ၏အပုံစုနှင့်တကွ မထေရ်အဟွက်အပုံကိုထည့်သည်။

"အရှင်ဘုရား အာဟာရဟူသော ဘေးရန်မည်သည် တစ်ခါတစ်ရံမျှမဖြစ်ရပါစေလင့်" ဆုတောင်းမျှော်ခိုးကာ ရပ်နေလေသည်။

တိဿအမတ်ကလည်း

"ငါ၏ အရှင်သား ကြုံရှုံနေစဉ် စားခြင်းငှာ မစွမ်းနိုင်ပေ" ဟုစဉ်းစားပြီး မိမိ၏ အပုံစုကိုပါ မထေရ်၏ သပိတ်ထဲသို့ လောင်းထည့်လှူလိုက်သည်။

မြင်းကလည်း ငါ၏အပုံကို မထေရ်အား လှူရန်သင့်၏ဟု ကြံစည်သည်။ မင်းကြီးသည် မြင်းကို ကြည့်လိုက်သည်။ မြင်း၏ အမူအရာကလည်း လှူရန် အမူအရာဖြစ်ပုံကို သိ၍ မြင်း၏အပုံကိုပါယူ၍ မထေရ်၏ သပိတ်ထဲသို့ လောင်းလှူထည့်လိုက်လေသည်။

မထေရ်မြတ်သည် မင်းနှင့်တကွ သုံးဦးသားလှူသော ဆွမ်းကိုယူ၍ ပြန်ကြွသွားသည်။ မိမိနေရာသို့ရောက်သော် အစမှစ၍ ရဟန်းသံဃာအားလုံးဆွမ်းလုပ် အနည်းငယ်စီကို လှူသည်။

"ငါတို့သည် အလွန်ပင် ဆာလောင်မွတ်သိပ်ကြပါကုန်၏။ ထိုမထေရ်သည် ပိုလျှံသော ဆွမ်းလုံးတို့ကို ပို့လိုက်ပါမူ ကောင်းလေစွ" ဟုမင်းကြီးသည်ကြံစည်မိသည်။

မထေရ်သည် မင်း၏ စိတ်အကြံကို သိ၍ ပိုလျှံသောဆွမ်းကို ထိုသူတို့အတွက် မျှတလောက်အောင်ပြု၍ သပိတ်ကို ကောင်းကင်သို့ ပစ်တင်တော်မူလိုက်လေသည်။

သပိတ်သည် ကောင်းကင်မှလာ၍ မင်း၏လက်ထဲ၌ တည်လေသည်။ သပိတ်ထဲ၌ ပါလာသောထမင်းသည်သုံးဦးသားတို့ လောက်ငှလေသည်။

ထို့နောက်မင်းသည် သပိတ်ကို ဆေး၍အချည်းနှီးသောသပိတ်ကို မပို့ဟု ရေသုတ်ပုဆိုးဖြစ်သော အပေါ်ရုံကိုချွတ်ပြီးလျှင် သပိတ်၌ထားလျက်

"သပိတ်သည် သွား၍ငါ၏အရှင်မြတ်လက်ထဲ၌ တည်ပါစေသော်" ဟုဆိုလျှက်ကောင်းကင်သို့ ပစ်လိုက်လေသည်။

သပိတ်သည် ကောင်းကင်မှသွား၍ မထေရ်၏ လက်ထဲ၌တည်လေသည်။

ထိုမင်းသည် နောက်အဖို့၌ မင်းဖြစ်သောခါဝယ် မဟာစေတီကြီးကို တည်တော်မူသည်။

စေတီမပြီးမီပင် နတ်ရွာစံရန် အချိန်ရောက်လာသည်။ မဟာစေတီ၏တောင်ဘက်ဘေး၌ မင်းကြီးလျောင်းစက်နေစေ၍ နိကာယ်ငါးရပ်အစွမ်းဖြင့် ရဟန်းသံဃာများက ချွတ်ဖတ်သရဇ္ဈာယ်မှုကို ပြုကြသည်ရှိသော် နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စင်းတို့ လာကြ၍ မင်းကြီးရှေ့ ကောင်းကင်၌ တည်ကြလေသည်။

မင်းကြီးကအမတ်တို့ကို -

"ငါ၏ ကောင်းမှုစာရင်းများကို ယူခဲ့ကြလော့" ဟုစေခိုင်းပြီး ကောင်းမှုစာရင်းများကို ဖတ်စေသည်။

မင်းကြီးသည် ထိုကောင်းမှုများကို စိတ်ထဲက မနှစ်သက် မကြည်နူးဝမ်းမမြောက်နိုင်-

"ရှေ့သို့ဆက်ဖတ်ကြဦးလော" ဟုစေခိုင်းရာ စာတော်ဖတ်အမတ်က

"အရှင်မင်း စူဠင်္ဂဏိယစစ်ပွဲ၌ ရှုံးသဖြင့် တောအုပ်သို့ဝင်ပြီးနောက် သင်မင်းကြီး ထိုင်နေစဉ် ရွှေခွက်ငယ်မှ ထမင်းကို လေးပုံ ပုံ၍ဂေါဓိယမာလကတိဿမထေရ်အားဆွမ်းလှူဖူး၏" ဟုလျှောက်ထားလေသည်။

မင်းကြီးသည် အလွန်ကျေနပ်နှစ်သက်၍ "ထားလိုက်ပါတော့" ဟုဆို၍ -

"အရှင်ဘုရားတို့ အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိပါသနည်း" ဟု ရဟန်းသံဃာကို မေး၏။

"မင်းကြီး တုသိတာဘုံသည် အားလုံးသော ဘုရားလောင်းတို့၏

နေရာဌာနပေတည်း" ဟုမိန့်ကြားသည်။

မင်းကြီးသည် နတ်ရွာစံပြီးလျှင် တုသိတာဘုံမှလာသော ရထား၌ သာလျှင် တည်၍ တုသိတာဘုံသို့ သွားလေ၏။

ဤသည်ကား အားကြီးသော ကုသိုလ်ကံက အကျိုးပေးပုံသာဓက ဖြစ်ပါသည်။

## ပြုခဲကာမျှဖြစ်သောကံ (ကဋတ္တာကံ)

ရှေးရှေးဘဝတို့၌ ပြုအပ်သောကံကိုလည်းကောင်း၊ ယခုဘဝ၌ ပြုလုပ်သောကံများတွင်လည်းကောင်း၊ ဂရုကံ-အာသန္နကံ-အာစိဏ္ဏကံ အခြေ အနေသို့ အရောက်တတ်ဘဲ ထိုကံသုံးမျိုးမှ လွတ်သော မသိခြင်း၏ အစွမ်းဖြင့် အမှတ်တမဲ့ပြုအပ်သော ကံမျိုးဖြစ်သည်။

ဥပမာ- ထိုကံသည် ယူရှုးပစ်လိုက်သော တုတ်သည်ရောက်ချင်ရာ အရပ်သို့ ရောက်သကဲ့သို့ ထိုသုံးပါးသော ကံတို့တွင် မရှိ၍ အကျိုးမပေး သော်လည်း ပြုကာမျှ ဖြစ်သောကံသည် တစ်ခုခုသောဘဝ၌ မုချအကျိုးပေး မည်သာ ဖြစ်ပါသည်။

ဘတ္တာဂါတို့တွင် ယခုဘဝ၌ ပြုလုပ်သော သာမန်ပြုကာမျှကံများနှင့် အတိတ်ဘဝများက ပြုခဲ့သော သာမန်ပြုကာမျှ ကံများပါရှိခဲ့ပါသည်။ ကံကြီး (၃)ပါးကင်းလွတ်လျှင် ဤသာမန်ကံက ပဋိသန္ဓေအကျိုးပေးပါသည်။

## မျက်မှောက်ခံစားနေရသောအကျိုးဟူသည် (ဒိဋ္ဌဓမ္မဝေဒနီယကံ)

ယခုပြုမှုရ မျက်မှောက်ထင်ထင်တွေ့မြင်အပ်၊ ခံစားအပ်သော သဘောကိုဒိဋ္ဌဓမ္မဝေဒနီယ (မျက်မှောက်ခံစားရသောအကျိုး)ဟူ၍ဆိုပါသည်။

ဤမျက်မှောက်အကျိုးပေးမှုသည် ကုသိုလ်-အကုသိုလ်ပြုပြီး

- (၇) ရက်အတွင်း အကျိုးပေးလျှင် ရင့်ကျက်သော မျက် မှောက် အကျိုးပေးမှု (ပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယကံ) ဟုဆိုကြပါသည်။
- (၇) ရက်လွန်ပြီးနောက်မှ အကျိုးပေးလျှင် မရင့်ကျက်သော မျက်မှောက် အကျိုးပေးမှု (အပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယကံ) ဟုဆို ကြသည်။

လူတို့အတွက် ကုသိုလ်ကံ အကုသိုလ်ကံအကျိုးပေးရာ၌ ဇော (၇) ကြိမ်ရှိပါသည်။

ပထမဇောစေတနာသည် ဇော(၇)ကြိမ်တွင် ပထမဆုံးဖြစ်ရသည့်တွင်မိမိရှေ့မှာ ရှေးရှေးဇောမှ ကျေးဇူးပြုမှု (အာသေဝန) သတ္တိဖြင့် ထောက်ပံ့ကူညီချက်ကို မရသောကြောင့် နောက် ဒုတိယ၊ တတိယစသော ဇောစေတနာများလောက်အားမကောင်းပါချေ။

ဇော(၇)တန်တွင် ပထမဇောသည် အားအသေးဆုံးဖြစ်ပါသည်။ ဥပမာ-လူတစ်ယောက်သည် သူဌေးသားဖြစ်သည်။ ပစ္စည်း တစ်သိန်း နှစ်သိန်း အမွေရသည်။ ထိုသားသည် သတ္တိ ဗျတ္တိရှိသည်။ များစွာ ကြိုးစားအားထုတ်သည်။ အဖထက် သားကပို၍ပေါများလာသည်။

အဘယ်ကြောင့် ပိုများပါသနည်းဆိုသော် ဖခင်၏ အရင်းအနှီး အရှိန်အဝါ အခြေခံရ၍ ဖြစ်ပါသည်။

ထို့သားနောက်၊ နောက်သားကလည်း များစွာ သတ္တိ ဗျတ္တိရှိပြီး ဆက်လက် ကြိုးစားသည်။ နံပါတ်တစ် အဖထက် နံပါတ်နှစ်၊ နံပါတ်နှစ်သားထက် နံပါတ်သုံးက ပိုပေါများသွားသည်။

ပထမအရှိန်က ရခဲ့၍ဖြစ်သည်။ ဒုတိယအရှိန်ကလည်းရ၊ နံပါတ်သုံးထက်နံပါတ်လေးက ပို၍ပေါများလာသည်။ ပ-ဒု-တ-က အရှိန်ရလာ၍ဖြစ်သည်။ နံပါတ် (၅) (၆) (၇) အပေါများဆုံး ဖြစ်သွားသည်။

အဘယ်ကြောင့်နည်းဆိုသော် ရှေးကအမွေများက အရှိန်ရလာ၍ ဖြစ်ပါသည်။ ထိုနည်းတူပင် ပထမဇောက အားနည်းနေသေးသည်။ နောက်ဇောများက အရှိန်ကောင်းရ၍ အားကောင်းလာရပါသည်။ ခုနစ်ခုမြောက် (သတ္တမဇော)သည် သတ္တိအကောင်းဆုံး ဖြစ်ပါသည်။

သတ္တမဇောသည် သတ္တိအကောင်းဆုံးဆိုသော် မည်သည့်ဘဝ အကျိုးပေးသနည်းဆိုလျှင် ဒုတိယဘဝ အကျိုးပေးပါသည်။

ပထမဇောက သတ္တိညံ့၍ ဘဝအကျိုးပေးခွင့်ရှိလျှင် မျက်မှောက်ဘဝမှာပင် အကျိုးပေးပါသည်။ ပေးခွင့်မရက အဟောသိကံ (အလကားကံ) ဖြစ်သွားတော့သည်။

ပထမဇော အားမကောင်းသည့်အတွက်ကြောင့် အခြားဇောများကဲ့သို့ ပဋိသန္ဓေအကျိုးကို ဆောင်ရွက်နိုင်၍ဘဝတစ်မျိုးဖြစ်အောင် မထူထောင်နိုင်ဘဲ ယခုဘဝ၌ပင်-

- အဟိတ်ကုသလဝိပါက်
- အဟိတ်အကုသလဝိပါက်

- ကမ္မဇရုပ်တရား
- ကံလျှင်အရင်းခံသော ဥတုဇရုပ်

ဟူသော အဟိတ်အကျိုးများကိုသာ ဖြစ်ထွန်းစေနိုင်ပါသည်။

- မဟာဒုတ်သည် ကဿပဘုရားရှင်အား ဆွမ်းလှူခြင်းကြောင့် ချက်ချင်း စီးပွားတိုးတက်ပြီး သူဌေးဖြစ်သည်။
- ပုဏ္ဏမည်သော ဆင်းရဲသား သားသမီးခင်ပွန်းတို့သည် အရှင်သာရိပုတ္တရာကို ဆွမ်းလှူခြင်းကြောင့် ချက်ချင်း ဥစ္စာတိုးလျက် သူဌေးဖြစ်သည်။
- ကာကဝဠိယဇနီးမောင်နှံသည် ရှင်မဟာကဿပကို ဆွမ်းလှူခြင်းကြောင့် ချက်ခြင်းသူဌေးဖြစ်သည်။

ထိုကဲ့သို့ သူဌေးဖြစ်လျှင် ကောင်းသောအာရုံများကို မြင်ရ ကြားရမှုကြောင့်အဟိတ်ကုသလ ဝိပါက် စက္ခုဝိညာဉ်နှင့် ခန္ဓာကိုယ်ဝယ် ကုသိုလ်ကမ္မဇရုပ်များ တိုးပွားခွင့်ရလေသည်။

သူဌေးဖြစ်အောင် တိုးပွားသော ဥစ္စာများသည်ကား ကမ္မပစ္စယဥတုဇရုပ်များပင် ဖြစ်ပါသည်။

ဤရုပ်တရားများကိုလည်း အဟေတုအမည်ရ၍ အဟိတ်မျိုးဟူ၍ ပင်ခေါ်ရသည်။

- ဒေဝဒတ်သည်ဘုရားရှင်ကိုပြစ်မှားသဖြင့် ချက်ချင်းမြေမျိုခံရသည်။
- နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမကို မတရားပြုကျင့်မှုကြောင့် ချက်ခြင်းမြေမျိုခံရသည်။
- နန္ဒနွားသတ်သမားသည် နွားလျှာကို လှီးဖြတ်၍ ကင်စားစဉ်မှာပင် လျှာပြတ်ကျလေသည်။

ထိုကဲ့သို့ ဒုက္ခဆင်းရဲရောက်သည့်အခါ အဟိတ်အကုသလဝိပါက် စက္ခုဝိညာဉ် စသည်နှင့် အကုသိုလ်ကမ္မဇရုပ်၊ ကမ္မပစ္စယဥတုဇရုပ်များ ထိုက်သည့်အားလျော်စွာ ဖြစ်ခွင့်ရလေသည်။

## ချက်ခြင်းအကျိုးပေးမှု

ပထမဇောစေတနာသည် ရှေးရှေးဇောမှ ကျေးဇူးပြုမှု (အာသေဝနပစ္စည်း)ကို မခံရသည့်အတွက် အလွန်အားသေးလှသည့်အတွက် ပစ္စက္ခအကျိုးအကြောင်းအထောက်အပံ့များစွာ စုံညီမှ ပေးနိုင်သည်။

တစ်နည်း ဆန့်ကျင်ဘက်တို့ မလွှမ်းမိုးနိုင်ပါမှ (ကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက် အကုသိုလ်တို့က မလွှမ်းမိုး မနှိပ်စက် မနှောင့်ယှက်ပါမှ) အကျိုးပေးနိုင်ပါသည်။

- အကြောင်း အထောက်အပံ့ထူးဖြင့် ရအပ်သော အကြောင်းထူး လည်း ရှိပါမှ အကျိုးပေးသည် (ကုသိုလ်အရာ၌ ဂတိ၊ကာလ၊ ဥပဓိ ပယောဂဟူသောလေးချက်သည် သမ္ပတ္တိဖြစ်ရပါမည်။ အကုသိုလ်အရာ၏ဝိပတ္တိဖြစ်မှ အထိုက်အလျောက် အားရှိသည်)
- ပထမဇော အားရှိလောက်အောင် သဘောရှိသော ဆန္ဒရှိလျှင် သည်အမှုမျိုး ဘာကြောင့်မဖြစ်နိုင်ဘဲ ရှိအံ့နည်း။ ဝီရိယရှိလျှင်၊ စိတ်ရှိလျှင်၊ ဉာဏ်ရှိလျှင် သည်အမှုမျိုး ဘာကြောင့်မဖြစ်နိုင်ဘဲ ရှိအံ့နည်း။ ဤသို့နောက်နောင် စိတ်ထ... သန်လာအောင် ရှေ့အဖို့က ပြုပြင်မှု ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းကြောင့် လွန်ကဲသော သတ္တိလည်းရှိပါမှ တိုးတက်လာပါမှ အကျိုးပေးနိုင်ပါသည်။
- ဂုဏ်ထူးနှင့်ယှဉ်သော ဘုရား၊ ရဟန္တာ၊ အနာဂါမ်စသော ပုဂ္ဂိုလ် တို့၏ ကျေးဇူးပြုခြင်း၊ ကျေးဇူးမဲ့ခြင်းကို ပြုခြင်းအစွမ်းဖြင့် ဖြစ်ပါမှ ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်သည်။

ဓမ္မပဒသုခသာမဏေ ဝတ္ထု၌ လက်တွေ့အကျိုးပေးမှု အင်္ဂါ(၄)ချက် ကိုဖော်ပြထားပါသည်။

၁။ ဝတ္ထုသမ္ပဒါ = အနာဂါမ် (သို့) ရဟန္တာဖြစ်၍ အလှူခံပုဂ္ဂိုလ် ဟူသော ဝတ္ထု၏ ပြည့်စုံခြင်း။
၂။ စေတနာသမ္ပဒါ = အလှူရှင်က စေတနာထက်သန်ခြင်း။
၃။ ပစ္စယသမ္ပဒါ = တရားသဖြင့် ရှာဖွေ၍ရအပ်သော ဝတ္ထုဖြစ်သဖြင့် ပစ္စည်း၏ ပြည့်စုံခြင်း။
၄။ ဂုဏာတိရေက သမ္ပဒါ = အလှူခံပုဂ္ဂိုလ်က နိရောဓသမာပါတ် ထပြီးခါစ ဖြစ်၍ လွန်ကဲသောဂုဏ်နှင့် ပြည့်စုံခြင်း။

ဤအကြောင်းလေးပါး ပြည့်စုံမှ လက်တွေ့လက်ငင်း အကျိုးပေး သည်ဟုဆိုပါသည်။

ထို့ပြင် ဤဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ဘဝ၌ မထင်ရှား မသိမသာ အကျိုးပေးသည်လည်းရှိသည်။

ဥပမာ - ကုသိုလ်ကောင်းမှုပြုသည့်အတွက် ဂုဏ်သတင်းထွက်ခြင်း၊ ဘုန်းကံကြီးမားခြင်း၊ ရောင်း၍ဝယ်၍ကောင်းခြင်း၊
ခကုသိုလ်ပြုသည့်အတွက် မင်းပြစ်မင်းဒဏ်ခံရခြင်း၊ ဥစ္စာပစ္စည်းဆုတ်ယုတ်ခြင်း စသည်တို့သည် လက်တွေ့အကျိုးပေးခြင်းများဟုဆိုပါသည်။

ဤဒိဋ္ဌဓမ္မအကျိုးပေးမှုကို အဋ္ဌကထာဆရာ ဋီကာဆရာတို့က နောက်တစ်ဆင့် မျိုးစေ့ရဖို့ အသီးမသီးဘဲ အပွင့်မျှသာ ပွင့်သောအပင်ကဲ့သို့ ရှိသည်ဟု ဆိုပါသည်။

ဒုတိယဘဝ အကျိုးပေးကံ (ဉပပဇ္ဇဝေဒနိကံ)

ဒုတိယဘဝ၌ အကျိုးပေးသောကံကို ဥပပဇ္ဇဝေဒနိကံဟု ခေါ်သည်။ ယခုဘဝ သူဌေးဖြစ်မှုသည် ဒိဋ္ဌဓမ္မဝေဒနိယကံဟု ဖြစ်သည်။ ဤဘဝသေ၍ ဒုတိယဘဝ၌ ကုသိုလ်ပြု၍ နတ်ပြည်ရောက်၍ နတ်စည်းစိမ်ခံစားရမှု၊ အကုသိုလ်ပြု၍ ငရဲဆင်းရဲစွာ ခံစားရမှုတို့သည် ဤဒုတိယဘဝအကျိုးပေးမှုကံဖြစ်ပါသည်။

ဇောအားဖြင့် သတ္တမဇောစေတနာပင် ဖြစ်ပါသည်။ ကုသိုလ်မှု၊ အကုသိုလ်မှု ပြုကြရာ၌ရှေ့ဇောများဖြင့် အယမပြောက်သေး။ ရှေ့ဇောများသည် သတ္တမဇောအားရှိအောင် အထောက်အပံ့များသာ ဖြစ်သည်။ သတ္တမဇောကျမှသာ ဆိုင်ရာအမှုများ ပြီးစီးနိုင်ပါသည်။

သတ္တမဇောစေတနာသည် ကံကိုထမြောက်မှု၌ အချုပ်အခြာဖြစ်သည်။ အကုသိုလ်အရာတွင် ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံ၊ ကုသိုလ်အရာ၌နတ်ပြည်၌ ဘုံဗိမာန်ပေါက်မှု၊ အရိယာဖြစ်မှုတို့သည် ဤသတ္တမဇောစေတနာများပင် ဖြစ်ပါသည်။

ဤကိစ္စကို ပြီးစီးနိုင်သော သန္နိဋ္ဌာပကစေတနာ (သန္နိဋ္ဌာန်ကျဆုံးဖြတ်ချက်ကြောင်းစေတနာ) ဖြစ်သောကြောင့် ဤသတ္တမဇောစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးနိုင်သော စေတနာတို့တွင် ရှေးဦးစွာထွက်၍ အခြားမဲ့ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သည်။

ပရမတ္ထဒီပနီ၌ ဇော(၇)ကြိမ်တွင် ပထမဇောမှစ၍ စတုတ္ထဇောတိုင်အောင်အစွမ်းကုန်တက်ပြီးနောက် တဖြည်းဖြည်းလျှောကျလေရာ သတ္တမဇောမှာအဆုံးသတ် လျှောကျခြင်းဖြစ်ဟုဆိုပါသည်။

အထက်ပါအဖွင့်ကိုပင် အဋ္ဌသာလိနီ လောကုတ္တရာ ကုသလပဒ အဖွင့်ကိုမှီ၍ "ကြာရှည်စွာ မစည်ပင်နိုင်သော ငှက်ပျောပင်၊ သဘော်ပင်တို့ သည်ခပ်မြန်မြန် အသီးသီးသကဲ့သို့ သတ္တမဇောသည်လည်း အားသေးလှ၍ ကာရှည်စွာ အကျိုးမပေး။ ဒုတိယတစ်ဘဝမှသာ အကျိုးပေးနိုင်သောကြောင့် အမြင့်ဆုံးထွက်၍ အကျိုးပေးရသည်" ဟုဆိုပါသည်။

ဝိမာနဝတ္ထုစသည်တို့၌ လာသောမဋ္ဌကုဏ္ဍလီ၊ ဆဋ္ဌမာဏဝ၊ လာဇာနတ်သမီး စသည်တို့ကဲ့သို့ ယခုဘဝ ကုသိုလ်ပြုပြီး ဒုတိယဘဝ နတ်ပြည်ရောက်ရခြင်း၊ နန္ဒလုလင်၊ အဇာတသတ် စသည်တို့ကဲ့သို့ ငရဲကျ ရောက်ရခြင်းတို့သည် ဒုတိယဘဝမှ မုချဆက်ဆက် အကျိုးပေးခြင်းများ ဖြစ်ကြပါသည်။

ဥပပဇ္ဇဝေဒနိယကံနှင့် ပတ်သက်၍ ကုသိုလ် အကုသိုလ်စိတ်နှစ်ပါး ရောနှောမိသောကံကို ပြုမိကြ၍ ဒုတိယဘဝ၌ ကောင်းကျိုး၊ မကောင်းကျိုးကို ခံစားကြရကုန်သော ဝေမာနိကပြိတ္တာတို့၏ ဘဝ၊ အသူရကာယ်တို့၏ ဘဝတို့ကို ကြည့်လျှင် ဥပပဇ္ဇဝေဒနိယကံ၏ ဒုတိယဘဝ၌ အကျိုးပေးပုံကို သိရပါသည်။

*(ထိုပြိတ္တာ - အသူရကာယ်တို့၏ အကြောင်းစုံကို တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ) ရေးသားသော ဗုဒ္ဓခေတ် တစ္ဆေပြိတ္တာတို့ အကြောင်းစာအုပ်နှင့် သနားစရာကောင်းသော ပြိတ္တာလောက စာအုပ်များ တွင်အကျယ်ရှုကြည့်ပါ။)*

## ဘဝအဆက်ဆက် အကျိုးပေးကံ (အပရာပရိယဝေဒနိယကံ)

ဒုတိယဘဝမှ အခြားသောဘဝအဆက်ဆက်ကို (ဝါ) တတိယဘဝ မှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် ဘဝအထိ အကျိုးပေးသောကံကို အပရာ ပရိယဝေဒနိယကံဟုခေါ်သည်။

ယင်းကံဟူသည် တစ်ဝီထိ၌ပါသော ဇော(၇)ကြိမ်တွင် အလယ်ဇော (၅)ချက် စေတနာ ဖြစ်ပါသည်။ ဤ၌ ဇော (၅)တန်ရှိနေ၍ ပဋိသန္ဓေအကျိုး (၅)မျိုးပေးသည်ဟု ထင်ရမည်ဖြစ်သော်လည်း အပရာပရိယဝေဒနိယကံ စေတနာ (၅)တန်လုံးမှ ပဋိသန္ဓေအကျိုးတစ်မျိုးသာ ပေးခွင့်ရှိပါသည်။

အဋ္ဌသာလိနီအဆိုအရ နာနာစေတနာအရ တစ်ဝီထိ၌ ပါသောဇော စေတနာ(၇)ကြိမ်ကို ဆိုလိုရင်းမဟုတ်ပါ။ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရ

• စေတနာအကျိုးမျိုးကို ဆိုလိုရင်းဖြစ်ပါသည်။ ထိုစေတနာ အမျိုးမျိုးဖြင့် ကံကိုအားထုတ်လျှင် ပုဗ္ဗ အပရစေတနာတို့ကြောင့် **ပဋိသန္ဓေ များစွာ** ဖြစ်နိုင်သည်ဟုဆိုပါသည်။

နွားသတ်သမားတစ်ယောက်သည် နွားသတ်မှုကံကြောင့် နှစ်ပေါင်းများစွာ ငရဲ၌ခံရသည်။ ထိုနွားသတ်မှုကံ အကြွင်းအကျန်ကြောင့် ဂိစ္ဆကုဋ်တောင်မှာ အရိုးစုပြိတ္တာ ဖြစ်လာရသည်။

ဤဝတ္ထုအရ နွားသတ်မှုကံကို ထမြောက်အောင်ပြုလုပ်သော ဝီထိ၌ပါသော ဇော(၇)ကြိမ်တွင် သတ္တမဇောဟူသော ဥပပဇ္ဇဝေဒနီယကံကြောင့် ငရဲကျရောက်၍ ထိုဝီထိ၌ပါသော အလယ်ဇော (၅)ချက်တွင် တစ်ချက်ချက်သော အပရာပရိယဝေဒနီယကံကြောင့် ပြိတ္တာဖြစ်ရသည်ဟု မှတ်ဖွယ်ရှိပါသည်။

သို့သော် ထိုဘဝတိုင်းမဟုတ်ပါ။ နွားသတ်မှုပြုစဉ်က ကံတစ်ကြိမ်ထမြောက်ဖို့ရာ ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာများ ဖြစ်ကြပါသည်။ မုဥ္စစေတနာမှာ ကံထမြောက်သော တစ်ဝီထိ၌ ပါသော ဇောစေတနာပင်ဖြစ်ပါသည်။ ကံအထမမြောက်ခင် ရှေ့အဖို့က ဝီထိပေါင်းများစွာ၌ပါရှိသော စေတနာများကို ပုဗ္ဗစေတနာဟူ၍ လည်းကောင်း၊ နောက်အဖို့၌ စေတနာများစွာကို အပရစေတနာဟူ၍ လည်းကောင်း ခေါ်ဆိုပါသည်။

ထိုတွင် မုဥ္စစေတနာ (အလယ်စေတနာ (ဝါ) သက်ဖြတ်ပြုနေစဉ် စိတ်ပါ လက်ပါပြုနေသော စေတနာ)၌ပါသော သတ္တမဇောကြောင့် ငရဲ၌ ပဋိသန္ဓေယူရသည်။ နောက် ပုဗ္ဗစေတနာ၊ အပရစေတနာတို့တွင် ဝီထိတစ်ခုခု၌ပါသော အလယ်ဇောစေတနာကြောင့် ပြိတ္တာဖြစ်လာရသည်ဟု လက္ခဏသံယုတ် စတုတ္ထပါရာဇိကပါဠိတော် အဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာတို့၌ ဖွင့်ဆို ရှင်းပြထားသည်ကို တွေ့ရပါသည်။

## အပရာပရိယဝေဒနီယကံကုန်ချိန်

အပရာပရိယဝေဒနီယကံသည် တတိယဘဝမှ နိဗ္ဗာန်ရသည့်တိုင်အောင်ပဝတ္တိအကျိုးကို ပေးနိုင်သည်ဟုဆိုထားရာ မည်သည့်အပရာပရိယစေတနာမဆို အကြိမ်များစွာ ထပ်ကာ ထပ်ကာ အကျိုးပေးနိုင်သည်ဟု ထင်မှတ်စရာ ရှိနေပါသည်။ ထိုသို့မဟုတ်ပါ။ မိမိသတ္တိရှိသမျှ အကျိုးပေးပြီးလျှင်နိဗ္ဗာန်မရခင်လည်း ထိုစေတနာများ၏ အစွမ်းသတ္တိ ကုန်ဆုံးရပါသည်။

အကျိုးမပေးရသေးလျှင် နောက်ဆုံးဘဝတိုင်အောင် သတ္တိပါနိုင်သည်ဟုဆိုလိုပါသည်။ ဘုရားရှင်၏ ဝိပါက်တော် (၁၂)ပါးနှင့် ရှင်မောဂ္ဂလာန်ကိုခိုးသားငါးရာရိုက်မှု စသည်တိုကိုကြည့်ကာ သဘောပေါက်နိုင်ပါသည်။

များစွာသော ဇာတ်နိပါတ်တို့တွင် သတ္တဝါတစ်ကောင်ကို သတ်မိ၍ ငရဲကျရပြီးနောက် ထိုသတ္တဝါ၏ အမွေးအရေအတွက်နှင့် အညီအမျှ (ပုဗ္ဗ. အပရစေတနာများစွာအတွက်) အသတ်ခံ၍ချည်း သေရကြောင်း နောက်ဆုံးအရေအတွက်စေ့မည်ဘဝ၌အသတ်ခံရသော်လည်း ဝဋ်ကျွတ်တော့မည်ဖြစ်၍ ဝမ်းမြောက်ကြောင်းကို ပြသော ဝတ္ထုများစွာ ရှိပါသည်။

ထို့ကြောင့် အပရာပရိယဝေဒနိယကံသည် အကျိုးပေးပြီးစီးသည့်အခါ ပျက်စီးပျောက်ကွယ်သည်ဟု မှတ်ယူရပါသည်။

ကံအကျိုးသည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးဟူ၍ နှစ်မျိုးရှိရာတွင်တစ်ခုသော စေတနာကံသည် တစ်ခုသောပဋိသန္ဓေ အကျိုးကိုသာပေးနိုင်သည်။ ပဝတ္တိ အကျိုးကိုမူကား တစ်ခုသော စေတနာသည် ဘဝများစွာတို့၌ အကျိုးပေးနိုင်သည်။ ထို့ကြောင့် တတိယဘဝမှစ၍ အနမတဂ္ဂအနာဂါတ် သံသရာ၌ အကျိုးပေးနိုင်၏ ဟုဆိုသော်လည်း ပဋိသန္ဓေအကျိုးကိုမူကား စေတနာတစ်ခုသည် နှစ်ခုသော ပဋိသန္ဓေကို မပေးနိုင်။ ပဝတ္တိအကျိုးကိုမူကား အနမတဂ္ဂ အနန္တပင် အကျိုးပေးနိုင်သည်ဟု မှတ်ရပါမည်။

ဘူရိဒတ်ဇာတ်တော်၌ အလောင်းတော်သည် နဂါးစည်းစိမ်ကိုတောင့်တ၍ ကောင်းမှုကိုပြုခဲ့သည်။ သေသည် အခြားမဲ့၌ အကုသိုလ်ကံကြောင့်အဟိတ်နဂါး ပဋိသန္ဓေနေရသည်။ (ဤ၌ ကုသိုလ်ကောင်းမှုများပဋိသန္ဓေ အကျိုးကို မပေးလိုက်ရ) ပဝတ္တိအခါ၌မူကား ပြုခဲ့သော ကောင်းမှုများအတွက် ကြီးကြယ်သော နဂါးစည်းစိမ်ကို ခံစားရလေသည်။

### အကျိုးမပေးတော့သည့်ကံ (အဟောသိကံ)

ပထမဇောစေတနာ အလယ်ဇောငါးချက် စေတနာ သတ္တမဇောစေတနာတို့သည် အကြောင်းမသင့် အခွင့်မသာကုန်သဖြင့် မိမိတို့ ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြကုန်ဘဲ အလိုလိုသုဉ်း၊ မြုံ၊ ကွယ်ပျောက်သွားသော ကံမျိုးကိုအဟောသိကံဟု ခေါ်ပါသည်။

ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုးပေးနိုင်သောကံများကို အားထုတ်လျှင် ကံတစ်ခုက အကျိုးပေး၏။ ကြွင်းသောကံများ ဒိဋ္ဌဓမ္မအကျိုးမပေးဘဲ အဟောသိကံဖြစ်သည်။

ဥပပဇ္ဇဝေဒနိယကံများ အားထုတ်ရာ၌ တစ်ခုခုကပဋိသန္ဓေအကျိုးပေးလျှင် အခြားကံများအကျိုးမပေးနိုင် (ပဝတ္တိအကျိုးကား ပေးနိုင်သေး၏) ပဝတ္တိအကျိုးမျှ မပေးရလျှင် အဟောသိကံဖြစ်သည်။

ပဋ္ဌာနန္တရိယကံငါးပါးလုံး ပြုလုပ်ထားရာ၌သတ္တိအထက်ဆုံး သံဃဘေဒကကံက အခြားမဲ့ဘဝ၌ ပဋိသန္ဓေအကျိုးပေး၏။ ကြွင်းကံများက အဟောသိကံဖြစ်သွားသည်။ ဈာန်သမာပတ် (၈)လုံးကိုရရာ တစ်ပါးသော ပဋိသန္ဓေအကျိုးပေး သည်။ ကြွင်းသမာပတ်များက အဟောသိကံဖြစ်တော့သည်။ ဤကဲ့သို့ အဟောသိကံဖြစ်ရသော ကံများစွာရှိပါသည်။

ကမ္မပထ မမြောက်သော သာမညဇောစေတနာ (စားရင်း သောက်ရင်း၊ သွားရင်းလာရင်းဖြစ်သော ကုသိုလ် အကုသိုလ်စေတနာများ) အတော်များစွာရှိသည်။ ထိုစေတနာများသည် ပဝတ္တိ အကျိုးမျှကို ပေးနိုင် ထောက်ပံ့နိုင်သည်ဟု ဆိုရသော်လည်း သန္တာန်အစဉ်မှာ သတ္တိအရာ မထင် ရှားဘဲ ငြိမ်းငြိမ်းပျောက်ပျောက် အဟောသိကံလောက်ဖြစ်သောဇောများကသာ များဖွယ်ရှိပါသည်။

ကံတို့၏ အကျိုးပေးရာကာလသတ်မှတ်မှု

အကျိုးပေးကာလ သတ်မှတ်ရာတွင်

ဒိဋ္ဌဓမ္မဝေဒနိယကံသည် = ယခုပစ္စုပ္ပန်ဘဝမှသေသည့်ကာလအထိ ကာလ

ဥပပဇ္ဇဝေဒနိယကံသည် = သေသည်မှနောက် ဒုတိယဘဝကာလကို သတ်မှတ်သည်။

အပရာပရိယဝေဒနိယကံ = တတိယဘဝမှ နိဗ္ဗာန်မရမချင်း ကာလအထိ သတ်မှတ်ပါသည်။

ဇောတို့၏ အကျိုးပေးမှု

ပထမဇောစေတနာသည် အာသေဝနပစ္စည်း( ရှေးရှေးဇောမှ ကျေးဇူးပြုမှု)ကို မရ၊ အစအဆုံးဇောဖြစ်၍ အားနည်းသည်။

သတ္တမဇောစေတနာသည် အာသေဝနပစ္စည်းကို ရသော်လည်း အရှိန်အဟုန်ဆုံးရာ ဇောပြတ်ရာဌာနတွင် ဖြစ်ရ၍ အားနည်းပြန်သည်။

အလယ်ဇောငါးချက်ကား အားရှိကြသည်။

ပထမဇော စေတနာသည် အခါခပ်သိမ်း အာသေဝနပစ္စည်းကို မရသောကြောင့် အားနည်းသည်။ အနှစ်သာရမရှိ၊ သို့အတွက် ဘဝသစ်တစ်ခု ပဋိသန္ဓေသစ်ကို မထူထောင်နိုင်ချေ။ ဘဝတစ်ခုသေပြီးနောက် ဒုတိယဘဝ၌ အကျိုးမပေးနိုင်ပါချေ။ ဤဘဝ၌ပင် အကျိုးပေးရပါသည်။ အကျိုးပေးရာတွင်လည်း အကြောင်းအခွင့် သင့်မှသာလျှင် အကျိုးပေးနိုင်သည်။ အကြောင်းအခွင့်မသင့်လျှင် အကျိုးပေးမှု ပျက်သုဉ်းသွားလေသည်။

သတ္တမဇောသည် အာသေဝနပစ္စည်းကို ရသောကြောင့် ပထမဇော စေတနာထက် အတော်အတန် အားရှိသည်။ ဖြည်းဖြည်းနှေးနှေး အကျိုးပေးသည်။ ဤပစ္စက္ခဘဝ၌ အကျိုးမပေးနိုင်ပါ။ ဒုတိယဘဝ၌သာ အကျိုးပေးနိုင်ပါသည်။

သတ္တမဇောသည် အာသေဝနပစ္စည်းကို ရသည်ဆိုသော်လည်း ထက်မြက်သောအသေဝနပစ္စည်းကို ရသည်မဟုတ်။ အရှိန်အဟုန် ကုန်ဆဲလုနီးဖြစ်၍ နုံသောဆဋ္ဌမဇောမှ အာသေဝနပစ္စည်းကို ရ၍ မိမိလည်း အားနည်းသည်။

သို့အတွက် ဒုတိယဘဝကိုကျော်လွန်၍ တတိယဘဝ စသည်၌ အကျိုးမပေးနိုင်ချေ။ ဒုတိယဘဝ၌သာ အကျိုးပေးသည်။ ထိုသို့ပေးရာတွင်လည်းအကြောင်းအခွင့်သင့်ပါမှ အကျိုးပေးသည်။ အကြောင်းအခွင့်မသင့်လျှင် အကျိုးမပေး။ ပျက်သုဉ်းသွားလေသည်။

အလယ်ဇော (၅)ချက် စေတနာသည်ကား အာသေဝနပစ္စည်းကို ကောင်းစွာရကြကုန်သောကြောင့် လွန်စွာအားရှိကြကုန်သည်။ အနှစ်သာရ ရှိကြကုန်သည်။ သစ်ပင်ကြီးများပမာ ရှည်ကြာမှ အကျိုးကို ပေးနိုင်သည်။ အရဟတ္တဖိုလ် ရောက်သည့်တိုင်အောင် အစဉ်လိုက်ကုန်၏။ အရဟတ္တမဂ်ဖြင့် သတ်အပ်၍ အရဟတ္တဖိုလ်သို့ ရောက်လျှင် အကျိုးမပေးတော့ချေ။

ဇောအသီးသီးတို့၏ အကျိုးပေးမှုဥပမာ

ဇောအသီးသီးတို့၏ အကျိုးပေးမှုတို့သည် ကောက်ပဲသီးနှံ၊ သစ်ပင်တို့၏ ပွင့်ပုံ၊ သီးပုံ စသည်တို့နှင့် ဥပမာအလားတူပါသည်။

လောက၌ ကောက်ပဲသီးနှံစသည်တို့ကို တစ်နှစ်လျှင် တစ်ခါမျှ ကြီးပွား၍ အသီးအပွင့်ဆောင်သော သစ်ပင်တို့သည် ရှိကြသည်။

တစ်နှစ်တစ်မိုးမျှ အသက်ရှည်ကြကုန်သော မြက်မျိုး ကောက်စပါးမျိုး၊ ပဲမျိုးတို့သည် အနှစ်သာမရ မရှိကြကုန်။ အနှစ်သာရ အရှိန်အားနည်းကြကုန်သည်။ တာရှည်မခံကုန်။ ထိုအပင်တို့သည် လျင်မြန်စွာ ကြီးပွားကြပြီး လျင်မြန်စွာ အပွင့်ပွင့်ကာ လျင်မြန်စွာ သီးမှည့်ပြီး အမြစ်နှင့်တကွ ပျက်စီးကြလေသည်။ နွေကာလတစ်ခုကို မကျော်နိုင်။ နောက်မိုးတစ်ခုသို့ မှီအောင် မနေနိုင်ကြပါ။

ဤတစ်နှစ်အတွင်း ကြီးပွားသော ကောက်ပဲ စသော သစ်ပင်နှင့် ပထမဇောစေတနာ စသည်တူပါသည်။

လောကတွင် တစ်နှစ်ကျော်ကျော် နှစ်နှစ်ခန့်မျှ အသက်ရှည်ကြပြီး အပွင့်အသီးကို ဆောင်သော သစ်ပင်တို့သည် ရှိကြသည်။ ထိုသစ်ပင်ငယ်တို့သည် အကော်အတန် အနှစ်အသားရှိကြသည်။ အတော်အတန် အနှစ်အသားရှိ ကြသောကြောင့် အနည်းငယ်ကြာမြင့်သောကာလဖြင့် တဖြည်းဖြည်းကြီးပွားကြကုန်သည်။

ပထမစိုက်ပျိုးသော မိုးအခါတွင် ကြီးပွားကြကုန်သည်၊ အပွင့်အသီးကိုမူကား မဆောင်နိုင်သေးချေ။ နွေတစ်ခုကို ကူးမြောက်၍ ဒုတိယမိုးကာလအထိ မီကြပြီး အပွင့်အသီးကို ဆောင်ကြသည်။ နောက်နွေ တစ်ခုကို မပိုနိုင်ဘဲ ပျက်စီးကြရကုန်သည်။

ဤတစ်နှစ် နှစ်နှစ်ခန့်မျှ အသက်ရှည်သော သစ်ပင်မျိုးကား သတ္တမဇောစေတနာနှင့်တူပါသည်။

အင်ကြင်းပင်၊ သရက်ပင်စသော သစ်ပင်ကြီးမျိုးတို့သည်ကား များစွာ အစေ့သာရှိကုန်သည်။ လွန်စွာ အားရှိကြကုန်သည်။ အနှစ်ငါးဆယ်ကျော် တစ်ရာသော်လည်းကောင်း၊ ထိုထက်အလွန်လည်းကောင်း တည်နိုင်သည်။ နွေအဆင့်ဆင့်ကို ကျော်လွန်ပြီး မိုးအဆင့်ဆင့်ကိုလည်း မီကြသည်။ နေ့နေ့ကြီးပွားကြကုန်သည်။ တစ်နှစ်တွင်း၌ တစ်တောင်သော်လည်းကောင်း၊ နှစ်တောင်သော်လည်းကောင်း ကြီးပွားကြကုန်၏။ ဆယ်နှစ် ဆယ့်ငါးနှစ်ကြာမှ အသီးအပွင့်ကိုဆောင်သည်။

ဤနှစ်ရှည်အပင်ကြီးမျိုးကား အလယ်ဇော ငါးချက်နှင့်တူပါသည်။

ဇောစေတနာများခြားနားမှု

ကုသိုလ် အကုသိုလ် ကာမဇောစေတနာများသည် ပစ္စုပ္ပန်ဘဝ အကျိုးပေးသည်လည်းရှိပါသည်။ ဒုတိယဘဝ အကျိုးပေးသည် ရှိပါသည်။ တတိယဘဝမှစ၍ နိဗ္ဗာန်မရမချင်း အကျိုးပေးသည်လည်း ရှိပါသည်။

ပထမဇောစေတနာသည် နိဗ္ဗာန်ရသော ဘဝတိုင်အောင် မပုပ်မသိုး အကျိုးပေးနိုင်သည်ဟု ဆိုလိုပါသည်။

မဟဂ္ဂုတ်ဇောစေတနာတို့သည် အခြားမဲ့၌ အကျိုးပေးမြဲဖြစ်သော ကြောင့်သတ္တမဇောအရာ၌ တည်သည် (ဥပပဇ္ဇဝေဒနီယကံဖြစ်သည်)။ များစွာသော မဟဂ္ဂုတ် ကုသိုလ်စေတနာတို့တွင် တစ်ခုသောစေတနာ အကျိုးပေးလျှင် ကြွင်းသော မဟဂ္ဂုတ်စေတနာစုသည် ပျက်သုဉ်းရသည်။ အဟောသိကံ ဖြစ်ရသည်။

တစ်ဖန် မဟဂ္ဂုတ်ကုသိုလ်ကံသည် ဤပစ္စက္ခဘဝ၌ပင်လျှင် ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့၏ ဖိစီးမှုကို ခံရသည်ရှိသော် အကျိုးပေး သုဉ်းဖျင်း ပျက်စီးရပြန်သည်။ မဟဂ္ဂုတ်ကံသည် အလွန်မခံနိုင် အလွန်အားနည်းတတ်သည်။

မဟဂ္ဂုတ်ဇောစေတနာနှင့် ကာမဇောစေတနာတို့ကို နှိုင်းယှဉ်ကြည့် ပါက-

- မဟဂ္ဂုတ်ဇောစေတနာတို့သည် သလေးထမင်းနှင့်တူသည်။
- ကာမဇောစေတနာတို့သည် သလေးစပါးနှင့်တူသည်။

ချက်ပြီးထမင်းသည် စားသင့်သောအချိန် အသုံးမစားလေနေလျှင် သိုးပုပ်လေသည်။ သလေးစပါးသည်ကား နှစ်ရှည်လများကားသော်လည်း သိုးပုပ်သည် ဟူ၍မရှိသကဲ့သို့ပင် ဖြစ်ပါသည်။

မဂ်စေတနာဇောသည်ကား ဒိဋ္ဌဓမ္မဝေဒနီယကံမြဲသည်ဟု ဆိုရပါ သည်။ ထိုမဂ်စေကနာတို့သည် အကျိုးဖြစ်သော ဖိုလ်အား အနန္တရပစ္စည်း တပ်လျက် လက်ငင်းအကျိုးပေးသည်။

ပဋ္ဌာနနန္တရိယကံငါးပါးတို့သည် ဒုတိယဘဝ၌ အကျိုးပေးမြဲဖြစ်ပါသည်။

ကံနှင့်စကြာဝဠာနိယာမ

နေ, လ, နက္ခ, ဂြိုဟ်, တာရာ, စကြာဝဠာဟူသော သက်မဲ့သဘာဝ ဩကာသလောကကြီးသည်လည်းကောင်း၊ တောတောင်ရေမြေ အမျိုးမျိုးသော နွယ်မြက်သစ်ပင်တို့သည်လည်းကောင်း၊ အချင်းချင်းအားပြိုင်၍ အနိုင်ယူသကဲ့သို့ ကံတရားတို့၏ အားပြိုင်မှု (ပါကဒါန)ကိုလည်း သိနိုင်ကြ၏။

မိမိတို့၏ သဘာဝသတ္တ၊ ဇီဝသတ္တအလျောက်သာ ရပ်တည်လှုပ်ရှားနိုင်ပုံ၊ ရှင်သန်ကြီးထွားရပုံ၊ ဖြစ်ပေါ်ပျောက်ကွယ်ရပုံများကိုလည်း တွေ့မြင်နိုင်ကြသည်။

ဆောင်း, နွေ, မိုး နေ့ညဟူသော သဘာဝပတ်ဝန်းကျင်နှင့် သစ်ပင်ရေမြေတို့၏ ဖြစ်ပေါ်မှု၊ ရပ်တည်ရှင်သန်မှု၊ ပျောက်ကွယ်မှုတို့သည်လည်း စည်းစနစ်မကျ ကမောက်ကမ မဟုတ်။ သူ့သဘာဝသတ္တ ဇီဝသတ္တအားလျော်စွာ အစီအစဉ်တကျ အချိန်ကိုက် မှန်ဖြစ်ပေါ် ရှင်သန်ပျောက်ကွယ်နေကြသည်။ ယင်းကိုပင် ဥတုနိယာမ၊ ဗီဇနိယာမဟုခေါ်သည်။

သက်မဲ့လောကကြီး၏ ထိုမျှ တိကျလွန်းသော ဖြစ်စဉ်များကို လူသားတို့ ဉာဏ်မမှီနိုင်ကြသဖြင့် တန်ခိုးရှင်အပေါ် ပုံချလိုက်ကြသည်။ တန်ခိုးရှင်ဆိုသူက လူသားတို့မဖန်ဆင်းမီ လူသားတို့၏ စိတ်က တန်ခိုးရှင်တစ်ဦး ပထမဆုံးဖန်တီး ယူလိုက်ကြခြင်းပင်တည်း။

နေ လ နက္ခတ် ဂြိုဟ်တာရာ စကြာဝဠာ သစ်ပင် တောတောင်တို့သည် အချင်းချင်းအားပြိုင်၍ နေရာယူရပ်တည်ပုံ (အကျိုးပေးပုံ) ကိုမြင်နိုင်သကဲ့သို့ ကမ္မနိယာမခေါ် ကံတရားတို့၏ အားပြိုင်အကျိုးပေးပုံကိုလည်း သိရမည်။ ဆောင်း, နွေ, မိုး နေ့ည အချိန်အခါ အပူအအေး သဘာဝနှင့် ပေါက်ရောက်သီးပွင့်သော သက်မဲ့သစ်ပင်တို့၏ အကျိုးဖြစ်ထွန်းမှု အချိန်အခါနှင့်စပ်၍လည်း အစီအစဉ်မဲ့လိုလို ဖြစ်ချင်ရာ ဖြစ်လာကြမည်မဟုတ်။ အကျိုးပေးရမည့်အချိန်အခါ (ပါကကာလ)လည်း တိကျလှပေသည်။

တစ်ဖန် စကြာဝဠာ သက်မဲ့လောကကြီးတစ်ခုလုံး အင်အားအလိုက် သူ့နေရာနှင့်သူ ရပ်တည်နေကြသကဲ့သို့ သတ္တဝါတို့သည်လည်း မိမိတို့ ပြုလုပ်ခဲ့သော ကမ္မနိယာမ အင်အားအလိုက် ၃၁ ဘုံအတွင်း ဆင်းတက် ရပ်တည်ကျင်လည်နေကြရ၏။ သွားချင်ရာသွား၊ နေချင်ရာနေ၍ မရ။ ကမ္မသတ္တိ၏ လုပ်ဆောင်ချက်မှာ အချိန်အခါရော နေရာဒေသပါတိကျလွန်းလှ၏။ မည်သည့်အခါ မည်သည့်နေရာ၌မျှ ချွတ်လွဲမှားယွင်းသွားသည်ဟူ၍ မရှိ။

ဤကား ကံနှင့်စပ်၍ ဗုဒ္ဓအဘိဓမ္မာ၏ နက်ရှိုင်းမှု တစ်စိတ်တစ်ဒေသ အမြွက်မျှ ဖြစ်သည်။

ကံနှင့်ဘဝ ပြောင်းလဲမှု နိယာမများ

သတ္တဝါတို့၏ ဘဝပြောင်းခြင်း(ဝါ) သေဆုံးခြင်းတို့တွင်

အာယု - ရုပ်နာမ်ဇီဝိတဟူသော အသက်နာမ်

ဥသ္မာ - ကမ္မဇတေဇောဟူသော ကိုယ်အပူငွေ့

ဝိညာဏ - ဝိပါက်ဝိညာဉ်

ဟူ၍ သုံးမျိုးချုပ်သည်ကို သတ္တဝါသေသည်ဟုဆိုပါသည်။

သေခြင်း၏ အကြောင်းရင်းတွင် အောက်ပါအမျိုးအစား (၄)မျိုးဖြင့် သေဆုံးရပါသည်။

(က) သက်တမ်းကုန်၍ ဘဝပြောင်းရတတ်ပါသည်

ကံစွမ်းမကုန်သေးခင်မှာပင် သတ္တဝါတို့သည် အချိန်ကာလပိုင်းခြား သတ်မှတ်ထားသောသက်တမ်း (ဥပမာ-ယနေ့ခေတ် လူတို့၏ သက်တမ်းသည် ၇၅ မှ ၁၀၀ တည်ရှိသည်) ၏ ကုန်ဆုံးလေသဖြင့် သေဆုံးရခြင်း၊ ဘဝပြောင်းရခြင်းသည် သက်တမ်းကုန်၍ ဘဝပြောင်းရခြင်း၊ သေဆုံးရခြင်း ဖြစ်ပါသည်။

ဥပမာ- မီးစာကုန်၍ မီးငြိမ်းရသည်နှင့်တူပါသည်။

(ခ) ကံအစွမ်းကုန်၍ ဘဝပြောင်းရသည်

အားနည်းသော ကံကြောင့်ဖြစ်လာရသော သတ္တဝါတို့သည် သတ်မှတ် ထားသော သက်တမ်းမကုန်ဆုံးသေးဘဲလျက် ကံအစွမ်းကုန်၍ သေရခြင်း၊ ဘဝပြောင်းရခြင်းသည် ကံအစွမ်းကုန်၍ ဘဝပြောင်းခြင်းဖြစ်ပါသည်။

ဥပမာ- ဆီခန်း၍ မီးငြိမ်းရသည်နှင့်တူပါသည်။

(ဂ) သက်တမ်း-ကံစွမ်း နှစ်ပါးစုံကုန်၍ ဘဝပြောင်းရသည်

သတ်မှတ်ထားသော အသက်တမ်းကလည်း ကုန်၍လည်းကောင်း၊ ကံအစွမ်းကလည်း ကုန်၍လည်းကောင်း သေဆုံးရခြင်း၊ ဘဝပြောင်းရခြင်း ဖြစ်ပါသည်။

ဥပမာ- မီးစာကုန်၍ ဆီခန်း၍ မီးငြိမ်းရသည်နှင့်တူပါသည်။

## (ဃ) ကြားဝင် ဖြတ်တောက်ပေးရသော ကံတစ်မျိုးကြောင့် ရုတ်တရက် ဘဝပြောင်းရသည်

အသက်တမ်းလည်းရှိ၊ ကံအစွမ်းလည်းရှိလျက်နှင့်ပင် ရှေးရှေးဘဝတို့ကပြုလုပ်ခဲ့သော ကပ်၍သတ်ဖြတ်တတ်သော ကံကြောင့်လည်းကောင်း၊ ယခုဘဝ၌ ပြုလုပ်သော ကပ်၍သတ်ဖြတ်တတ်သော အကုသိုလ်ကံကြောင့်လည်းကောင်း အနာရောဂါဆိုး ရရှိတွေ့ကြုံ၍ သေရခြင်း၊ ကားတိုက်၊ မိုးကြိုးပစ်၊ သူတစ်ပါးသတ်၍ သေရခြင်း၊ မီးဘေး၊ ရေဘေး လက်နက်ဘေးတို့ကြောင့်သေရခြင်း စသည်များသည် ကြားဝင်ဖြတ်တောက်ပေးသော ကံတစ်မျိုးကြောင့် ရုတ်တရက် ဘဝပြောင်းရခြင်း ဖြစ်ပါသည်။

ဥပမာ-မီးဇာကလည်း ရှိသေးပါလျက် ရုတ်တရက်လေပြင်းတိုက်၍ တမင်ငြိမ်းသတ်၍ ဆီမီးတောက်ငြိမ်းသည်နှင့်တူပါသည်။

အထက်ပါ ဘဝပြောင်းသေဆုံးခြင်းလေးမျိုးတွင် တစ်ပါးပါးကြောင့် သေဆုံးရသူတို့အား သေခါနီးသေဇယ်ဇောနှင့် မြောနေရသော အချိန်အခါ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံသုံးပါးတို့တွင် တစ်ပါးပါးထင်မြင်လာတတ်ပါသည်။

သဟ္တာပါတိုင်း၏ သန္တာန်ဝယ်ဘဝဘဝများစွာက ပြုလုပ်ခဲ့သော ကံများအများအပြား ရှိခဲ့သလို ယခုဘဝကျမှ ပြုလုပ်ခဲ့သော ကံများစွာလည်း ရှိနေပါသည်။

ထိုကံများထဲမှ ရောက်ရမည့် ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သောပဋိသန္ဓေအကျိုးပေးဖို့ရာ အခွင့်သာသော ကုသိုလ် (သို့မဟုတ်) အခွင့်သာသောအကုသိုလ်တစ်ပါးပါးသည် စိတ်ထဲသို့ ရှေးရှုထင်လာပေါ်တတ်ပါသည်။

ဤသို့ထင်ပေါ်လာသည်ကို ကံနိမိတ်ထင်သည်ဟု ဆိုပါသည်။

ထိုကံကိုပြုလုပ်စဉ်အခါက တွေ့ကြုံခဲ့ရသမျှသော အဆင်း၊ အသံ၊ အနံ့၊ အရသာအတွေ့အထိ စိတ်ကူးဟူသော အာရုံ (၆)ပါးတို့တွင် တစ်ပါးပါး ပေါ်လာမှုသည် ကမ္မနိမိတ်ဖြစ်ပါသည်။

ကုသိုလ်၊ အကုသိုလ်ပြုစဉ်အခါက ပြုလုပ်ရသော အာရုံများဖြစ်ကြသည့် ဘုရားကျောင်းကန် ဆောက်လုပ်ခြင်း၊ စေတီပုထိုးတည်ခြင်း၊ ဥပုသ်သီတင်းစောင့်တည်ခြင်း၊ အလှူပေးခြင်း၊ ပန်း ဆီမီး ကပ်လှူပူဇော်ခြင်းများ၊ သူတစ်ပါးသတ်ဖြတ်နှိပ်စက်ခြင်း၊ ဓား လှံ လက်နက်များစသည် ဖြစ်ပေါ်လာသောအာရုံများကို ကမ္မနိမိတ်ထင်သည်ဟု ဆိုပါသည်။

မိမိပြောင်းရတော့မည့် ဘုံဘဝ၌ တွေ့ကြုံရလတ္တံ့သော အာရုံများကို ဂတိနိမိတ်ထင်သည်ဟု ဆိုပါသည်။သေငယ်ဇောနှင့်မျောနေသော သူအား မိမိပြောင်းရွှေ့ရတော့မည့် လားရာဂတိရှိ အသုံးအဆောင် အခြွေအရံ ဟူသော အာရုံများ ထင်မြင်လာတတ်ပါသည်။

ဥပမာ - လူ့ဘုံသို့ပြောင်းရမည့်သူသည် အမိဝမ်းရေ

- ငရဲသွားမည့်သူသည် ငရဲမီး၊ ငရဲဘုံ၊ ငရဲထိန်း၊ လင်းတ၊ ခွေး၊ ကျီးများ၊
- ပြိတ္တာဘုံသွားရမည့်သူသည် တောတောင်မြစ်ကမ်းများ
- နတ်ပြည်သို့သွားရမည့်သူသည် နတ်ဗိမာန်၊ နတ်သား၊ နတ်ရထား၊ ဥယျာဉ်ပဒေသာပင်များ

စသည်ဖြင့် အသီးသီးထင်မြင်လာတတ်ပါသည်။ ဤသို့ထင်လာသည်ကို ဂတိနိမိတ်ထင်သည်ဟု ခေါ်ဆိုပါသည်။

ဤသို့ဖြင့် သတ္တဝါဟူသမျှသည် မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံများ အားလျော်စွာ သေခါနီးကာလတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်ပြီးလျှင် ဘဝသစ်သို့ ပြောင်းကြရပါသည်။ မည်သည့်ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကမျှ ပြုလုပ်ဖန်တီးပေး၍ မရကြပါ။

သတ္တဝါတစ်ဦးသည် သေခါနီး အာရုံထင်ရာ၀ယ် ကုသိုလ်ကံ အကျိုးပေးတော့မည် ဖြစ်လျှင် ကောင်းသောအာရုံများ ထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ဖြူစင်ကြည်လင်သော ကုသိုလ်စိတ်အစဉ် ဖြစ်နေပါသည်။

အကုသိုလ်ကံ အကျိုးပေးတော့မည်ဖြစ်လျှင် မကောင်းသော အာရုံဆိုးများ ထင်လာသောကြောင့် ထိုအာရုံဆိုကို အာရုံပြုလျက် ညစ်နွမ်းမကြည်လင်သော အကုသိုလ်စိတ်အစဉ် ဖြစ်နေသည်။

ထို့ကြောင့် တတ်ကျွမ်းနားလည်သော လူနာစောင့်များသည် သေခါနီး လူနာ၏ မျက်နှာကို ကြည့်၍ထိုလူရောက်ရမည့်ဘုံဘဝကို ခန့်မှန်းသိရှိနိုင်ပါသည်။

ထိုဘဝပြောင်းခါနီး နိမိတ်များထင်လာမှုသည် ကံစွမ်းကြောင့် ထင်မှုရှိသကဲ့သို့ ဆွေမျိုးမိတ်ဆွေတို့ ကြိုးစားဆောင်ရွက်ပေးမှုကြောင့်လည်း ထင်လာမှုလည်း ရှိပါသည်။

ဒုဋ္ဌဂါမဏိမင်းကြီးကဲ့သို့ မိမိနေစဉ် ပြုလုပ်ကုန်သော ကုသိုလ်များကို စာအုပ်များတွင် ရေးမှတ်ထား၍အနီးအပါးရှိသူ သတိရအောင် ဖတ်ကြားပေး

ခြင်း၊ အနာထပိဏ်သူဌေး၊ ဓမ္မိကဥပါသကာကဲ့သို့ သေခါနီး၌ ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များက တရားဓမ္မရွတ်ဖတ်ပေး၍ အာရုံပြုစေခြင်း၊ အရှင်သောဏ မထေရ်၏ ဖခင်မုဆိုးဘဝမှ ရဟန်းပြုလာသူ ရဟန်းကြီး သေခါနီး၌ ငရဲမီး၊ ခွေးနက်ကြီး နိမိတ်ထင်လာ၍ အော်ဟစ်မှုကြောင့် ရှင်သောဏထေရ်က ပန်းများ ရှာဖွေပြီး ဘုရားပူဇော်ကာ ဖခင်ကြီးကို ပူဇော်စေသဖြင့် နတ်သမီး နတ်ဗိမာန်နိမိတ်များ ထင်စေသကဲ့သို့ ပန်းဆီမီးများ ကပ်ခြင်း၊ ကြေးစည်ထု အမျှဝေခြင်း စသည်များကို ပြုလုပ်ပေးခြင်း၊ သမထဝိပဿနာဘာဝနာပွား နိုင်အောင် သတိပေးခြင်း စသော သေခါနီးသူ ကုသိုလ်ဘက်အာရုံညွတ်အောင် ပတ်ဝန်းကျင်က ပြုပြင် ဆောင်ရွက်ပေးရပါသည်။

အကုသိုလ်ဘက်ညွတ်စေမည့် ငိုယိုမှု၊ စကားများမှု၊ မိသားစု ပြဿနာဖြစ်မှု စသည်တို့ကို ရှောင်ရှားပေးရပါမည်။

သေခါနီးသူတို့၏ စိတ်တို့သည် ထိုသို့ထင်လာသော အာရုံ၌သာ ကရစ်ဝဲဝဲ ညွတ်ကိုင်းနေတတ်သည်။

သုဂတိဘုံသို့သွားရောက်လတ္တံ့သောသူအား ကုသိုလ်နှင့်ဆိုင်သော ကောင်းမြတ်သော နိမိတ်အာရုံကို ထင်လာတတ်ပါသည်။ ထိုအခါ ထိုသူတို့၏ မျက်နှာသည် ရွှင်ပျကြည်လင်နေကြပါသည်။

ဒုဂ္ဂတိဘုံသို့ သွားရောက်လတ္တံ့သော သူအား အကုသိုလ်နှင့် ဆိုင်သောနိမိတ်ဆိုး၊ အာရုံဆိုးတို့သည် ထင်လာတတ်ပါသည်။

ထိုအခါ မျက်နှာ အမူအရာသည် ကြောက်ရွံ့ထိတ်လန့် နေတတ်ပါ သည်။ တစ်ခါတစ်ရံ ပါးစပ်ကပင် အလန့်တကြား အော်ဟစ်ခြင်း၊ ရုန်းကန် လှုပ်ရှားခြင်းများ ပြုလုပ်တတ်ကြပါသည်။

ထိုမကောင်းသော အာရုံဆိုးများ ဝင်လာသည်ကို တွေ့မြင်ရလျှင် ကောင်းသော အာရုံများ ပြောင်းလဲမြင်အောင် အထက်ပါဆိုသကဲ့သို့ အနီးရှိ သားသမီး ဆွေမျိုး မိတ်ဆွေတို့က ပြုလုပ်ပေးရပါမည်။

သေခါနီးအချိန်တွင် မိတ်ဆွေကောင်းလိုသည်ဟု ဆိုစမှတ်ပြု ထားခြင်းသည် ဤသည်ကို ရည်ရွယ်၍ ဆိုထားခြင်း ဖြစ်ပါသည်။

သေငယ်ဇောနှင့်မြောနေသူသည် မိမိအာရုံဝယ်ထင်လာသမျှကို အာရုံဖမ်းယူနေချိန် ဖြစ်ပါသည်။ ပေါ်လာသမျှ အာရုံတို့ကို ဆွဲယူနေချိန် ဖြစ်ပါသည်။ ပြောင်းရွှေ့သွားရမည့် ဘဝသစ်၌ စိတ်အစဉ်ညွတ်ကိုင်းနေသည်။

ခရီးသွားမည့်သူသည် သွားရမည့်အရပ်သို့ စိတ်အစဉ်ညွတ်နေ သကဲ့သို့ပင် ဖြစ်ပါသည်။

ဘဝသစ်၌ ပဋိသန္ဓေအကျိုးကို ပေးမည့် ကံတရားသည် ရှေးဘဝပေါင်းများစွာကပြုခဲ့သော ကံဟောင်းဖြစ်စေကာမူ ယခုပင်ပြုလုပ်နေရသကဲ့သို့ စိတ်ထဲ၌ ထင်ယောက်မြင်ယောင်လာသည်။

ထိုကဲ့သို့ ထင်လာခြင်းမှာ မည်သူ၏ ဖန်တီးမှုကြောင့် မဟုတ်ပါ။ မိမိပြုလုပ်ခဲ့သမျှသော ကံအစွမ်းများကြောင့် ထင်လာခြင်းဖြစ်ပါသည်။

သတ္တဝါတစ်ဦးသည် သေရန် အလွန့်အလွန် နီးကပ်နေသောအချိန်ကာလ၌ သူ၏စိတ်အစဉ်ဝယ် သေငယ်ဇောစိတ် ငါးကြိမ်ဖြစ်ပါသည်။ ပဉ္စမဇောဖြစ်ပြီးနောက် သေစိတ်ဖြစ်လာပါသည်။

ထိုသေစိတ်သည် ဤဘဝပဋိသန္ဓေတည်စက ပါရှိလာသောကံကြောင့်ဖြစ်လာသော ရုပ်(ကမ္မဇရုပ်)များနှင့် ပြိုင်တူချုပ်သည်။

ထိုသေစိတ်နှင့်ကံကြောင့် ဖြစ်သောရုပ်တို့ ချုပ်သည်နှင့်တစ်ပြိုင်နက်လက်ရှိဘဝ ကုန်ဆုံးသွားတော့ရသည်။

စိတ္တဇရုပ်၊ အဟာရရုပ်တို့သည်လည်း မရှေးမနှောင်းပင် ချုပ်ကြ၍ ဘဝတစ်ခု အဆုံးသတ်သွားရတော့သည်။

ဘဝ သစ်ပဋိသန္ဓေ

သေစိတ် (စုတိစိတ်) ချုပ်သည်နှင့် တစ်ပြိုင်နက် ဘဝသစ်အတွက် ပဋိသန္ဓေစိတ်သစ် ဖြစ်ပေါ် လာရပါသည်။

ထိုအစဉ်ကို ရှေးဘဝနှင့် နောက်ဘဝ၊ ဘဝကောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော စိတ်ဖြစ်၍ ပဋိသန္ဓေစိတ်ဟု ခေါ်ဆိုပါသည်။

ပဋိသန္ဓေစိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက် ဘဝသစ်စတင်သည်။ အချိန်ကာလခြားမှု လုံးဝမရှိပေ။ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာသည်။

ထိုပဋိသန္ဓေစိတ်သည် ကံကြောင့်မိမိနှင့် တစ်ပြိုင်နက် ဖြစ်ပေါ်လာသောဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သည်။

ပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင်အမည်ဖြင့် (၁၆) ကြိမ်ဖြစ်သည်။ ပဝတ္တိအခါ၌လည်း ထိုပဋိသန္ဓေစိတ်သည်ပင် ဘဝင်အမည်ဖြင့် ဆက်၍ဖြစ်ရာ ဘဝအဆက်မပြတ်အောင် ပြုကတ်သောကြောင့် ဘဝင်ဟုခေါ်သည်။

သေငယ်ဇောယူသည့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတစ်ပါးပါးကိုပင် ပဋိသန္ဓေစိတ်က ဆက်လက်အာရုံပြုသည်။

သတ္တဝါတို့အတွက် ပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်လာသည်မဟုတ်ပါ။

ဖန်ဆင်းရှင်များ၏ ဖန်ဆင်းမှုကြောင့်လည်းမဟုတ်ပါ။

ရှေးကမိမိပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံဟူသော ပြုပြင်ပြုလုပ်မှုကြောင့် ဖြစ်လာသောအကျိုးတရားများ ဖြစ်ပါသည်။

သတ္တဝါတို့သည် အဝိဇ္ဇာခြံရံပြီး တဏှာအရင်းခံလျက် ကုသိုလ်အကုသိုလ်ကံတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် ဘဝသစ်(ပဋိသန္ဓေစိတ်) ဖြစ်ပေါ်ရာ၌ အဝိဇ္ဇာတဏှာနှင့် ကုသိုလ် အကုသိုလ်သင်္ခါရတို့သည် အကြောင်းရင်းမူလ များဖြစ်ကြသည်။

ကံ၊ ကံမှုနိမိတ်၊ ဂတိနိမိတ် အာရုံတစ်ပါးပါး ထင်လာသောအခါ အဝိဇ္ဇာက ထိုအာရုံ၏အပြစ်ကို မမြင်အောင် ဖုံးကွယ်ပေး၏။ တဏှာက ထိုအာရုံကို မိမိကိုယ်တိုင် နှစ်သက်လက်ခံပြီးလျှင် ပဋိသန္ဓေစိတ်အာရုံပြုရန်လည်း ညွှတ်ကိုင်းပေးဖြင့် ဘဝသစ်တစ်ခု ဖြစ်ပေါ်လာရသည်။

ထိုသို့ ဘဝသစ်ဖြစ်ရာ၌ ဘဝဟောင်းက ရုပ်နာမ်တရားများသည် ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်ပါ။ ဘဝသစ်၌ ရုပ်နာမ်အသစ်သာ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

သို့သော် ထိုရုပ်နာမ်သစ်များသည် ဘဝဟောင်းက ကံအကြောင်းများနှင့်လည်းမကင်းကြပေ။ ဘဝဟောင်းက အဝိဇ္ဇာတဏှာအကြောင်းများကြောင့်ဖြစ်ပေါ်လာရသည်။

လောကဥပမာအားဖြင့် ပဲ့တင်သံရိုက်ခတ်မှုနှင့် တူသည်။ တောတောင်အနီးအပါးတွင် အော်ဟစ်လိုက်ပါက ပဲ့တင်သံပြန်ထွက်လာသည်။ ထိုပဲ့တင်သံသည် မူလအော်ဟစ်လိုက်သော အသံမဟုတ်သလို မူလအသံနှင့်လည်းမကင်းပေ။

အခြားဥပမာမှာ ဆီမီးညှိထွန်းသည်နှင့် တူသည်။

ဆီမီးထွန်းညှိရာ၌ ပထမဆီမီးတိုင်မှ ဒုတိယ၊ တတိယ ဆီမီးကူးပြောင်းညှိထွန်းရာ၌ ဒုတိယဆီမီးတိုင် မီးတောက် မီးလျှံသည် ပထမဆီမီးတိုင်မှ မီးတောက်မီးလျှံ မဟုတ်သကဲ့သို့ ပထမဆီမီးတိုင်မှ မီးတောက်မီးလျှံများသည် လျော့မသွားပါ။ သို့သော်လည်း ဒုတိယ၊ တတိယမီးတိုင်မှ မီးတောက်မီးလျှံတို့သည် ပထမဆီမီးတိုင်မှ မီးတောက် မီးလျှံနှင့်ကင်း၍လည်း ဖြစ်ပေါ်မလာနိုင်ပါချေ။

ထို့အတူပင် တံဆိပ်တုံးရိုက်သည်နှင့်လည်းတူပါသည်။

တံဆိပ်တုံးများ ထုရိုက်လိုက်ပါက တံဆိပ်များ စာများသည် စာရွက်ပေါ်တွင် ထင်လာသော ထိုတံဆိပ်များသည် မူလတံဆိပ်တုံးရှိသော စာများမဟုတ်သလို မူလတံဆိပ်တုံးရှိသည့် စာများနှင့်လည်းကင်းကွာ၍ စာရွက်ပေါ်တွင်ထင်မလာနိုင်ပေ။

ဤဥပမာသဘောတရားအရပင် ဘဝဟောင်းက နာမ်ရုပ်တစ်စုံတစ်ရာမျှ ဤဘဝသို့လိုက်လာသည်မဟုတ်။ သို့သော်လည်းဘဝဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရကံ အကြောင်းတရားတို့နှင့် ကင်းကွာ၍လည်း ဤဘဝ ဤခန္ဓာများ ဖြစ်မလာနိုင်ပါ။

ဤသို့ဆိုလျှင် ဘဝဟောင်း၊ ဘဝသစ်၊ သေခြင်း၊ မွေးခြင်း၊ (စုတိ-ပဋိသန္ဓေ)တို့သည် အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရကံတရားတို့၏ အစွမ်းသတ္တိထူးဖြင့် နိဗ္ဗာန်မဂ် မရောက်မချင်း သံသရာ၌ ဖြစ်ပျက်ကာ လည်ကြပါသည်။

မည်သည့်ဖန်ဆင်းရှင်၊ မည်သည့်ဗြဟ္မာကမှ ဖန်ဆင်း၍ဖြစ်ပေါ်လာသည်မဟုတ်ပါ။ မိမိတို့ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံကသာ မိမိဘဝကို ဖန်တီးတည်ဆောက်နေပါသည်။

ဗုဒ္ဓ၏ အဘိဓမ္မာအရ ဤကဲ့သို့ မွေးလိုက်-သေလိုက်၊ မွေးလိုက် သေလိုက် မရပ်မနား၊ ဘဝအထွေထွေ ဖြစ်ပျက်နေသည်ကို သံသရာလည်နေသည်ဟုဆိုပါသည်။

## သတ္တဝါတို့မွေးဖွားနည်းများ

သတ္တဝါတို့၏ ဘဝသစ်ဖြစ်မှု (ဝါ) ပဋိသန္ဓေနေမှုသည် သတ္တဝါတို့အတွက် လေးမျိုးရှိပါသည်။

(၁) စိုစွတ်သောနေရာ၊ ရေစပ်၊ အညှီအဟောက်နေရာများ၌ စတင်ဖြစ်ပေါ်လာသော သတ္တဝါတို့၏ ပဋိသန္ဓေ

ဥပမာ- ပိုးမွှားကောင်များ၊ ခြင်များ၊ လေ [illegible]များစသည့် သတ္တဝါများ လူတွင် ပဒုမဝတီ ဒေဝီ၊ [illegible] စသည်တို့ဖြစ်ပါသည်။

(၂) ဥဖြင့် သန္ဓေတည်၍ မွေးဖွားလာသော သတ္တဝါ

ဥပမာ- ငှက်များ၊ ငါးများ စသည်တို့ ဖြစ်ပါသည်။

(၃) သားအိမ်၌ သန္ဓေတည်၍ မွေးဖွားလာသော သတ္တဝါ

ဥပမာ- လူ၊ နွား၊ ခွေး၊ ကြောင် စသော သတ္တဝါများ ဖြစ်ပါသည်။

(၄) ဘဝဟောင်းမှ စုတေ၍ ဘဝသစ်၌ အရွယ်ရောက်ပြီး (၁၆)နှစ်သား ကဲ့သို့ရုတ်တရက် ဖြစ်လာရသော သတ္တဝါ ပဋိသန္ဓေ

ဥပမာ- နတ်၊ ပြဟ္မာ၊ ပြိတ္တာ၊ ငရဲသားစသည်တို့ ဖြစ်ပါသည်။

ဤစကြာဝဠာ လောကရှိ သတ္တဝါအားလုံးတို့သည် ကံစီမံသည့် အတိုင်း ဤပဋိသန္ဓေလေးမျိုးဖြင့် ဘဝသစ်ပြောင်းကြရသည်။

မိမိတို့ပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအစွမ်းဖြင့်သာ ဘဝမျိုးစုံ ဘုံမျိုးစုံတို့၌ ကျင်လည်ရပါသည်။

မည်သူကမျှ မဖန်ဆင်းမတည်ဆောက်ပေးနိုင်ပါ။

သန္ဓေတည်ရခြင်းအကြောင်း(၃)ပါး

အမိဝမ်းဟိုက်၌ သန္ဓေယူမည့် သတ္တဝါသည် သန္ဓေတည်ခြင်း၏ အကြောင်း(၃)ပါးဖြင့် သန္ဓေတည်နိုင်ပါသည်။

(၁) မိခင်လောင်း၏ ပန်းပွင့်ပြီးစအချိန်ဖြစ်ခြင်း (ရာသီသွေး စင်ကြယ်ပြီးဖြစ်ခြင်း)

(၂) ထိုအချိန် မိဘလောင်းတို့ ယှဉ်တွဲဆက်ဆံခြင်း။

(၃) သန္ဓေတည်မည့် သတ္တဝါသည် ဘဝဟောင်းမှ ပဋိသန္ဓေသစ် တည်နေဖို့ရာ ရှေ့ရှုတည်ရှိခြင်း၊

မိဘနှစ်ဦးတို့သည် တစ်ကြိမ်ကျူးလွန်ဆက်ဆံပြီး (၇)ရက်ကြာအောင် သန္ဓေတည်ဖို့ ခေတ်အခါဖြစ်သည်။

ပဋိသန္ဓေတည်ရာတွင် ကလလရေကြည်က စတင်ပါသည်။ ကလလရေကြည် ဟူသည်ကား ယုခုမွေးဖွားစဖြစ်သော သိုး၏အမွေး(သို့) ဟိမဝန္တာတော၌ သိမ်မွေ့သောဇော်မည်သောသားကောင်၏အမွေးတစ်ချောင်း ကိုကြည်လင်သောရေ၌နှစ်၍ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက် ပမာဏရှိသည်။ အလွန်ကြည်လင်သည်။

ဤသေးငယ်လှသော ကလလရေကြည်ဝယ် ရုပ်နှင့်ပဋိသန္ဓေ စိတ်၊ စေတသိက် ခန္ဓာငါးပါးတို့သည် အတူတကွဖြစ်ကြကုန်သည်။

ကလလရေကြည်သည် မျိုးစေ့နှင့်တူပါသည်။ မိဘတို့သုက်သွေးက ရွှံ့ညွန်မြေရေများနှင့်တူပါသည်။

ကလလရေကြည်ကို ဖြစ်ပေါ်စေသော ရှေးဘဝကံတရားက မျိုးစေ့ကို ကြဲချစိုက်ပျိုးသူနှင့် တူပါ၏။

- မျိုးစေ့၊ ရွှံ့ညွန်၊ မြေ၊ ရေ၊ စိုက်ပျိုးသူတို့ စွမ်းရည်ကောင်းလျှင် ကောင်းသလောက်အသီးအနှံတို့ ဖြစ်ထွန်းသကဲ့သို့လည်းကောင်း၊
- မြေနီတွင်းအောင်းသော ဖွတ်သတ္တဝါတို့၏ အဆင်းသည် နီ၍ မြေနက်တွင်း၌အောင်းသော ဖွတ်သတ္တဝါ၏ အဆင်းသည် နက်သကဲ့သို့လည်းကောင်း၊
- မိဘတို့၏ သုက်သွေးသန့်ရှင်းမှု၊ ဉာဏ်ပညာထက်မြက်မှု၊ အဆင်းလှမှုစသည်ကို အစွဲပြု၍လည်းကောင်း၊
- မိဘတို့၏ ဗီဇဓာတ်စွမ်းအားကောင်းမှု၊ မကောင်းမှုပေါ်မူတည်၍ လည်းကောင်း၊
- သားသမီး၏ အဆင်းအရောင်၊ ဉာဏ်ပညာထက်မြက်မှု၊ ကျန်းမာရေးကောင်းမှု၊ မကောင်းမှုစသည်တို့ ဖြစ်ကြရပါသည်။

ပဋိသန္ဓေစိတ်၏ ဖြစ်တည်ပျက် (ဥပါဒ်၊ ဋ္ဌီ၊ ဘင်) ခဏာဝယ် သုံးချက်မျှအခါကို ပဋိသန္ဓေအခါဟု ဆိုအပ်ပါသည်။ ထိုပဋိသန္ဓေအခါမှ နောက် ပထမဘဝင်မှ အမိဝမ်းတွင်း၌တည်နေသမျှကာလသည် ပဝတ္တိအခါမည်ပါသည်။

- ပဝတ္တိအခါ ပထမသတ္တဟ၌ ကလလရေကြည်တည်ပါသည်။
- ဒုတိယသတ္တဟ၌ အမြှပ်ဖြစ်ပါသည်။
- တတိယသတ္တဟ၌ သားတစ်ဖြစ်ပါသည်။
- စတုတ္ထသတ္တဟ၌ အခဲဖြစ်ပါသည်။
- ပဉ္စမသတ္တဟ၌ ခက်မငါးဖြာဆံပင် မွေးညှင်းစသည်ဖြစ်၏။
- ဆဋ္ဌမသတ္တဟ၌ ခက်မငါးဖြာ ဆံပင်စသည်တို့ ရင့်ကျက်၏။
- (၁၁) သတ္တဟအတွင်းဝယ် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာများ သင့်သလို ဖြစ်ပေါ်လာပါသည်။

ကံကြောင့်ဖြစ်သော ရုပ်တို့သည် ပဋိသန္ဓေစိတ်၏ တည်ကာလ (ဋ္ဌီကာလ)မှစ၍ ဖြစ်ကုန်၏။

အာဟာရဇရုပ်တို့သည် အမိဝမ်းတွင်းအောင်း သတ္တဝါတို့မှ သားတစ်သတ္တဟ နှစ်သတ္တဟလွန်၍ အမိမျိုသော အစာအာဟာရမှ ဖြစ်ပေါ်သောဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သောအခါမှ စ၍ဖြစ်ကုန်၏။

ဥတုဇရုပ်... ဥပပါတ်သတ္တဝါတို့အား ... မိမိသလိုက်... နှင့်အာဟာရမှဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း၌ ပျံ့နှံ့သောအခါမှ ဖြစ်ကုန်၏။

ဤသို့ဖြင့် သတ္တဝါတို့သည် ကံနိယာမသဘောအရ ဖြစ်လာကြသည်။ ကြီးပွားလာကြရသည်။ မည်သူကမှ ဖန်တီး၍ဖြစ်လာရသည် မဟုတ်ပါ

ဘဝဖြစ်ပေါ်လာရာကိစ္စ (၁၄)ချက်

လူ့လောကဝယ် ရောင်းဝယ်မှု၊ တရားဆုံးဖြတ်မှု၊ သွားမှု၊ လာမှု စသော အလုပ်ဟူသမျှတို့ကို ကိစ္စဟူ၍ ခေါ်သည်။

အလားတူပင် ပဋိသန္ဓေစိတ် စသည်တို့ဖြင့် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်မှုစသည်များသည်လည်း လူ့ဘဝနှင့် ဆက်စပ်မှု၊ ဖန်တီးမှု စသည်တို့ဖြစ်ကြပါသည်။

ဘဝသစ်တစ်ခုကို ဖန်တီးတည်ဆောက်ရာတွင် ကိစ္စ(၁၄)ရပ်ဖြင့် တည်ဆောက်ဖန်တီးသည်ဟု အဘိဓမ္မာက ဆိုပါသည်။

(၁) **ပဋိသန္ဓေကိစ္စ** = ဘဝဟောင်းအပြတ်တွင် ဘဝသစ်၌ ရှေးဦးစွာ စိတ်၏ ဖြစ်ပေါ်ခြင်းသည် ဘဝဟောင်းနှင့် ဘဝသစ်ကိုဆက်စပ်ပေးသကဲ့သို့ ဖြစ်သည်။

ဤကဲ့သို့ ဆက်စပ်ပေးမှုကြောင့် သတ္တဝါဟု ခေါ်သော ခန္ဓာအစဉ်သည် မချုပ်ငြိမ်းလည်း အသစ်အသစ်ဘဝကို ရလျက် တဝဲလည်လည်နေရသည်။

ဤကဲ့သို့ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်မှုအခြင်းအရာသည် ပဋိသန္ဓေကိစ္စ မည်ပါသည်။

(၂) ဘဝင်ကိစ္စ = ကံအားလျော်စွာ အတိတ်ဘဝဟောင်းက ချုပ်ဆုံးသည့် အခြားမဲ့၌ ဘဝသစ်အတွက် ပဋိသန္ဓေစိတ်က ဆက်စပ်ပေးပြီးနောက် အလားတူ ဝိပါက်များဆက်လက်မဖြစ်လျှင် ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ပင် စိတ်အစဉ်ပြတ်၍ တစ်ဘဝအဆုံးသတ်ရဖွယ်ရှိပါသည်။

သို့အတွက်ထိုသို့ မဆုံးရလေအောင် ပဋိသန္ဓေနှင့်အလားတူ ဝိပါက်အစဉ်ဆက်လက် ဖြစ်ပေါ်လာပါသည်။

ထို့နောက် ပဝတ္တိအခါ (ပစ္စုပ္ပန်လက်ရှိအခါ)၌ လည်းဆိုင်ရာအာရုံသစ်များအတွက် ဝီထိစိတ်များ ပေါ်ထွက်လာပြီးနောက် ထိုဝီထိစိတ်များ ပေါ်ထွက်လာပြီးနောက် ထိုဝီထိစိတ်အစဉ် ချုပ်ပျောက်သည့်အခါ ဆိုအပ်သော ဝိပါက်စိတ်များ မပေါ်လာမှ စိတ်အစဉ် ပြတ်သဖြင့် စိတ္တဇရုပ်-ကမ္မဇရုပ်များလည်း ပြတ်ဖွယ်ရှိပါသည်။

ထိုသို့မဖြစ်ရလေအောင် (ကံအရှိန် ရှိသမျှ တစ်ဘဝလုံးခန္ဓာအစဉ် မပြတ်ရလေအောင်) ဆက်စပ်တတ်သော ဝိပါက်စိတ်သည် ဘဝင်ဖြစ်ပါသည်။

ဥပပတ္တိဘဝ၏ မပြတ်မစဲ ဖြစ်မြဲဖြစ်ရန် အကြောင်းခံဖြစ်သော စိတ်သည်ဘဝင်စိတ် မည်ပါသည်။

(ဥပပတ္တိဘဝဟူသည် ကံကြောင့်ဖြစ်ပေါ်လာရသော လက်ရှိကမ္မဇရုပ် များကိုဆိုလိုပါသည်။)

**(၃) အာဝဇ္ဇန်းကိစ္စ** = အာရုံအသစ် ထိခိုက်လာသည့်အခါ ဟလိုဘာပ်၊လိမ့်မတုံးဟူသကဲ့သို့ အာရုံသစ်ကို ဆင်ခြင်မှုသည် အာဝဇ္ဇန်း ကိစ္စပင်ဖြစ်ပါသည်။

ဝီထိမဖြစ်မီ ဘဝင်အစဉ်များ ဖြစ်နေလေရာ အာရုံသစ်ထင်လာသည့်အခါ ထိုဘဝင်အစဉ်ကို ဆက်လက်၍ မဖြစ်စေဘဲ ပြန်လည်စေသကဲ့သို့ ဖြစ်အောင် ရပ်တန့်သွားစေမှုသည် အာဝဇ္ဇန်း၏ ကိစ္စများပင်ဖြစ်ပါသည်။

မျက်စိစသော ငါးဒွါရ၌ဖြစ်သော အာဝဇ္ဇန်းကိုငါးဒွါရ၌ ဆင်ခြင်ခြင်းကို (ပဉ္စဒွါရာဝဇ္ဇန်း)ဟုခေါ်သည်။ စိတ်၌ဖြစ်သော ဆင်ခြင်ခြင်းကို (မနောဒွါရာဝဇ္ဇန်း)ဟုခေါ်သည်။

**(၄) ဒဿနကိစ္စ** = အဆင်းကိုကြည့်ရှုခြင်း၊ မြင်ခြင်းကိစ္စ

**(၅) သဝနကိစ္စ** = အသံကိုကြားနာခြင်း၊

**(၆) ဃာယနကိစ္စ** = အနံ့ကိုရှူခြင်းကိစ္စ၊

(၇) သယနကိစ္စ = အရသာကိုလျက်ခြင်း၊ စားခြင်း၊ သာယာခြင်းကိစ္စ

(၈) ဖုသနကိစ္စ = အတွေ့အထိကို တွေ့ထိခြင်းကိစ္စ

(၉) သမ္ပဋိစ္ဆိုင်းကိစ္စ = အာရုံသစ်က ဆင်ခြင်၍ မျက်စိတို့က မြင်ခြင်း သိခြင်း စသည်တို့ကို ယူအပ်ပြီးသော အာရုံကိုလွှင့်မပစ်လိုက်ဘဲလက်သင့်ခံထားသည့်ကိစ္စဖြစ်သည်။

(၁၀) သန္တိရဏကိစ္စ = ဧည့်သည်အသစ် ရောက်လာသည့်အခါ အိမ်မှာ လက်သင့် ခံပြီးနောက် လူကောင်းလေလော။ လူဆိုး လေလောဟူ၍စုံစမ်းသကဲ့သို့လက်ခံထားသော အာရုံ ကိုကောင်းသောအရသာ မကောင်းသော အရသာ ရှိလေသလောဟု စုံစမ်းနှိုင်းချိန်သော ကိစ္စဖြစ် သည်။

(၁၁) ဝုဋ္ဌောကိစ္စ = စုံစမ်းပြီးနောက် သာယာဖွယ်ဟူ၍လည်းကောင်း၊ မသာယာဖွယ်ဟူ၍ လည်းကောင်း အသီးသီးပိုင်းခြား သတ်မှတ်ထားသော ကိစ္စဖြစ်သည်။

(၁၂) ဇောကိစ္စ အကြိမ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အရှိန် အဟုန်ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာသောစိတ်ကို ဇောစိတ်ဟုခေါ်သည်။ အာရုံ၏အရသာကို ခံစားခြင်း သည်ဇောတွင် မဂ်ဇော၊ အဘိညာဉ်ဇောတို့သည် တစ်ကြိမ်သာ ဖြစ်သော်လည်း တစ်ကြိမ်ဆိုရလောက် အောင်အရှိန်အဟုန်ကြီး ကြပါသည်။

သာမန်ဇောကား (၇)ကြိမ် ဖြစ်ပါသည်။

ဘဝင်တို့သည်ကား အကြိမ်များစွာ ဆက်ကာ ဆက်ကာဖြစ်ကြသော်လည်း အရှိန်အဟုန် မရှိကြပါ။

(၁၃) တဒါရုံကိစ္စ = ပိမိရှေ့က ဇောတို့ယူပြီးအပ်သော အာရုံကိုထပ်၍ ယူသော စိတ်များကို တဒါရုံစိတ်ဟု ခေါ်သည်။

(၁၄) စုတိကိစ္စ = ဝိထိစိတ်တို့၏ အကြားအကြား၌ ကံအရှိန်ရှိသမျှ ဘဝမပြတ်ရလေအောင် ဘဝင်စိတ်က ဆက်စပ်၍ လာခဲ့ရာ အရှိန်ကုန်သည့်အခါ နောက်ထက်မဆက် စပ်နိုင်တော့ဘဲ အဆုံးသတ်ချင်သော ဘဝင်စိတ်ကို ဖြစ်ဆဲဘဝမှ လျှောကျသွားခြင်းကြောင့် စုတိစိတ်ဟု ခေါ်သည်။

သို့အတွက် တစ်ဘဝတွက် ဘဝင်နှင့်စုတိစိတ်တို့သည် ကူလျက်ရှိရလေသည်။ လောကသက်ရှိသတ္တဝါတို့တွင် စုတိစိတ်(သေစိတ်) ဖြစ်ပြီးနောက် နိဗ္ဗာန်မရောက်မချင်း သံသရာလည် ကြရမည်ဖြစ်၍ လာရာဂတိအတိုင်း သွားလာကျင်လည်ရမည် ဖြစ်သောကြောင့် ဤဘဝမှ စုတေလျှင် လားရာဂတိဘုံဘဝ၌ ပဋိသန္ဓေ ဖြစ်ရမည်သာ ဖြစ်သည်။

ဘဝသစ်ပဋိသန္ဓေဖြစ်ရာ၌ အဓိကသည် စိတ်ဖြစ်ရန် ဌာနသည် အရေးကြီးပါသည်။ ပဋိသန္ဓေစိတ် စုတိစိတ်တို့၏ ကြားဝယ်(ဝါ) ရှေ့စိတ် နောက်စိတ်တို့၏ အလယ်ကြား၌ စိတ်တစ်ခုဖြစ်ဖို့ရာ အချိန်ကာလ ရှိပါသည်။ ထိုအကြားဖြစ်သောအခါ ကာလပညတ်ကို ဌာနအစုခေါ်သည်။

ဝီထိစိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်ဟု စိတ်အစဉ်ရှိရာတွင် ရှေ့စုတိစိတ်၊ နောက်ဘဝင်စိတ် (၂)ပါးတို့၏ အကြား၌ ပဋိသန္ဓေစိတ် ဖြစ်လောက်စရာ ခဏငယ် (၃)ချက်တာ ကာလသည် ဌာနမည်ပါသည်။

လောကတွင် တရားသူကြီး၊ တရားစီရင်မှု၊ တရားစီရင်ရာ ရုံးဌာနဟူ၍(၃)မျိုးရှိသကဲ့သို့ ပဋိသန္ဓေစိတ်၊ ဆက်စပ်ခြင်းကိစ္စ၊ ဆက်စပ်ရာကာလဟူ၍ ဌာန(၃)မျိုးရှိသည်။

## စိတ်အစဉ်ပြဲပေါ်မှု နိယာမ

သတ္တဝါတို့၏ သန္တာန်၌ ဇာသက်မသေသေးသမျှ စိတ်များဖြစ်မနေကြရသည်။

ယိုစိတ်များ အကျဉ်းအားဖြင့် နှစ်မျိုးနှစ်စားသာရှိပါသည်။

- လှုပ်ရှားနိုးကြားသောစိတ်
- ငြိမ်သက် (အိပ်စက်) သောစိတ်

ထိုစိတ်နှစ်မျိုးတို့သည် တစ်လှည့်စီ ဖြစ်နေကြသည်။

လှုပ်ရှားနိုးကြားသောစိတ်ကို ဝီထိစိတ်ဟုခေါ်သည်။ ငြိမ်သက်အိပ်စက်သောစိတ်ကို ဘဝင်စိတ်ဟုခေါ်သည်။

ထိုစိတ်(၂)မျိုးဖြစ်ပုံကို ဥပမာအားဖြင့်ပြရလျှင် -

- ပင့်ကူတစ်ကောင်သည် ပင့်ကူအိမ်၏ အလယ်၌ ငြိမ်သက်အိပ်စက်နေသည်ကို ဘဝင်စိတ်ဖြစ်နေသည်ဟု မှတ်ယူပြီး ပင့်ကူအိမ်သို့ ယင်ကောင်တစ်ကောင် လာ၍တိုးလိုက်သောအခါ ထိုဘဝင်

စိတ်များလှုပ်ရှားဖြစ်ပေါ်လာပြီး ဘဝင်ပြတ်ကာ ဝီထိစိတ်များ ဖြစ်ပေါ်လာပါသည်။

ပင့်ကူသည် ချက်စိဖွင့်၍ ယင်ကောင်ကိုကြည့်လိုက်သောအခါ ပင့်ကူ၏ စက္ခုပသာဒ မျက်စိအကြည်ဓာတ်နှင့် ယင်ကောင်တည်းဟူသောရူပါရုံကို တွေ့ဆုံ၍ ပထမဆုံးအနေဖြင့် မူလ ရှေးဘဝင်စိတ် (အတိတ်ကဘဝင်စိတ်ကလေး) စိတ္တက္ခဏ တစ်ကြိမ်လှုပ်သွားသည်။

ဒုတိယမြောက် ထိုမူလဘဝင်စိတ်ကလေး တစ်ကြိမ်လှုပ်ရှားသွားပြန်တော့၏။ (ဘဝင်္ဂစလန) ဟုခေါ်သည်။

တတိယမြောက် ရူပါရုံ အားကောင်းသဖြင့် မူလဘဝင်စိတ်ကလေး လုံးလုံးပြတ်စဲသွားတော့၏။ ဘဝင်္ဂုပစ္ဆေဒ ဟုခေါ်သည်။ ဘဝင်စိတ်လုံးဝ ပြတ်စဲသွားသောအခါ ဝီထိစိတ် ဖြစ်ပေါ်လာတော့မည်။

ထိုမြင်လာသော အာရုံအပေါ် ဘာပါလိမ့်ဟု ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်ကလေးသည် စတုတ္ထမြောက် (ပထမဆုံးသော ဝီထိစိတ်အနေဖြင့်) ဆက်လက်ဖြစ်ပေါ်လာသည်။

ဘာပါလိမ့်ဟု ဆင်ခြင်လိုက်သောအခါ မြင်မှု ပီပီပြင်ပြင်ဖြစ်လာပြီးဖြစ်၍ မြင်သိစိတ် စက္ခုဝိညာဏ်စိတ်သည် ပဉ္စမမြောက်စိတ်အဖြစ် ဆက်လက်ဖြစ်ပေါ်လာပြန်သည်။

ထိုသို့မြင်သိပြီးသော် ထိုမြင်သိလိုက်သောအာရုံကို လက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်ကလေးသည် ဘယ်ပုဂ္ဂိုလ်နတ်ဗြဟ္မာကမှ မခိုင်းစေရဘဲ စိတ္တနိယာမ (စိတ်တို့၏ ဖြစ်စဉ်အတိုင်း) ဆဋ္ဌမမြောက်စိတ်ဖြစ်ရပြန်သည်။

ထိုမျှဖြင့် မရပ်သေး။ အာရုံကို လက်ခံပြီးလျှင် ဘာကောင်လဲ စားလို့ရသလား၊ မရဘူးလား စသည်ဖြင့် စုံစမ်းသောအခါ သန္တီရဏ စိတ်သည်လည်းစိတ်တို့၏ သဘာဝအလျောက် သတ္တမစိတ်အနေဖြင့် ဖြစ်ပြန်သည်။

တစ်ဖန်စားလို့ရသည့်အကောင်၊ စားလို့မရသည့်အကောင် စသည်ဖြင့် ဆုံးဖြတ်ခြင်း ဝုဋ္ဌောစိတ်လည်း မလွဲမသွေ အဋ္ဌမမြောက် အဖြစ်ပေါ်လာပြန်သည်။

ဆုံးဖြတ်ပြီးလျှင်လည်း ရပ်မနေ ဆုံးဖြတ်သည့်အတိုင်း စား၍ရလျှင် စားသည့်စိတ်၊ အာရုံကို ခံစားစိတ်၊ အာရုံ၌ အရှိန်အဟုန်ပြင်းစွာသော ဇောစိတ်တို့သည် ခုနစ်ကြိမ် ခုနစ်ခါ လျင်စွာဖြစ်ပေါ်လာပြန်၏။

ဆုပြည့်စုံထွန်းစာပေ

အရသာကောင်းကောင်း စားလိုက်ပြီးသောအခါ စားပြီးပြီးချင်း အရသာခံစားမှု မဖြတ်သေး၊ အကြွင်းအကျန်လေးများကို အရှိန်မပြေ ဆက်လက် ခံစားလိုသောဇောသို့ အစဉ်လိုက်သည် တဒါရုံစိတ် နှစ်ကြိမ်ဖြစ်ပြန်သေး၏။ (၁၇) ကြိမ်မြောက်ဖြစ်သွားပြီး နာမ်သက် (၁၇) ကြိမ်မြောက် ဖြစ်သွားသောအခါ ရုပ်သက်တစ်ကြိမ် ပြည့်သွားပြီးဖြစ်၍ (စက္ခုပသာဒ= မျက်စိအကြည်ဓာတ် ရုပ်တရားနှင့် ရူပါရုံတရား(၂)ခု ထိခိုက်ရာမှ ဖြစ်ပေါ်လာသော) ရုပ်ဝီထိ စိတ်သက်တမ်း တစ်ကြိမ်အဖြစ် ရပ်ပြီး ဘဝင်စိတ်များ ဆက်ဖြစ်ရပြန်၏။ ပင့်ကူသည် ပင့်ကူအိမ်အလယ်သို့ ပြန်သွား၍ အိပ်သည်နှင့်ဘဝင်စိတ်များ ဆက်ဖြစ်သွားရသည်နှင့်တူ၏။

ဤဥပမာပုံအတိုင်း ဝီထိစိတ်နှင့် ဘဝင်စိတ်တို့သည် သတ္တဝါတို့၏ သန္တာန်ဝယ် တစ်လှည့်စီမပြတ် တရစပ်ဖြစ်ပေါ်နေရပါသည်။

သတ္တဝါဟူသမျှတို့သည် ဤကဲ့သို့သော ဘဝဖြစ်ရာ (၁၄)ချက်ဖြင့် ရုပ်၊ နာမ်၊ စိတ် စေတသိကရတို့၏ ပြုပြင်မှုဖြင့် သံသရာကျင်လည်နေရပါသည်။ ထိုရုပ်နာမ်တရားတို့ ဘယ်ပြဟ္မာ ဘယ်ဘုရား ဘယ်ဖန်ဆင်းရှင်ကမျှ ဖန်ဆင်းပေးနိုင်သည်မဟုတ်ပါ။ လောက သဘာဝ၌ နိယာမကံတရားအတိုင်းသာ ဖြစ်တည်ပျက် (ဥပါဒ်, ဌီ, ဘင်)သဘောအရ ဖြစ်နေခြင်းသာ ဖြစ်ပါသည်။ ဤနေရာတွင် နာမ်ဟူသည် စိတ်ကိုဆိုလိုခြင်း ဖြစ်ပါသည်။

## စိတ်သက်-ရုပ်သက်

စိတ်တစ်ခု၌ ဥပါဒ်၊ ဌီ၊ ဘင်(ဖြစ်-တည်-ပျက်)ဟုအခိုက်အတန့် (၃)ခုရှိပါသည်။

- ထိုတွင် သဘာဝအထည်ကိုယ်ထင်ရှားစွာ ပထမဆုံးပေါ်လာခြင်းသည်ဥပါဒ်၊
- ဥပါဒ်ပြီးနောက် မပျောက်မပျက်ဘဲ ပင်ကိုသဘာဝအတိုင်း တည်ရှိခြင်း၊ အပျက်ဘက်သို့ မရောက်ဘဲ တန့်ရပ်ခြင်းသည် ဌီ၊
- ပင်ကိုသဘောအတိုင်း ယုတ်လျော့ပျက်ပြားခြင်း၊ ချုပ်ပျောက်ခြင်းသည်ဘင်၊
- ခဏ= ဟူသည်အတိုဆုံးသော အချိန်ကာလဖြစ်ပါသည်။

စိတ်တစ်ခု၏ ဖြစ်ရာအခါကို ဥပါဒ်ခဏ၊ တည်ရာအခါကို ဌီခဏ၊ ပျက်ရာအခါကို ဘင်ခဏဟုခေါ်ပါသည်။

ထိုခဏကလေး (၃)မျိုးပေါင်းကို စိတ္တက္ခဏ တစ်ချက်ဟုခေါ်သည်)

ဤစိတ္တက္ခဏတစ်ချက်ကို (ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ)ဟူသော ခဏငယ်ကလေး သုံးခုပေါင်းထားသောကြောင့် ခဏကြီးတစ်ခုဟု ခေါ်ပါသည်။

ဤဥပါဒ်၊ ဌီ၊ ဘင် ဖြစ်-တည်-ပျက်နှင့် ပြည့်စုံသော စိတ် (စေတသိက်များ) သည် အဖြစ်အပျက် အလွန့်အလွန်လျှင်မြန်ရကား လက်ဖျောက်တစ်ချက်တီးခန့် အချိန်မှာပင် ကုဋေတစ်သိန်းခန့် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်သည်။

ထိုနာမ်တရားဟူသည် အာရုံကို ယူတတ်သောတရားမျိုးဖြစ်၍ စိတ္တက္ခဏတစ်ချက် (ဖြစ်-တည်-ပျက် သုံးချက်)မျှဖြင့် အာရုံကို ယူနိုင်သိနိုင်သောကြောင့် စိတ္တက္ခဏတစ်ချက်သာ အသက်ရှိ၏။

ရုပ်သက်

ထိုစိတ္တက္ခဏ (၁၇)ချက်ခန့် ကာလသည် ရုပ်တရားတို့၏ အသက်ရှည်ရာ အချိန်အခါ ဖြစ်သည်။

လူတို့၏ သက်တမ်းကို ၁၀၀ တမ်း (၇၅)နှစ်တမ်းဟု သတ်မှတ်သကဲ့သို့ ရုပ်တို့၏ သက်တမ်းကိုလည်း စိတ္တက္ခဏတွက်ကိန်းဖြင့် သတ်မှတ်လျှင် (၁၇)ချက်ကြာသည်ဟု ဆိုလိုပါသည်။

ရုပ်တရားတို့မှာလည်း ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင်အခိုက် ဖြစ်၊ တည်၊ ပျက်၊ အခိုက်ဟု အခိုက်အရ (၃)မျိုးရှိ၍ ယင်းတို့၏ သက်တမ်းသည်လည်း ဖြစ်-တည်-ပျက် ခဏသုံးမျိုးရှိသည်ဟု သိရပါသည်။

ထိုတွင် ရုပ်၏ ဖြစ်ခဏ၊ ပျက်ခဏသည် စိတ်၏ ဖြစ်ခဏ၊ ပျက်ခဏနှင့် ညီမျှပါသည်။

ရုပ်၏တည်ဆဲခဏသည် စိတ်၏ ခဏပေါင်း (၄၉)ချက်ခန့်ကြာရှည်ပါသည်။

နာမ်ဟုခေါ်သောစိတ်၊ စေတသိတ်တို့၏ အသက်သည်ဖြစ်၊ တည်၊ ပျက်အားဖြင့် ခဏငယ် (၃)ချက်သာ အသက်ရှိ၏။ ရုပ်တို့၏အသက်သည် ခဏကြီးအားဖြင့် **စိ**တ္တက္ခဏ (၁၇)ချက် အသက်ရှည်ပါသည်။

ရုပ်တရားသည် စိတ္တက္ခဏ (၁၇)ချက်ကြာမှ ပုရေဇာတစသော ပစ္စည်းတပ်သောကိစ္စ၊ ဖောက်ပြန်မှု ကိစ္စပြီးစီးနိုင်သောကြောင့် စိတ္တက္ခဏ (၁၇)ချက်သာစွဲ၏။

အဘယ်ကြောင့် စိတ်သက်ကမြန်၍ ရုပ်သက်က ကြာရပါသနည်းဆိုသော်

- စိတ်စေတသိက်တရားတို့ကား အကောင်အထည် အတုံးအခဲ သဘောမရှိသောကြောင့် လျင်မြန်စွာ ဖြစ်တတ် ပျက်စီးတတ်ပါသည်။

ရုပ်တရားတို့ကား အကောင်အထည် အတုံးအခဲသဘော ရှိနေသောကြောင့် နှေးကွေးစွာ ဖြစ်တတ်ပျက်စီးတတ်ပါသည်။

ထို့ကြောင့် စိတ်သက်သည် ခဏငယ် (၃)ချက်သာရှိပြီး ရုပ်သက်သည်စိတ္တက္ခဏ (၁၇)ချက် ရှိနေရပါသည်။လောကဥပမာအားဖြင့် ကြည့်သော် ယောကျ်ားတစ်ယောက်သည် အသီးကိုကျစေရန် တုတ်လုံးတံဖြင့် ပစ်ခတ်ချသည်။ အသီးနှင့်အရွက်တို့သည် တစ်ပြိုင်နက်တည်း အညာမှကြွေကျကြသည်။

ထိုကျလာသော အသီးအရွက်တို့တွင် အသီးတို့သည် ဝန်လေးလှသောကြောင့် မြေသို့ ရှေးဦးပထမ လျင်မြန်စွာ ကျရောက်သည်။ အရွက်တို့သည်ကားပေါ့ပါးသောကြောင့် ဖြည်းနှေးစွာ နောက်မှ မြေသို့ကျရသည်။

အလားတူပင် အညာမှ အသီးအရွက်တို့၏ တစ်ပြိုင်နက် ကြွေကျသောအခါကဲ့သို့ ပဋိသန္ဓေအခါတို့၌ ရုပ်နှင့်နာမ်တရားတို့၏ တစ်ပြိုင်တည်း ဖြစ်မှုနှင့်တူပါသည်။

အသီးတို့သည် ဝန်လေးသောကြောင့် ရှေးဦးစွာ မြေသို့ကျသကဲ့သို့ ရုပ်တရားမချုပ်သေးမီ နာမ်တရားတို့၏ (၁၆) ကြိမ်တိုင်တိုင် ဖြစ်မှုပျက်မှုနှင့် တူပါသည်။

အရွက်တို့၏ပေါ့ပါးမှုကြောင့် နောက်မှ မြေသို့ကျသကဲ့သို့ ရုပ်တရားတို့၏ (၁၇)ကြိမ်မြောက်သော စိတ်တို့နှင့်အတူ ချုပ်ငြိမ်းကွယ်ပျောက်မှုနှင့်တူပါသည်။

## ရုပ်တို့၏ ဖြစ်ပေါ်လာမှုနိယာမ

အဝိဇ္ဇာတဏှာတည်းဟူသော ဘဝရေသောက်မြစ် မပြတ်ကြသေးသော ပုထုဇဉ်ကျင့်ဆဲ (သေက္ခ) ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ပွားသော ကောင်းမှု၊ မကောင်းမှု ကုသိုလ် အကုသိုလ်ဇစေတနာကံ သခ်ီရသည်

- အဝိဇ္ဇာက ဘဝအဖြစ်ကိုဖုံးပေးခြင်း
- တဏှာက ထိုဘဝ၌ တပ်မက်တိမ်းညွတ်ခြင်း

ဤအကြောင်းများကြောင့် ဘဝတစ်ခု၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသော အကျိုးကိုဖြစ်စေနိုင်ပါသည်။

အဝိဇ္ဇာက ဘဝအပြစ်ကိုဖုံးပေးခြင်း၊ တဏှာက ထိုဘဝ၌ ညွတ်ကိုင်းတပ်မက်ခြင်းဟူသော အားပေးအားမြှောက် ပြုမှုချက်အရ ကောင်းမှုကံ မကောင်းမှုကံတည်းဟူသော သင်္ခါရက မိမိဖြစ်ရာ ခန္ဓာအစဉ်ဝယ် ဤဘဝမှ သေပြီးသည်၏ အခြားမဲ့၌ပင် ထိုက်သင့်ရာဘုံဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသောအကျိုးကို ဖြစ်စေသည်။

ထိုသို့ဖြစ်စေသည်ကိုပင် သင်္ခါရဇနက-ကဘဝချောက်ထဲသို့ ပစ်ချလိုက်သကဲ့သို့ ဖြစ်သောကြောင့် -

"ကံ သင်္ခါရ ဇနက ပစ်ချဖြစ်စေမှု ဟူ၍စပ်ဆိုတော်မူထားသည်ကို တွေ့ရပါသည်။

ဤသို့ အဝိဇ္ဇာ၊တဏှာ၊ ကံ ဤတရားသုံးပါးတို့ဆိုင်ရာ မိမိတို့ကိစ္စကို ဆောင်ရွက်ကြခြင်းအကြောင်း သုံးပါးညီညွတ်စေ့ဆော်မှုကြောင့် ဤဘဝမှ သေပြီးသည့် အခြားမဲ့၌ လားရောက်ရာဘဝ ဂဗ္ဘိဝယ် ပဋိသန္ဓေနာမက္ခန္ဓာ ဟူသောအကျိုးတရား ဖြစ်ပေါ်ရပါသည်။

ထိုသို့ဖြစ်ပေါ်လာသော နာမက္ခန္ဓာတွင် ရုပ်အစုအဝေးများသည် ကမ္မနိယာမ တရားအရဖြစ်ပေါ်လာရပါသည်။ ယင်းရုပ်စုတရားများကို မည်သည့် ဖန်ဆင်းရှင်ကမှ ဖန်ဆင်းသည်မဟုတ်ပါ။ သဘာဝနိယာမတရား အရဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ဖြစ်ပေါ်လာသော ရုပ်တရားစုတွင် ကြီးကျယ်ထင်ရှားလွန်း၍ အလွန်တရား နက်ကျယ်သောရုပ် (မဟာဘူတရုပ်) ဟုခေါ်သော အခြေခံရုပ် (၄)ခုနှင့် ယင်းမဟာဘုတ်ရုပ်လေးခုကို မှီခိုနေသော ဥပါဒါရုပ် (၂၄)ခုအားဖြင့် ရုပ်အစုသည် (၂၈)ခုရှိနေပါသည်။

အလွန်ကြီးကျယ်သော မဟာဘူတရုပ်(၄ )ခု

ပထဝီဓာတ်၊ ခက်မာမှု၊ နူးညံ့မှုသဘောရှိသော မြေဓာတ်

ပထဝီခက်မာသော သဘောသည် မြေကြီး၌ ထင်ရှားလှ၍ ပထဝီဟု ခေါ်နေကြပါသည်။ အမှန်မှာ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး၌ ပါရှိသော ခက်မာမှု၊ နူးညံ့မှုသဘော ဟူသမျှသည် ပထဝီဓာတ်ဖြစ်ပါသည်။

ယုတ်စွအဆုံး အနုမြူမှုန့်ကလေးတစ်ခုကို အစိတ်တစ်သိန်းစိတ်၍ တစ်စိတ်မျှသော အမှုန့်ကလေးမျှ၌ပင် ပထဝီအပါအဝင် ရုပ်(၈)မျိုး မကွဲမကွာ တည်ရှိပါသည်။ လောကတွင် ပထဝီဓာတ်မပါသော သက်ရှိသက်မဲ့ ပစ္စည်းမရှိနိုင်ပါ။

အလွန်ကြည်လင်သော မြစ်ရေ၊ ချောင်းရေ၊ စိမ့်ရေတို့၌လည်း ကောင်း၊ နေရောင် လရောင် မီးရောင်၊ ကြယ်ရောင်၊ ပတ္တမြားရောင်တို့၌ လည်းကောင်း၊ အဝေးအနီးပျံ့နှံ့၍ သွားသော ခေါင်းလောင်းသံ၊ ကြေးစည်သံ တို့၌ လည်းကောင်း၊ လေပြည်လေညင်း၊ မုန်တိုင်း၊ အမွှေးနံ့ အပုပ်နံ့တို့၌ လည်ကောင်း ပရမတ်စစ်သော မြေဓာတ်အပြည့် ပါရှိပါသည်။

သက်ရှိသက်မဲ့ အရာဝတ္ထုများ၌ ခက်မာမှု ပထဝီဓာတ်ပါရှိသည်ကို သိသာနိုင်သော်လည်း အရောင်၊ အဆင်း၊ အသံ၊ အနံ့တို့၌ ပါရှိသည်ကိုကား ဉာဏ်မျက်စိဖြင့်သာ ကြည့်ရှုနိုင်ပါသည်။

အာပေါဓာတ် = ပွဲ့စည်းမှု၊ ယိုစီးမှုဓာတ်

အာပေါဓာတ်သည် တွယ်မှု၊ ကပ်မှု၊ ဖွဲ့စည်းမှုသဘောဖြစ်သည်။ အာပေါဓာတ်လွန်ကဲသွားလျှင် ယိုစီးမှုသဘောသက်ရောက်သွားသည်။

သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး အစိုင်အခဲအဖြစ် တည်ရှိနေခြင်း သည်အာပေါဓာတ်၏ ဖွဲ့စည်းတွယ်ကပ် ပေးထားမှုကြောင့် ဖြစ်သည်။

အနုမြူမှုန့်ကလေးမှအစ သက်ရှိသတ္တဝါများ၊ သက်မဲ့မြင်းမိုရ်တောင်၊ စကြာဝဠာတောင်၊ မဟာပထဝီမြေကြီး၊ လ၊ နေ၊ နက္ခတ်စသော အရာဝတ္ထု အားလုံးတို့၏ အထည်ဒြပ်သဏ္ဌာန် တည်နေနိုင်ကြခြင်းသည် အာပေါဓာတ်၏ အစွမ်းဖြစ်ပါသည်။

ဤအာပေါဓာတ်သည် တွေ့ထိ၍မရကောင်းဟု ဆိုပါသည်။ အာပေါဓာတ်ဟု ပြောလျှင် အများက ရေဟူ၍မြင်သည်။ ရေကို ထိ၍ရသား ပဲဟုပြောဆိုနိုင်ကြသော်လည်း အမှန်မှာ ရေကိုထိရာ၌ ရေ၌ပါလာသော ပထဝီဓာတ်၊ ဝါယောဓာတ်တို့၏ မာမှု၊ တွန်းကန်ထားမှုကြောင့် ထိမှန်းသိရခြင်း ဖြစ်ပါသည်။

ပူသောရေကို ထိရာ၌ ပူမှန်းသိရခြင်းသည် ရေ၌ပါသော ဥဏှတေဇောကို ထိသိခြင်း ဖြစ်ပါသည်။ ရေအေးကို ထိသိရာ၌ ရေ၌ပါသော သီတတေဇောဓာတ်ကို ထိသိခြင်းဖြစ်သည်။ အာပေါဓာတ်ကို ထိခြင်း

မဟုတ်ပါ။ အာပေါဓာတ်သည် စိုစေးတွဲကပ်ယိုစီးတတ်သော သဘော သက်သက်သာဖြစ်ပါသည်။ တွေ့ထိ၍ မရကောင်းပါ။

တေဇောဓာတ်-ပူမှု အေးမှု မီးဓာတ်

တေဇောဓာတ်သည် ပူမှု၊ အေးမှု ဟူသောအမူအရာသက်သက်မျှ သာဖြစ်သည်။ မိမိနှင့်ပေါင်းစပ်၍ တည်နေသော ပထဝီ အာပေါ ဝါယောဓာတ်များကို ထက်သန်အောင်၊ ရင့်ကျက်အောင် အပူစွမ်း၊ အအေးစွမ်းတို့ကို ပေးသည်။

အမိဝမ်းမှ ဉလိုက်သော ကြက်ဉတို့သည် အမိဖြစ်သူ ကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ် အဖြစ်သို့ရောက်သဖြင့် ပေါက်ပွားနိုင်ပါသည်။

အမိကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲနေခဲ့သည်ရှိသော် ကြက်ငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊ အမိဝမ်းတွင်းသို့ ရခဲ့သော အငွေ့အကုန် တွင်ပုပ်ခြင်းသို့ ရောက်ရသည်။

သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်ကြီး အသက်မသေအောင်၊ ပုပ်မသွားအောင် တေဇောဓာတ်အမျိုးမျိုးက ထိန်းထားခြင်းဖြစ်သည်။

- ဥသ္မာတေဇောခေါ် ကိုယ်ငွေ့အပူဓာတ်ကလေးသည် ခန္ဓာကိုယ်ရုပ် မာယာကြီး အသက်ရှင်ရေးအတွက် စောင့်ရှောက်လျက်ရှိသည်။ ယင်းကိုယ်ငွေ့များ အပူဓာတ်မရှိလျှင် အသက်သေတော့သည်။
- ပါစကတေဇောဓာတ်ခေါ် ဝမ်းအပူမီးသည် စားသမျှ အစာများ ကြေညက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဤတေဇောဓာတ် (၂)မျိုးမှာ ခန္ဓာကိုယ်ကို အကျိုးပြုသော တေဇော ဓာတ်များဖြစ်ပါသည်။

- ဇီရဏတေဇောသည် ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်အောင် ပြုတတ် သည်။
- သန္တပ္ပနတေဇောသည် ခန္ဓာကိုယ်ဖျားခြင်း၊ နာခြင်းကိုပြုတတ်သည်။
- ဒဟနတေဇောသည် မခံမရပ်နိုင်လောက်အောင် ပူလောင်သည်။

ထို့ပြင် ရှေ့ဓာတ်၊ လေဓာတ်၊ မြေဓာတ်တို့၌လည်း မီးဓာတ်ပါဝင် ပါသည်။ မဟာသမုဒ္ဒရာရေ၊ သီတာရေ၊ ကမ္ဘာကိုခံသော ရေတို့၌လည်း

ကောင်း၊ မြင်းမိုရ်တောင် စကြာဝဠာတောင် မြေကြီးတို့၌ သီတတေဇော အအေးမီးဓာတ် ပါဝင်သည်။ အအေး၊ အပူ(သီတ၊ ဥဏှ) မီးဓာတ်သည်သက်ရှိ သက်မဲ့အရာဝတ္ထုများပါဝင်နေပါသည်။

ဝါယောဓာတ်ထောက်ကန်တောင့်မှု၊ လှုပ်ရှားရွေ့လျားမှုဓာတ်

ဝါယောဓာတ်သည် ထောက်ကန်ခြင်း၊ တောင့်တင်းခြင်း၊ လှုပ်ကြွ ရွေ့လျားခြင်း၊ ချီပင့်ထမ်းဆောင်ခြင်းတို့ ဖြစ်ပါသည်။

သက်ရှိသတ္တဝါတို့သည် ဝါယောဓာတ်ကြောင့် လှုပ်ရှားသွားလာ နိုင်၏။ ခိုင်ခိုင်မတ်မတ် ရပ်တည်တောင့်တင်းရပ်တည်နိုင်၏။

စိတ္တဇဝါယောဓာတ်ကြောင့် သက်ရှိအင်္ဂါအားလုံး တရွေ့ရွေ့ တလှုပ်လှုပ်ရွေ့လျားနေရခြင်း ဖြစ်သည်။

ဥတုဇဝါယောကြောင့် သက်ရှိအရာဝတ္ထုအားလုံး လှုပ်ရှားရွေ့လျား နေရသည်။

ဓာတ်ကြီးလေးပါး၏ ဆောင်ရွက်ပုံ ဥပမာကိုပြရလျှင်

မြေမှုန့်များဖြင့် လူရုပ်တစ်ခုပြုလုပ်ရာ၌ မြေမှုန့်များသက်သက်ဖြင့် အရုပ်ပြုလုပ်၍မရ။ အမှုန့်တိုင်းထားလျှင်လည်း လွင့်ပါးသွားလိမ့်မည်။ အမှုန့် များတွဲစပ်သွားအောင် အစိုအစေးဓာတ် (အာပေါဓာတ်)ရေဖြင့် ဆွတ်၍တွဲကပ် ပေးရပါသည်။

လုံးထွေးတွဲကပ်ရာ၌ သင့်တင့်သောအပူအအေး တေဇောဓာတ် လည်းပါရသည်။ တေဇောဓာတ် မပါက ပျော့ဖတ်ဖတ် ဖြစ်နေရာအရုပ်ပုံ သဏ္ဌာန် လုပ်၍မရပေ။ ထိုမျှဖြင့် မရသေး။ အမှုန့်များ တစ်ခုနှင့်တစ်ခု ထောက်ကန်၍ တောင့်တင်း၍ ခိုင်ခိုင်မတ်မတ် ဖြစ်နေအောင် လေ(ဝါယော) ဓာတ်သည် အမှုန့်ကလပ်တို့အကြား၌ အလိုအလျောက် ပါဝင်ဆောင်ရွက် ပေးရပါသည်။

ဤဓာတ်လေးပါးကို အညီအညွတ် လိုအပ်သလို ပါဝင်ဆောင်ရွက် မှုကြောင့် လူရုပ်တစ်ခု အဆင်ပြေပြေ တည်နေ ဖြစ်ပေါ်လာရပါသည်။ ဓာတ်လေးပါးပျက်သော် မူလမြေမှုန့်အဖြစ်သို့ ပြန်ရောက်သွားပါတော့သည် သာဖြစ်ပါသည်။

ပသာဒရုပ်များ

မြင်+ကြား+နံ+စား+ ထိတွေ့လိုသော ကာမတဏှာ အကြောင်းရင်းရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်လေးပါးတို့ကို ကြည်လင်စေတတ်သော ပသာဒရုပ်သည် (၅)မျိုးရှိပါသည်။

မျက်စိအကြည်ဓာတ် (စက္ခုပသာဒ)မျက်နက်ဝန်းအလယ သန်း၏ဦးခေါင်းပမာဏရှိသောအစက်အပျောက်၏ ရှေ့၌ရပ်နေသောသူ၏ ကိုယ်သဏ္ဌာန်အရုပ်ပေါ်ရာ အရပ်ဝွမ်းလွှာ (၇)ထပ်တို့၌ လောင်းအပ်သောဆီသည် ပျံ့နှံ့ရာတည်သကဲ့သို့ မျက်လွှာ (၇)ထပ်တို့၌ပျံ့နှံ့၍တည်သော ကြည်လင်နေသော မျက်စိအကြည်ဓာတ်ဖြစ်သည်။

နားအကြည်ဓာတ် (သောတပသာဒ) နားပေါက်အတွင်း၌ လက်စွပ်သဏ္ဌာန်ရှိသော နူးညံ့သော၊ သိမ်မွေ့သော၊ နီရဲသော၊ အမွေးရှိသော အရပ်ကို ပျံ့နှံ့၍တည်သော နားအကြည်ဓာတ်ဖြစ်သည်။

နှာခေါင်းအကြည်ဓာတ် (ဃာနပသာဒ) နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသော အရပ်ကိုပျံ့နှံ့၍တည်သောနှာခေါင်း အကြည်ဓာတ်ဖြစ်သည်။

လျှာအကြည်ဓာတ် (ဇိဝှာပသာဒ) လျှာ၏ အလယ်အထက်ပြင်၌ အလယ်၌ပြတ်နေသော ကြာရွက်အဖျားသဏ္ဌာန်ရှိသောအရပ်ကို ပျံ့နှံ့၍တည်သော လျှာအကြည်ဓာတ်ဖြစ်သည်။

ကိုယ်အကြည်ဓာတ် (ကာယပသာဒ) ကံကြောင့်ဖြစ်သော ရုပ် (ကမ္မဇတေဇောဓာတ်)၏တည်ရာအရပ်ကိုလည်းကောင်း၊ ဆံဖျား၊ အမွေးဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျား၊ ခြောက်သောအရေကို ထား၍ တစ်ကိုယ်လုံးကိုပျံ့နှံ့၍တည်သော ကိုယ်အကြည်ဓာတ်ဖြစ်သည်။

ဤပသာဒရုပ်များကို မှီရာရုပ် (ဝတ္ထုရုပ်) အပေါက်တံခါးရုပ်

(ဒွါရရုပ်)ဟူ၍လည်းခေါ်သည်။ ပသာဒရုပ်များသည် စိတ်၏ဖြစ်ရာ၊ တည်ရာမှီရာ ပွားစီးရာတို့ဖြစ်သည်။

ဘာဝ ရုပ်(၂)ပါး

မိန်းမ၊ ယောက်ျားတို့၏ အင်္ဂါ၊ ပုံသဏ္ဌာန်၊ အမူအရာ၊ အသွင်အပြင်ကိုဖြစ်ပေါ်စေရန် အကြောင်းဗီဇရုပ်များ ဖြစ်သည်။

ဤရုပ်နှစ်ပါးသည် တစ်ကိုယ်လုံး၌ တည်ပါသည်။

ဟဒယရုပ်

နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဆွမ်းခွဲမျှလောက်သော သွေးကိုမှီ၍ ပျံ့နှံ့တည်ရှိနေသော ဝတ္ထုရုပ်တစ်မျိုးကို ဟဒယရုပ်ဟု ခေါ်သည်။

ယင်းသည် ကောင်းကျိုးဆိုးကျိုးများကို ဖြစ်ပေါ်စေသောကြောင့် ဟဒယဟုခေါ်ပါသည်။ ယင်းဟဒယ ဝတ္ထုရုပ်မှ စိတ်အသိ (မနောဝိညာဏဓာတ်) ၇၅ မျိုးပေါက်ပွားလာခဲ့သည်။

ဇီဝိတရုပ်

အသက်ရုပ်ဖြစ်သည်။

အသက်ဆိုသည်မှာ ကြာအိုင်၌ရှိသောရေသည် ကြာပင်၊ ကြာရိုးတို့ကို မသေမခြောက်စေရန် စောင့်ရှောက်ပေးသကဲ့သို့၊ ကံကြောင့်ဖြစ်သောရုပ်တရားတို့ကို အစဉ်သဖြင့် စိမ်းစိမ်းရှင်ရှင် ရှင်ရှင်လန်းလန်း ရှိကြစေရန် စောင့်ရှောက်အုပ်ထိန်းပေးသည်။ ကံကြောင့်ဖြစ်သော ရုပ်တရားတို့ကို စောင့်ခြင်း၌ အစိုးရသောကြောင့် ဣန္ဒြိယဟုခေါ်ပါသည်။ ဇီဝိတနှင့် ဣန္ဒြိယ (၂) ရုပ်ပေါင်း၍ ဇီဝိတိန္ဒြေဟုခေါ်ပါသည်။

လောက၌ သတ္တဝါ သေသည်ရှင်သည်ဟူသော အချက်သည် ဤဇီဝိတရုပ်၏ အချက်ဖြစ်ပါသည်။ ဇီဝိတရုပ်အပြီးချုပ်လျှင် သတ္တဝါသေသည်ဇီဝိတရုပ်အစဉ်ရှိနေသရွေ့ သတ္တဝါရှင်နေသည်။ ဤရုပ်သည် တစ်ကိုယ်လုံး၌ တည်နေပါသည်။ ကမ္မဇရုပ်တို့ကြောင့် ဖြစ်လာရသော်လည်း ထိုကံသည်ကမ္မဇရုပ် တို့ကိုမွေးဖွားပြီးလျှင် မွေးဖွားပြီးချင်း မွေးဖွားပြီးချင်း ပဋိသန္ဓေအခိုက်မှာပင် ချုပ်ဆုံးသွားခဲ့သဖြင့် ကမ္မဇရုပ်သည် ကံတည်းဟူသော မိခင်ရင်း

ကင်းမဲ့သွားရသည်။ မိခင်ရင်း မရှိတော့သော ကမ္ဗ
မွေးစားမိခင်သဖွယ် ဆက်လက်စောင့်ရှောက်ရတော့သည်။

အာဟာရဇရုပ်သည် မိမိထင်ရှားရှိခိုက် မိမိကြောင့်ဖြစ်သော ရုပ်တို့ကို တည်တံ့နေအောင် ဆောင်ရွက်သကဲ့သို့ ဇီဝိတန္ဒြေရုပ်သည်လည်း မိမိထင်ရှားရှိခိုက် မိမိနှင့်အတူဖြစ်ဘက် ကမ္မဇရုပ်တို့၏ တည်တံ့ရေးအတွက် ဆောင်ရွက်စောင့်ရှောက်ပေးပါသည်။

ဥပမာ- ကြာစေ့တည်းဟူသော မျိုးစေ့ဗီဇကြောင့် ဖြစ်ပေါ်လာသော ကြာပင်သည် ကြာစေ့မျိုးဓာတ် မရှိသော်လည်း ရေဓာတ်က ဆက်လက်စောင့်ရှောက်၍ ရှင်သန်တည်နေနိုင်သကဲ့သို့ အတိတ်ကံကြောင့် ဖြစ်ပေါ်လာရသော ကမ္မဇရုပ်သည်လည်း မူလကံဖြစ်သော ကံမရှိတော့သော်လည်း ဇီဝိတရုပ်က ဆက်လက်စောင့်ရှောက်၍ ဖြစ်စဉ်ဆက်ကာ အနှစ်တစ်ရာ၊ အနှစ်တစ်သိန်း စသည်ဖြင့် အသက်ရှည်ကြရလေသည်။

အာဟာရရုပ်

ဤရုပ်သည် ခန္ဓာကိုယ်တည်တံ့ရေးအတွက် အလွန်စွမ်းဆောင်နိုင်သော ရုပ်ဆီရုပ်နှစ်ဖြစ်ပါသည်။

မြေအတွင်း၌ရှိသော မြေဓာတ်နှင့်မိုးရေဓာတ်တို့သည် သစ်ပင်ချုံမြက်တို့ကို ပေါက်ဖွားကြီးပွား တည်ခိုင်မြဲကြစေခြင်းငှာ အလွန်ဆောင်သကဲ့သို့ ကမ္မဇကာယ၊ စိတ္တဇကာယ၊ ဥတုဇကာယ၊ အာဟာရဇကာယ ဟူသောကာယကြီးလေးပါး၊ ရုပ်တရားတို့က ပေါက်ဖွားကြီးပွားတည်ခိုင်စေခြင်းလွန်စွာ ချီးမြှောက်ထောက်ပံ့နိုင်သော ရုပ်ဓာတ်ဖြစ်သည်။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဆိုသည့်အတိုင်း အာဟာရရှိမှ အသက်ရှင်နိုင်သဖြင့် သတ္တဝါတိုင်း အစားအစာ အာဟာရကို ရှာမှီးနေကြရသည်။

ဤရုပ် (၁၈)ခုသည် သတ္တဝါတို့ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံအားလျော်စွာ ဖြစ်ပေါ်လာသောရုပ်များ ဖြစ်ကြပါသည်။ ယင်းကို အဘိဓမ္မာ၌ -

- နိပ္ဖန္နရုပ်ဟူ၍လည်းကောင်း၊
- ကံသဘာဝအရ ရလာသော ရုပ်ဖြစ်၍သဘာဝရုပ်ဟူ၍ လည်းကောင်း၊

- မမြဲသော သဘောလက္ခဏာ ရှိသောကြောင့် လက္ခဏာရုပ်ဟူ၍ လည်းကောင်း၊
- ဖောက်ပြန်တတ်သောကြောင့် ရူပရုပ်ဟူ၍လည်းကောင်း၊ မမြဲ ဆင်းရဲအစိုးမရ ဟူသောလက္ခဏာသုံးပါးတင်ကာ သုံးသပ်၍ ရသောကြောင့်သမ္မာသနရုပ်ဟူ၍လည်းကောင်း အသီးသီးအမည် ပေးကာခေါ်ဆို ထားပါသည်။

ပရိစ္ဆေဒရုပ် (အာကာသရုပ်)

ရုပ်ကလာပ်မှုန့်တို့၏ ပက်ဝန်းကျင် ဟင်းလင်းဗလာဖြစ်နေသော အကြား အပေါက်သဘောသည် ရေးခြစ်၍မရကောင်းသောကြောင့် အာကာသဓာတ်ဟု ခေါ်ပါသည်။ ယင်းအာကာသဓာတ်သည်ပင် ကလာပ် မှုန့်ချင်းတစ်ပါးနှင့်တစ်ပါး မရောယှက်ရအောင် ပိုင်းခြားထင်သော အပိုင်း အခြား ဖြစ်သောကြောင့် ပရိစ္ဆေဒရုပ်ဟု ခေါ်ကြပါသည်။

ရုပ်ကလာပ်လေးများ အချင်းချင်း၊ မရောမစပ်ဘဲ ဖြစ်နေခြင်းကို ပိုင်းခြားထားသည်ဟု ခေါ်ပါသည်။

ဥပမာ ဘောလုံးများ စုထားသောအခါ ဘောလုံးကျင်းထဲ၌ နေသော်လည်းရောစပ်ခြင်းမရှိ အကြားအလပ်နေရာများ ရှိနေသကဲ့သို့လည်းကောင်း၊

ဆန်အိတ်တွင်းမှ ဆန်လုံးများ၊ သဲအိတ်အတွင်းမှ သဲလုံးများသည် ထည့်ထားသော်လည်း မရောနှောဘဲ အကြားအလပ် ရှိနေသကဲ့သို့ပင် ခန္ဓာ ကိုယ်တွင်းမှ ရုပ်ကလပ်မှုန့်ကလေးများသည် ထိကပ်နေသော်လည်း အကြား အလပ်(အာကာသ) ရှိမြဲရှိလျက်ရှိသည်။

အကြားအလပ်ရှိ၍သာ ချွေးများထွက်လာနိုင်ခြင်း ဖြစ်ပါသည်။

ဝိညတ်ရုပ် (၂)ပါး

**ကာယဝိညတ်** - လှုပ်သောကိုယ်ဖြင့် မိမိ၏အလိုကို သူတစ်ပါးတို့အား သိစေတတ်၊ မိမိ၏အလိုကို သူတစ်ပါးတို့သည်သိ အပ်သောကြောင့် ကာယဝိညတ်၊

**ဝစီဝိညတ်** - သက်ရှိပုဂ္ဂိုလ်တို့၏ အသံဖြင့် မိမိအလိုကို သူတစ်ပါးတို့ အားသိစေတတ်၊ မိမိအလိုကို သူတစ်ပါးတို့သည် သိအပ် သောကြောင့်ဝစီဝိညတ်၊

ဤသို့ လှမ်းလိုသောစိတ် ဖြစ်လာသောအခါ စိတ္တဇရုပ်များ ဖြစ်လာသည်။ ထိုရုပ်များတွင် (လှုပ်ရှားရမည့် ကိစ္စကို ဆောင်ရွက်ရာဖြစ်၍) ဝါယောဓာတ်သည် လွန်ကဲစွာ လှုပ်ရှားလာရသည်။ ဝါယောဓာတ်လှုပ်ရှားမှုကြောင့် ရုပ်တရားကြီး လှုပ်ရှားလာရသည်။

ထိုစိတ္တဇဝါယောဓာတ်သည် အခြားအခါ၌ ဖြစ်သော ဝါယောဓာတ် ရိုးရိုးမဟုတ်ဘဲ ထူးခြားသော အမူအရာတစ်မျိုးပါသော ဝါယောဓာတ်ဖြစ်ရာ ဝိကာရကာယဝိညတ် (ထူးခြားသော ကိုယ်အမူအရာပါ)ဟုမှတ်ရပါသည်။

စိတ်၏ စေ့ဆော်တိုက်တွန်းမှုကြောင့် ဖြစ်ပေါ်လာရသော ကိုယ်အမူအရာသည် ပဲ့သူကြီးနှင့်တူပါသည်။

ပဲ့သူကြီးပဓာနဖြစ်သော နေရာတစ်ခု၌တည်၍ တစ်ခုသော ပဲ့တက်မကြီးကို မြဲမြံစွာ စွဲကိုင်ပြီးကာ မြစ်ရေအလျဉ်၌သော်လည်းကောင်း၊ ပင်လယ်ပြင်၌သော်လည်းကောင်း အလိုရှိရာအရပ်သို့ ပဲ့ဆောင်၍ သင်္ဘောကြီးကိုသွားစေသည်။ ရေမျောတိုင်း လေလွင့်တိုင်း မသွားစေရသကဲ့သို့ ကာယဝိညတ်သည် ဝါယောဓာတ်လွန်ကဲသော စိတ္တဇရုပ်တို့ကို ဖြစ်ချင်တိုင်း ဖြစ်ခွင့်မပေးဘဲ ပုဂ္ဂိုလ်အလိုရှိရာသို့ ရှေးရှု၍ ကိုင်းရှိုင်း၍ ဖြစ်စေပါသည်။

ဤကာယဝိညတ်၊ ဝစီဝိညတ်နှစ်ပါးသည် စိတ်သို့ အစဉ်လိုက်သော တရားဖြစ်၍ စိတ်-စေတသိက်(နာမ်)သက်နှင့်တူပါသည်။

အစဉ်လိုက်ပုံမှာ ကားမောင်းသမားတစ်ဦးသည် ကားမောင်းနေစဉ် ကားရှေ့မှ လူတစ်ယောက်အမှတ်မထင် ဖြတ်ဝင်လာသောအခါ စိတ်ကလူကို ဟိုက်တော့မည်ဟု သိသည်နှင့်တစ်ပြိုင်နက်ပင် ခြေထောက်ကလည်းဘရိတ်ကို နင်းပြီးသား၊ လက်ကလည်းစတီးယာတိုင်ကို ကွေ့ပြီးသား၊ ပါးစပ်ကလည်း အော်ပြီးသား ဖြစ်နေတော့သည်။

ထို့ကြောင့် ကာယဝိညတ်၊ ဝစီဝိညတ်နှစ်ပါးသည် စိတ်နှင့်ပြိုင်တူ လောက်အဖြစ်မြန်သဖြင့် နာမ်သက်နှင့်အတူတူပင် ဖြစ်ပါသည်။

ဝိကာရရုပ်(၃)ပါး (နိပ္ဖန္နရုပ်တို့၏ အမူအရာထူး)

ရူပဿလဟုတာ - နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသွက်လက်နေခြင်း၊ အနာကင်း၍ပေါ့ပါးနေခြင်းနှင့် အလားတူသည်။

ရူပဿမုဒုတာ - နိပ္ဖန္နရုပ်တို့၏ နူးညံ့သိမ့်မွေ့နေခြင်း၊ ကောင်းစွာနယ်ပြီးသောမြေသည် နူးညံ့သည်နှင့်အလားတူသည်။

ရူပသဃကမ္မညတာ - နိပ္ဖန္နရုပ်တို့၏ ကိုယ်နှုတ်အမူအရာတို့၌ လိုက်လျော အဆင်ပြေလှသည် ဖြစ်၍အသုံးပြု၍ ကောင်းနေခြင်း၊ ကောင်းစွာချက်ပြီးသော မမာလွန်း မပျော့လွန်းသော ရွှေသည်လက်ဝတ်တန်ဆာလုပ်ရန် အဆင်သင့်ဖြစ်သည်နှင့်အလားတူပါသည်။

ဓာတ်ကြီးလေးပါး မညီညွတ်၍ သွေး၊ သည်းခြေ၊ သလိပ် စသည်တို့ ဖောက်ပြန်သောအခါ၌လည်းကောင်း၊ စိတ်၊ ဥတု၊ အာဟာရတို့ မမျှတသော အခါ၌လည်းကောင်း၊ ကိုယ်အင်္ဂါသည် အလိုရှိရာ ပြုပြင်မှု၌ ပကတိအခါမှာ ကဲ့သို့ပေါ့ပါးခြင်းမရှိ လေးလံ၏။ ဒုက္ခဖြစ်၏။ နူးညံ့ခြင်းမရှိ၊ တောင့်တောင့် တင်းတင်းရှိ၏။ လုပ်ရှာတိုင်းနာကျင်၏။ စကားပြောဆိုရာ၌လည်း ဓာတ်မညီ လျှင်နှုတ်လျှာလှုပ်ရှားမှုလေး၏။ တောင့်တောင့်တင်းတင်း ရှိ၏။ အလိုတိုင်းမ ပါ။ မနူးညံ့။

ဓာတ်လေးပါးညီသောအခါ ဖော်ပြပါ ရုပ်သုံးမျိုးစလုံး အလို အလျောက်ဖြစ်ပေါ်လာပါသည်။

လက္ခဏာရုပ် (၄)ပါး (သိမှတ်နိုင်ကြောင်းရုပ်)

ဖြစ်ဆဲ၊ တည်ဆဲ၊ ရင့်ဆဲ၊ ပျက်ဆဲသော နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့် ကိုစွဲ၍ "အော်နိပ္ဖန္နရုပ်တရားတို့သည် အနိစ္စမျိုးတို့သာပါတကား" ဟုသန္နိဋ္ဌာန် ချမှတ် သိမှတ်နိုင်ကြောင်းဖြစ်သော ရုပ်များကို လက္ခဏာရုပ်ဟု ခေါ်ပါသည်။

ဥပစယ - ပဋိသန္ဓေစ၍ တည်ရှိဖြစ်ပေါ်လာပြီးနောက် တစ်ဘဝ၌ ရသင့်ရထိုက်သော ရုပ်များစုံလင်လာသည့် အထိ ဆက်လက်တိုးပွားလာမှု၊ ယင်းကို ပဋိသန္ဓေတည် သည်မှ စ၍ ဇိဝှာဒသက (လျှာ) ဖြစ်သည်အထိကို ဥပစယဟု ခေါ်သည်။

သန္တတိ - ရုပ်များစုံအောင် တိုးပွားမှု ပြီးဆုံးပြီးဆက်လက်တည်နေမှု

ဇရတာ - အိုမှု၊ ကျမှု၊ ရင့်ရော်မှု၊ ဟောင်းနွမ်းဆွေးမြေ့ယုတ်လျော့မှု၊

အနိစ္စတာ - သေဆုံးချုပ်ပျက်မှု၊ ကုန်ခန်းပျောက်ကွယ်မှု၊

ဥပမာ - သစ်ပင်တစ်ပင်၌ ရှေးဦးစွာပေါက်လာမှုသည် ပထမ ဥပစယ၊ တစ်နေ့တစ်ခြား တိုးပွားလာခြင်းသည် ဒုတိယ ဥပစယ၊ အတိုးအပွားရပ်၍ ကာလရှည်မြင့်စွာ

တည်ရှိနေခြင်းသည် သန္တတိ၊ ဆုတ်ယုတ်လျော့ပါးသွားခြင်းသည်ဇရတာ၊ သေ၍ ပျက်စီးသွားခြင်းသည် အနိစ္စတာ။

ဥပစယ သန္တတိရုပ်နှစ်ပါးသည် ရုပ်တို့၏တည်စ၊ ဖြစ်စ၊ အခါကာလဖြစ်၍ နာမ်သက်၏ ဥပါဒ်ခဏမျှသာအသက်ရှည်ပါသည်။ နာမ်တရားထက်ပင် အသက်တိုသောရုပ်ဖြစ်ပါသည်။

အနိစ္စတာသည် စိတ်၏ဘင်ခဏမျှသာ အသက်ရှိသည်ဖြစ်၍ နာမ်တရား၏ အောက်အသက်တိုသော ရုပ်ဖြစ်ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ကံအယူအဆ

လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၇၅ ခု၊ နယုန်လအတွင်း မန္တလေးမြို့၊ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်၌ ခေတ္တသီတင်းတော်မူစဉ် ပြင်သစ်ပြည်မှ မေးမြန်းအပ်သော ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းတော်မူခဲ့ပါသည်။

သားသမီးတို့၏ ကံ-ကမ္မသည် ၎င်းတို့၏မိဘများ (ကံ-ကမ္မ)နှင့် တူ-မတူဟူသော မေးချက်မှာ တူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏။ တူမတူဆိုသည်ကား အားရှိ၊ အားမဲ့ခြင်း (တူ-မတူ)ကိုဆိုလိုပါသည်။ ငါတို့ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ကံ-ကမ္မနှင့်အမိ မယ်တော်မာယာ၊ အဘသုဒ္ဓေါဒနမင်းကြီးတို့၏ ကံ-ကမ္မသည်မတူကြ။ သိဒ္ဓတ္ထမင်းသား၏ ကံကမ္မနှင့် နှိုင်းယှဉ်သော် မယ်တော် ခမည်းတော်တို့၏ ကံ-ကမ္မသည် အလွန်ငယ်၏။ အလွန်အားမဲ့၏။

ဤကား မတူရာ၌သက်သေတည်း။ တူရာ၌ သက်သေမူကား၊ လောက၌ မြော်မြင်ဖွယ် အလွန်ပေါများလေပြီး မျက်မြင်ဘဝ၌ အကျိုးပေးပုံခြင်း တူ-မတူကို ထောက်မြော်၍ ကံ-ကံမ္မခြင်း တူ, မတူကို ဆိုနိုင်ခွင့်ရှိလေသတည်း။

မိဘက နူသည်ဖြစ်စေ၊ ရောဂါဆိုး စွဲကပ်သည်ဖြစ်စေ၊ ရူးသည်ဖြစ်စေ၊ ထိုသူတို့မှ ပေါက်ဖွားသော သားသမီးတို့မှာ ဆေးကျမ်းပညာအရကူးတတ်သည်။ ရူးတတ်သည် ဆိုကြသည်။ (ကံ-ကမ္မ)ချင်း မတူကြလျှင် မည်သည့်အတွက်ကြောင့် နူနိုင်၊ ရူးနိုင်ပါသနည်းဟူသော မေးချက်မှာ အမိ၏ ဥတု၌ပင် ပန်းပင်ငယ်ဥပမာကို ပြဆိုရာ၏။ အလွန်မြေသြဇာ၊ ရေသြဇာ၊

ညံ့ဖျင်းလှသော မြေအရပ်တစ်ခု၊ အလွန်မြေသြဇာ၊ ရေသြဇာကောင်းမွန်လှသော မြေအရပ်တစ်ခု ရှိရာ၏။ တစ်ခုသော ပန်းပင်မျိုးစေ့ကို ရရှိ၍ အလွန်ညံ့ဖျင်းလှသော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူ တစ်ထွာခန့်မျှရှိလျှင် နာ၍ နူ၍နေတတ်၏။ ထိုမျိုးစေ့ကိုပင် ကောင်းမွန်သော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူကား တစ်တောင်ခန့်မျှ ကြီးပွား၍နာမှု၊ နူမှု ကင်းရှင်းလျက် အလွန်ရှင်လန်းတတ်၏။ မျိုးစေ့တစ်ခုတည်းဖြစ်ပါလျက် အဘယ်ကြောင့် ပန်းပင်ချင်းမတူရှိကြလေသနည်း။ မြေအတွက် ရေအတွက်ကြောင့် ပန်းပင်ချင်းမတူ ရှိကြလေသတည်း။ ရှေးကံဟောင်းသည် ပန်းမျိုးစေ့နှင့်တူသည်။ အမိ၏ သွေးသားစုသည် ထိုမြေအရပ်၌ ကျရောက်သော ရေနှင့်တူ၏။ ပန်းမျိုးစေ့၏ အဖို့သည် ပန်းပင်ငယ်မှာ ဆယ်ဖို့ တစ်ဖို့ခန့်ပါဝင်၏။ မြေ၏ အဖို့မှာ ပန်းပင်ငယ်တွင် ဆယ်ဖို့ ခြောက်ဖို့ခန့်ပါဝင်၏။ ရေ၏အဖို့သည်ကား ပန်းပင်ငယ်တို့၌ ဆယ်ဖို့ သုံးဖို့ခန့်ပါဝင်၏။ မြေအဖို့ ရေအဖို့တို့ဆိုသည်ကား ပန်းပင်ငယ်တို့၌ မြေရေတို့မှလိုက်ပါလာကြသော အဆင်းသဏ္ဌာန် ရသ၊ သြဇာတို့၏ ကောင်းခြင်း၊ မကောင်းခြင်းတို့ပေတည်း။ ကံနှင့် မိဘ၊ သားသမီးတို့မှာလည်း ထိုနည်းတူမှတ်လေ။ မိဘတို့၏ အဖို့ဆိုသည်ကား မိဘတို့သည် လူဖြစ်ကုန်အံ့။

သားသမီးတို့သည် လူသဏ္ဌာန် ဖြစ်ကြကုန်၏။ မိဘတို့သည် နွားဖြစ်ကြကုန်အံ့။ သားသမီးတို့သည် နွားသဏ္ဌာန်ဖြစ်ကြကုန်အံ့။ လူတို့တွင်လည်း မိဘတို့သည် တရုတ်လူမျိုးဖြစ်ကုန်အံ့။ သားသမီးတို့သည် တရုတ်သဏ္ဌာန်ဖြစ်ကြကုန်၏။ မိဘတို့သည် ကုလားလူမျိုး ဖြစ်ကြကုန်အံ့။ သားသမီးတို့သည် ကုလားသဏ္ဌာန် ဖြစ်ကြရကုန်၏။ အနူရောဂါတို့သည်လည်း ထိုမိဘတို့၏ အဖို့တွင် ပါဝင်လျက်ရှိကုန်၏။ ထို့ကြောင့် မိဘတို့၏ ကံနှင့်သားသမီးတို့၏ ကံသည် မတူကြကုန်ငြားသော်လည်း အတန်ငယ်မျှ ကြီးမြတ်ကြကုန်ငြားသော်လည်း မိဘတို့၏ အဖို့ကို မလွန်ဆန်နိုင် ၊ မခုခံနိုင်။ မိဘနူလျှင် သားသမီးနူတတ်၏။ မိဘရောဂါသည် ဖြစ်ခဲ့လျှင် သားသမီးလည်း ကြီးလျှင် ရောဂါသည် ဖြစ်တတ်၏။ မိဘရူးလျှင် သားသမီးလည်း ကြီးလျှင် ရူးတတ်၏။ မိဘတို့၏ကံထက် အလွန်အားကြီးသော ကံမှသာလျှင် သားသမီးသဏ္ဌာန်၌ မိဘတို့မှ လိုက်ပါသော ဓာတ်ဆိုး၊ ဓာတ်ဝါးတို့၏ ပွားစီးခြင်းကို လွန်ဆန်နိုင်၊ ခုခံနိုင်၏။ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ကိုယ်သဏ္ဌာန် ဓာတ်ကောင်း၊ ဓာတ်မှန်တို့ကို ပွားစီးလေအောင် တည်ထောင်ပြုစုနိုင်ခဲ့ပါမူကား မိဘနူသော်လည်းမနူရအောင် တတ်နိုင်လေသတည်း။

ပဋိသန္ဓေကိန်းရသော သတ္တဝါတို့မှာ မျိုးစေ့သုံးပါးနှင့် ဖြစ်ပွားရကုန်၏။ ရှေးကံဟောင်းလည်း မျိုးစေ့တစ်ပါး၊ အမိ၏ ရသဓာတ်လည်း မျိုးစေ့တစ်ပါး၊ အဖ၏ ရသဓာတ်လည်းမျိုးစေ့ တစ်ပါးတို့တွင် အမိဓာတ် အဖဓာတ် နှစ်ပါးတို့သည်လည်း အားရှိအားမဲ့ခြင်း တူ, မတူ နှစ်ပါးရှိကြကုန်၏။ မိဘနှစ်ပါး ကျန်းမာဆူဖြိုးမှု တူကြလျှင် ရသဓာတ်နှစ်ပါး အားချင်းတူကြ၏။ ထိုအခါ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဌာန်စသည် နှစ်ဖက်မျှတလျက် ရှိတတ်ကြ၏။ မိဘတို့မှာ အဆင်းသဏ္ဌာန်စသည် နှစ်ဖက်မျှတလျက် ရှိတတ်ကြ၏။ မိဘတို့မှာ ရသဓာတ်တစ်ဖက်က အားရှိ၍တစ်ဖက်ကအားနည်းသောအခါ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဌာန်စသည် တစ်ဖက်သတ်က သာလွန်တတ်ကြ၏။

လူဝင်စားဟူ၍ လောက၌ ပြောရိုးဆိုရိုးရှိကြ၏။ ဝင်စားခြင်းအကြောင်းသည် ဗုဒ္ဓဘာသာတရားတော်တွင် သက်ဝင်ခြင်းရှိပါသလား။

ဟူသောမေးချက်၌ လူဝင်စားဟူသည် အသီးအခြား တစ်ပါးတစ်မျိုးမဟုတ်။ လူ့ဘဝသို့ ရောက်လာကြသူအပေါင်းတို့တွင် ရှေးဘဝကို ပြန်၍ သိနိုင်သူ အနည်းငယ်မျှ ရှိကြ၏။ ထိုသူတို့ကို လူဝင်စားဟူ၍ ခေါ်ကြ၏။ ထိုသူကို ဗုဒ္ဓဘာသာကျမ်းတို့ အရဇာတိဿရပုဂ္ဂိုလ်ဟူ၍ ခေါ်၏။ ရှေးဘဝကို ပြန်၍ အောက်မေ့နိုင်သောသူ ၊ သိနိုင်သောသူဟု ဆိုလိုသည်။

ရှေးဘဝကိုပြန် မသိနိုင်ခြင်း၊ သိနိုင်ခြင်း အကြောင်းကား (၁) ဤဘဝ၌ နေ့ရက်ရှည်ကြာ၊ အနာရောဂါ၊ နှိပ်စက်ညှင်းပန်း၊ စိတ်အားကုန်ခန်း၍သေရခြင်းတစ်ပါး။ (၂) နောက်ဘဝ၌ ဂဗ္ဘသေယျမျိုးဖြစ်၍ အလွန်သေးငယ်လှသော ကလလရေကြည်အစ တည်လျက်၊ နေ့ရှည်ရက်များဖြည်းနှေးစွာ ကြီးပွားရသဖြင့် စိတ်အားသေးနုတ်၊ မှေးကုပ်မိန်းမော၍ နေရခြင်းတစ်ပါး၊ ဤအကြောင်းနှစ်ပါးနှင့်တွေ့ကြုံ၍ လာကြကုန်သော သူတို့သည် ရှေးဘဝကိုမေ့ကြကုန်၏။ ထိုမှတစ်ပါး အလွန်ငယ်ကလေးက သေခဲ့ကြသောသူ၊ အလွန်အိုမင်းထိုင်းမှိုင်းလှမှ သေခဲ့ကြသောသူ၊ ယစ်မျိုးကျူးလှသောသူတို့သည်လည်းကောင်း၊ နောက်ဘဝ၌ အမိသည် ရောဂါသည်ဖြစ်ခဲ့သော်လည်းကောင်း၊ အလုပ်ကြမ်း အကိုင်ကြမ်း လုပ်ကိုင်ရသူဖြစ်ခဲ့သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မှု၌ အလိမ္မာမရှိသူ၊ အစောင့်အစည်းမရှိသူဖြစ်ခဲ့သော်လည်းကောင်း အမိဝမ်းတွင်း၌ သူငယ်သည် အလွန်ထိတ်လန့်ချောက်ချားခြင်းများသဖြင့်လည်း ရှေးဘဝကိုမေ့ကြကုန်၏။ ဤကားရှေးဘဝကို

ပြန်၍မသိနိုင်ခြင်းအကြောင်းတည်း။ ဤလူ့ဘဝ၌ သေလွန်၍ ဥပပတ်နတ်ဘဝ၊ ပြဟ္မာဘဝသို့ရောက်ကြသောသူ၊ ငရဲဘဝ၊ ပြိတ္တာဘဝသို့ ရောက်ကြသောသူတို့သည်သည် ရှေးဘဝကို သိနိုင်ကြကုန်၏။

ဤလူ့ဘဝကို အားရှိတုန်းအခါမှာ လက်နက်ဘေးကပ် ဥပါဒ်ဘေးတို့နှင့်ရုတ်တရက် သေဆုံးကြကုန်၍ နောက်ဘဝ၌ အနာရောဂါကင်း၍ သန့်ရှင်းငြိမ်သက်သော အမိဝမ်းတွင်း၌ ဖြစ်ရသော သူများသည် ရှေးဘဝကို သိတတ်ကြ၏။ ရှေးဘဝကို ပြန်၍သိရလို၏ဟု ကုသိုလ်ကောင်း၍ ဆုတောင်းပတ္ထနာပြုခဲ့ကြသော သူများသည်လည်း ရှေးဘဝကို ပြန်၍သိတတ်ကြ၏။ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရကြကုန်သောရသေ့တို့သည်လည်းကောင်း၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည်လည်းကောင်း ရှေးဘဝကို သိတတ်ကြကုန်၏။

၃၁ ဘုံအတွင်း ကံ၏စီမံခန့်ခွဲမှုနိယာမ

ကံတရားသည် အကျိုးပေးရာ ဘုံဘဝဌာနကိုလိုက်၍ လေးမျိုးရှိသည်။ ထိုလေးမျိုးတို့မှာ -

(၁) အကုသိုလ်ကံ

(၂) ကာမာဝစရ ကုသိုလ်ကံ

(၃) ရူပါဝစရ ကုသိုလ်ကံ

(၄) အရူပါဝစရ ကုသိုလ်ကံတို့ဖြစ်ကြ၏။

အကုသိုလ်ကံတို့တွင် ပဋိသန္ဓေအခါ၌ ဥဒ္ဓစ္စသဟဂုတ်မှ တစ်ပါး အကုသိုလ်ကံ (၁၁)ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးသည်။ ပဝတ္တိအခါ၌ ကာမ(၁၁)ဘုံနှင့် အသညသတ်မှ တစ်ပါး ရူပ(၁၅)ဘုံ၌ ဖြစ်စေနိုင်၏။

ကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိ (၇)ဘုံ၌ပဋိသန္ဓေကျိုးကိုပေး၏။ ပဝတ္တိအခါ၌ကာမ (၁၁)ဘုံနှင့် အသညသတ်မှတစ်ပါး ရူပ (၁၅)ဘုံ၌ဖြစ်စေနိုင်၏။ ရူပါဝစရကုသိုလ်ကံသည် ရူပပြဟ္မာဘုံတို့၌ ပဋိသန္ဓေကိုဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌လည်း ရူပပြဟ္မာဘုံတို့၌ ဖြစ်စေနိုင်၏။

အရူပါဝစရကုသိုလ်ကံသည် အရူပပြဟ္မာဘုံတို့၌ ဖြစ်စေနိုင်၏။

ကာမာဝစရ ကုသိုလ်ကံသည် ကိလေသာတရားတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်သည်။ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်ကံသည်

ကိလေသာတရားတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်သတ်သည်။

ထိုကုသိုလ်ကံတို့မှတစ်ပါး လောကုတ္တရာ ကုသိုလ်ကံဖြစ်သော မဂ်ကုသိုလ်များသည် ကိလေသာတရားတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အပြီးသတ် ပယ်သတ်သည်။ လောကုတ္တရာဖိုလ်အကျိုးကိုပေးသည်။

၎င်းတို့ကို အကျိုးပေးရာ ဘုံဌာနတို့မှာ အပါယ်ဘုံ၊ ကာမ သုဂတိဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံတို့ ဖြစ်ကြသည်။

## အပါယ်ဘုံများ

လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာသမ္ပတ္တိ သုံးမျိုးကို ရရာရကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုတို့ကို ပြုခွင့်များစွာမရ၊ အကုသိုလ်များသာ များပြားလှသော ဘုံဌာနများဖြစ်၍အပါယ်ဘုံများဟု ခေါ်သည်။ ထိုအပါယ်ဘုံသည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ ဟူ၍အပါယ်လေးဘုံရှိသည်။

## ငရဲဘုံများ

ငရဲဘုံဟူသည်မှာ ချမ်းသာသုခမရှိ၊ ဒုက္ခအတိသာ ခံစားရသောဘုံ ဖြစ်သည်။ ထိုငရဲဘုံသည် "သိဥ္စိုး၊ ကာဠ၊ သံဃာတနှင့် ရောရုဝနှစ်၊ တာပန်နှစ်၊ တွက်စစ်အဝီစိ" ဟူသော လင်္ကာရ သဉ္ဇီး၊ ကာဠသုတ်၊ သံဃာတ၊ ရောရုဂ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိငရဲကြီးဟူ၍ ရှစ်ထပ်ရှိ သည်။ အကုသိုလ်ကံ ဘုံများဖြစ်၍ အချိန်ရှိသမျှ အကုသိုလ်ကံ မကုန်မချင်း ဆင်းရဲသောဝေဒနာမျိုးစုံကို နည်းမျိုးစုံဖြင့် ခံစားနေကြရသော ဘုံများဖြစ်၍ ငရဲကျရောက်သွားလျှင် ကုသိုလ်ပြုခွင့်အလွန်နည်းသွားပြီး အကုသိုလ်များ ကသာ နေ့စဉ်ဖြစ်ပွားနေ၍ ဆင်းရဲဒုက္ခအမျိုးမျိုးကို နှစ်ရှည်လျားစွာ ခံစားကြ ရ၍ငရဲဒုက္ခမှ ကင်းဝေးစေရန် လူ့ဘဝတွင် လူဖြစ်လာစဉ် အကုသိုလ်အမှုကို ရှောင်ကြဉ်ရပေမည်။

## တိရစ္ဆာန်

မဂ်ဖိုလ်မှ ကန့်လန့်ဖီလာပြုလျက် သွားလာကျက်စားနေကြသော ကုန်းနေ၊ ရေနေ၊ လေနေ၊ သတ္တဝါတို့အားလုံးကို တိရစ္ဆာန်ဟုခေါ်သည်။ တိရစ္ဆာန်ဘုံ သီးခြားမရှိ၊ ဤလောကတွင်ပင် နေထိုင်ကြသည်။

ပြိတ္တာ

ချမ်းသာသုခမှ ဝေးကွာပြီး ဆင်းရဲစွာနေရသော သတ္တဝါများကို ပြိတ္တာဟုခေါ်သည်။ ဘုံသီးခြားမရှိ၊ တောတောင်မြစ်ချောင်း၊ သုသာန်စသော အရပ်တို့၌ နေထိုင်ကြသည်။ တစ္ဆေ၊ မှင်စာ၊ သရဲ၊ ဘီလူး၊ စသည်တို့သည် ပြိတ္တာများပင်ဖြစ်ကြ၍ နှစ်ပေါင်းများစွာ အစာမစားရ၊ ရေမသောက်ရ၊ ဆာလောင်မွတ်ငတ် နေကြရသည်။ တချို့မှာ လူများစွန့်ပစ်သော ထမင်းလုံး၊ ဟင်းဖတ်၊ သလိပ်၊ တံတွေး၊ မစင် စသည်တို့ကို စားကြရသည်။ တချို့ပြိတ္တာများ၊ ဒုက္ခဝေဒနာမျိုးစုံ ခံစားနေကြရသည်။

အသူရကာယ်

ပျော်ပါးမှုမရှိ၊ ရဲရင့်မှုမရှိ၊ အမြဲတမ်းကြောက်ရွံ့လျက်ရှိနေကြရသည်။ ဘုံသီးခြားမရှိ၊ သမုဒ္ဒရာမြစ်ကမ်းစသည်တို့၌ နေတတ်ကြ၏။ အချိန်အခါ အလွန်ကြာ၊ ဘုရားနှစ်ဆူ၊ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မျှ မစားမသောက်ရသောပြိတ္တာ အသူရကာယ်တို့လည်းရှိသည်။ အကုသိုလ်ကံ၏ အကျိုးပေးမှုဖြစ်၍ဆန်းကြယ်လှသည်။ ဂင်္ဂါမြစ်ထဲ ရေသောက်ရန်ဆင်းသော်လည်း အကုသိုလ်ကံကြောင့်ရေများ ပျောက်ကွယ်သွားသည်။ သူတစ်ပါးကို အစာရေစာငတ်ပြတ်အောင် ဆင်းရဲဒုက္ခရောက်အောင် ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့်ဖြစ်ကြရသော ပြိတ္တာအသူရကာယ်များဖြစ်သည်။

ကာမသုဂတိ (၇)ဘုံ

ကာမကုသိုလ်၏ အကျိုးပေးရာဘုံများကို ကာမသုဂတိ(၇)ဘုံဟုခေါ်သည်။ ၎င်းတို့မှာ လူ့ဘုံနှင့် နတ်(၆)ဘုံတို့ဖြစ်ကြသည်။

လူ့ဘုံ

လူကို ပါဠိဘာသာဖြင့် မနုဿဟုခေါ်သည်။ ထက်မြက်သော စိတ်ဓာတ်ရှိသောကြောင့် မနုဿဟုခေါ်သည်။ လူတို့သည် မကောင်းမှုအကုသိုလ်အရာဝယ် မိဘသတ်မှု စသောပဉ္စာနန္တရိယကံတိုင်အောင်ပင် ပြုနိုင်ကြ၍ ကောင်းမှုကုသိုလ်အရာဝယ် ဘုရားဖြစ်သည့်တိုင်အောင်ပင် စွမ်းနိုင်ကြသဖြင့် ထက်မြက်သောစိတ်ထားရှိကြသည်။ သို့ဖြစ်၍ မနုဿ=လူဟုခေါ်သည်။ လူ့ဘုံသည် ကံ ဉာဏ် ဝီရိယ ညီမျှစွာ အားထုတ်ရသောဘုံဖြစ်သည်။

## နတ်ပြည်ခြောက်ထပ်

ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်တို့၌ ဖြစ်ကြရသည်။ ထိုနတ်ပြည်တို့မှာ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရိနိမ္မိတဝသဝတ္တီ ဟူ၍ခြောက်ထပ်ရှိသည်။

## စတုမဟာရာဇ်နတ်ပြည်

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီး လေးပါးစိုးစံအုပ်ချုပ်သောနတ်ဘုံဖြစ်သည်။ မြင်းမိုရ်တောင်အလယ်လောက်မှ တောင်ခြေတစ်လျှောက်တည်ရှိသည်။ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ ဂန္ဓဗ္ဗစသော နတ်မျိုးစုံပါဝင်ကြသည်။ လူ့သက်တမ်း နှစ်(၅၀)သည် စတုမဟာရာဇ်နတ်ပြည်၌ တစ်ရက်အချိန်ဖြစ်၍ နတ်သက်နှစ် (၅၀၀)ကြာအောင်အသက်ရှည်ကြသည်။

## တာဝတိံသာနတ်ပြည်

သိကြားမင်းသည် နတ်မင်းကြီး (၃၃)ပါးနှင့် စိုးမံအုပ်ချုပ်ရာဘုံ ဖြစ်၍ တာဝတိံသာခေါ်သည်။ မြင်းမိုရ်တောင်ထိပ်၌ တည်ရှိသည်။ လူတို့ အရေအတွက်အားဖြင့် အနှစ် (၁၀၀)သည် တာဝတိံသာနတ်ပြည်၌ တစ်ရက်ဖြစ်သည်။ နတ်သက် (၁၀၀၀)နှစ်သက်တမ်းရှည်ကြာကြသည်။ စတုမဟာရာဇ်နှင့် တာဝတိံသာနတ်တို့သည် ဘူမဋ္ဌကဘုံများဖြစ်ကြ၍ မြင်းမိုရ်တောင်ခြေ၌ တည်ကြရသည်။ စူဠာမဏိစေတီတော်တည်ရှိသည်။ ဘုရားအလောင်းတော် ဆံတော်နှင့် လက်ယာစွယ်တော်မြတ် ကိန်းဝပ်သည်။

## ယာမာနတ်ပြည်

ဆင်းရဲဒုက္ခမရှိ၊ နတ်စည်းစိမ်ကိုသာ အချိန်ပြည့် ခံစားကြရသောနတ်တို့ဖြစ်သည်။ သုယာမနတ်မင်းသည် ထိုဘုံ၌ အကြီးအကဲဖြစ်၍ လူတို့အရေအတွက်အားဖြင့် အနှစ် (၂၀၀)သည် ထိုနတ်ပြည်၌ တစ်ရက်ဖြစ်သည်။ နတ်သက် (၂၀၀၀)နှစ်သက်တမ်းရှည်ကြသည်။

## တုသိတာနတ်ပြည်

များစွာ နှစ်သက်ရွှင်လန်း ပျော်ရွှင်နေကြသော နတ်တို့၏ဘုံဖြစ်သည်။ သန္တုသိတနတ်မင်းသည်အကြီးအကဲဖြစ်သည်။ လူတို့၏ အရေအတွက်အားဖြင့်အနှစ် (၄၀၀)သည် ထိုဘုံ၌ တစ်ရက်ဖြစ်သည်။ နတ်သက် နှစ် (၄၀၀၀)သက်တမ်း ရှည်ကြသည်။

## နိမ္မာနရတိနတ်ပြည်

ပင်ကိုယ်ရှိပြီးသား ကာမဂုဏ်စည်းစိမ်ထက် အလွန်အကဲခံစားလိုသောအခါ စိတ်တိုင်းကျ ဖန်ဆင်း၍မွေ့လျော်သော နတ်တို့နေရာ ဘုံဖြစ်သည်။ အောက်နတ်ပြည် (၄)ထပ်တို့၌ကိုယ်ပိုင်ဇနီးမောင်နှံရှိကြသော်လည်း ဤနတ်ပြည်၌ မိမိလိုရာ အဆင်းအသံစသည်ကို ကိုယ်တိုင်ဖန်ဆင်း၍ ထိုအာရုံ၌ မွေ့လျော်ကြကုန်၏။ လူတို့အရေအတွက်အားဖြင့် အနှစ် (၈၀၀) သည် ထိုဘုံ၌ တစ်ရက်ဖြစ်သည်။ နတ်သက်နှစ် (၈၀၀၀) သက်တမ်းရှည်ကြသည်။

## ပရနိမ္မိတဝသဝတ္တီနတ်ပြည်

နိမ္မာနရတိ နတ်တို့ကဲ့သို့ ကိုယ်တိုင်မဖန်ဆင်းရဘဲ အစေအပါးနတ်များက စိတ်တိုင်းကျအောင် ဖန်ဆင်းပေးရသော အာရုံကာမဂုဏ်တို့၌ မိမိအလိုရှိတိုင်း ခံစားမွေ့လျော်ကြသော နတ်ဘုံဌာနဖြစ်သည်။ လူတို့အရေအတွက်အားဖြင့် အနှစ် (၁၀၀၀) သည်ထိုဘုံ၌ တစ်ရက်ဖြစ်သည်။ နတ်သက် အနှစ် (၁၆၀၀၀) သက်တမ်းရှည်ကြသည်။

ရှေးကုသိုလ်ကြောင့် နတ်ပြည်များ၌ ဖြစ်ကြရဖြင့် နတ်ယောကျ်ားတို့မှာ အသက်(၂၀)အရွယ်၊ နတ်မိန်းမတို့မှာ (၁၆) နှစ်အရွယ် အမြဲတည်ရှိလျက်သွားကျိုး၊ ဆံဖြူ၊ နားအူ၊ မျက်မှုန်၊ အရေတွန့်တွဲခြင်းမရှိ၊ အမြဲတမ်းလှပနေကြသည်။ နတ်သြဇာများကိုသာ (၇)ရက်တစ်ကြိမ် စားသုံးကြဖြင့် ခန္ဓာကိုယ်ထဲ၌အညစ်အကြေးမရှိ စင်ကြယ်ကြသည်။ ကုသိုလ်ကံခြင်း ကွာခြားသလောက် ဥယျာဉ်ဗိမာန်၊ ပဒေသာပင်၊ သားသမီး၊ ဇနီးမယား အခြွေအရံတို့ကွာခြားကြသည်။ သက်တမ်းပြည့် ကာမဂုဏ်စည်းစိမ်တို့ကို နည်းမျိုးစုံဖြင့် ခံစားကြသောဘုံများဖြစ်လေသည်။

ဤသို့လျှင် ဒုဂ္ဂတိဘုံခေါ်သည့် အပါယ်လေးဘုံ၊ ကာမသုဂတိဘုံခေါ်

သည့်လူ့ပြည်နတ်ပြည် (၇)ဘုံ၊ စုစုပေါင်း (၁၁)ဘုံကို ကာမ (၁၁)ဘုံဟုခေါ်သည်။

ရူပါဝစရဘုံ

ယောဂီတစ်ဦးသည် သမထဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ကိလေသာ နီဝရဏတရားတို့ အနည်ထိုင်ကာ စိတ်ဓာတ်တည်ကြည်ငြိမ်သက် သမာဓိရလာသည်။ ထို့နောက် ဆက်လက်အားထုတ်ရာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးရှိသော ပထမဈာန်ကိုရသည်။ ဆန္ဒ စိတ္တ ဝီရိယ ဝိမံသစသော ဈာန်နှင့် ယှဉ်ဖက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ(အကြီးအကဲ)ဖြစ်ရိုးတည်း။ ထိုအဓိပတိ ဖြစ်ထိုက်သောတရားကည်နေလျော့နေလျှင် ပရိတ္တဈာန်ဖြစ်၏။ ထိုအဓိပတိက အလတ်တန်းစားသို့ ရောက်နေလျှင် မဇ္ဈိမဈာန် ဖြစ်ကာ ထိုအဓိပတိကထက်မြက်လျှင် ပဏီတဈာန်ဖြစ်၏။ ထိုပထမဈာန်ရရှိလျက် ပရိတ္တဈာန်အဆင့်၌ပင် ကွယ်လွန်ခဲ့လျှင် ရူပါဝစရ ဗြဟ္မာလောက၏အစဖြစ်သော ဗြဟ္မပါရိသဇ္ဇာဘုံ၌ ဗြဟ္မာဖြစ်သည်။ သက်တမ်းမှာ အသင်္ချေယျကပ်၏ သုံးပုံတစ်ပုံသက်တမ်းရှည်ကြ၏။

ပထမဈာန်ကိုပင် မဇ္ဈိမဈာန်အဖြစ် လေ့လာ၍ အင်အား အလယ်အလတ်ရှိနေသူတစ်ဦးကွယ်လွန်လျှင် ဗြဟ္မပုရောဟိတာဘုံ၌ ဗြဟ္မာဖြစ်သည်။ သက်တမ်းမှာ အသင်္ချေယျကပ် ထက်ဝက်သက်တမ်းရှိသည်။

ပထမဈာန်ကိုပင် ပဏီတဈာန်အဖြစ် အလွန်အားကောင်းထက်မြက်စွာ ပွားများထားသူတစ်ဦး ကွယ်လွန်လျှင်မဟာဗြဟ္မာဘုံ၌ မဟာဗြဟ္မာကြီးဖြစ်သည်။ သက်တမ်းမှာ အသင်္ချေယျကပ်တစ်ကပ်အသက်ရှည်၏။

ဒုတိယဈာန်နှင့် တတိယဈာန်ကို ပရိတ္တအဖြစ် ပွားများထားသူကွယ်လွန်လျှင် ဒုတိယဈာန်ဘုံဖြစ်သော ပရိတ္တာဘာဘုံ၌ ပရိတ္တာဘာဗြဟ္မာဖြစ်၏၊ သက်တမ်းမှာ မဟာကပ် နှစ်ကပ် သက်တမ်းရှည်၏။

ဒုတိယဈာန်နှင့် တတိယဈာန်ကိုမဇ္ဈိမအဖြစ် ပွားများထားသူကွယ်လွန်ပါက အပ္ပမာဏာဘာဘုံ၌ အပ္ပမာဏာဘာဗြဟ္မာဖြစ်၏။ သက်တမ်းမှာမဟာကပ် (၈)ကပ် သက်တမ်းရှည်၏။

စတုတ္ထဈာန်ကို ပရိတ္တဖြစ်အောင် ပွားများထားသူကွယ်လွန်ပါက ပရိတ္တသုဘာဘုံ၌ ပရိတ္တသုဘာဗြဟ္မာဖြစ်၏၊ သက်တမ်းမှာ မဟာကပ် (၁၆)ကပ် သက်တမ်းရှည်၏။

ဒုတိယစျာန်နှင့် တတိယစျာန်ကိုပင် ပဏီတအဖြစ်ပွားများထားသူ ကွယ်လွန်ပါက အာဘဿရာဘုံ၌ အာဘဿရာဗြဟ္မာဖြစ်၏။ သက်တမ်းမှာ မဟာကပ် (၁၆)ကပ်-သက်တမ်းရှည်၏။

မရှိမဖြစ်အောင်ပွားလျှင် အပ္ပမာဏသုဘာဘုံ၌ အပ္ပမာဏသုဘာ ဗြဟ္မာဖြစ်၏။ မဟာကပ် (၃၂)ကပ် သက်တမ်းရှည်၏။

ပဏီတစျာန်ဖြစ်အောင်ပွားလျှင် သုဘကိဏှာဘုံ၌ သုဘကိဏှာ ဗြဟ္မာဖြစ်၏။ မဟာကပ် (၆၄)ကပ် သက်တမ်းရှည်၏။

ပဉ္စမစျာန်ကိုရပြီး သူကွယ်လွန်လျှင် ဝေဟပ္ဖိုလ်ဘုံ၌ ဗြဟ္မာကြီးဖြစ်၏။ ထိုစျာန်ကို ရသောသူသည် နာမ်တရားတို့ကို စက်ဆုပ်လျက် ရုပ်တရားတို့ကိုသာ လိုလားကာ ပဉ္စမစျာန်တရားကို ထပ်ကာထပ်ကာပွားလျှင် သူ၏အလို အတိုင်းပင် ရုပ်တရားသာရှိသည့် အသညသတ်ဘုံ၌ အသညသတ်ဗြဟ္မာဖြစ်ရသည်။ ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံတို့ သက်တမ်းမှာ မဟာကပ် (၅၀၀) စီရှည်ကြ၏။

## သုဒ္ဓါဝါသဘုံ (၅)ဘုံ

အနာဂါမ်ပုဂ္ဂိုလ်တို့ ကွယ်လွန်လျှင် သုဒ္ဓါဝါသဗြဟ္မာဘုံ (၅)ဘုံ၌ ဗြဟ္မာကြီးများ ဖြစ်ကြရ၏။

- အဝိဟာဘုံ၌ ဖြစ်သော သုဒ္ဓါ ဝါသဗြဟ္မာကြီးတို့၏သက်တမ်းမှာ မဟာကပ်တစ်ထောင် ဖြစ်၏။
- အတပ္ပါဘုံ၌ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်နှစ်ထောင် ဖြစ်၏။
- သုဒဿဘုံ၌ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်လေးထောင် ဖြစ်၏။
- သုဒဿီဘုံ၌ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်ရှစ်ထောင် ဖြစ်၏။
- အကနိဋ္ဌဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် တစ်သောင်းခြောက်ထောင် ဖြစ်၏။

## အရူပါဝစရဘုံ

ပဉ္စမစျာန်ရပြီးသော ပုဂ္ဂိုလ်သည် ရုပ်တရားတို့ကို စက်ဆုပ်လျက် နာမ်တရားတို့ကိုသာ တောင့်တကာ ဆက်လက်ပွားများသည်။ ပထမဆုံး

ဖြစ်သောအာကာသနဉ္စာယတနတစျာန်ရသူ ကွယ်လွန်လျှင် အာကာသနဉ္စာယတနဘုံ၌ အကာသာနဉ္စာယတန အရူပပြဟ္မာကြီးဖြစ်၏။ ရုပ်တရား မရှိဘဲ နာမ်တရားသာဖြစ်လျက် မဟာကပ်ပေါင်း (၂၀၀၀၀) အသက်ရှည်၏။

- ဝိညာဏဉ္စာယတနာဈာန်ကိုရလျှင် ထိုဘုံ၌ အရူပပြဟ္မာကြီး ဖြစ်၍ မဟာကပ်ပေါင်း (၄၀၀၀၀) အသက်ရှည်၏။
- အာကိဉ္စညာယတနဈာန်ကိုရလျှင် ထိုဘုံ၌ အရူပပြဟ္မာကြီး ဖြစ်၍ မဟာကပ်ပေါင်း (၆၀၀၀၀) အသက်ရှည်၏။
- နေဝသညာနာသညာ ယတနဈာန်ကိုရလျှင် ထိုဘုံ၌ အရူပပြဟ္မာကြီးဖြစ်၍ မဟာကပ်ပေါင်း (၈၀၀၀၀) အသက်ရှည်၏။

# အခန်း(၃)
# ဇာတ်ဆရာကံဖန် ဘဝဖြစ်ပျက်မှန်များ

တရားတော်သံကြည်ညိုခံ ဖားငယ်နတ်ပြည်စံ

မြတ်စွာဘုရားသခင်သည် စမ္ပာပြည်ဂဂ္ဂရမိဖုရားတူးဖော်ထားသော ဂဂ္ဂရမည်သော လေးထောင့်ကန်၏ ကမ်းနားဝယ် ညနေချမ်းအချိန်၌ ပရိသတ်လေးပါးတို့ကို တရားဒေသနာတော် ဟောကြားတော်မူပါသည်။

ထိုခဏမှာပင် ဖားသူငယ်တစ်ကောင်သည် လေးထောင့်ကန် ရေကန်အတွင်းမှ ခုန်တက်ပြီးလျှင် ဘုရားရှင်၏ တရားဟောသံကို နားစိုက်ထောင်ကြည့်သည်။

"ဤအသံကား တရားတော်၏ အသံတည်း"

ဖားသူငယ်သည် ဘုရားရှင်၏ တရားတော်အသံကို သိပြီးလျှင် အာရုံယူကာ ပရိတ်သတ်အစွန်း၌ ဝတ်လျက် နာနေသည်။ အာရုံကလည်း တရားတော်၌သာ နစ်ဝင်နေသည်။

ထိုအချိန်တွင် နွားကျောင်းသားတစ်ယောက်သည် ဘုရားရှင်တရားဟောရာထိုနေရာသို့ ရောက်လာပြီး တရားတော်ဟောသော ဘုရားရှင်ကိုလည်းကောင်း၊ ဘုရားရှင်တရားတော်ကို ငြိမ်သက်စွာ နားထောင်နေသော ပရိတ်သတ်လေးပါးကိုလည်းကောင်း တွေ့မြင်ရ၍ ကြည်ညိုစိတ်ဖြစ်မိသည်။ သို့အတွက် ပရိတ်သတ်အစွန်း၌ တုတ်ကို ထောက်ကာ တရားကိုအာရုံစိုက်ကာနားထောင်နေသည်။ နွားကျောင်းသားသည် ဖားငယ်ကိုမမြင်မိဘဲ ဖားငယ်၏ဦးခေါင်းပေါ်၌ အမှတ်မဲ့ပင် တုတ်ကိုထောက်ပြီး ရပ်နားထောင်နေမိလျက်သားဖြစ်နေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဖားငယ်သည် တရားတော်ဟူသော အမှတ်သညာဖြင့် ကြည်သာရွှင်လန်းသော စိတ်အစဉ်ဖြစ်လျက် နေသော ခဏမှာပင် ထိုတုတ်ဖိသော ဒဏ်ကြောင့် သေလွန်လေသည်။

ဖားငယ်သည် ထိုခဏမှာပင် အိပ်သောယောကျ်ား နိုးသောလားသို့ တာဝတိံသာနတ်ပြည်ဝယ် (၁၂)ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်သားဖြစ်ရလေသည်။

အိပ်သောယောကျ်ား နိုးသောလားကဲ့သို့ နတ်သားဖြစ်လာခဲ့ရသော ဖားနတ်သားသည် မိမိကိုယ်ကိုမြင်ပြီး -

"ငါသည်ကား အဘယ်ကုသိုလ်တရားကြောင့် ဤတာဝတိံသာ၌ နတ်သား ဖြစ်ရလေသနည်း" ဟုဆင်ခြင်သောအခါ ရှေးဘဝကို သိမြင်သည်။

"ငါကဲ့သို့သော ဖားသတ္တဝါလေးသည် ဤတာဝတိံသာနတ်ပြည်မှာ ဖြစ်ကာ ဤကဲ့သို့ စည်းစိမ်ချမ်းသာကို ရရှိနေချေ၏။ ငါသည် ဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့မိလေသနည်း" ဟုစူးစမ်းဆင်ခြင်ကြည့်ပြန်သည်။

ဘုရားရှင်၏ တရားတော်အသံ၌ အာရုံစိုက်ယူခြင်းမှတစ်ပါး အခြားတစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို မမြင်မိချေ။

သို့အတွက်ဖားနတ်သားသည် ထိုခဏမှာပင် ဘုံဗိမာန်နှင့်တကွ လူ့ပြည်သို့ဆင်းသက်လာသည်။ တရားနာပရိတ်သတ်တို့မြင်စဉ်ပင် ဘုံဗိမာန်မှ သက်ဆင်း၍ များစွာသော ဖခြံအရံနှင့်တကွ ကြီးမားလှစွာသော နတ်၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဘုရားထံသို့ချဉ်းကပ်ကာ ဦးခေါင်းညွှတ်ကိုင်း၍လက်အုပ်ချီကာရှိခိုးရပ်တည်နေလေသည်။

ထိုဖားနတ်သားကို ဘုရားရှင်သည် သိတော်မူလျက်ပင် လူအပေါင်းတို့အားကဲ၏အကျိုးကို လည်းကောင်း၊ ဘုရားရှင်၏ တန်ခိုးအစွမ်းကို ဒိဋ္ဌမျက်မြင် သိမြင်စေလို၍လည်းကောင်း နတ်သားကိုဤသို့မေးသည်။

"မျက်မှောက်တွေ့မြင် ဂုဏ်အင်ကြီးမား နတ်တို့၏ တန်ခိုးအာနုဘော်အားဖြင့်လည်းကောင်း၊ ရှုမောမကုန်ကံဟုန် ပြဖန်အခြံအရံ အကျော်အစောအားဖြင့်လည်းကောင်း၊ အံ့ဩဖွယ်ရာ ဝဏ္ဏရှေ့နောက် ထွန်းလင်းတောက်ပစေလျက် အလွန်နှစ်သက်ဖွယ်ရှိသော ကိုယ်ရေပဝင်း ရောင်အဆင်းဖြင့်ခပ်သိမ်းဥဿုံအလုံးစုံကုန်သော ဝန်းကျင်ပတ်ရာ အရပ်မျက်နှာတို့ကို ရောင်ဝါစိုဝင်း ထွန်းလင်းတောက်ပစေလျက် ငါဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ကြည့်ရှုညွှတ်ကျိုး လက်စုံမိုးကာ ရှိခိုးလာသောသူကား အဘယ်သူနည်း"

ဘုရားရှင်၏ အမေးကို နတ်သားက မိမိဘဝအဖြစ်စုံကို လျှောက်ထားပြီးနောက်-

"မရှည်ကြာလှ တစ်အောင့်ခဏမှ တရားတော်သံကို စိတ်ဖြင့်ကြည်ညိုခြင်းကြောင့်ဖြစ်သော တပည့်တော်၏ နတ်၏ ဂုဏ်သိမ်မွေ့စည်းစိမ်ဟူသမျှ ပြည့်ဝစုံလင်ခြင်းကိုလည်းကောင်း၊ ရှုမောမကုန် ကံဟုန်ပြုဖန် အခြံအရံများခြင်းကိုလည်းကောင်း ကြည့်ပါ။ ဘုရားတပည့်တော်၏ တန်ခိုးရှိန်စော် အာနုဘော်ကိုလည်းကောင်း ၊ လှပဝါဝင်း ကိုယ်ရောင်အဆင်းကိုလည်းကောင်း၊ တစ်ဆယ်ယူဇနာတောက်ကာ ကွန့်မြူးရောင်ဝါထူးကိုလည်းကောင်း ဘုရားရှင်မျက်မြင်ဖြစ်ပါသည်ဘုရား"

"မြတ်စွာဘုရားရှင်၏ တရားတော်ကို ခဏကြုံနာ့ငြား သတ္တဝါအများတို့သည် ရှည်ကြာမြင့်စွာသော ကာလပတ်လုံး ဝမ်းမြောက်ကြည်သာကြားနာကြရကုန်၏။ ထိုသူတို့ကား အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ အလွန်ရောက်ရကုန်သည်ဖြစ်၍ သောကကင်းစေလျက် မစိုးရိမ် မပူဆွေးကြရကုန်ပါ။ မတုန်လှုပ်ရာ အမှန်မှာ နိဗ္ဗာန်အရပ်သို့ အလျင်ရောက်ကြရပါသည်ဘုရား"

ထို့နောက်ဘုရားရှင်က ဖားနတ်သားနှင့်အတူ ရောက်လာသောပရိတ်သတ်တို့ကို မဂ်ဖိုလ်ရခြင်း၏ ဥပနိဿယ ပြည့်စုံခြင်းအဖြစ်သို့ကြည့်တော်မူရာ တရားတော်ကို အကျယ်အားဖြင့် ဟောတော်မူသည်။

တရားဒေသနာတော်အဆုံးဝယ် ဖားနတ်သားသည် သောတာပတ္တိဖိုလ်၌တည်လေသည်။

ဤပရိသတ်တို့သည် သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိမြင်ကြလေသည်။ ဖားနတ်သားသည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီးလျှင် နတ်ပြည်သို့ပြန်လည်တက်သွားလေသည်။

(ပုရိသဝိမာန မဟာရထဝဂ္ဂ မဏ္ဍုကဒေဝဝိမာနဝတ္ထု)

## ဆတ္တလုလင် နတ်ပြည်စံ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ သေတဗျရွာ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ယောက်သည် သားလေးတစ်ယောက်ကို ရှားရှားပါးပါး ရခဲ့၍ဆတ္တာ ဟူ၍အမည်ပေးထားခဲ့လေသည်။

ဆတ္တာလုလင် ပုဏ္ဏားငယ် အရွယ်ရောက်လတ်သော် မိဘတို့က သားလေးကိုဥက္ကဋ္ဌမြို့ရှိ နာမည်ကျော်ဗေဒ ပါမောက္ခဆရာကြီး ပေါက္ခရသာတိ ပုဏ္ဏားကြီးထံသို့ ဗေဒင်ပညာကို သွားရောက်သင်ယူစေသည်။

ဆတ္တာလုလင်သည် ဉာဏ်ပညာထက်မြက်သည့်အတွက်ကြောင့် လည်းကောင်း၊ ဇွဲလုံ့လဝီရိယရှိစွာဖြင့် ကြိုးစားအားထုတ်၍ သင်သောကြောင့် လည်းကောင်း မကြာခင်ပင်ပုဏ္ဏားတို့တပ်အပ်သော အတတ်ပညာအလုံးစုံ တို့ကို တတ်မြောက်ခြင်းသို့ ရောက်လေသည်။

ဆတ္တာလုလင်သည် အတတ်ပညာတတ်မြောက်ပြီးသော် ဆရာထံ ဝင်ကာ-

"အကျွန်ုပ်သည် ဆရာတို့ထံ၌ အတတ်ပညာကိုသင်ကြားခဲ့ရာ ယခုအခါ အတတ်ပညာကို သင်ကြား၍ တတ်မြောက်ပါပြီ။ ဆရာအတွက် ပေးသင့်ပေးထိုက်သော ဉာဏ်ပူဇော်ခကို အမိန့်ရှိပါဆရာ" ဟုပန်ကြားလေ ပြောသည်။

"ဆရာတို့အတွင် ပညာသင်အဖိုးအခ မည်သည်ကား တပည့်၏ ဥစ္စာပစ္စည်းချမ်းသာဆင်းရဲကို ကြည့်၍ပေးပါသည်။ သို့အတွက် သင်သည် ဥစ္စာအားရှိသူဖြစ်၍ အသပြာတစ်ထောင် ယူလာခဲ့ပါ"

ဆတ္တာလုလင်သည် ဆရာမိန့်ကြားချက်ကို မှတ်သားပြီး မိဘတို့ရှိရာ သေတဗျရွာသို့ ပြန်လာခဲ့သည်။ အိမ်သို့ရောက်လျှင် မိဘတို့ကို ရှိခိုးကာ ပညာသင်ပြီးဆုံးကြောင်း ပြောပြလေသည်။ မိဘတို့က အလွန်ဝမ်းမြောက်ဝမ်း သာရှိကြလေသည်။

ဆတ္တာလုလင်သည် မိဘတို့ထံ ဆရာဉာဏ်ပူဇော်ခ တစ်ထောင်ကို တောင်းပြီး ချက်ချင်းပြန်ရန် စီစဉ်သည်။ သို့သော် ဖခင်က-

"ချစ်သား၊ ယနေ့အချိန်မရှိတော့ပြီ။ နက်ဖြန်မှ သွားပါတော့" ဟု တား၍ဆတ္တာလုလင်သည် မပြန်ဖြစ်တော့ဘဲ အိမ်မှာ ညဉ့်အိပ်ရသည်။

ထိုအချိန်ဝယ် ခိုးသူဓားပြတို့သည် ဆတ္တာလုလင်ဆရာကန်တော့ရန် ငွေတစ်ထောင်ယူပြီး ပြန်မည်ဟူသောသတင်းကို ကြားကြ၍ နံနက်စောစော ကပင် ဆတ္တာလုလင်ပြန်မည့် ခရီးလမ်းတောအုပ်တစ်နေရာသို့ သွားရောက် ကာ စောင့်ဆိုင်းနေကြသည်။ ဆတ္တာလုလင်လာက လူကိုသတ်၍ ငွေကိုယူရန် စီမံထားကြသည်။

ဘုရားရှင်သည်နံနက်မိုးသောက်သော် မဟာကရုဏာတော်ဉာဏ်ဖြင့်

လောကကိုကြည့်သည်ရှိသော် ဆတ္တာလုလင်သည် သရဏဂုံနှင့်သီလတည်ပြီး နောက် ခိုးသားသတ်၍ သေပြီးနောက် နတ်ပြည်ရောက်မည်ကို လည်းကောင်း၊ ထို့နောက် နတ်ပြည်မှ ဗိမာန်နှင့်တကွ မိမိထံလာမည့်အကြောင်းကို လည်းကောင်း ဉာဏ်၌ထင်တော်မူ၍ ရှေးဦးစွာ ကြွတော်မူ၍ ဆတ္တာလုလင် လာမည့်ခရီး တစ်ခုသော သစ်ပင်ရင်းဝယ် ထိုင်နေတော်မူသည်။

ဆတ္တာလုလင်သည် ဆရာ့အား ပူဇော်ရန် ဥစ္စာအသပြာကို ယူ၍ သေတဗျရွာမှ ဥက္ကဋ္ဌမြို့သို့ တစ်ယောက်တည်းထွက်ခဲ့သည်။

လမ်းခရီးတစ်ခုကြား တစ်ခုသော သစ်ပင်ရင်းဝယ် ထိုင်နေသော ဘုရားရှင်ကို တွေ့မြင်သောအခါ ဘုရားရှင်ထံ အနီးသို့ ချဉ်းကပ်သွားမိသည်။

ဘုရားရှင်က-

"အဘယ်အရပ်သို့ သွားမည်နည်း" ဟုမေးသည်။

"အရှင်ဂေါတမ တပည့်တော်၏ ဆရာဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားအား ဉာဏ်ပူဇော်ခ ပူဇော်ရန် ဥက္ကဋ္ဌမြို့သို့ သွားပါမည်ဘုရား"

"လုလင်၊ သင်သည် သရဏဂုံနှင့် ငါးပါးသီလကို သိပါသလော"

"အရှင်ဂေါတမ မသိပါ။ ထိုသရဏဂုံ၊ ငါးပါးသီလတို့ဟူသည် အဘယ်နည်း"

"လုလင်၊ သရဏဂုံနှင့် ငါးပါးသီလသည် ဤသို့သဘောရှိ၏"

ဘုရားရှင်က သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့၏ အကျိုးကျေးဇူးတို့ ကိုအကျယ်တဝင့်ရှင်းပြသည်။

"အရှင်ဂေါတမ၊ တပည့်တော် ထိုတရားများကို သင်ကြားလိုပါ သည်ဘုရား"

"သင်သည် ရှေးဦးစွာ သရဏဂုံသုံးပါး အစီအစဉ်ကို သိအောင် သင်ယူလော့"

"ကောင်းပါပြီ အရှင်ဂေါတမ။ သင်ယူပါမည်ဘုရား"

"လူရောနတ်ပါ ဗြဟ္မာမကျန် သုံးတန်သောသူတို့တွင် လောကဓမ္မ နှစ်ဝအရေး ဆင်ခြင်တွေးထပ်ထပ် ဟောကြားဘတ်သော သူတို့ထက် မနိုင်းယှဉ်အပ် မြင့်မြတ်တော်မူသော သာကီနွယ်ဖွားတိ ရဟန်းမြတ်ဖြစ်တော်မူ သော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ကောင်းစွာအသီးသီး ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော၊ နိဗ္ဗာန်ကျွန်းထက် ကမ်းတစ်ဖက်ကမ်းသို့ ရောက်တော်မူသော၊ ကိုယ်အား ဉာဏ်အား လေးပါးလုံ့လနှင့် ပြည့်စုံတော်

မူသော လူသုံးဦးတို့ ထွတ်မျှားသခင် ဘုရားရှင်သည် ထင်ရှားရှိပါ၏။ ထိုဘုရားရှင်ကို သင်ဆတ္တာလုလင်သည် နောင်သံသရာ ချမ်းသာဖြိုးကြွယ် မငြိုးငယ်ရအောင် ရိုသေလေးမြတ်စွာ ကိုးကွယ်ပါ။

"တပ်မက်ခြင်းတရား အလွန်များသော ရာဂကင်းသော အရိယာမဂ်တရားသည်လည်းကောင်း၊ တုန်လှုပ်တတ်ငြား တဏှာတရားမင်းမှ ကင်းသော စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမရှိသော အရိယာဖိုလ်တရားတို့သည်လည်းကောင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းလေးဖြာတို့ ပြုပြင်ရာ မဟုတ်သော စက်ဆုပ်ဖွယ်ရာ တစ်စုံတစ်ရာမျှ မရှိသော နိဗ္ဗာန်တရားသည်လည်းကောင်း၊ မဂ်နိဗ္ဗာန်တရားသည်လည်းကောင်း သာလွန်ကောင်းမြတ် ချီးမွမ်းအပ်သည် ဖြစ်၍ ကောင်းစွာဝေဖန်အပ်သော ဤပရိယတ်တရားကို နောင်သံသရာ ချမ်းသာဖြိုးကြွယ် မငြိုးငယ်အောင် ကိုးကွယ်ပါ။

လောဘ၊ ဒေါသ၊ မောဟ စသောကိလေသာတို့မှ စင်ကြယ်ကုန်သော၊ မဖောက်မပြန် မှန်ကန်တည့်မတ်သော ယောကျ်ားမြတ်လေးစုံ ဟူကုန်သောမြင့်မြတ်ကျော်မော် အရိယာသံဃာတော်တို့၌ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူတတ်သော အလှူသည် မနှိုင်းယှဉ်အပ်ရာ မြတ်သောအကျိုးရှိသည် ဟူ၍ ကောင်းစွာဟောကြားအပ်ပြီးသော ထိုအရိယာပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင်ကြကုန်ပြီး ဤသံဃာတော်မြတ်တို့ကိုလည်းကိုးကွယ်ပါ"

ဘုရားရှင်က ရဟနာသုံးပါးဂုဏ်နှင့် အကျိုးတို့ကို ဆောက်တည်ပုံနှင့်တကွ ဟောပြတော်မူရာ ဆတ္တာလုလင်သည် အစဉ်အောက်မေ့ခြင်းကို အရင်းပြုပြီး သရဏဂုံကို မိမိနှလုံး၌စွဲထင်လျက်ရှိသော အဖြစ်ကိုဘုရားရှင်အားလျှောက်ထားပြပြီး ဘုရားဟောဂါထာကို ပြန်လည်ရွတ်ဆိုပြသည်။

ဘုရားရှင်သည် ဆတ္တာလုလင်ကို သီလကိုဆက်လက်ဟောပြသည်။ ဆတ္တာလုလင်သည် သီလကိုလည်းဆောက်တည်လေသည်။ ဆတ္တာလုလင်သည်သရဏဂုံနှင့် ငါးပါးသီလကိုဆောက်တည်ပြီးသောအခါ ကြည်လင်သော စိတ်၊ ဝမ်းမြောက်သောစိတ်များ တသိမ့်သိမ့် ခံစားရလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ခရီးဆက်ပါဦးမည်"

ဟုလျှောက်ထားရာ ဘုရားရှင်က သွားခွင့်ပြု၍ ဆတ္တာလုလင်သည် သရဏဂုံနှင့် ငါးပါးသီလကို ဆင်ခြင်ပြီး ဘုရားရှင်ထံမှ ခွဲခွာခဲ့သည်။

ဘုရားရှင်သည်-

"ဤဆတ္တာလုလင်ကား ဤမျှလောက် ကုသိုလ်သည် နတ်ပြည်၌ ဖြစ်ခြင်းငှာ သင်လျော်ပြီ" ဟုသုံးသပ်၍ ဇေတဝန်ကျောင်းသို့ ပြန်လည်ကြွလာခဲ့လေသည်။

ဆတ္တာလုလင်သည် ဆက်လက်ထွက်ခွာခဲ့ရာ ခိုးသူတို့ပုန်းအောင်းချောင်းမြောင်းနေရာ လမ်းခရီးသို့ ရောက်လာသည်။ ခိုးသူတို့သည် ဆတ္တာလုလင်ကို မြင်သောအခါ ပုန်းအောင်းနေရာမှ ထွက်ပြီး ဆတ္တာလုလင်ကိုဖမ်းဆီးနှိပ်စက်ကြသည်။ ဆတ္တာလုလင်သည် ထိုသို့နှိပ်စက်နေစဉ် ရတနာသုံးပါးဂုဏ်ကို အာရုံပြုပြီး ခိုးသူတို့နှိပ်စက်ကြသည့်ကြားမှ ဆက်လက်ထွက်ပြေးခဲ့သည်။

ထိုအချိန်တွင် ခိုးသူတစ်ဦးက အဆိပ်လူးမြားဖြင့် ပစ်ခတ်လိုက်ရာ ဆတ္တာလုလင်သည် အဆိပ်လူးမြားဒဏ်ရာဖြင့် ကွယ်လွန်ခဲ့ရလေသည်။

ထိုခဏမှာပင် ဆတ္တာလုလင်သည် အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတစ်ထောင် ခြံရံလျက် လှည်းအစီး ခြောက်ဆယ်တိုက်မျှ ရှိသော အဆင်တန်ဆာ ဒွါရတို့ဖြင့် တန်ဆာဆင်သော ကိုယ်ရှိသောနတ်သား ဖြစ်လာလေသည်။ ဆတ္တာနတ်သားဗိမာန်၏ အရောင်သည်ကား ယူဇနာနှစ်ဆယ် ကျော်ပျံ့နှံ့လေသည်။

ဤသည်မှာ အနီးကပ် ဆောက်တည်အပ်သော သီလကုသိုလ်ကံကြောင့်အကျိုးပေးမှုဖြစ်ပါသည်။

ဆတ္တာလုလင် သေဆုံးသည်ကို တွေ့မြင်သော သူတို့သည် သေတဗျရွာသို့သွားကာ ဆတ္တာလုလင်၏ မိဘတို့ကို အကြောင်းကြားသည်။ ဥက္ကဋ္ဌမြို့သို့လည်းသွားကာ ဆရာပေါက္ခရသာတိ ပုဏ္ဏားအားလည်း အကြောင်းကြားသည်။

ထိုသတင်းကို ကြားရသော ဆတ္တာလုလင်၏ မိဘဆွေမျိုးတို့သည် ပူဆွေးငိုကြွေးကြကာ ဆတ္တာလုလင် သေဆုံးရာသို့ လာကြသည်။ ပေါက္ခရသာတိဆရာပုဏ္ဏားကလည်း နောက်ပါအခြံအရံများစွာနှင့် လာရောက်လေသည်။

သေတဗျရွာသူရွာသား၊ ဥက္ကဋ္ဌမြို့သူမြို့သားများစွာတို့သည် စုဝေးမိကြပြီး ဆတ္တာလုလင်၏ အလောင်းကို မီးသင်္ဂြိုဟ်ရန် စီမံကြသည်။

ထိုအခါ ဘုရားရှင်သည် -

"ငါကြွရောက်တော်မူသည်ရှိသော် ဆတ္တာလုလင်နတ်သားသည် ငါ့ကို ရှိခိုးခြင်းငှာ လာလတ္တံ့။ လာရောက်ခြင်းအကြောင်းကိုလည်းကောင်း၊ ပြုခဲ့ဖူးသော ကောင်းမှုကံကိုလည်းကောင်း ငါ့အားလျှောက်ထားသည် ရှိသော် ကံ၏အကျိုးကို မျက်မြင်ပြုစေ၍ တရားတော်ကို ဟောကြားအံ့။ ထိုသို့ ဟောကြားအပ်သည်ရှိသော် လူများအပေါင်း သစ္စာလေးပါးတရားကို ထိုးထွင်း သိမြင်လတ္တံ့."

ဟုအကြံဖြစ်တော်မူ၍ ရဟန်းအပေါင်းခြံရံလျက် ထိုဆတ္တာလုလင် အလောင်း သင်္ဂြိုဟ်ရန် အရပ်သို့ကြွပြီးလျှင် သစ်ပင်တစ်ပင်ရင်း၌ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်ပြီးထိုင်နေတော်မူသည်။

ထိုအချိန်တွင် ဆတ္တာနတ်သားသည် မိမိရရှိနိုင်သော စည်းစိမ်ကို ဆင်ခြင်ပြီး ထိုနတ်စည်းစိမ်ချမ်းသာရခြင်း၏ အကြောင်းကို စဉ်းစားမိသည် ရှိသော် သရဏဂုံသုံးပါးတည်းခြင်းနှင့် ငါးပါးသီလ ဆောက်တည်ခြင်း၏ အကျိုးကို မြင်သည်။ အလွန်အံ့သြသော စိတ်ဖြစ်မိသည်။ ကောင်းစွာ ကြည်ညိုသောစိတ်များ ဖြစ်မိသည်။

"ငါသည် ယခုပင်လျှင် သွား၍ဘုရားရှင်ကိုလည်းကောင်း၊ ဘုရားရှင် ၏တပည့်သား သံဃာတော်များကိုလည်းကောင်း ရှိခိုးအံ့၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်း လူအပေါင်း၏ မျက်မှောက်၌ပင်လျှင် ထင်ရှားသည် ကိုပြုပေအံ့" ဟုကျေးဇူးတရားသိမှုကို အမှီပြု၍ အလုံးစုံသော ထိုတောအရပ် ကိုတစ်ပြိုင်နက်သော အလင်းရောင်တို့ကို ထွန်းလင်းတောက်ပစေလျက် နေထိုင်ရာ ဘုံဗိမာန်နှင့်တကွ လာသည်။ ထို့နောက် ဗိမာန်မှ ဆင်းသက်လာ ပြီးများစွာသော အခြံအရံနှင့်တကွ ကိုယ်ထင်ပြပြီး ဘုရားရှင်ခြေရင်းသို့ လာကာ ရိုသေစွာခြေထောက်ကို ဦးတိုက်ရှိခိုးပြီးလျှင် လက်အုပ်ချီကာ သင့်တော်ရာ နေရာ၌နေလေသည်။

ထိုအခြင်းအရာကိုမြင်၍ လူများအပေါင်းသည်-

"ဤပုဂ္ဂိုလ်သည်ကား နတ်လေလား၊ ဗြဟ္မာလေလား၊ အဘယ်သူ ဖြစ်သနည်း"ဟုအံ့ဖွယ်သရဲ ထူးကဲသော စိတ်ဖြစ်ကြလျက် ဘုရားရှင်ရှိရာသို့ လာကြပြီး ဘုရားရှင်ကို ဝိုင်း၍ခြံရံ၍ နေကြလေသည်။

ဘုရားရှင်သည် လူအများ ထင်ရှားသိစေခြင်းငှာ နတ်သားကို မေးသည်။

"နှိုင်းယှဉ်စရာ ဥပမာမရှိအောင် များမြောင်လှစွာသော အရောင်အဆင်းရှိသည့် သင်၏ ဘုံဗိမာန်သည် ကောင်းကင်ပြင်၌ ထွန်းလင်းတောက်ပသည့်နည်းတူ ဖုဿမည်သော ကြယ်တာရာသည်လည်း မထွန်းလင်းမတောက်ပနိုင်။ လရောင် နေရောင်သည်လည်း မထွန်းပြောင်နိုင်။ ရောင်ဝါတင့်လျှမ်း နတ်နန်းဆောင်ပျံ ဘုံဗိမာန်နှင့်တကွ အထက်နတ်ပြည်မှ လူတို့မြေပေါ်သို့ သက်ဆင်း၍လာသော သင်သည်ကား မည်သူနည်း။

"ထက်ဝန်းကျင်တွင် စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်း၍ တင့်တယ်ခြင်းရှိသော ဗိမာန်သည် နေ၏အရောင်တို့ကို ဖြတ်တောက်ပယ်ဖျောက်၏။ ထိုဗိမာန်၏ အရောင်သည် နှစ်ဆယ့်ငါးယူဇနာတိုင်တိုင် ပျံ့နှံ့၍တည်၏။ ညဥ့်ကိုပင်သော်လည်း နေကဲ့သို့ ပြုနိုင်၏။

"များပြားလှစွာ ပဒုမ္မကြာမျိုး ဆန်းကျယ်သော ပုဏ္ဍရိပ်ကြာဖြူမျိုးလည်းရှိသော ပန်းတို့ဖြင့် ပြွမ်းကာ များစွာဆန်းကြယ်သော အညစ်အကြေးကင်းသည်ဖြစ်၍ အညစ်အကြေးကင်း သန့်ရှင်းသည် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းသော ဘုံဗိမ္မာန်သည် ကောင်းကင်၌ နေကဲ့သို့ ထွန်းလင်းတောက်ပဘိ၏။"

"ကောင်းကင်ပြင်သည် ကြယ်တာရာတို့ဖြင့် ပြည့်သကဲ့သို့ နီသောအရုံ ရွှေသောအဝတ်ရှိသော အကျော် ဥပသကာ စန္ဒကူးနံ့သာတို့ဖြင့် မွမ်းထုံအပ်ကုန်သော ၊ ရွှေအဆင်းနှင့်တူသော၊ သိမ်မွေ့နူးညံ့သော အရေအဆင်းရှိကုန်သော နတ်သမီးတို့ဖြင့်လည်း ပြည့်ဘိ၏။"

"အမျိုးမျိုးအဖုံဖုံ ရှုချင်စဖွယ်သော အဆင်းရှိကုန်သော နတ်မင်းတို့ဖြင့်ဆင်ယင်အပ်သော တန်ဆာရှိကုန်သော၊ ဝမ်းမြောက်သော စိတ်ရှိကုန်သော၊ ဆံထုံးစသည်တို့၌ ရွှေစည်းကြိုး အစရှိသည်တို့ဖြင့် ဖွဲ့ယှက်အပ်ကုန်သော၊ ရွှေတန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော နတ်သားနတ်သမီးတို့သည်လည်းသင်နေထိုင်ရာ ဗိမာန်၌ များပြားကုန်၏။ လေတိုက်ခတ်သဖြင့် ကြွေကျကုန်သောပန်းတို့သည် သင်နေထိုင်ရာ ဤဗိမာန်ကြီးအတွင်း၌ မွှေးကြိုင်သောရနံ့တို့သည် ပျံ့နှံ့လှိုင်စေကုန်၏။"

"ဤကဲ့သို့ ပွားတိုး၊ ဤကဲ့သို့သော အကျိုးသည်အဘယ်တရားကိုစောင့်စည်း ရရှိသည့်အကျိုးပါနည်း။ အဘယ်အကုသိုလ်ပြု၍ သင်သည်ကြီးမားသာယာ ရောင်ဝါဝင်းလျှံ၍ ဗိမာန်ကြီးဖြင့် လာရပါသနည်း။ ဤဗိမာန်ကြီးရလာပုံ အခြင်းအရာကို ငါဘုရားအား ပြောကြားပါလော့"

ထိုအခါ ဆတ္တာလုလင် ဘဝပြောင်းနတ်သားသည် မိမိ၏ဘဝ

ဖြစ်စဉ်နှင့်တကွ ဘုရားရှင်က သရဏဂုံတင်ခိုင်းပုံ၊ ငါးပါးသီလ ဟောပြောပြီး စောင့်ထိန်းခိုင်းပုံနှင့် နောက်ခိုးသားတို့က ဖမ်းဆီးသတ်ဖြတ်ပုံအကြောင်းစုံ ကိုလျှောက်ထားလေသည်။

ထို့နောက် ဆတ္တာလုလင် နတ်သားက ဆက်၍လျှောက်ထားသည်မှာ-

"မြတ်စွာဘုရား၊ တပည့်တော်မှာ အခြားကုသိုလ်ဆိုတာ မရှိပါ။ သရဏဂုံနှင့် ငါးပါးသီလ စောင့်ထိန်းခဲ့သော ကုသိုလ်ထူးသာရှိခဲ့ပါသည် ဘုရား။ ထိုကျင့်ကြံခဲ့သော ကုသိုလ်သုစရိုက်ကြောင့် နတ်ပြည်၌ဖြစ်ရပြီး ဤကဲ့သို့သော လိုရာအားလုံး ကာမဂုဏ်တို့နှင့် ပြည့်စုံရပါသည်ဘုရား။"

"မြတ်စွာဘုရား တစ်ခဏမျှ စောင့်စည်းရသော သီလ၏လည်း ကောင်း တရားနှင့်လျော်စွာ ကျင့်ကြံရသော အကျင့်၏လည်းကောင်း အံ့ဖွယ်လွန်ကြူး အကျိုးထူးကို ရရှိတော်မူပါသည်ဘုရား။ တပည့်တော်ထက် စည်းစိမ်အောက် တန်းကျသော နတ်များသည် တန်ခိုးကြီးမားသော အခြံအရံများဖြင့် ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပသကဲ့သို့သော တပည့်တော်လို ကောင်းစွာနာ ကြားကြပါမူ အသက်သေခြင်းမရှိသော နိဗ္ဗာန်သို့ မုချမသွေ ရောက်ကြမည် သာ ဖြစ်ပါသည်ဘုရား။

"ဝိပဿီ စသော ရှေးဘုရားတို့၏ ထုံးသွားစဉ်လာကောင်းသော လားခြင်းရှိတော်မူသော ဘုရားရှင်၏ တရားတော်၌ အနည်းငယ်မျှ ပြုလုပ်ရသောကုသိုလ်သည် များစွာ ဖွံ့ဖြိုးကြီးမားသော အကျိုးရှိပါပေ၏။ ပြန့်ပြောထယ်ဝါ များမြတ်လှပါ၏။ ကြည့်ပါဘုရား ဆတ္တာလုလင်ဟု နာမကင်ရှားစည်းစိမ်များသော နတ်သားသည် ပြုလုပ်ခဲ့သော ကောင်းမှုရှိသောကြောင့် နေမင်းသည် မိုးအောက်သိမ်းကျုံး မြေပြင်လုံးကို ရောင်တဝင်းဝင်း ထွန်းလင်းစေသကဲ့သို့ မြင်ရသူငေးရလောက်အောင် အလင်းရောင်ဖြင့် ဝင်းပြောင်လက်ဝေ ထွန်းလင်းစေနိုင်ပါ၏ဘုရား။

"မြတ်စွာဘုရား ယုံကြည်သဒ္ဓါ ပညာနည်းပါး အချို့ကုန်သော လူသားတို့သည် စွန်ကြဲ လှူဒါန်း ကျင့်ခန်းထိုထို ဤကုသိုလ်ဟူသည် အဘယ်သို့ပါနည်း။ ဤကုသိုလ်ကို ငါတို့သည် အဘယ်သို့လျှင် ကျင့်နိုင်ပါအံ့နည်းဟူ၍ ပေါင်းစုဝေးကာ တိုင်ပင်စည်းဝေး ပြောဆိုကြပါကုန်၏။ ပထဝီမြေကြီးကို ထက်အောက်ပြောင်းပြန် တွန်းကာလှန်ရသကဲ့သို့လည်းကောင်း၊ လေးကျွန်း မြင့်မိုရ်တောင်ကြီးကို မဖြစ်မနေ မြှောက်ချီရသကဲ့သို့လည်းကောင်း၊ လွယ်ကူ

ရန် လွန်စွာခဲယဉ်းလှသည် ဟူ၍ဆင်ခြေပေး၍ ကုသိုလ်ပြုရန် ဆွေးနွေး ကောင်း ဆွေးနွေးကြပါလိမ့်မည်ဘုရား။ အမှန်မှာ တပည့်တော်တို့သည် လူ့ပြည်သို့ တစ်ဖန်ရလာပြန်လျှင် ကုသိုလ်ကိုပြု၍ သီလကို ထိန်းသိမ်း၍ နေရမည်ဖြစ်ပါသည်ဘုရား။

"မြတ်စွာဘုရား တပည့်တော်ကို အရှင်ဘုရားသည် နှိုင်းရာမမြင် တကယ်ပင် ထွေထူးများစွာသော ကျေးဇူးကို ပြုတော်မူခဲ့ပါ၏ ဘုရား။ ထိုကျေးဇူးကြောင့် ဤစည်းစိမ်ကို ခံစားရပါသည်ဘုရား။ ယခုအခါမှာလည်း တပည့်တော်ကို အစဉ်သဖြင့် တရားတော်ကို ဟောကြားပေးပါဦးဘုရား"

ဆတ္တာလုလင်နတ်သားက တရားတော်နာရသည်ကို အားမရနိုင် သည်ကိုလျှောက်ထားသောအခါ ဘုရားရှင်သည် နတ်သားကိုလည်းကောင်း၊ အနီးအနားရှိ ပရိသတ်တို့အားလည်းကောင်း တရားကို ဆက်လက်ဟော တော်မူသည်။

တရားတော်၏အဆုံး၌ ဆတ္တာလုလင် နတ်သားသည်လည်း ကောင်း၊ ဆတ္တာလုလင်၏ မိဘတို့သည်လည်းကောင်း သောတပတ္တိဖိုလ်၌ တည်ကြသည်။ ပရိတ်သတ်အပေါင်းမှာလည်း သစ္စာလေးပါးကို သိမြင်ကြလေ သည်။

"မြတ်စွာဘုရား၊ ရှေးပါရမီ ပြည့်စုံကြသော အကြင်ပုဂ္ဂိုလ်အပေါင်း တို့သည် အရှင်ဘုရား၏ သာသနာတော်ကြီး၌ ကျင့်ကြကုန်သည်ဖြစ်၍ ကာမဂုဏ်တို့ကို ခုံမင်နှစ်သက်ခြင်းကို ပယ်စွန့်နိုင်ကြပါကုန်၏။ ထိုပုဂ္ဂိုလ် တို့သည် အမိဝမ်းတွင်း၌ ပဋိသန္ဓေနေခြင်းကို မကပ်ရောက်ရပါကုန်တော့။ အကြင်ပုဂ္ဂိုလ်တို့သည် တွေဝေတတ်ငြား မောဟတရားကို ပယ်စွန့်၍ ရူပဘုံ ဝယ်ငြိတွယ်တတ်သော ဘဝရာဂကိုလည်း ပယ်စွန့်နိုင်ကြပါကုန်၏။ ထိုပုဂ္ဂိုလ် တို့သည်လည်း အမိဝမ်း၌ ပဋိသန္ဓေနေခြင်းကို မကပ်ရောက်ကြရပါကုန်။ ယခုလျှောက်ထားသော စကားသည် အမှန်ဖြစ်ပါသည်ဘုရား။ ကိလေသာ၊ ကုန်ခန်းသော ယောကျာ်းမြတ်သည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ပြည်နိဗ္ဗာန်သို့ သွားရောက်ကြရပါကုန်၏ ဘုရား"

ဆတ္တာလုလင်နတ်သားသည် မိမိသောတာပန်တည်ကြောင်းကို ဘုရားရှင်အားလျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးလျှက် လက်ယာရစ်သည်ကို ပြုကာ ရဟန်းသံဃာတော်တို့အား ရိုသေလေးမြတ်သော အမူအရာကို ပြု၍ အမိအဖတို့ကို ပန်ကြားပြီးလျှင် နတ်ပြည်သို့ ပြန်တတ်သွားလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

ဘုရားရှင်သည် ရဟန်းသံဃာများနှင့်တကွ နေရာမှထကာ ကြွသွားလေတော်မူသည်။ လုလင်၏ အမိအဖနှင့်တကွ ပေါက္ခရသာတိ ပုဏ္ဏားစသောပရိသတ်တို့သည် ဘုရားရှင်နောက်သို့ အတန်ငယ်အစဉ် လိုက်ပို့ကြပြီး နောက်မိမိတို့နေထိုင်ရာ အသီးသီးသို့ ပြန်လာခဲ့ကြတော့သည်။

(မဟာရထဝဂ္ဂ ဆတ္တမာဏဝိက ဝတ္ထု)

ကျွန်မ ငွေကြေးကံ ပြန်ဆပ်ပါသည်

ကျွန်မနှင့်ကိုသည် အိမ်နီးနားချင်းလည်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ငယ်စဉ်ကပင် ကစားဖော် ကစားဖက်လည်း ဖြစ်ပါသည်။

သို့သော် သူက သူဌေးသား၊ ကျွန်မက သာမန်သူကြွယ်သမီးဖြစ်ခဲ့ပါသည်။ တစ်ဦးနှင့် တစ်ဦး ချစ်ခင်မြတ်နိုး၍ လက်ထပ်ခဲ့သောကိုသည် လက်ထပ်ပြီး၍ (၇) ရက်မျှသာ ကြင်နာမြတ်နိုးခဲ့သည်။

ရှစ်ရက်မြောက်သောနေ့ကစပြီး ကျွန်မကို အမုန်းကြီးမုန်းကာ အပြစ်မရှိ အပြစ်ရှာ အမြဲရိုက်နှက်ပါတော့သည်။

ကျွန်မသည် ကိုယ်ကို ဘာအပြစ်ရှိပါလိမ့်မလဲဟု စဉ်းစားဆင်ခြင်ပြီးအမြဲအပြစ်ကင်းအောင် နေခဲ့ပါသည်။

သို့သော် ကိုသည် ကျွန်မကို အကြောင်းတစ်ခု၊ အပြစ်တစ်ခုအမြဲပြုပြီးရိုက်နှက်နှိပ်စက်ပါသည်။ သူသည် ကျွန်မကို ရိုက်နှက်ဆုံးမရန် ကြိမ်လုံးကစ်လုံးပင် အမြဲဆောင်ထားပါသည်။

ကျွန်မသည် သားကိုသခင်၊ လင်ကိုဘုရား သဘောထားပြီး လင်နှိပ်စက်သမျှ သည်းခံပြီးနေခဲ့ရပါသည်။ သို့သော် ကျွန်မဘဝအရိုက်အနှက်မခံရသောနေ့ဟူ၍ မရှိခဲ့ပါ။

ကျွန်မ၏ နေ့စဉ်အရိုက်ခံနေရသော အခြင်းအရာကို မြင်ကြသောအိမ်နီးနားချင်းတို့က-

"ရှင်မ၊ ညည်းဟာအပြစ်လည်းမပြု၊ လင်ကိုလည်း ရိုသေစွာလုပ်ကျွေးနေလျက် သင်၏လင်သည် သင့်ကိုအလိုမကျ၊ အမြဲနှိပ်စက်နေသည်။ သင့်မှာ တစ်စုံတစ်ခုသော အကုသိုလ်ကံသည် ရှိနေသည်ဖြစ်မည်။ သင်သည်ဘုရားရှင်ထံသို့ သွား၍သင့်၏ဘဝ ဝဋ်ကြွေးအကုသိုလ်ကံကို မေးလျှောက်သင့်သည်" ဟုအကြံပေးကြသည်။

သို့အတွက် ကျွန်မသည် တစ်နေ့တွင် ဘုရားရှင်ထံသို့ သွားရောက်ပြီးခံစားရသော ဝဋ်ဒုက္ခကြွေးကို လျှောက်ထားမိပါသည်။

ထိုအခါ ဘုရားရှင်က ကျွန်မဘဝ၏ အတိတ်ဇာတ်ကြောင်းကို မိန့်ကြားသည်မှာ-

တစ်ချိန်က လယ်ယာကျွဲနွား ပိုင်ဆိုင်ခဲ့သော လယ်သမားတစ်ဦးသည်သူပိုင်ဆိုင်သော ကျွဲနွားအုပ်စုထဲမှ နွားထီးကြီးတစ်ကောင်ကို အလုပ်ခွင်သို့မောင်းနှင်သွားတိုင်း ဆဲဆိုတိုင်းထွာလျက် ကြိမ်လုံးဖြင့် အကြောင်းမဲ့ အမြဲရိုက်လေ့ရှိသည်။

ထိုနွားကြီးမှာ နေ့စဉ်လိုလို သခင်၏ ရက်စက်စွာ ရိုက်နှက်ခံရမှုကြောင့်တစ်နေ့တွင် နာဖျားပြီး သေဆုံးခဲ့သည်။

နောက်ဘဝတစ်ခုတွင် ဤမြို့၌ သူဌေးသားတစ်ဦးဖြစ်လာခဲ့ရသည်။

နွားရှင်လယ်သမားသည်လည်း နွားထီးကြီးနှင့် မရှေးမနှောင်းပင် ကွယ်လွန်ခဲ့ရာ ထိုပတ်ဝန်းကျင်မှာပင် သူကြွယ်၏ သမီးဖြစ်လာရသည်။

ဤသည်မှာ ကျွန်မတို့နှစ်ဦး၏ အတိတ်ဘဝက ဖြစ်ခဲ့သော ဇာတ်ကြောင်းဟု ဘုရားရှင်က မိန့်ကြားခဲ့ပါသည်။

ဘုရားရှင်ကဆက်လက်၍-

"ချစ်သမီး၊ သင်သည် ယခင်ဘဝက ကျွဲပိုင်ရှင်ဖြစ်ခဲ့သည်။ သင်၏ခင်ပွန်းသည် သင်၏ ခိုင်းနွားတစ်ကောင် ဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က သင်ချစ်သမီးသည် အပြစ်မရှိလည်း အမြဲတစေ ကြိမ်ဖြင့်ရိုက်ခဲ့ဖူးသဖြင့် ဝဋ်ကြွေးအမျှင်သည် သင့်အားပြန်လည်ရစ်ပတ်ခဲ့သဖြင့် ယခုဘဝတွင် သင်သည်သူဌေးကတော်ပင် ဖြစ်လင့်ကစား နွားပမာ အရိုက်ခံသည်မှာ အတိတ်ဘဝကပြုခဲ့သော အကုသိုလ်ကံဝဋ်ကြွေးကြောင့် ဖြစ်သည်။ သို့သော် သင်၏ဝဋ်ကြွေးကုန်ရန်ခုနစ်ရက်ခန့်သာ လိုပါတော့သည်။ ဆက်လက်သည်းခံပါလေ။ ရတနာသုံးပါးကို မပြတ်သည်းကပ်ပါလေ" ဟုမိန့်ကြားတော်မူပါသည်။

ထိုအချိန်မှစ၍ သူဌေးကတော် ကျွန်မသည် သတိသံဝေဂကြီးစွာရမိပါသည်။ ဝဋ်ကြွေးအတွက် ခါးစည်းခံတော့မည်ဟု ဆုံးဖြတ်ချက်နှင့် သီလဆောက်တည်သည်။ သူဌေးသား၏ ရိုက်သမျှကို သည်းခံနေခဲ့သည်။

ဤသို့ဖြင့် (၇) ရက်မြောက်သောနေ့ ရောက်လာသည်။ သူဌေးသားအပြင်ထွက်သွားပြီး ပြန်လာချိန်တွင် ကျွန်မသည် သူဌေးသားအား အရံသင့်ဆောင်ထားသော ကြိမ်လုံးကိုယူပြီး ရိုသေစွာ ပေးလျက်-

"အရှင့်သား ၊ ကျွန်မအား ရိုက်နှက်ပါလော့"

ကျွန်မသည် ထိုသို့ပြောပြီး အရဲသင့် ကြမ်းပြင်တွင် ကျောခင်းပေးလိုက်ပါသည်။

"ရှင်မ၊ ငါမရိုက်တော့"

သူဌေးသားသည် ထိုသို့ဆိုပြီး ကြိမ်ကိုချကာ ထွက်သွားလေသည်။ ထိုနေ့ ထိုအချိန်မှစ၍ ကျွန်မသည် ဝဋ်ကြွေးအကုသိုလ် ကုန်ခဲ့ပြီး သူဌေးသား၏ ချစ်မြတ်နိုးခြင်းကို ခံရပါတော့သည်။

ကံဝဋ်ကြွေးဟူသည် အတုံ့အပြန် ရှိသည်ကိုကျွန်မ ဘဝအဖြစ် အပျက်က သက်သေခံနေပါတော့သည်။

## သစ်ခက်တဲဆောက်လှူခဲ့ နတ်ပြည်စံ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် ရဟန္တာသုံးပါးသည် ရွာငယ်တစ်ခု၌ ဝါဆိုကြပြီးနောက် ဝါကျွတ်သောအခါ ဘုရားရှင်ကို ဖူးမြော်ရန် ရာဇဂြိုဟ်မြို့သို့ ကြွလှမ်းခဲ့ကြသည်။

ခရီးအကြာဝယ် ညနေချမ်းသို့ ရောက်လာသောအခါ ခရီးဆက်ရန် မသင့်၍ ရွာငယ်တစ်ရွာရှိ မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတစ်ဦး၏ ကြံခင်းအနီးသို့ကြွလာပြီးလျှင် ကြံခင်းစောင့်ကို မေးကြသည်။

"ဒါယိကာ၊ ယနေ့ ငါတို့ ရာဇဂြိုဟ်ပြည်သို့ ရောက်နိုင်ပါသေးသလော"

"အရှင်ဘုရားတို့၊ ယနေ့မရောက်နိုင်တော့ပါ။ ရာဇဂြိုဟ်သည် ဤအရပ်၌ပင်လျှင် ယူဇနာခွဲမျှ ဝေးကွာပါသေးသည် ဘုရား၊ အရှင်ဘုရားတို့သည်ဤအရပ်၌ပင်လျှင် ယနေ့ည သီတင်းသုံးတော်မူကြပါ။ နက်ဖြန်ကျမှ ကြွတော်မူကြပါကုန် ဘုရား"

"ဒါယိကာ၊ ဤအရပ်၌ သီတင်းသုံးရန် တစ်စုံတစ်ခုသော သင့်တော်သောနေရာရှိပါသလော"

"အရှင်ဘုရားတို့ သင့်တော်သောနေရာ အဆင်သင့်မရှိပါ။ သို့သော်လည်းတပည့်တော်သည် အရှင်ဘုရားတို့အတွက် သီတင်းသုံးဖို့ရာ အဆင်သင့် ဖြစ်ရန် စီမံပေးပါမည်ဘုရား"

ထိုအခါ မထေရ်မြတ်တို့သည် ကြံခင်းစောင့် ဒါယိကာ၏ တောင်းပန်လျှောက်ထားချက်ကို သည်းခံတော်မူကြလေသည်။

ကြံခင်းစောင့်သည် ကြံပင်တို့ကို သစ်ခက်မဏ္ဍပ်အသွင် တုတ်ချောင်းဖြင့်ဖွဲ့ချည်၍ ကြံရွက်တို့ကိုမိုးပြီးလျှင် အောက်မှကောက်ရိုးခင်း၍ မထေရ်တစ်ပါးကို လှူဒါန်းသည်။

ဒုတိယမထေရ်အား ကြံရိုး သုံးချောင်းတို့ဖြင့် တုတ်သုံးချောင်း၊ သစ်ခွ ထိုးသကဲ့သို့ အကျဉ်းစုချည်၍ မြက်ဖြင့်မိုးကာ အောက်မှလည်း မြက်အခင်းပြုလုပ်ကာ လှူဒါန်းသည်။

တတိယမထေရ်အား မိမိနေသောတဲကို နှစ်ချောင်း သုံးချောင်းသော တုတ်ချောင်းတို့ကို ထောက်ပြီး သစ်ခက်ဖြင့်ကာသည်။ သက်နီးဖြင့်မိုးကာ သက်နီးကျောင်းပြုလုပ်၍ လှူဒါန်းလေသည်။

ရဟန္တာသုံးပါးတို့သည် ကြံခင်းစောင့်လှူသော တဲကျောင်း အသီးသီး၌ဝယ် တစ်ညတာ ကျိန်းစက်ကြသည်။ နံနက်မိုးလင်းသော် ကြံခင်းစောင့်သည် နံနက်စောစောကပင် ဆွမ်းချက်၍ ဒန်ပူ မျက်နှာသစ်ရေတို့ကို ကပ်လှူပြီး ကြံရည်နှင့်ဆွမ်းကို ကပ်လှူလေသည်။

ရဟန္တာတို့သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာ တရားချီးမြှင့်ကြသည်။ ကြံခင်းစောင့်သည် ရဟန္တာတစ်ပါးလျှင် ကြံတစ်ချောင်းစီကိုပါ လှူဒါန်းလိုက်လေသည်။

"ဤကြံလှူရသော ကုသိုလ်သည် တပည့်တော် အဖို့ဖြစ်ပါစေဘုရား" ဟုလျှောက်ထားပြီး မထေရ်တို့ကို ခရီးအတန်ငယ်လိုက်ပို့သည်။ ထို့နောက်လျှင် ကျောင်းဖြင့်ပြုအပ်သော ဝေယျာဝစ္စကိုလည်းကောင်း၊ အလှူဒါနကိုလည်းကောင်း အာရုံပြု၍ မွန်မြတ်သော နှစ်သက်ဝမ်းမြောက် သောစိတ်ကို ခံစားလျက် မိမိအိမ်သို့ ပြန်လာခဲ့သည်။

ထိုအချိန်တွင် ကြံခင်းပိုင်ရှင် မိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီးသည် ကြံခင်းသို့ နံနက်စောစော လာခဲ့ရာလမ်းတွင် ရဟန္တာမထေရ်များနှင့် ရင်ဆိုင်တွေ့မိသည်။ ရဟန္တာတို့ထံ၌ ကြံအသီးသီးကို တွေ့မြင်ရသော် -

"အသင်တို့ ဤကြံကိုအဘယ်မှ ရခဲ့ပါသနည်း" ဟုဆီး၍မေးသည်။

"ကြံခင်းစောင့်က လှူလိုက်၍ရသည်"

ရဟန္တာတို့ထံမှ ထိုစကားကိုကြားလိုက်သောအခါ ပုဏ္ဏားကြီးသည် ဒေါသအမျက်ချောင်းချောင်း ထွက်လျက် တဖျစ်တောက်တောက် မြည်တွန်

ကာဒေါသနှိပ်စက်သည်ဖြစ်၍ ကြံခင်းစောင့်နောက်သို့ လိုက်ပြီး နောက်ကနေ တင်းပုတ်ဖြင့် တအားရိုက်ချလိုက်လေသည်။

ကြံခင်းစောင့်သည် ထိုတင်းပုတ်တစ်ချက်တည်းဖြင့်ပင် ထိုနေရာ၌ လဲကျသေဆုံးလေသည်။

ထိုကြံခင်းစောင့်သည် မိမိပြုလုပ်ခဲ့သော ကောင်းမှုကိုပြုလုပ်ဆင်ခြင်၍သွားနေစဉ် သေရသောကြောင့် တာဝတိံသာနတ်ပြည်ဝယ် သုဓမ္မာနတ်သဘင်၌ အိပ်သောယောက်ျား နိုးသောလားသို့ နတ်သားဖြစ်ရလေသည်။ ထိုနတ်သားသည် ဘုန်းတန်ခိုးအာနုဘော်ကြောင့် ကိုယ်လုံးဖြူသည့် ကြီးစွာသောနတ်ဆင်ယာဉ်ပျံသည် ဖြစ်ပေါ်လာရလေသည်။

ကြံခင်းစောင့်ယောက်ျား သေဆုံးသောသတင်းကို ကြားရ၍ မိဘဆွေမျိုးတို့သည် ငိုယိုပူဆွေးကြလျက် ကြံခင်းဆီသို့ ရောက်လာကြသည်။ မိဘတို့သည် သားအလောင်းကို ထိုနေရာ၌ပင် မီးသင်္ဂြိုဟ်ရန် စီမံဆောင်ရွက်ကြလေသည်။

ထိုအချိန်မှာပင် နတ်သားသည် နတ်ဆင်ပျံကိုစီး၍ အလုံးစုံသောမောင်းကြေးနင်းစသော တူရိယာတီးသူအပေါင်းခြံရံလျက် တူရိယာငါးပါးတီးမှုတ်ဖျော်ဖြေမှုနှင့် နတ်သမီးအပေါင်းခြံရံကာ ကြီးစွာသော နတ်တန်ခိုးဖြင့် နတ်ပြည်မှ ဆင်းသက်လာခဲ့လေသည်။ နတ်သားသည် မိမိ၏ အခြံအရံတို့ကို ပရိသတ်တို့ကိုမြင်စေလျက် ကောင်းကင်၌ ရပ်တည်နေလေသည်။

ထိုအခါ ပရိတ်သတ်ထဲမှ လိမ္မာကျွမ်းကျင်သော အမျိုးသားတစ်ယောက်သည်-

" ရှေးကပြုခဲ့ဖူးသော ကောင်းမှုကြောင့် နတ်၌ဖြစ်သော ဆင်ဖြူရတနာ၊ ဆင်ပျံဖြင့် ကောင်းကင်၌ ရပ်တည်နေပြီး တူရိယာငါးပါးဖြင့် သာယာငြိမ့်ညောင်းစွာ တီးမှုတ်လျက် တင့်တယ်စွာ အပူဇော်ခံနေသော သင်သည် အဘယ်သူနည်း။ သာမညနတ်သားလော၊ ဂန္ဓဗ္ဗနတ်မျိုး နတ်နွယ်လော၊ တာဝတိံသာက သိကြားမင်းလော၊ ဒါမှမဟုတ် ပြဟ္မာလော၊ သေချာစွာသိအောင်ပြောပြပါ" ဟုမေးသည်။

"ငါသည် မထင်မရှား သာမညနတ်သားလည်းမဟုတ်ပါ။ ဂန္ဓဗ္ဗနတ်လည်းမဟုတ်ပါ။ သိကြားမင်းလည်း မဟုတ်ပါ။ နတ်ပြည်၌ စည်းစိမ်ပြည့်လျှမ်းသော သုဓမ္မာနတ်ဆိုတာ ရှိပါသည်။ ငါသည် ထိုသုဓမ္မာနတ်မျိုးဖြစ်ပါသည်။

"ငါသည် ယခင်က ကြံခင်းစောင့်အလုပ်သမား ဖြစ်ပါသည်။ ရဟန္တမထေရ်သုံးပါးကို ကြံရှက်မိုးကျောင်း၊ မြက်မိုးကျောင်း၊ အဝတ်မိုးကျောင်း တို့ကို ပေးလှူခဲ့ပါသည်။ တတ်စွမ်းသမျှသော ဆွမ်းနှင့်အဖျော်ကို ပေးလှူခဲ့ပါ သည်။ ဤကောင်းမှုကြောင့်သာ တာဝတိံသာနတ်ပြည်ဝယ် တန်ခိုးအရှိန် ကြီးမားသော သုဓမ္မာနတ်မျိုး၌ ဖြစ်ရပါသည်"

နတ်သားသည် မိမိ၏ပြုရသော ကုသိုလ်ကံနှင့်ခံစားရသော အကျိုးတို့ကို ပြောပြပြီးလျှင် မိဘဆွေမျိုးတို့ကို သက်သာရာရစေပြီးနောက် တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားလေသည်။

ထိုအရပ်၌နေသော သူတို့သည် ရတနာသုံးပါး၌ ယုံကြည်သူများ များပြားကြပြီးလျှင် လှည်းနှင့်အပြည့် လှူဖွယ်ဝတ္ထုများကို တင်ဆောင်ကာ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ကြလေသည်။

**(မဟာရထဝဂ္ဂ တတိယနာဂဝိမာနဝတ္ထု)**

ဆံပင်ကိုဖြတ်၍ ဆွမ်းကပ်ခဲ့ရသော
ကုသိုလ်ကံ၏ လက်တွေ့ကောင်းကျိုးချမ်းသာ

ဥဇ္ဇေနီပြည်ဝယ် တေလပနာဠိ အမည်ရှိသော နိဂုံးရွာတစ်ရွာ၌ သူဌေးသမီး နှစ်ယောက်ရှိလေသည်။

ထိုနှစ်ယောက်တွင် တစ်ယောက်သော သူဌေးသမီး၏ မိဘတို့သည် ဥစ္စာပစ္စည်းဆုတ်ယုတ်သွားပြီး တဖြည်းဖြည်းဆင်းရဲသွားကြသည်။ ထိုသူဌေး သမီး၏ မိဘတို့မှာ ဆင်းရဲစဉ်မှပင် ကွယ်လွန်ခဲ့ကြသည်။

သူဌေးသမီးသည် မိဘတို့ကွယ်လွန်သော် အထိန်းသည်မကို အမှီ ပြု၍အသက်မွေးဝမ်းကျောင်း ပြုရလေသည်။

ဆင်းရဲသွားသော သူဌေးသမီးသည် လူသာဆင်းရဲသော်လည်း ရုပ်ရည်ကြန်အင် လက္ခဏာမှာ အလွန်လှပတင့်တယ်သည်။ အထူးသဖြင့် သူမ၏ ဆံပင်တို့သည် အလွန်လှပသန့်ရှင်းပြီး ရှည်လျားလေသည်။

တစ်ယောက်သော ချမ်းသာသော သူဌေးသမီးမှာမူ ဆံပင်မလှ မရှည်ချေ။

သို့အတွက် ချမ်းသာသော သူဌေးသမီးက ဆင်းရဲသွားသော သူဌေးသမီးထံသို့ အစေခံလွှတ်ကာ ဆံပင်ကိုဖြတ်၍ ရောင်းမည်ဆိုက

အသပြာငွေ တစ်ထောင်ပေးမည်ဟု ပြောစေကာ ဝယ်ခိုင်းလိုက်သည်။

ဆင်းရဲသူ သူဌေးသမီးသည် မိမိဆံပင်ကို မရောင်းချေ။ ထို့အတွက် သူဌေးသမီးက များစွာ မကျေမနပ်ဖြစ်မိလေသည်။

တစ်နေ့တွင် ဘုရားရှင်ထံ ရဟန်းပြုပြီးနောက် မိမိဖွားရာ ဥဇ္ဇေနီပြည်သို့ရဟန်းခုနစ်ပါး ခြံရံလျက် ပြန်လာသော အရှင်မဟာကစ္စည်း မထေရ်မြတ်သည်ဥဇ္ဇေနီပြည် မရောက်ခင် လမ်းခုလတ်တွင်ရှိသော ထိုတေလပနာဠိရွာသို့ဆွမ်းခံဝင်လေသည်။

အရှင်မဟာကစ္စည်းမထေရ်နှင့် ရဟန်းများဆွမ်းခံဝင်လာသည်ကို ဆင်းရဲသူ သူဌေးသမီးသည် မြင်ရ၍-

"ရွှေအဆင်းနှင့်တူသော အဆင်းရှိသည့် ပုဏ္ဏားမျိုးမှ ရဟန်းပြုခဲ့သူ ဤအရှင်မြတ်သည် နောက်ပါရဟန်းခုနစ်ပါးခြံရံလျက် ကြွလာသည်။ ယခုထက်ထိ ဆွမ်းရသေးသည်မထင် ၊ သပိတ်ချည်းသာတွေ့ရသည်။ ငါ့မှာလည်း လှူစရာ ဥစ္စာမရှိ။ သို့သော် တစ်ချိန်က သူဌေးသမီးသည် ငါ၏ဆံပင်ကိုလာဝယ်၏။ ယခုဆံပင်ကိုရောင်း၍ ရသော အသပြာဖြင့် မထေရ်ကို ပေးလှူအံ့"

ဤသို့ကြံစည်ပြီးလျှင် မထေရ်မြတ်တို့ကို ပင့်ဖိတ်စေပြီးလျှင် အိမ်ဟွင်း၌ ထိုင်စေလေသည်။

မထေရ်တို့ထိုင်သောအခါ အခန်းတွင်းသို့ဝင်ပြီးလျှင် အထိန်းသည်မအား မိမိဆံပင်ကိုဖြတ်စေသည်။

"အမိ၊ ဤဆံပင်တို့ကိုဖြတ်၍ ဤမည်သော သူဌေးသမီးထံ သွားရောင်းပါ။ ရသောအသပြာတို့ကို ယူခဲ့ပါ။ အရှင်မြတ်တို့အား ဆွမ်းလှူပါမည်"

အထိန်းသည်မသည် သူဌေးသမီး၏အဖြစ်ကို မြင်ရသောအခါ ဝမ်းနည်းငိုကြွေးသည်။ လက်တစ်ဖက်ဖြင့် ရင်ကိုမလျက် ဆံပင်ကိုဖြတ်သည်။

ဖြတ်ယူသောဆံပင်တို့ကို မထေရ်တို့မမြင်စေရန် ဖုံးကွယ်ယူပြီး ဆံပင်ဝယ်ခဲ့ဖူးသော သူဌေးသမီးထံသို့ သွား၍ရောင်းသည်။

သူဌေးသမီးက "ငါသည် ရှေးကဥစ္စာများစွာဖြင့် ဤဆံပင်ကိုဝယ်ယူခဲ့သည်။ မရခဲ့ချေ။ ယခုအချိန်တွင် ဖြတ်ပြီးသော ဆံပင်ဖြစ်နေပြီ။ ငါပေးသမျှသာရတော့မည်" ဟုကြံစည်မိလေသည်။

"အထိန်းမ၊ ငါသည် ရှေးက သင့်အရှင်မကို ဥစ္စာများစွာတို့ပေး၍

ဤဆံပင်တို့ကို ဝယ်ခဲ့သည်။ သင့်အရှင်မ မရောင်းခဲ့လေချေ။ ယခုမူ ဆံပင်တို့ မှာဖရိုဖရဲ ကြဲနေသည်။ အသက်မရှိသော ဆံပင်တို့မည်သည် တန်ဖိုးမရှိတော့ပေ။ ယခုသင်ရောင်းလျှင် ရှစ်အသပြာတော့ပေးမည်"

"အရှင်မ ပေးသမျှ ယူခဲ့ဟု ကျွန်မအရှင်မက မှာထားပါသည်။ ပေးသမျှ ရှစ်အသပြာသာ ယူပါမည်"

အထိန်းမသည် သူဋ္ဌေးသမီးပေးသော ရှစ်အသပြာကိုသာ ယူလာခဲ့ပြီး ပြန်လာသည်။ ဆင်းရဲသူ သူဋ္ဌေးသမီးသည် ဆွမ်း တစ်ပွဲတစ်ပွဲကို အသပြာ တစ်ကျပ်စီပြု၍ မထေရ်တို့အား ပေးလှူစေသည်။

အရှင်မဟာကစ္စည်းမထေရ်သည် ဆွမ်းကို ဆင်ခြင်ပြီးလျှင် သူဋ္ဌေးသမီး၏ ဥပနိဿယကို မြင်တော်မူသည်။

"သူဋ္ဌေးသမီး ယခုဘယ်အရပ်မှာ တည်ပါသလဲ"

" အရှင်ဘုရား၊ အခန်းထဲမှာ ရှိနေပါသည်ဘုရား"

" ဒါယိကာမကြီး၊ သူဋ္ဌေးသမီးကို ခေါ်လိုက်ပါ"

သူဋ္ဌေးသမီးသည် အရှင်မဟာကစ္စည်းခေါ်သဖြင့် အခန်းထဲတွင် ပုန်းအောင်းမနေဝံ့တော့ဘဲ ထွက်လာခဲ့သည်။ မထေရ်တို့ကို ဖူးမြင်ရသောအခါ ရိုသေစွာ ရှိခိုးသည်။ အားကြီးသော သဒ္ဓါတရားလည်း တဖွားဖွား ပေါ်လာသည်။

ကောင်းသော လယ်ယာမြေသဖွယ်ဖြစ်သော မြတ်သောအလှူခံ ပုဂ္ဂိုလ်တို့၌ ပေးလှူလိုက်ရသော ဆွမ်းကုသိုလ်အကျိုးသည် ဒိဋ္ဌဓမ္မအကျိုးပေးတော့သည်။

သူဋ္ဌေးသမီးက ရှင်မဟာကစ္စည်းကို သဒ္ဓါတရားထက်သန်စွာဖြင့် ရှိခိုးလိုက်သည်နှင့် တစ်ပြိုင်နက် သူဋ္ဌေးသမီး၏ ဆံပင်တို့သည် ပကတိအတိုင်းပင် ပြန်လည်ပေါ်ထွန်းလာလေသည်။

မထေရ်တို့သည် ဆွမ်းကိုလက်ခံယူပြီး သူဋ္ဌေးသမီးမြင်စဉ်ပင်လျှင် ကောင်းကင်သို့ပျံတက်၍ ကဥ္စနမည်သော ဥယျာဉ်တော်သို့ သက်ဆင်းကြွတော်မူသည်။

ဥယျာဉ်စောင့်သည် အရှင်မဟာကစ္စည်းမထေရ်ကို မြင်၍ စဏ္ဍပဇ္ဇောတမင်းထံသို့ သွားရောက်၍

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့၏ ပရောဟိတ်ဖြစ်သော အရှင်ကစ္စာနသည်ရဟန်းပြု၍ ဥယျာဉ်ထဲသို့ ကြွလာပါသည်" ဟုလျှောက်ထားသည်။

စဏ္ဍပဇ္ဇောတမင်းသည် ဥယျာဉ်သို့ချက်ခြင်းသွား၍ မထေရ်တို့ကို ရှိခိုးသည်။

"အရှင်ဘုရား မြတ်စွာဘုရားကား အဘယ်မှာနည်း"

"မင်းကြီးဘုရားရှင်သည် ကိုယ်တော်တိုင်မကြွလာသေးပါ။ ငါ့ကိုသာ စေလွှတ်ပါ၏"

"အရှင်ဘုရား၊ ယနေ့ဆွမ်းကို အဘယ်အရပ်က ရခဲ့ပါသနည်း"

အရှင်မဟာကစ္စည်းမထေရ်သည် သူဌေးသမီးက ပြုခဲ့သော ကိစ္စအားလုံးကိုမိန့်ကြားတော်မူသည်။

မင်းကြီးသည် မထေရ်စကားကို ကြားရသောအခါ သူဌေးသမီးကို များစွာမြတ်နိုးတော်မူသည်။

မထေရ်များအတွက် နေရာထိုင်ခင်းများ ဆွမ်းကိစ္စများ ပင့်ဖိတ်စီစဉ်ပြီးသော်နန်းပေါ်သို့ ပြန်ပြီးလျှင်သူဌေးသမီးကို မင်းခမ်းမင်းနားဖြင့် ခေါ်စေ၍ မိဖုရားမြှောက်လေသည်။

သူဌေးသမီးအား ဆွမ်းအလှူ၏အကျိုးသည် ဒိဋ္ဌဓမ္မအကျိုးပေးပြီး အခြံအရံ အကျော်အစောတို့ ချက်ခြင်းရခဲ့လေသည်။

နောင်တွင် ထိုသူဌေးသမီးဖြစ်သော မိဖုရားသည် သားတစ်ယောက်ဖွားမြင်ရာ ဂေါပါလသတို့သားဟု အမည်တွင်သည်။ မိဖုရားသည်လည်း သားအမည်ကို အစွဲပြု၍ ဂေါပါလမာတာဟု အမည်တွင်ခဲ့သည်။

မိဖုရားသည် အရှင်မဟာကစ္စည်းကို အလွန်ကြည်ညိုလှသဖြင့် စဏ္ဍပဇ္ဇောတမင်းထံ ခွင့်ပန်ပြီး ကဉ္စနဥယျာဉ်၌ အရှင်မြတ်အတွက် ကျောင်းဆောက်လှူဒါန်းခဲ့လေသည်။

## ကုသိုလ်-အကုသိုလ်ကံ တစ်လှည့်စီအပြစ်ခံရသော မလ္လိကာမိဖုရား

မလ္လိကာမိဖုရားသည် ကောသလမင်းကြီး အလွန်ပင်ချစ်မြတ်နိုးခံရသော မိဖုရားကြီးတစ်ပါးဖြစ်သည်။

ပညာလည်းရှိသည်၊ သဒ္ဓါတရားလည်း အလွန်ထက်သန်ကောင်းမွန်၏။

နေ့စဉ်မြတ်စွာဘုရားကို ဘာလှူရင်ကောင်းမလဲ၊ အရှင်မောဂ္ဂလန်ကိုဘာလှူရင်ကောင်းမလဲ၊ ရှင်သာရိပုတ္တရာကို ဘာလှူရင်ကောင်းမလဲ အမြဲတွေးခေါ်ပြီး အလှူရေစက် လက်နှင့်မပြတ် လှူဒါန်းနေသော မိဖုရားကြီး ဖြစ်သည်။

ကောသလမင်းကြီးက တစ်နေ့သောအချိန်တွင် သူတစ်ထူးတို့ မကုပနိုင်သော "အသဒိသ" အလှူတော်ကြီးကို ပေးလှူရန်စီမံသည်။ ထိုအလှူပွဲကြီးကိုအစစအရာရာ စီမံကွပ်ကဲခဲ့သည်။ ဘုရားရှင်အား ပေးလှူခဲ့သော ထီးဖြူ ထိုင်နေရာပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးအင်းပျဉ် ဤလေးပါးတို့၌ ရေတွက်မရနိုင် ဤမျှစေတနာ သဒ္ဓါတရားထက်ထက်သန်သန်ဖြင့် ဆောင်ရွက်လှူဒါန်းခဲ့သည်မှာ မလ္လိကာမိဖုရားကြီးပင် ဖြစ်ပါသည်။

ဤမျှ ကုသိုလ်စေတနာ သဒ္ဓါတရား ထက်သန်ပွားများပြီးမပြတ်ကုသိုလ်အမှုကို ပြုနေသော မလ္လိကာသည် တစ်နေ့သောအခါဝယ် ပုထုဇဉ်လူသားပီပီ ပညာရှိ သတိဖြစ်ခဲပမာဖြစ်ကာ မထင်မှတ်သော ယုတ်မာမှုတစ်ခုကိုပြုမိခဲ့ရာသည်။

တစ်နေ့သောအချိန် မိဖုရားကြီးသည် ရေချိုးအိမ်အတွင်းသို့ဝင်၍ ခံတွင်းသို့ ဆေးကြောပြီးသော် သလုံးမြင်းခေါင်းကို ဆေးကြောရန် ခါးကိုညွတ်ကိုင်းပြီး ပွတ်သတ်ဆေးကြောသည်။ မိဖုရားကြီးတွင် မွေးမြူထားသော ခွေးလိမ္မာတစ်ကောင်ရှိသည်။ ထိုခွေးသည် မိဖုရားနှင့်အတူ ရေအိမ်အတွင်းသို့ ဝင်လိုက်လာသည်။ ထိုခွေးသည် မိဖုရားကြီးခါးညွတ်ကိုင်းပြီး ခြေသလုံးရေဆေးနေသည်ကို မြင်သော် မသူတော်တို့၏ ပေါင်းဖော်ခြင်းအမှုကို ပြုရန် အားထုတ်လေသည်။

မိဖုရားသည် အတွေ့ကိုသာယာသောအားဖြင့် ခွေး၏လွန်ကြူးမှုကို မဆုတ်မနစ်စေဘဲ ရပ်တည်နေပေးလိုက်သည်။

ကောသလမင်းကြီးသည် အထက်လေသာပြတင်း ပြတင်းမှနေ၍ ပတ်ဝန်းကျင်ကို ကြည့်မိသည်ရှိသော် ရေချိုးအိမ်၌ ခွေးနှင့်ပျော်ပါးနေသော မိဖုရားကို တွေ့မြင်ရသည်။

မိဖုရားကြီးသည် မိမိကိစ္စပြီးသောအခါ မင်းကြီးထံသို့ပြန်ရောက်လာသည်။ မင်းကြီးက-

"သူယုတ်မ၊ ပျက်စီးလေသလော။ အဘယ်ကြောင့် ခွေးနှင့် ယုတ်မာသော အမှုကိုပြုရပါသနည်း" ဟုဆဲဆို၍ အပြစ်တင်စကားပြောကြားသည်။

"အရှင်မင်းမြတ်၊ ကျွန်တော်မသည် အဘယ်သို့ပြုအပ်ပါသနည်း"
"အသင်သည် ခွေးနှင့်နှီးနှော စပ်သွယ်သည် မဟုတ်ပါလော"
"အရှင်မင်းမြတ်၊ ကျွန်မအား ခွေးမည်သည် မရှိပါ"

"ငါသည် ကိုယ်တော်တိုင်မြင်၏။ သင်၏ စကားဖြင့် ငါဘယ်လို ယုံကြည်ရမည်နည်း။ သူယုတ်မ ပျက်လေလော့"

"အရှင်မင်းမြတ်၊ အမှတ်မထင် အကြင်တစ်စုံတစ်ယောက်သော သူသည် ရေချိုးအိမ်သို့ဝင်သည်ရှိသော် ဤလေသာပြုတင်းဖြင့် ကြည့်ရှုသော သူအား တစ်ယောက်ကို နှစ်ယောက် ထင်မြင်တတ်ပါသည်။

အရှင်မင်းမြတ် အကယ်၍ ကျွန်မကို မယုံခဲ့သည်ရှိသော် ဤရေချိုး အိမ်သို့ကြွတော်မူပါ။ ရေချိုးအိမ်သို့ဝင်သော အရှင်မင်းကြီးကို ကျွန်တော်မ ဤလေသာပြုတင်းဖြင့် ကြည့်ရှုနေပါအံ့"

မိဖုရားသည် မဟုတ်မမှန် လိမ်ညာလှည့်ပတ် ပြောနေသည်ကို မင်းကြီးသည် အသိပညာထုံထိုင်းသောသဘောရှိသောကြောင့် မိဖုရားလှည့် ပတ်ပြောသည်ကို ယုံကြည်ပြီး ရေချိုးအိမ်သို့ဝင်လေသည်။

မိဖုရားသည် လေသာပြုတင်း၌ ရပ်ကြည့်လျက်-

"မိုက်မဲသောမင်းကြီး၊ အဘယ်ကြောင့်ဆိတ်မနှင့် နှီးနှောရောယှက် ပေါင်းဆက်နေရပါသနည်း" ဟုပြောသည်။

"ချစ်နှမ၊ ငါ့မှာ ထိုသို့သဘောမရှိပါ။ ဆိတ်မနှင့် မနှီးနှော မစပ်ယှက်ပါ"

"ကျွန်မကိုယ်တိုင်မြင်တာပါ။ အရှင်မင်းကြီး စကားဖြင့်မည်သို့ ယုံရမည်လဲ"

မိဖုရား၏ စကားကိုကြားရ၍ မင်းကြီးသည်

"ဤရေချိုးအိမ်သည် တစ်ယောက်ကိုနှစ်ယောက်ထင်မြင်သော ရေချိုးအိမ်ဖြစ်သည်" ဟုယုံကြည်သွားလေသည်။

'ဤမင်းကြီးသည်ကား မိုက်မဲတွေဝေသည် အဖြစ်ကြောင့် ငါ လှည့်ပတ်နေသည်ကို ယုံကြည်နေ၏။ ငါသည် မကောင်းမှုကို ပြုအပ်၏။ ခင်ပွန်းသခင် အရှင်ဖြစ်သော ဤမင်းကြီးကိုလည်း မဟုတ်မမှန်သောအားဖြင့် စွပ်စွဲ၏။ ငါပြုအပ်သော ဤမကောင်းမှုကို မြတ်စွာဘုရားရှင်သည် သိတော်မူလတ္တံ့။ အဂ္ဂသာဝကနှစ်ပါးလည်းကောင်း၊ ရှစ်ကျိပ်သော မဟာသာဝကတို့ သည်လည်းကောင်း သိတော်မူကြပေကုန်လတ္တံ့။ ဪ . . . ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွ' ဟုကြီးစွာသော နောင်တနှင့် သောကဝေဒနာ ခံစားရလေသည်။

မလ္လိကာသည် သေခါနီးကာလဝယ် ဘဝတစ်လျှောက်လုံး

ကြီးကျယ်စွာ လှူဒါန်းခဲ့သောအလှူများ၊ နေ့စဉ် လှူဒါန်းခဲ့သောအလှူများကို နှလုံးမသွင်းမိ။ မိမိအရှင်ခင်ပွန်းဖြစ်သော မင်းကြီးအား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲမိသော မကောင်းမှုကံအကြောင်းကိုသာလျှင် အောက်မေ့နှလုံး သွင်းပြီး သေလွန်ခဲ့သည်။

အာသန္နကံဇော- သေခါနီးဇော၏ အကျိုးပေးမှုကြောင့် ကြီးကျယ်စွာ ပြုခဲ့သော ကောင်းမှုကံတို့သည် မကယ်နိုင်တော့ဘဲ အဝီစိငရဲသို့ ကျရရှာလေ တော့သည်။

ကောသလမင်းကြီးသည် များစွာသောမိဖုရားတို့တွင် မလ္လိကာကို လွန်ကဲပို၍ အလွန်ပင် ချစ်ခင်မြတ်နိုးလေသည်။

သို့အတွက် မလ္လိကာ သေဆုံးသောအခါ မင်းကြီးတွင် သောက ဝေဒနာပြင်းစွာ ခံစားရလေသည်။

မလ္လိကာကို မီးသဂြိုလ်ပြီးသော် မလ္လိကာ၏ လားရာဂတိကို ဘုရားရှင်အားမေးမည်ဟု ကြံစည်၍ ဘုရားရှင်ထံသို့ သွားလေသည်။

ဘုရားရှင်သည် မင်းကြီး၏ အကြံကိုသိတော်မူသည်။

ဤမင်းကြီးသည် မလ္လိကာကို အလွန်ချစ်မြတ်နိုးသည်။ မလ္လိကာ သည် မင်းကြီး၏ နှလုံးကိုပွားစေတတ်သော မိဖုရားတည်း။ ဤမိဖုရား ငရဲ၌ ဖြစ်သည်အဖြစ်ကို ကြားသိရသော် ဤသို့သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုရားသည်လည်း ငရဲ၌ဖြစ်ရချေသေး၏။ အလှူဒါနကိုပေးလှူ၍ အသို့ပြုရအံ့နည်းဟု မိစ္ဆာဒိဋ္ဌိအယူကို ယူပြီးလျှင် ငါးရာကုန်သော ရဟန်းတို့ အားနန်းတော်၌ အမြဲမပြတ် ပေးလောင်းလှူဒါန်းသော နိစ္စဝတ်ကို ဖျက်ဆီး စေပါက ငရဲ၌ ဖြစ်ရပေလိမ့်မည်။

ဘုရားရှင်သည် ဤသို့လျှင် စဉ်းစားတော်မူပြီး မင်းကြီးကို ခုနစ်ရက် ပတ်လုံး မင်းကြီးသည် မိမိကြံစည်၍လာခဲ့သော အကြောင်းမအောက်မေ့မိစေ ရန် အဓိဋ္ဌာန်ထားတော်မူလေသည်။

မင်းကြီးသည် မြတ်စွာဘုရားထံရောက်သော် စိတ်ထဲက မလ္လိကာ မိဖုရား ဘယ်ဘဝရောက်သည်ကို မေးရန်အကြံကို မေ့ပျောက်သွားပြီး ဘုရားရှင်ထံ၌ တစ်သက်လုံးအောက်မေ့အပ်သော တရားကိုသာ နာကြားပြီး ပြန်ခဲ့ရသည်။

နန်းတော်အိမ်သို့ ပြန်ရောက်သော်-

"အချင်းတို့၊ ငါသည် မလ္လိကာမိဖုရားဖြစ်ရာ အရပ်ကိုမေးလျှောက်

အံ့ဟူ၍ ဘုရားရှင်ထံသို့ သွားရောက်ခဲ့သော်လည်း မေ့လျော့ဘိသည်။ နက်ဖြန်၌တစ်ဖန် မေးလျှောက်အံ့" ဟုပြောခဲ့သည်။

နောက်နေ့မိုးသောက်သော် ဘုရားရှင်ထံ တစ်ဖန်သွားပြန်သည်။ ဘုရားရှင်ထံရောက်ပြန်သော် မေ့ပြန်သည်။

ဤသို့အားဖြင့် ခုနစ်ရက်ပတ်လုံး သွားခဲ့သော်လည်း ခုနစ်ရက်ပတ်လုံးသတိမေ့နေခဲ့သည်။

မလ္လိကာသည် ခုနစ်ရက်လွန်သော် ပြုခဲ့သော အကုသိုလ်ကံ အစွမ်းကုန်၍ (၈)ရက်မြောက်သောနေ့၌ ထိုအဝီစိငရဲမှ စုတေခဲ့၍တုသိတာ နတ်ပြည်၌ ဖြစ်ရလေသည်။

ရှစ်ရက်မြောက်သောနေ့ နံနက်တွင် ဘုရားရှင်သည် ကိုယ်တိုင်ပင် မင်းကြီးနန်းတော်တံခါးသို့ ကြွတော်မူသည်။ မင်းကြီးသည် မြတ်စွာဘုရားရှင် ကြွလာသည်ကို ကြားသိရ၍ ကိုယ်တိုင်ထွက်ကြိုဆိုပြီး ဘုရားရှင်၏ သပိတ်ကို ယူပြီး ဘုရားရှင်ကို ပြာသာဒ်ထက်သို့ ပင့်ရန်စီမံသည်။

ဘုရားရှင် ရထားတင်းကုပ်၌သာ သီတင်းသုံးလိုကြောင်း အမူအရာ ပြသဖြင့် မင်းကြီးသည် ရထားတင်းကုပ်မှာပင် နေရာပြင်ဆင်ပေးပြီး ဘုရားရှင်ကိုသီတင်းသုံးစေကာ ယာဂုခဲဖွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်းတော်မူသည်။ ဆွမ်းကပ်ပြီးသော် မင်းကြီးသည် ဘုရားရှင်ကိုရှိခိုးကာ -

" ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒကာတော်သည် မလ္လိကာမိဖုရား၏ ဖြစ်ရာအရပ်ကို မေးလျှောက်အံ့ဟူ၍ လာရောက်သည်ရှိသော် မေ့လျော့၍သာ နေပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ထိုမလ္လိကာ မိဖုရားသည် ယခုအခါ ဘယ်အရပ်၊ ဘယ်ဌာန၌ ဖြစ်နေပါသနည်းဘုရား" ဟုမေးလျှောက်ပါသည်။

"ဒကာတော်မင်းကြီး၊ တုသိတာနတ်ပြည်၌ ဖြစ်နေပါသည်"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ထိုမိန်းမမှ တုသိတာနတ်ပြည်၌ မဖြစ်သည်ရှိသော် အဘယ်သူဖြစ်နိုင်ပါအံ့နည်း။ မြတ်စွာဘုရား၊ ထိုမိန်းမနှင့်တူသော တစ်စုံတစ်ယောက်သော မိန်းမသည် မရှိပါ။ မလ္လိကာသည် ထိုင်နေရာ စသည်တို့၌ နက်ဖြန်ခါ မြတ်စွာဘုရားကား ဤသို့ ဤသို့သော အလှူကို ပေးလှူအံ့၊ ဤသို့သော အချင်းအရာအားဖြင့် အလှူဒါနစီရင်ခြင်းကို ထား၍ တစ်ပါးသောကိစ္စသည် တစ်စုံတစ်ခုမျှ မရှိခဲ့ပါ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ထိုမိဖုရား တမလွန်လောကသို့ ပြောင်းသွားသောကာလမှစ၍

တပည့်တော်အား မိမိကိုယ်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းမည်သည် မရှိခဲ့ပါ"

"ဒကာတော်မင်းမြတ်၊ မကြံစည် မစိုးရိမ်လင့်။ ဤသေခြင်းတရားမည်သည် အလုံးစုံသော သတ္တဝါတို့အား မြဲသော သဘောတရားပေတည်း။ ဒကာတော်မင်းကြီး၊ ငါဆက်မေးဦးအံ့။ ဤရထားသည် အဘယ်သူ၏ ရထားနည်း"

"အရှင်ဘုရား၊ တပည့်တော်၏ ဘိုးတော်ဖြစ်သော မင်းကြီး၏ ရထားဖြစ်ပါသည်"

"အခြားရထားကကော အဘယ်သူ၏ ရထားနည်း "

"အရှင်မြတ်ဘုရား ၊ ဤရထားကား တပည့်တော်၏ ဖခင်မင်းမြတ်၏ရထားဖြစ်ပါသည်"

"ဤမှာဘက် အခြားရထားကကော အဘယ်သူ၏ ရထားနည်း"

"အရှင်မြတ်ဘုရား၊ ဤမှာဘက်ရထားကား တပည့်တော်၏ ရထားဖြစ်ပါသည်"

"ဒကာတော်မင်းကြီး၊ အသင်၏ဘိုးတော်ရထားသည် အသင်၏ ခမည်းတော်ရထားကို အဘယ်ကြောင့် မမီပါသနည်း။ တစ်ဖန် သင်၏ ခမည်းတော်ရထားသည် အသင်၏ ရထားကိုအဘယ်ကြောင့်မမီပါသနည်း"

"ဒကာတော်မင်းကြီး၊ ဤသို့သဘောရှိသော ထင်းသစ်သားကို ပြုလုပ်စီမံထား၍ အပ်သောရထားသော် ဆွေးမြေ့ဟောင်းနွမ်း အိုမင်းခြင်းသို့ ရောက်သေး၏။ အတ္တဘောရှိသော သတ္တဝါအား အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဒကာတော်မင်းမြတ်၊ သူတော်ကောင်းတရားသာလျှင် ယိုယွင်းဟောင်းနွမ်းသော ဇရာမရှိပေသည်သာ။ သတ္တဝါတို့အား ကြီးရင့်အိုမင်းခြင်းမရှိသော သူမည်သည် မရှိပါ"

ဘုရားရှင်၏ တရားတော်အဆုံး၀ယ် များစွာသော ပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ်၌ ဆိုက်ရောက်ကြလေသည်။

ဤမလ္လိကာဘ၀ဖြစ်စဉ်တွင် ကုသိုလ်ကံ အာစိဏ္ဏကံ အမြဲပြုလုပ်လျက်ရှိသော်လည်း သေခါနီးကံ (အာသန္နကံ) အကုသိုလ်မှုက အာရုံပြုထင်လာ၍ငရဲသို့ ကျရလေသည်။ သို့သော် ပြုလုပ်ခဲ့သော အကုသိုလ်ကံ ကနည်းပြီး ကုသိုလ်ကံ အဟုန်ကများပြီး ငရဲ၌ (၇)ရက်သာ ခံရပြီး နတ်ပြည်သို့ရောက်ခဲ့ရသည်။

ပထမတွင် အကုသိုလ်ကံက ကုသိုလ်ကံကိုဖြတ်တောက်ပစ်လိုက်သည်။

ဒုတိယတွင် ကုသိုလ်ကံက အကုသိုလ်ကံကို လွှမ်းမိုးသွားနိုင်ခဲ့သည်။

အရှင်လတ်လတ် ငရဲမီးလောင်ခံရသော ဝက်သတ်သမားစုန္ဒ

ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၏ မနီးမဝေးတွင် စုန္ဒအမည်ရှိသောဝက်သတ်သမား တစ်ဦး နေသည်။

စုန္ဒသည် ကျောင်းအနီး၌ နေသော်လည်း ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေသော ဘုရားရှင်ကို ဆွမ်းတစ်ဆုပ် ပန်းတစ်ပွင့်မျှ လှူဖူးသည်ဟူ၍မရှိပေ။

စုန္ဒသည် နေ့စဉ်ဝက်သတ်၍ ဈေးသို့ရောင်းသည်။ မိမိလည်းစားသည်။ စုန္ဒသည် မိမိခြံထဲ၌ ဝက်မွေးမြူရန် ခြံကျယ်ကျယ်ကြီးခတ်ထားသည်။ ခြံထဲတွင် ဝက်တို့စားသောက်ရန် သစ်ပင်ခြုံနွယ်များ စိုက်ပျိုးထားသည်။ ဝက်များ လူးရန်နွံ့အိုင်များလည်း ပြုလုပ်ထားသည်။

ဟောမှာဒေသသီးသီးသို့ လှည်းဖြင့်သွားပြီး ဝက်များကို အနည်းငယ်သောအသပြာဖြင့် ဝယ်ယူလာပြီး မိမိခြံထဲတွင် မွေးမြူထားသည်။ ကြီးလာ၍ သတ်ဖြတ်ရန် အချိန်ကျသော် ဝက်ကို ဝက်သတ်သော နေရာသို့ ခေါ်ဆောင်ပြီးဝက်ကို မလှုပ်ရှားနိုင်အောင် ညှပ်များဖြင့် ညှပ်သည် ။ ကြိုးများဖြင့် တုပ်နှောင်သည်။

ဝက်၏အသားများ ကြွပွားဖူးရောင်၍ ထူထူထဲထဲ ပြောင်တင်းလာအောင် ပေးမြောင်မှုသော ဒေါက်ပုတ်ဖြင့် နေရာလပ်မကျန် ရိုက်နှက်ထုထောင်းသည်။ အသားများဖူးရောင် လာပြီးသောအခါ ဝက်၏ခံတွင်းကို ဖွင့်၍ သွားအကြား အကြား၌ တုတ်တံငယ်ကို သွယ်သွယ်လျှိုမြောက်ပင့်ထောက်သည်။

ပြီးလျှင် ဝက်၏ခံတွင်းထဲသို့ ပွက်ပွက်ဆူသော ရေနွေးပူကို လောင်းချသည်။ ထိုရေနွေးပူသည် ဝက်၏ဝမ်းတွင်းရှိ ကျင်ကြီး ကျင်ငယ်တို့ကို သယ်ဆောင်ပြီး အောက်ဝစ္စမဂ်အပေါက်မှ ထွက်သည်။

ဝက်၏ အစာအိမ်အတွင်း၌ ကျင်ကြီးကျင်ငယ်ရှိနေသမျှ ရေနွေးပူ

ကိုလောင်းထည့်သည်။ ဝက်၏ ဒွါရမှ ပကတိရေကြည်ထွက်လာမှ စင်ကြယ်ပြီ ဆိုပြီးရပ်သည်။ ပြီးလျှင် ဝက်၏ကျောပေါ်သို့ ရေနွေးပူလောင်းချပြီး အပေါ်က အရေကိုခွာသည်။

ပြီးလျှင် ထက်စွာသော သံလျက်ဓားဖြင့် ဝက်၏ ဦးဆက် ဦးခေါင်းတို့ကိုဖြတ်တောက်ကာ ဝက်ကိုအစိတ်စိတ်အမြွှာမြွှာခွဲခြမ်းစိတ်ဖြာသည်။

ထိုသို့ခွဲခြမ်းစိတ်ဖြာပြီးသော် မိမိစားဖို့အတွက်လည်း ချက်စေသည်။ ဈေးသို့လည်းရောင်းချစေသည်။

ဤသို့ဖြင့် စုန္ဒသည် ဝက်မွေး ဝက်သတ် အလုပ်ဖြင့်လုပ်စားလာခဲ့ရာ အနှစ်ငါးဆယ်တိုင် ကြာခဲ့သည်။

ထိုအနှစ်ငါးဆယ်အရောက်ဝယ် စုန္ဒ၏ကိုယ်၌ ကြီးကျယ်သော ရောဂါသည် နှိပ်စက်ဖြစ်ပေါ်လာသည်။

ရောဂါဖြစ်သည်နှင့် တစ်ပြိုင်နက် စုန္ဒအား အဝီစိမှတက်လာသော ငရဲမီးသည် အလောင်ခံရတော့သည်။

အသက်ရှင်စဉ်မှာပင် ဒိဋ္ဌဓမ္မတူသော အကျိုးကား ပေးလာပြီဖြစ်သည်။

စုန္ဒသည် အိမ်အလယ်၌ ဝက်အော်သံလို အော်မြည်ပြီး လေးဘက်တွားသွားကာ ဟိုမှသည် သည်မှဟို သွားလာနေရသည်။

ဆွေမျိုးသားချင်းတို့သည် စုန္ဒကို ဝက်အော်သံကဲ့သို့ အသံမထွက်အောင်ဖမ်းဆီးချုပ်နှောင်ပြီး ပါးစပ်ကိုပိတ်ကြသည်။

သို့သော် ဖြစ်ပေါ်လာသော ကံ၏အကျိုးကို မည်သူမျှ ပိတ်ပင်တားဆီး၍ မရပါပေ။

စုန္ဒသည် သည်းစွာသော ဝက်အော်သံဖြင့် အော်ဟစ်သွားလာနေရာတွင် ပတ်ဝန်းကျင် အိမ်နီးနားချင်းများပင် နားမခံသာအောင် ရှိနေတော့သည်။

စုန္ဒသည် ပူလွန်းလှသဖြင့် ပြင်ပသို့ထွက်ပြေးရန် ကြိုးစားကြသည်။ အိမ်နေလူတို့က အတင်းဖမ်းချုပ်ပြီး အိမ်တွင်းမှာပင် နေစေသည်။

စုန္ဒခံနေရသော ငရဲမီးအပူလောင်မှုကြောင့် စုန္ဒသည် မခံမရပ်နိုင်အောင်ဖြစ်ကာ အမြဲအော်ဟစ်ကာ အိမ်အတွင်းဝယ် ပြေးလွှားသွားနေရသည်။

ခုနစ်ရက်မျှ ဤသို့ပြင်းစွာခံစားရပြီးနောက် ကွယ်လွန်သွားခဲ့ရာ အဝီစိငရဲသို့ ကျရောက်ရလေသည်။

အမြဲလေ့ကျက်အပ်သော အာစိဏ္ဏကံ အကုသိုလ်ကံက ဖိစီးနှိပ်စက်

သဖြင့် စုန္ဒသည် အရှင်လတ်လတ်ပင် ငရဲမီးလောင်ခံရပြီး သေသော် အဝီစိငရဲသို့ လားရသည်။

ရဟန်းတို့သည် စုန္ဒဝက်သတ်သမား၏ အိမ်နီးပါးဖြင့် သွားလာကြသည်ရှိသော် စုန္ဒဝက်အော်သံကဲ့သို့သော အော်ဟစ်သံကို ဝက်အော်သံဟု ထင်မှတ်နေခဲ့ကြသည်။ စုန္ဒသည် တစ်စုံတစ်ခုသော မင်္ဂလာပွဲအတွက် ဝက်များသတ်ပေးနေရ၍ ဝက်အော်သံများ မပြတ်ကြားနေရသည်ဟု ရဟန်းများထင်မှတ်ခဲ့သည်။

ရဟန်းများသည် ဘုရားရှင်ထံသို့ဝင်ကြကာ-

"မြတ်စွာဘုရား၊ စုန္ဒမည်သော ဝက်သတ်သမားအိမ်၌ တံခါးတို့ကို ပိတ်ထားပြီး ဝက်တွေကိုသတ်နေသည်မှာ ယနေ့ဆိုလျှင် (၇)ရက်ပင်ရှိနေပါပြီဘုရား။ စုန္ဒဝက်သတ်သမားအိမ်၌ တစ်စုံတစ်ခုသော မင်္ဂလာပွဲပြုလုပ်ရန်ရှိနေသည်ဟု ထင်ပါသည်ဘုရား။ ဤစုန္ဒသည် ဤမျှ ခုနစ်ရက်ပတ်လုံး ဝက်တွေကိုသတ်နေသည်မှာ အသနားကြင်နာမှုမရှိ ရက်စက်လွန်းလှပါသည်ဘုရား။ ရုန့်ရင်းကြမ်းတမ်းလှပါသည်ဘုရား။ ဤကဲ့သို့ ရက်စက်ကြမ်းတမ်းရုန့်ရင်းသော သတ္တဝါကို တပည့်တော်တို့ တစ်ခါမျှ မတွေ့ဖူးပါဘုရား" ဟုလျှောက်ထားကြသည်။

"ချစ်သားရဟန်းတို့၊ စုန္ဒဝက်သတ်သမားသည် ခုနစ်ရက်တိုင်တိုင် ဝက်သတ်နေသည် မဟုတ်ပါ။ စုန္ဒဝက်သတ်သမားအား သူပြုအပ်သော အကုသိုလ်ကံနှင့် အလားတူစွာ အကျိုးသည် ထင်ရှားဖြစ်၍ အသက်ရှင်စဉ်ကပင်အဝီစိငရဲမီးပူသည် ထခဲ့၏။ ထိုငရဲမီးပူဖြင့် ခုနစ်ရက်တို့ပတ်လုံး ဝက်၏အသံကဲ့သို့ မြည်တွန်ဟစ်အော်လျက် မိမိနေအိမ်၌ အကြိမ်ကြိမ်လှည့်ပတ်ပြေးသွား၍ နေပြီးလျှင် ယနေ့သေလွန်ခြင်းကိုပြု၍ အဝီစိငရဲ၌ကျရောက်ရသည်"

"မြတ်စွာဘုရား၊ ဤပစ္စုပ္ပန်လောက၌ ပူပန်ဆင်းရဲကြေကွဲစိုးရိမ်အကြိမ်ကြိမ်ခံရပြီးမှ တစ်ဖန်နောက်ဘဝသို့ ရောက်သောအခါ ပြင်းစွာပူလောင်ရာဌာန အဝီစိငရဲ၌ ထပ်မံဖြစ်ရပါသေးသလောဘုရား"

"ချစ်သားတို့ ဟုတ်မှန်ပေ၏။ သတိမေလျော့သော သူတို့မည်သည်ကား လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ စိုးရိမ်ပူပန်ရသည်သာတည်း"။

"မကောင်းမှုကို ပြုလုပ်နေသော သူသည် ပစ္စုပ္ပန်ဘဝ၌ စိုးရိမ်ပူပန်

ရ၏။ နောင်ဘ၀၌ စိုးရိမ်ပူပန်ရ၏။ ပစ္စုပ္ပန် တမလွန်နှစ်တန်သောဘ၀တို့၌ စိုးရိမ်ပူပန်ရ၏။ မိမိပြုအပ်သော၊ ညစ်နွမ်းသော မကောင်းမှုကံကိုမြင်၍ ထိုမကောင်းမှုပြုသော သူသည်စိုးရိမ်ရ၏၊ ပင်ပန်းရ၏။"

ဤစုန္ဒ ဝက်သတ်သမားဖြစ်စဉ်တွင် အမြဲလေ့ကျက်အပ်သော အကုသိုလ်ကံက အားကြီးလွန်းလှသည့်အတွက် အသက်ရှင်စဉ်ကပင် ငရဲမီးလောင်ခံရခြင်း အကုသိုလ်ကံအကျိုးက ခံစားနေရပြီဖြစ်သည်။ သေလွန်သောအခါ ဒုတိယဘဝ၌ မုချဆတ်ဆတ်ပင် အဝီစိငရဲ၌ ကျရောက်ခံရတော့သည်။

* * *

ဘ၀ကြမ္မာ ကံမာယာခံ သောရေယျသူဌေးသား

"မိန်းမ ဘ၀ကနေ ယောကျ်ားဘ၀ပြောင်းပြီး ရဟန်းပြုလာတဲ့ ရဟန်းတဲ့ဟဲ့။ မိန်းမဘဝက သားနှစ်ယောက်တောင် မွေးခဲ့သတဲ့။ ဆန်းလိုက်တာ။ အံ့သြစရာကောင်းလိုက်တာဟယ်"

အရှင်သောရေယျမထေရ် ဆွမ်းခံကြွ၍ မြင်ရသူတိုင်း၏ နှုတ်ဖျားဝယ် ဤစကားသည် တိုးတိုးတစ်သွယ်၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုဆွေးနွေးမိကြသည်။

မထေရ်မြတ်ကို ထူးဆန်းအံ့သြဖွယ်ကောင်းသော ရဟန်းအဖြစ်မြင်တွေ့လို၊ ဖူးတွေ့လိုသော သူတို့ကလည်း မထေရ်ကြွလာလျှင် ထွက်ကြည့်ကြသည်။ ဆွမ်းလောင်းလှူကြသည်။

အချို့က မထေရ်ကို ဆွမ်းဖိတ်ကြားပြီး ဆွမ်းဘောဇဉ် ကပ်ကာ မထေရ်မြတ်ကို သူတို့အတွက် အံ့သြဘနန်း ဆန်းကြယ်သော မထေရ်၏ ဘ၀ဖြစ်စဉ်ကို မေးလျှောက်ကြသည်။

"အရှင်ဘုရား၊ ဤသို့ဖြစ်သောဟူသည် မှန်ပါသလော"

"ငါ့ရှင်တို့ သင်တို့ပြောဆိုကြသည့်အတိုင်း မှန်ပါ၏"

"အရှင်မြတ်၊ ယောကျ်ားဘ၀ဖြစ်စဉ်က သားနှစ်ယောက်ရခဲ့သည်။ မိန်းမဘဝ၌လည်း သားနှစ်ယောက် ဝမ်း၌လွယ်ပြီး မွေးဖွားခဲ့သည် ။

ထိုသားတို့တွင် အရှင်မြတ်သည် အဘယ်သားတို့၌ အားကြီးသော ချစ်ခြင်းမေတ္တာရှိပါသလဲ ဘုရား"

"ငါ့ရှင်တို့၊ ဝမ်း၌လွယ်မွေးခဲ့ရသော သား၌အားကြီးသော ချစ်ခြင်းမေတ္တာရှိပါသည်"

အရှင်သောရေယျသည် ဤအမေးအဖြေကို သိလို၍လာမေးသူတိုင်း လာမေးသူတိုင်းအား အဖြေပေးနေရသည်။ ကြာသော် မိမိဘဝကိုမိမိ ရှက်စိတ် ကြောက်စိတ်များ ဝင်လာမိပါသည်။

မိမိဘဝ၏ ကုသိုလ်နှင့်တဒင်္ဂစိတ်ကလေး၏ ပြစ်မှားမှုကြောင့် ခံစားခဲ့ရသော မိမိ၏ဘဝ နာကြည်း ကြေကွဲဖွယ်များကို သတိရအောက်မေ့ပြီး တစ်ပါးတည်းသာ ထိုင်နေ ရပ်နေ သွားနေမိတော့သည်။

မိမိဘဝ၏ တဒင်္ဂစိတ်ကလေး ပြစ်မှားမှုကြောင့် ဆန်းကြယ်လှသော ဘဝပြောင်းလဲမှုကို မထေရ်မြတ်သည် တစိမ့်စိမ့်တွေးမိပြီး တသိမ့်သိမ့် ရင်နင့်အောင် ခံစားမိတော့သည်။

ကျွန်ုပ်သည် အမှန်စင်စစ် သောရေယျမြို့မှာ မြို့မျက်ဖုံး သူဌေးကြီး ရဲ့တစ်ဦးတည်းသောသားပါ။

ကျွန်ုပ်မှာ အခြွေအရံအသင်းအပင်းဆိုတာကတော့ လိုလေသေးမရှိ လိုတိုင်းရ စိတ်ကြဲတိုင်းပြည့်စုံကာ ခံစား စံစားနေရသည့်ဘဝပါ။

ချစ်လှစွာသော ဇနီးနှင့်သားနှစ်ယောက်တာလည်း ကျွန်ုပ်၏ဘဝ ရိပ်မြုံသာယာစုံ လက်စွဲရတနာတွေပါပဲ။ ဤမိ၊ ဤဖ၊ ဤဇနီး၊ ဤသားများနှင့် ချမ်းမြေ့စွာ လောကဘဝရိပ်မြုံမှာ ခိုလှုံနေရတဲ့ ကျွန်ုပ်ဘဝ ကံဆိုးမိုးမှောင် အကုသိုလ်အကြောင်းကက ဆုံလာချင်တော့

တစ်နေ့တော့ သူငယ်ချင်းသူဌေးသားက မြစ်ဆိပ်ရေသွားချိုးဖို့ လာခေါ်ပါသည်။ အိမ်မှာလည်းရေချိုးဖို့ဆိုတာ ကျေးကျွန် ခြွေရံသင်းပင်းတွေ ကစီမံပေးထားလို့ လိုတာမရှိ အားလုံးအဆင်သင့် ပါပင်။

ဒါပေမယ့် တစ်ခါတစ်ရံ ဤကဲ့သို့ သူငယ်ချင်းနှင့်အတူထွက်ပြီး မြစ်ဆိပ် ရေသွားချိုးရတာလည်း တစ်မျိုးပျော်မွေ့စရာပါ။ စိတ်အပန်းဖြေရာ လည်းရောက်ပါသည်။

သူငယ်ချင်းလာခေါ်တော့ အလွယ်တကူပဲလိုက်ဖို့ စီစဉ်ပြီး ရေချိုး ထွက်ဖို့ ကျေးကျွန်ခြွေရံတွေကို စီမံခိုင်းရပါသည်။

မိဘကစီမံပေးထားသည့် အလွန်လှပသည့် လှည်းယာဉ်ကြော့ကြော့ ကလေးပေါ်မှာ ကျွန်ုပ်နှင့် သူငယ်ချင်းတို့ တူယှဉ်တွဲထိုင်ပြီး ပျော်ပျော်ပါးပါး စကားစမြည်ပြောဆိုရင်း မြစ်ဆိပ် ထွက်ခဲ့ပါသည်။

နောက်ပါခြွေရံသင်းပင်းတို့ကလည်း စီမံထားသည့်အစီအမံအတိုင်း ကျွန်ုပ်တို့နောက်က ခြံရံပြီး လိုက်ပါလာကြပါသည်။

မြစ်ဆိပ်ရောက်တော့ စခန်းချပြီး ရေချိုးပြင်ဆင်ကြပြီး ရေချိုးဆိပ်သို့ ဆင်းသက်ခဲ့ကြရပါသည်။

အဲဒီအချိန်မှာပင် ဘုရားရှင်ရဲ့ တပည့်သာဝက တစ်ပါးလည်းဖြစ်၊ ချောမောလှပသည့်နေရာမှာ အတုမရှိသည့် ရှင်ကစ္စည်းမထေရ်မြတ်ကြီးက သောရေယျမြို့ထဲသို့ ဆွမ်းခံကြွဖို့ ကြွလာပါသည်။

ရေချိုးရန်ပြင်ဆင်နေသည့် ကျွန်ုပ်သည် မထေရ်မြတ်၏ ဝါဝင်း ချောမောလှပသည့် ရုပကာယကို ဖူးမြင်တွေ့လိုက်ရတော့ ဖြစ်ပေါ် လာသော အကုသိုလ် ကိလေသာစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ . . .

"ဤမထေရ်သည် ငါ့မိန်းမ မယားဖြစ်ပါမူ ကောင်းမှာပဲ။ ငါ့မိန်းမ၏ ကိုယ်အဆင်းသည် ဤမထေရ်အဆင်းကဲ့သို့ ရှိပါက သိပ်ကောင်းမှာပဲ"

ကျွန်ုပ်၏မထိမ်းနိုင် မသိမ်းနိုင်သော ကိလေသာစိတ်ဖောက်ပြန် သောစိတ်အကြံကို ကျွန်ုပ်ကြံစည် စိတ်ကူးမိလိုက်ပါသည်။

စိတ္တက္ခဏဆိုတာ လက်ဖျစ်တတွက် လျှပ်တစ်ပြက်မှ ကုဋေ တစ်သိန်းချုပ်တယ်လို့ ကြားဖူးထားပါသည်။ အလွန်မှန်ပါသည်။

ကျွန်ုပ် ဤသို့စိတ်များ ကြံစည်မိလိုက်သည့် ခဏမှာပင် တစ်ကိုယ် လုံးသည် ဖျဉ်းဖျဉ်းဖြစ်လာပြီး ကျွန်ုပ်၏ခန္ဓာကိုယ်သည် ပကတိယောကျ်ား အသွင်မှ မိန်းမအသွင်သို့ ကူးပြောင်းသွားပါတော့သည်။

ကျွန်ုပ်သည် အံ့ဩခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှက်မိခြင်းတို့ခြင်း တုန်လှုပ်ချောက်ချားကာ ကျွန်ုပ်စီးလာသော လှည်းယာဉ်ဆီ သို့ ကပျာကယာသွားပြီး သူငယ်ချင်းသူဌေးနှင့် ခြွေရံများ မသိအောင် အဝတ် အစားများကိုယူပြီး ခြေဦးတည်ရာ ထွက်ပြေးလာခဲ့မိပါတော့သည်။

ကျွန်ုပ်ကို ခြွေရံသင်းပင်းများက ခပ်လှမ်းလှမ်းက မြင်ကြပါသည်။ သို့သော် မိန်းမအသွင်ဖြစ်နေသော ကျွန်ုပ်ကို သူတို့မမှတ်မိကြတော့ပါ။ သူတို့ မမှတ်မိခြင်းကပင် ကျွန်ုပ်အတွက် ထွက်ပြေးရရန် လမ်းပေါက်တစ်ခု ဖြစ်ခဲ့ ရပါသည်။

ကျွန်ုပ်သည် ကြောက်ကြောက်လန့်လန့် တုန်တုန်လှုပ်လှုပ်ဖြင့် ဝမ်းနည်းခြင်း ကြေကွဲခြင်းတို့ကို ခံစားကာ ခြေဦးတည်ရာ ထွက်ခဲ့ပါသည်။

ကျွန်ုပ် ထွက်ပြေးခဲ့သော လမ်းသည်ကား တက္ကသိုလ်ပြည်ရှိရာသို့ ရှေးရှူသွားသော လမ်း ဖြစ်နေပါသည်။

နောက်ပိုင်း ကျွန်ုပ်သိရသည်မှာ ကျွန်ုပ်သူငယ်ချင်းနှင့် ခြွေရံ

သင်းပင်းတို့သည် ရေချိုးဆိပ်မှာ ကျွန်ုပ်ပျောက်သွား၍ နေရာအနှံ့ ရှာဖွေကြသည်ဟုဆိုပါသည်။ မတွေ့သောအခါ အိမ်သို့ပြန်သွားသည်ဟုထင်ပြီး အိမ်သို့ပြန်၍ မေးကြသည်။ အိမ်မှာလည်း မတွေ့သောအခါ ရေနစ်သေသလားဟုမြစ်ရိုးတစ်လျှောက် ရှာကြသည်။ နေရာအနှံ့ရှာကြသည်။ ရှာမတွေ့သည့်နောက်ဆုံးဝယ် သေပြီဟုဆိုကာ သားအတွက် ရည်မှန်းလှူသော မတကဘတ်ကို ပေးလှူပြီး အမျှဝေကြသည်ဟုသိရပါသည်။

ယောကျ်ားဘဝမှ မိန်းမတစ်ဖြစ်လဲ ကျွန်ုပ်သည် ခရီးလမ်းမ၌ လှည်းကုန်သည်များကို တွေ့၍ ထိုလှည်းများနောက်သို့ တစိုက်မတ်မတ် လိုက်သွားမိပါသည်။

မကြာခင် ကျွန်ုပ်နုနယ်သောခြေတို့သည် ရောင်ဖူးလာပါသည်။ ခြေတို့သည် အက်ကွဲလာပါသည်။ ကျွန်ုပ်ဆက်မလျှောက်နိုင်တော့ပါ။

ကျွန်ုပ်သည် လှည်းတစ်စီးနောက်သို အားတင်းမိအောင် လိုက်သွားမိပါသည်။ လှည်းမှူး၏ လှည်းသို့အမီတွင် လှည်းမှူးကို ကျွန်ုပ်က-

"အရှင်၊ ဤလက်စွပ်ကို လှည်းခအဖြစ်ယူပြီး ကျွန်မကို တင်ခေါ်သွားပေးပါ။ ကျွန်မ ခြေလျှင်ဆက်မလျှောက်နိုင်လို့ပါ" ဟုမေတ္တာရပ်ခံပြီး လက်စွပ်ကို ပေးလိုက်ပါသည်။

လှည်းမှူးဟာ ကျွန်ုပ်ပေးလိုက်သော လက်စွပ်ကိုသေချာစွာကြည့်ပြီး ကုန်သည်ပီပီ လက်စွပ်အဖိုးတန်မှန်းသိလေတော့ ရှောရှောရှူရှူပဲ လှည်းပေါ်တက်ပြီး ခွင့်ပြုလိုက်ပါသည်။

လှည်းမှူးသည် ကျွန်ုပ်ကို တစေ့တစောင်းနှင့် သေချာစွာအကဲခတ်ကြည့်ပါသည်။

'ဘယ်လိုမိန်းကလေးလဲ။ မိန်းမပျက်လား။ အဆင့်အတန်းရှိသူလား'

အလွန်တရာ နုနယ်ပြီး ချောမောလှပသော ကျွန်ုပ်၏ရုပ်ရည်နှင့် ကျွန်ုပ်ပေးလိုက်သော လက်စွပ်အဆင့်အတန်းကို ကြည့်ရှုဆုံးဖြတ်ပြီး ကျွန်ုပ်ကိုအဆင့်အတန်းရှိ မိန်းမတစ်ယောက်ဟု သတ်မှတ်သွားပါသည်။

သူ့စိတ်ထဲမှာလည်း ကျွန်ုပ်ကို သူတို့ရဲ့သားမယားမရှိသေးတဲ့ သူဌေးသားကို ပေးဆက်လိုက်ရရင် ငါ့အဖို့ ဆုလာဘ်ပဏ္ဏာတွေ များစွာရမှာပဲ ဟုထင်မှတ်ထားပါသည်။

ကျွန်ုပ်တို့တက္ကသိုလ်ပြည်သို့ ရောက်ခဲ့ပါပြီ။

လှည်းမှူးသည် သူဌေးအိမ်တွင် ရပ်နားပြီး သူဌေးသားထံ ဝင်ရောက်ကာ

"အရှင့်သားအတွက် ထိုက်တန်သော မိန်းမရတနာကို ယူဆောင်လာပါသည်" ဟုသတင်းပို့ကြသည်။

သူဌေးသားက ကျွန်ုပ်ကို တွေ့လိုကြောင်းပြောပြ၍ ကျွန်ုပ်သည် မိန်းမတို့၏ ဣန္ဒြေပြည့်ဝစွာဖြင့် သူဌေးသားကို သွားတွေ့ရပါသည်။

သူဌေးသားသည် ကျွန်ုပ်၏အလွန် အဆင်းလှသော အသွင်သဏ္ဌာန်နှင့် တင့်တယ်သော ဣန္ဒြေကိုမြင်သောအခါ လွန်စွာချစ်မြတ်နိုးခြင်း ရှိဟန်၏ဟူပါသည်။

ချက်ခြင်းပင် ကျွန်ုပ်ကို သူ၏မယားအဖြစ် သိမ်းပိုက်လက်ခံလိုက်ပါသည်။ ကျွန်ုပ်သည်လည်း မိန်းမဘဝရောက်၍ မထူးတော့သည့်ဘဝတွင် ယခုကဲ့သို့အားကိုးအားထားရာ လင်ယောကျ်ားရလာ၍ နာကြည်းသော ဝေဒနာကြားကပင် ကျေနပ်နှစ်သိမ့်မှု ဝေဒနာကိုခံစားနိုင်အောင် ကြိုးစားတည်ဆောက်ရပါတော့သည်။

မကြံစည် မပြစ်မှားအပ်သော ပုဂ္ဂိုလ်၌ ကြံစည်ပြစ်မှားမိခဲ့သော ကျွန်ုပ်၏တဒင်္ဂ မကောင်းသော စိတ်ကြောင့် ခံလိုက်ရသော ကျွန်ုပ်ဘဝခန္ဓာသည် ဘယ်လိုဖြေမှ မဖြေနိုင်သော ဘဝဖြစ်ရပါတော့သည်။

တစိမ့်စိမ့်တွေးပြီး တသိမ့်သိမ့်ရင်နာပြီး ငိုရှိုက်ခဲ့ရပါသည်။ ကျန်ရစ်ခဲ့သောမိဘနှင့် ဇနီးသားတို့ကိုလည်း တွေးမိပြီး မိမိဘဝယူကျုံးမရ ခံစားရမိပါတော့သည်။

ယခုတော့ ဘယ်သူမပြု မိမိမှု မိမိပင်ခံစားရပါတော့သည်။

* * *

ကျွန်ုပ်သည် ပေါက်သည့်နှဖူး မထူးတော့သည့်ဘဝဝယ် တက္ကသိုလ်ပြည်သားသူဌေးသားနှင့် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ မယားဝတ္တရားနှင့် အညီကျင့်သုံးနေထိုင်ပြီး သူဌေးသားလင်ကို ပြုစုလုပ်ကျွေးခဲ့ပါသည်။

မကြာခင် ကျွန်ုပ်တွင် ကိုယ်ဝန်ရှိခဲ့ပြီး ပထမသားဦးကို မွေးဖွားခဲ့ရပါသည်။ မွေးဦးစရတနာ သားရတနာဖြစ်၍ ယောက္ခမအပါအဝင် လင်ရော ဆွေမျိုးများကပါ ကျွန်ုပ်ကိုချစ်မြတ်နိုးကြပါသည်။ ဖူးဖူးမှုတ် အရေးပေးကြပါသည်။

ပထမသားဦးလေး တစ်နှစ်ပြည့်မြောက်ပြီးနောက် ကျွန်ုပ်တွင် ဒုတိယ ကိုယ်ဝန်ရှိခဲ့ပြီး ဒုတိယသားရတနာကို မွေးဖွားခဲ့ရပါသည်။

သားရတနာချည်း မွေးဖွားပေးခဲ့သော ကျွန်ုပ်ကို မိန်းမမြတ်ဟု ဆိုကာ အားလုံးက ဆတက်ထမ်းပိုး ချစ်မြတ်နိုးကြပြီး အရေးပေးကြပါသည်။

ဒီသားကလေးနှစ်ယောက်ကို မြင်ရလေတိုင်း ကျွန်ုပ်၏ ယောကျ်ား ဘဝကရခဲ့သော သားကလေးနှစ်ယောက်ကို တသသ သတိရမိပါသည်။ ရှင်လျက်နှင့် ရှင်ကွဲ ကွဲခဲ့ရသော ကျွန်ုပ်၏ဘဝနှင့် သားကလေးများ၏ ဘဝကို တွေးမိတိုင်း ကျွန်ုပ်ရင်နာရပါသည်။ ဆွေးမြေ့ကြေကွဲစွာ ခံစားရပါသည်။

ဆန်းကျယ်လှသော ဘဝကံကိုလည်း ဘယ်လိုနားရမှန်း မသိအောင် ပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် တစ်နေ့သောအခါဝယ် သောရေယျပြည်ဝယ် ကျန်ရစ်သော မိဘ၊ ဇနီး၊ သားတို့ကို စဉ်းစားတွေးမိရင်း စိတ်ထဲ၌ တမြေ့မြေ့ ဆွေးရင်းတိုက်အပေါ်ထပ် လေသာပြတင်းကိုဖွင့်ကာ အဝေးလမ်းမသို့ လှမ်းမျှော်ငေးကြည့်နေမိပါသည်။

အဝေးမှ ကုန်သည်လှည်းငါးရာသည် ကျွန်ုပ်တို့လမ်းထဲသို့ တဖြည်းဖြည်း ဝင်လာသည်ကို တွေ့ရပါသည်။ ကုန်သည်လှည်းတို့၏ ခေါင်းဆောင် သူဌေးသားသည် ကောင်းမွန်လှပသော လှည်းယာဉ်စီး လျက် ထိပ်မှ လိုက်ပါလာသည်။

ထိုသူဌေးသည်ကား တစ်ချိန်က ကျွန်ုပ်၏မိတ်ဆွေ သူငယ်ချင်း၊ ရေချိုးဖက် ယှဉ်းခဲ့သော သူငယ်ချင်းဖြစ်နေပါသည်။

ကျွန်ုပ်သည် အိမ်ရှေ့လမ်းမသို့ လှည်းများအရောက်တွင် လှည်းယာဉ်ကွင် အငြိမ့်သားထိုင်စီးလာသော သူဌေးသားလှည်းကုန်သည် ခေါင်းဆောင်ကို သေချာစူးစိုက်စွာ ကြည့်မိပါသည်။

ကျွန်ုပ်အလွန် အံ့ဩဝမ်းမြောက်သွားမိပါသည်။ ထိုလှည်းယာဉ်ပေါ် ပါလာသော သူဌေးသားကား တစ်ချိန်က ကျွန်ုပ်သူငယ်ချင်း ပါတကား။

ကျွန်ုပ်သည် အစေခံတစ်ယောက်ကို ချက်ခြင်းခေါ်ကာထို သူဌေးသား ကိုအမြန်ခေါ်ခိုင်းလိုက်မိပါသည်။

သူဌေးသားလည်း ကျွန်ုပ် ထိုသူဌေးကတော် အိမ်ကြီးရှင်က ခေါ်သည်ဆိုတော့ သူ့ကုန်အရောင်းအဝယ် ဖြစ်လေမလားဆိုသော အတွေးဖြင့် လိုက်လာရှာပါသည်။

သူသည် ကျွန်ုပ်ကို မမှတ်မိရှာပါ။ ကျွန်ုပ်ကသာ သူ့ကိုမှတ်မိနေခြင်း ဖြစ်ပါသည်။ သူသည် ကြီးကျယ်ခမ်းနားသော ဧည့်ခန်းမဝယ် ဖော်ဖော်ရွေရွေ

ပြုစုလုပ်ကျွေးနေသော ကျွန်ုပ်ကိုကြည့်ပြီး နားမလည်နိုင်လောက်အောင် အံ့ဩမှုဖြင့် ကျွန်ုပ်ကို လေ့လာအကဲခတ်နေသည်ကို ကျွန်ုပ် သတိပြုမိပါသည်။ သူသည် ကြာကြာသည်းမခံနိုင်တော့၍ ကျွန်ုပ်ကို-

"ချစ်နှမ၊ သင့်ကို ရှေးကလည်းမတွေ့ဘူး၊ မမြင်ဘူးပါဘဲလျက် ဘာပြုလို့ ဒီလိုခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ကြီး ပြုစုပြီး မြတ်မြတ်နိုးနိုး ပူဇော်လုပ်ကျွေးရပါသလဲ။ ငါတို့ကို ချစ်နှမသိပါသလား " တုန်တုန်ရီရီ လှိုက်လှိုက်မောမောနှင့် မေးရှာပါသည်။

"အရှင်ကို ကျွန်မသိပါသည်။ အရှင် သောရေယျမြို့၌နေတာ မဟုတ်ပါလား"

"ချစ်နှမ ဟုတ်ပါ၏။ သောရေယျမြို့၌ နေပါ၏"

" အရှင် သောရေယျမြို့မှာ သောရေယျနှင့် မိသားစုတွေကော ကျန်းမာပကတိ ချမ်းသာစွာ ရှိကြပါရဲ့လား "

"ချစ်နှမ ထိုသူတို့လည်း ကျန်းမာပကတိ ချမ်းသာစွာ ရှိကြတယ်။ ချစ်နှမ သူတို့ကို သိကြပါသလား"

"အရှင်သိပါတယ်။ သူတို့မှာ သားတစ်ယောက်ရှိတယ် မဟုတ်လား"

" ဟုတ်ပါတယ်။ ရှိပါတယ်"

"အဲဒီသားဟာ အခြားမဟုတ်။ ကျွန်မပါပဲ"

"ချစ်နှမ၊ ဤသို့မဟုတ်သော စကားမပြောပါနဲ့ ။ အဲဒီသူဌေးသားက ကျွန်ုပ်နှင့်ရေချိုးအတူတူသွားရင်း ပျောက်ဆုံးသွားပါပြီ"

"မသေပါဘူး၊ ကျွန်မပါပဲ"

" ချစ်နှမ၊ မဟုတ်တာတွေ မပြောပါနဲ့။ သင်ဘယ်သို့သော စကားကို ပြောနေပါသလဲ။ အဲဒီ သူဌေးသားက ငါ၏သူငယ်ချင်းပါ။ သူဟာနတ်လုလင်ကဲ့သို့အလွန်အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနဲ့ ပြည့်စုံသူပါ။ အလွန်လှပတင့်တယ်တဲ့ ယောကျာ်းကောင်းတစ်ယောက်ပါ။ သင့်လို မိန်းမမဟုတ်ပါဘူး"

"မှန်ပါတယ်အရှင်၊ ကျွန်မကို သေသေချာချာကြည့်ပါဦး ။ ကျွန်မဟာ ယောကျ်ားဘဝကနေ မိန်းမ ဘဝပြောင်းသွားရတဲ့ သောရေယျသူဌေးသား၊ ရှင့်သူငယ်ချင်းအစစ်ပါ"

"အို . . . ချစ်နှမ၊ ဒီအမှုဟာ ဆန်းကြယ်လှချည့်လား။ ဘယ်လိုဖြစ်တာလဲ။ ဖြစ်စဉ်ကို ပြောပြစမ်းပါဦး "

"အရှင့်သားနှင့် ကျွန်ုပ် လှည်းယာဉ်စီးပြီး ရေချိုးဆိပ် သွားခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

" အဲဒီတုန်းက အရှင့်သား ရှင်မဟာကစ္စည်း မထေရ်မြတ်ကြွ လာတာကိုမြင်လိုက်ရပါသလား"

"မြင်တွေ့လိုက်ပါတယ်"

"ကျွန်မလည်း တွေ့လိုက်ပါတယ်။ တွေ့လိုက်တော့ ကျွန်မက ကုသိုလ်မပွားဘဲ အကုသိုလ်ပွားမိတယ်လေ။ ဤမထေရ်သည် ငါ့မယားဖြစ်မူ ကားကောင်းလေစွဟု စိတ်ကပြစ်မှားမိခဲ့ပါတယ်။ အဲဒီလို ပြစ်မှားမိလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကျွန်မဟာ ယောကျာ်းအသွင်ပျောက်သွားပြီး မိန်းမ အသွင် ဆန်းကြယ်စွာ ထွက်လာတာပါပဲ။ အဲဒီအခါမှာ ကျွန်မရှက်ကြောက် ပြီးခြေဦးတည့်ရာ ထွက်ပြေးခဲ့တာပါပဲ။ အဲဒီအခါမှာ ကျွန်မရှက်ကြောက်ပြီး ခြေဦးတည့်ရာ ထွက်ပြေးခဲ့တာပါ။ အဲဒီလိုထွက်ပြေးရင်း ဒီတက္ကသိုလ်ပြည် ရောက်လာပြီး ဒီသူဌေးသားနှင့် ညားနေတာပါ"

"ဪ . . . ချစ်နှမ၊ သူငယ်ချင်း၊ အလွန်တရာ ဆန်းကြယ်အံ့ဩ ဖွယ်ရာဖြစ်စဉ်ပါကလား။ သူငယ်ချင်းရယ် မင်းဟာဝန်လေးသော အမှုကို ပြုမိပါကလား။ ဟိုတုန်းက ဘာပြုလို့ငါ့ကို ဖွင့်မပြော၊ မတိုင်ပင်ရပါသလဲ။ သူငယ်ချင်းရယ်၊ မထေရ်မြတ်ကို မင်းကန်တော့လိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ယခုကော မထေရ်မြတ်ကို ပြန်ကန်တော့ပြီးပြီလား"

"မကန်တော့ရသေးပါဘူး။ ကန်တော့လို့ကော ဒီဝဋ်ကြွေးကြမ္မာက လွတ်နိုင်ပါ့မလား"

"ကန်တော့ရင် လွတ်နိုင်ပါတယ်"

" ဒါဆို ယခုရှင်မဟာကစ္စည်းမထေရ်မြတ် ဘယ်မှာသီတင်းသုံးနေ ထိုင်တယ်ဆိုတာသိလား"

"သိပါတယ်။ မထေရ်မြတ် ယခုဒီမြို့မှာ သီတင်းသုံးနေထိုင်ပါတယ် လို့သိရတယ် သူငယ်ချင်း ချစ်နှမ"

"ဒါဆိုရင် မထေရ်မြတ် ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းပါရစေ သူငယ်ချင်း"

"ကောင်းပြီ သူငယ်ချင်း ချစ်နှမ။ ပေးကမ်းလှူဒါန်းဖွယ် အသွယ် သွယ်သော ပူဇော်သက္ကာရဝတ္ထုတွေကို ပြုပြင်စီမံထားပါ။ ငါမထေရ်မြတ်ကို

ပင့်ဆောင်ပြီး ချစ်နှမရဲ့အပြစ်ကို သည်းခံစေရန် လျှောက်ထားပေးပါ့မယ်"

ကျွန်ုပ်သည် သူငယ်ချင်း၏ အကြံပေးချက်စီမံချက်ဖြင့် ရှင်မဟာကစ္စည်း မထေရ်မြတ်ကို ဆွမ်းဆက်ကပ်လှူဒါန်းရန် အခြွေအရံတို့ကို စီမံစေရပါသည်။

သူငယ်ချင်းသည် မထေရ်မြတ်သီတင်းသုံးနေရာကို စုံစမ်းမေးမြန်းပြီးမထေရ်မြတ်ရှိရာအရပ်သို့ သွားရောက်ပင့်ပါသည်။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား"

"သူဌေးသား၊ သင်သည် ခရီးသွားဧည့်သည် မဟုတ်ပါလော"

"အရှင်ဘုရား ၊ တပည့်တော်ကို ခရီးသွားဧည့်သည် ဟုတ်သည်, မဟုတ်သည်ကို မေးတော်မမူပါနဲ့ဘုရား။ နက်ဖြန်ခါ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား"

သူငယ်ချင်းက မထေရ်မြတ်ကို ဤသို့လျှောက်ထားပြီး ပင့်ဖိတ်ရာ မထေရ်မြတ်က ဆိတ်ဆိတ်နေရန် ပင့်ဖိတ်ခြင်းကို လက်ခံတော်မူပါသည်။

သူငယ်ချင်းက မထေရ်မြတ် ဆွမ်းဖိတ်လက်ခံသည်ကို ကျွန်ုပ်အား လာရောက်ပြောကြားပြီး ပြင်ဆင်စရာရှိသည်တို့ကို ဝိုင်းဝန်းစီမံ ပြင်ဆင်ပေးပါသည်။ ကျွန်ုပ်မှာ ဝမ်းမြောက်ပီတိဖြစ်လျက် သူငယ်ချင်းကို အထူးကျေးဇူးတင်နေမိပါသည်။

နောက်နေ့နံနက် ဆွမ်းအတွက် မထေရ်မြတ်ကို သူကိုယ်တိုင်ပင် ကျွန်ုပ်အိမ်သို့ ပင့်ဆောင်လာခဲ့ပါသည်။

သူငယ်ချင်း သူဌေးသားသည် သူကိုယ်တိုင်ပင် မထေရ်မြတ်ကို မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။ ပြီးလျှင် ကျွန်ုပ်ကို မထေရ်မြတ်ရှေ့သို့ ခေါ်ဆောင်ကာ မထေရ်မြတ်၏ ခြေရင်း၌ဝပ်စင်း ညွှတ်ကျိုး ရှိခိုးနေစေပါသည်။

"အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်းမအား သည်းခံတော်မူပါဘုရား"

သူငယ်ချင်းကပင် ဦးဆောင်ပြီး ကျွန်ုပ်အတွက် တောင်းပန်လျှောက်ထားပါသည်။

"ဤသည်းခံရမည့်အရာကား အဘယ်နည်း ဒါယိကာ"

"အရှင်ဘုရား၊ ဤဒါယိကာမသည် ရှေးအခါက တပည့်တော်၏

သူငယ်ချင်းမိတ်ဆွေဖြစ်ခဲ့ပါသည်။ အရှင်ဘုရားကို ကြည့်ပြီး 'အရှင်ဘုရားကို သူမယားဖြစ်တော်မူက ကောင်းလေစွ၊ ငါ့မယား၏ အဆင်းသည် ဤမထေရ်၏ အဆင်းကဲ့သို့ ဖြစ်မူကောင်းလေစွ' ဟုမှားသောအကြံကို ကြံစည်မိပါသည်။ ထိုသို့ ကြံမိ၍ တပည့်တော်၏ သူငယ်ချင်းသည် ယောကျ်ားအသွင်ပျောက်ပြီး မိန်းမအသွင် ပြောင်းသွားရပါသည်။ အရှင်ဘုရားသည် သည်းခံတော်မူပါ ဘုရား"

"ထိုသို့ဖြစ်က ထပါလော့။ သင့်ကို ငါသည်သည်းခံပါ၏"

မထေရ်မြတ်၏ ငါသည် သည်းခံပါ၏ဟူသော စကားအဆုံး၀ယ် ကျွန်ုပ်၏ မိန်းမကိုယ်အသွင် ကွယ်ပျောက်ပြီး ယောကျ်ားအသွင် အင်္ဂါများ ပြန်လည် ဖြစ်ပေါ်လာပါတော့သည်။

ကုသိုလ် အကုသိုလ်ကံတို့၏ မာယာပရိယာယ်သည်ကား ဆန်းကြယ်လှပေသည်။ အံ့သြဖွယ်ရှိလှပေသည်။

မိသားစုတို့သည် အံ့သြဘနန်း ဆန်းကြယ်သော ကျွန်ုပ်ဘ၀နှစ်ဘ၀ ပြောင်းကိုလည်းကောင်း၊ ကုသိုလ်ကံ- အကုသိုလ်ကံ၏ ဆန်းကြယ်မှုကို လည်းကောင်း တအံ့တသြ ရင်သပ်ရှုမောပြီး ကြက်သေသေကာ ကျွန်ုပ်ကိုဝိုင်း ဝန်းကြည့်ကြပါသည်။

ကျွန်ုပ်သည်လည်း မိန်းမအသွင်မှ ယောကျ်ားအသွင် ပြောင်းလဲ သွားသော ကိုယ်ရုပ်ကို ကိုယ့်ဘာသာ တအံ့တသြ စမ်းသပ်ကြည့်နေမိပါသည်။ မထေရ်မြတ်ကိုလည်း အလွန်ရိုကျိုးကာ ၀ပ်တွား၍ အကြိမ်ကြိမ် ရှိခိုးဦးချမိ ပါတော့သည်။

ကျွန်ုပ်ဘ၀ပြောင်းသည်က ကျွန်ုပ်ဘ၀အတွက် အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်ရသော်လည်း မိသားစုအတွင်းတော့ ပြဿနာပေါ်ရပါတော့သည်။

သူဌေးသားသည် မယားမဲ့သွားပါပြီ။

သားနှစ်ယောက်မှာလည်း မိခင်မဲ့သွားရပါပြီ။

သို့သော် ဘ၀ကြမ္မာ၊ ကံမာယာအရ ဖြစ်ပေါ်လာမှုကိုတော့ မည်သို့မျှ မတတ်နိုင်၊ မဖန်တီးနိုင်တော့ပါ။

"အဆွေ၊ ဤသားငယ်နှစ်ယောက်တို့သည် သင်၏ဝမ်း၌ကိန်း အောင်း၍ ဖွားမြင်လာသော သားသူငယ်တို့ဖြစ်ကြပါသည်။ ငါ့ကိုစွဲ၍လည်း ဖြစ်သည်မှန်ပါသည်။ ငါတို့နှစ်ယောက်သားများနှင့်အတူတူနေကြပါစို့။အဆွေ ဤနေရာမှ ခွဲခွာမသွားပါနှင့်"

ကျွန်ုပ်ကို ကျွန်ုပ်ခင်ပွန်းဟောင်းက မေတ္တာရပ်တောင်းပန်ပါသည်။ ကျွန်ုပ်ကတော့ ကျွန်ုပ်ဘဝကိုကြည့်ပြီး အလွန်ထိတ်လန့် သံဝေဂ ရမိနေပါတော့သည်။

"အဆွေ၊ ငါသည် ဘဝတစ်ခုမှာ ရှေးဦးစွာ ယောကျ်ားဖြစ်ခဲ့ရ ပါ၏။ တစ်ဖန် ဘဝအကုသိုလ်ကံ ပြစ်မှားမှုကြောင့် မိန်းမဖြစ်ရပြန်ပါ၏။ မိန်းမအဖြစ်မှ ယခုယောကျ်ားဖြစ်ရပြန်၏။ ဤမျှ ဖောက်ပြန်မှုတွေ ဖြစ်ရပါ၏။ ဤဖောက်ပြန်မှုတွေကြောင့် ပထမဘဝသားနှစ်ယောက် ရခဲ့ရပါ၏။ ယခု ဒုတိယဘဝ သားနှစ်ယောက် ကိုယ်တိုင်မွေးဖွားခဲ့ရပါ၏။ ကျွန်ုပ်သည် ခန္ဓာကိုယ်တစ်ဘဝတည်း ဖောက်ပြန်မှုနှစ်သွယ်ဖြစ်သည်ကို မြင်ရပြီး ဖြစ်၍ တစ်ဖန် အိမ်၌နေမှုကို မနှစ်သက်တော့ပါ။ ဤမထေရ်မြတ်ထံမှာသာ ရဟန်းပြုတော့ပါမည်။ ဤသားနှစ်ယောက်ကို သင်သာဆက်လက်စောင့်ရှောက်ပါ။ ကျွေးမွေပါတော့"

ကျွန်ုပ်သည် သားများကို ပွေ့ဖက်နမ်းရှုံ့မိပါသည်။ ထို့နောက် သားများကို ရင်ခွင်တွင်အိပ်စေပြီးနောက် သူတို့တစ်တွေကို သူတို့ဖခင်ထံ အပ်ကာ သူငယ်ချင်းသူဌေးသားကို ခေါ်ဆောင်ပြီး ရှင်မဟာကစ္စည်းထံသို့ သွားရောက်ပါသည်။ ရှင်ရဟန်းပြုခွင့်ကို လျှောက်ထားပြီး ရှင်ရဟန်း ပြုခဲ့ရပါတော့သည်။

ရှင်ရဟန်းပြုပြီး မထေရ်မြတ်က ကမ္မဋ္ဌာန်းပေး၍ ကမ္မဋ္ဌာန်းတရားကိုကြိုးစားအားထုတ်ခဲ့ပါသည်။ သို့သော် ပါရမီက မရင့်ကျက်၍ ဘဝကိလေသာပြတ် တရားမြတ်ကို မရနိုင်ခဲ့သေးပါ။

ထိုကာလမှာပင် မထေရ်မြတ်က သာဝတ္ထိပြည်သို့ ကြွရောက်သဖြင့် သာဝတ္ထိသို့ ကျွန်ုပ်လိုက်ပါလာရပါသည်။

သာဝတ္ထိတွင် ကျွန်ုပ်ဘဝဇာတ်ကြောင်းသည် အံ့သြဘနန်းဆန်းကြယ်သော ဖြစ်စဉ်ဖြစ်၍ လူတို့တအံ့တသြဖြစ်ကာ လာရောက်မေးကြ၊ စုံစမ်းကြသည်မှာ ကျွန်ုပ်အတွက် ပရိသတ်မစဲ တဖွဲဖွဲဖြစ်နေရပါတော့သည်။

ယခုတော့ ကျွန်ုပ်ဘဝ ရှက်ဖွယ်လိလိဖြစ်နေရပါပကောလား။

'သောရေယျ၊ မင်းကိုယ်မင်း ပြန်စဉ်းဟားစမ်း၊ စဉ်းစားစမ်း၊ မင်းခန္ဓာကိုယ်ကြီး ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်၊ ယောကျ်ားဖြစ်လိုက်နဲ့ တစ်ဘဝထဲမှာ ကြောက်စရာကောင်းလောက်အောင် ဖြစ်လိုက်ပျက်လိုက်တာ ဒီခန္ဓာကိုယ်ကြီး မြဲတယ်၊ လှတယ်၊ နူတယ်၊ ချောတယ်ဆိုတာ ဘယ်မှာလဲ။

ခန္ဓာကိုယ်ရဲ့ အနှစ်သာရဟာ ဘယ်မှာလဲ။ မင်းရှာကြည့်စမ်း'

အရှင်သောရေယျသည် ဆိတ်ငြိမ်စွာ တစ်ပါးတည်းနေရင်း ခန္ဓာကိုယ်၏ ဖြစ်မှု ပျက်မှု အသုံးမကျမှုတို့ကို စဉ်းစားဆင်ခြင်ကြည့်နေမိသည်။

ထိုခဏမှာ လျှပ်စစ်လက်လိုက်သလို ခန္ဓာကိုယ်၏ အစိုးမရ ဖြစ်မှု ပျက်မှုကို သိသောဉာဏ်သည် ဖြစ်ပေါ်လာခဲ့ပြီး မကြာခင်ပင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရလေတော့သည်။

လူတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း အရှင်သောရေယျ ရဟန္တာဖြစ်သည်ကို မသိကြ။

ယောက်ျားက မိန်းမဖြစ်၊ မိန်းမက ယောက်ျားတစ်ဖန်ဖြစ်၊ မိန်းမဘဝ၌ သားနှစ်ယောက် မွေးခဲ့သောသူအဖြစ် အံ့ဩမှုမကုန်ဆုံးကြဘဲ လာရောက်မေးကြသည်။ စူးစမ်းကြသည်။ အကဲခတ်ကြသည်။

"အရှင်ဘုရား၊ အရှင်ဘုရားသည် အရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှားမိ၍ ယောက်ျားက မိန်းမဖြစ်ရသည်။ မိန်းမဘဝတွင် သားနှစ်ယောက် မွေးခဲ့သည်ဟု ပြောဆိုကြသည်မှာ မှန်ပါသလားဘုရား"

"ငါ့ရှင်တို့ ဟုတ်မှန်ပါသည်"

"အဘယ်သားတို့၌ အရှင်ဘုရား ချစ်ခြင်းအားကြီးပါသလဲဘုရား"

'ငါ့အား တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင်နှစ်သက်ခြင်း၊ စုံမက်ချစ်ခင်ခြင်း မရှိပြီ"

အရှင်သောရေယျ၏ ရဟန္တာဘဝရောက်ချိန် ဖြေသောအဖြေကို မေးသောသူတို့က မကျေနပ်ကြတော့။

"ဤသောရေယျမထေရ်သည် မဟုတ်မမှန်သော စကားကို ပြောဆိုဘိ၏။ ရှေးကတော့ ဝမ်း၌လွယ်မွေးရသော သား၌ချစ်ချင်းအားကြီးသည်ဟု ပြေဆိုခဲ့၏။ ယခုတော့ တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင်နှစ်သက်ခြင်းမရှိပြီဟုဆိုလေပြန်သည်"

ဤသို့ပြောဆိုကဲ့ရဲ့ကြသည်။ ထိုအကြောင်းစုံကိုလည်း ဘုရားရှင်ထံ ဝင်ရောက်လျှောက်ထားကြသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤသောရေယျမထေရ်မဟုတ်မှန်သော စကားကိုပြောကြားလေဘိသည်၊ မထိုက်တန်သောအရဟတ္တဖိုလ်အဆင့် စကားကို ပြောကြားဘိသည်"

"ချစ်သားရဟန်းတို့ ငါ၏သားတော်သည် မထိုက်တန်သော

အရဟတ္တဖိုလ်ကို ဖြေကြားပြောဆိုသည်မဟုတ်။ ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် မဂ်ကို မြင်သောကာလမှစ၍ တစ်စုံတစ်ခုသော ဝတ္ထုအာရုံတို့၌ ခုံမင်နှစ်သက်မြတ်နိုးခြင်းမရှိသည် ဖြစ်ပေ၏။ ဤမဂ်အဖို့တည်းဟူသော စည်းစိမ်ချမ်းသာကို အမိသည်လည်း ပြုပြင်ပေးခြင်းငှာ မစွမ်းနိုင်။ အဖသည်လည်း ပြုပြင်ပေးခြင်းငှာ မစွမ်းနိုင်။ ထိုမဂ်အဖို့တည်းဟူသော စည်းစိမ်ချမ်းသာကို ဤသတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ကောင်းစွာဖြစ်စေအပ်သော စိတ်သည်သာလျှင် ပေးလေသည်သာ"

မှန်ပါသည် လောကဝယ် မိဘတို့သည် သားသမီးတို့ကို ဥစ္စာပစ္စည်းပေးရာ၌ ဤတစ်ဘဝအတွက်သာ အလုပ်မလုပ်ဘဲ ချမ်းသာစွာ အသက်မွေးနိုင်သော ဥစ္စာတို့ကို ပေးနိုင်ပါသည်။

လေးကျွန်းစလုံး၌ စကြဝတေးမင်းစည်းစိမ်ကို သားသမီးတို့အား ပေးနိုင်သော မိဘမည်သည် မရှိသလို နတ်ပြည်ရှိ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်၊ လောကုတ္တရာမဂ်ဖိုလ် စည်းစိမ်တို့ကို ပေးနိုင်ဖို့ဆိုသည်မှာ ဝေလာဝေး ဖြစ်ပါသည်။

လောကဝယ် စိတ်စေတနာကောင်းထားခြင်းသည်သာ အလုံးစုံသော ဤစည်းစိမ်များကို ပေးနိုင်ပါသည်။

သုံးဘဝ ခန္ဓာအိမ်ပြောင်းရသောဆရာတော်

မငေးရွာသည် လယ်ယာလုပ်ငန်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသော ရွာတစ်ရွာဖြစ်သည်။ ထိုရွာသည် ရန်ကုန်မြို့မှ ကြည့်မြင်တိုင်၏ အနောက်ဘက်ရှိ လှိုင်မြစ်မှဖြာထွက်လာသော ပန်းလှိုင် မြစ်ဝနှင့် (၇)မိုင်ကျော်ဝေးသောအရပ်၌ တည်ရှိပါသည်။

ထိုရွာတွင် ဗုဒ္ဓဘာသာဝင်တို့၏ ထူးကဲလှသော သဒ္ဓါတရားဖြင့် ဆန်းကြယ်စွတိုင်ပေါင်း (၂၃၀)ဖြင့် ဆောက်လုပ်ထားသော ကျောင်းကြီး တစ်ကျောင်းရှိပါသည်။ ထိုကျောင်းကြီးသည် အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အလွန်ခမ်းနားလှသော ကျောင်းကြီးဖြစ်ပါသည်။

ထိုကျောင်း၌ ဒုတိယမြောက် ကျောင်းထိုင်သော ဆရာတော်မှာ ဦးသီလစာရ ဖြစ်ပါသည်။ ဆရာတော်ကို လူအများက ဘွဲ့အမည်မခေါ်ကြပါ။ လှိုင်မြစ်သားဇာတိဖြစ်၍ ဦးလှိုင်ဟုသာ ခေါ်ဝေါ်ကြသည်။

ဆရာတော်သည် ပညာဂုဏ်ကြီးမား၍ အမည်ကျော်ကြားသည်။ ဆရာတော်ကို (၁၂၄၇) ခုနှစ်၊ တပို့တွဲလတွင် တောင်ခွင် သာသနာပိုင် ဆရာတော်ကြီးက-

"မာလာလင်္ကာရဓဇသီရိမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်ပေးရာ ကိုးဂိုဏ်းချုပ် ဆရာတော်အဖြစ် ခန့်အပ်တော်မူခြင်းကို ခံရသည်။

ဦးလှိုင် ဆရာတော်သည် သက်တော် ရွယ်တော် ကြီးရင့်တော်မူပြီး နောက် မကြာခင်ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော်ပျံလွန်တော်မူပြီးနောက် (၇)နှစ်အကြာတွင် ဖြစ်သည်။ မင်းထိန်ကုန်းရွာ အရှေ့ဘက်လမ်းနေ ဦးဘိုးခက်၏ ဇနီး ဒေါ်နှင်းဥတွင် ထူးခြားသော အိမ်မက်, မက်လာခဲ့သည်။

ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦးသည် ဒေါ်နှင်းဥ ခေါင်းရင်းမှာ လာရပ်ပြီး "ဟဲ့နှင်းဥ၊ နင့်ဆီမှာ ငါလာနေမယ်။ ငါ့ကိုလက်ခံ မလား" ဟုမေးသည်။ ဒေါ်နှင်းဥကလည်း ထိုပုဂ္ဂိုလ်ကို မြင်ကတည်းက ချစ်လည်းချစ် ကြောက်လည်းကြောက် ရိုလည်းရိုသေသဖြင့် -

"လာနေရင် ရပါတယ်။ လက်ခံပါမယ်" ဟုပြောလိုက်မိသည်။ ထိုသို့ပြောပြီး လန့်နိုးလာရာ တစ်ကိုယ်လုံး ဝမ်းနည်းဝမ်းသာဖြစ် သလိုလို ကြောက်ရွံ့တုန်လှုပ်သလိုလို ခံစားရပြီး ဦးဘိုးခက်ကိုနှိုးကာ အိမ်မက်အကြောင်း ကိုပြောပြသည်။

"မင်းစိတ်စွဲလို့၊ ဒါမှမဟုတ် စိတ်ချောက်ချားလို့မက်တာ ဖြစ်မှာပါ ကွာ၊ ရတနာသုံးပါးကို အာရုံပြုပြီး ပြန်အိပ်ပါကွာ" ဦးဘိုးခက်က ပြောဆိုနှစ်သိမ့်ပြီး ပြန်အိပ်စေပါသည်။

မှားမကြာခင်ပင် ဒေါ်နှင်းဥ၌ ကိုယ်ဝန်ရှိလာပြီး (၁၂၅၈) ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်နေ့တွင် ဒေါ်နှင်းဥမှ သားရတနာတစ်ပါး မွေးဖွားလာခဲ့ပါသည်။

ထိုသားကလေးကိုယ်ဝန်ရှိချိန်တွင် ဒေါ်နှင်းဥသည် ဥပုသ်စောင့်လို သောစိတ်၊ တရားနာလိုသောစိတ် အမြဲဖြစ်ပေါ်ခံစားနေရသည်။ စီးပွားဥစ္စာ လည်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ သားကလေးမွေးဖွားချိန်တွင် သားအတွက် လိုလေသေးမရှိ ပြည့်စုံလုံလောက်နေသည်။ ဘေးကပ်ပိုးသောပစ္စည်းတို့ဖြင့် ကုံလုံကြွယ်ဝပြီး ချမ်းသာစွာနေရလေသည်။

သားကလေးအမည်ကို မောင်ဘိုးချစ်ဟု အမည်ပေးထားကြသည်။ မောင်ဘိုးချစ် သုံးနှစ်သားအရွယ်တွင် ဖြစ်သည်။ မောင်ဘိုးချစ်သည် အိမ်ရှေ့တွင်နေပြီး လမ်းမပေါ်ငေးမျှော်ကြည့်နေသည်။

ထိုအချိန်တွင် ရွာထဲမှာ ဦးအုန်းဆီသည် လမ်းလျှောက်လာရင်း မောင်ဘိုးချစ်တို့ အိမ်ရှေ့သို့ ရောက်လာသည်။ မောင်ဘိုးချစ်သည် ဦးအုန်းဆီကိုမြင်လျှင်မြင်ချင်း ရုတ်တရက် ဟေ့-အုန်းဆီ၊ ဟေ့-အုန်းဆီ ဟု လှမ်းခေါ်လိုက်သည်။

ဦးအုန်းဆီသည် မောင်ဘိုးချစ်လို ကလေးလက်တောက်လောက် ကလေးက လူကြီးကို ဤကဲ့သို့ ရိုင်းစိုင်းစွာ ခေါ်သည်ကို ကြားရသောအခါ အံ့အားလည်းသင့်သွားကြသည်။ ဒေါသလည်းထွက်သွားသည်။

သို့အတွက် ဤကဲ့သို့ မိုက်မိုက်ရိုင်းရိုင်း ခေါ်သောကလေးကို ရိုက်နှက်ဆုံးမရန် ဟန်ပြင်လိုက်သည်။

"ဟေ့အုန်းဆီ၊ မင်းငါ့ကို ရိုက်မယ်မကြံနဲ့ကွ၊ မင်းခေါင်းမှာ ငါရိုက်ထားတဲ့ ဒဏ်ရာကိုပြန်ကြည့်စမ်းပါဦး"

မောင်ဘိုးချစ်က ကောက်ကာငင်ကာ ဆက်လက်ပြောလိုက်သဖြင့် ဦးအုန်းဆီမှာ အံ့အားသင့်ပြီး ရိုက်မည့်လက်ကို ရုပ်သိမ်းကာ

"မင်းဘယ်သူလဲ" ဟုမေးလိုက်မိသည်။

"ငါမင်းဆရာ ဦးလှိုင်လေကွာ"

ဦးအုန်းဆီမှာ ဆက်လက်မပြောနိုင်တော့ပဲ ကလေးကိုသာ ဘယ်ပြန်ညာပြန် စူးစူးစိုက်စိုက်ကြည့်နေပြီး စိတ်မကောင်း ခံစားနေရလေသည်။ မျက်ရည်လည်းကျမိသည်။

"ဟေ့ အုန်းဆီ၊ မင်း ငါ့ကို ကျောင်းလိုက်ပို့ပေးစမ်းပါကွာ"

ကလေးက ဆက်လက်ပူဆာ ပြောဆိုသဖြင့် ဦးအုန်းဆီသည် မိမိ၏ ငယ်ဆရာ ဦးလှိုင်ကိုသတိရပြီး မျက်ရည်တွေတွေ စီးကျရင်းကလေးကို ချီပိုးပြီး ကျောင်းသို့ ခေါ်ဆောင်သွားမိတော့သည်။

ထိုအချိန်ကား ဦးလှိုင်၏ တပည့်ဖြစ်သူသာသနာ သီရိမင်္ဂလာ မဟာဓမ္မရာဇာဓိရာဇဂုရုနှင့် နန္ဒာသာရ သီရိသဒ္ဓမ္မမဟာရာဇာဓိရာဇာဂုရု ဘွဲ့နှစ်ထပ်ရ ဆရာတော် ဦးပု (ဦးဝိမလ)က ကျောင်းထိုင်နေချိန် ဖြစ်ပါသည်။ ဦးဝိမလနှင့်အတူ ဦးလှိုင်၏တပည့် ဦးဘခေါ် ဦးသုနန္ဒပါ သီတင်းသုံးနေချိန် ဖြစ်ပါသည်။

မောင်ဘိုးချစ်သည် ကျောင်းသို့ရောက်လျှင်ရောက်ချင်း ကျောင်းထိုင်ဆရာတော်ကို ဘာမှမပြောမဆိုဘဲ ဦးလှိုင်ဘဝက သီတင်းသုံးခဲ့သော ကျောင်းခန်းအတွင်းသို့ စွတ်၍ဝင်သွားလေသည်။ အခန်းကိုအစုံ လျှောက်ကြည့်ပြီး

"မောင်ပု၊ ငါသုံးစွဲခဲ့သော တောင်ဝှေးနှင့် စာအုပ်တွေကော ဘယ်မှာလဲ" ဟုခပ်ထန်ထန် မေးလေသည်။

ဆရာတော်ဦးပုမှ ကလေးကို အကဲခတ်ပြီးလျှင် ဆရာတော်နှစ်ပါး တိုင်ပင်ကာ ဦးလှိုင်သုံးစွဲခဲ့သော ပစ္စည်းများကို ရောနှောပြီး

"ရှိပါတယ်။ ဒါပေမယ် ပစ္စည်းတွေက ရောနေပါတယ်။ စာအုပ်တွေလည်းရောနေပါတယ်" ဟုပြောပြီး ပစ္စည်းများ၊ စာအုပ်များကို ရောနှောပြီး ပြလေသည်။

"ဟောဒါ ငါ့တောင်ဝှေး၊ ဟောဒါငါသုံးစွဲခဲ့တဲ့ စာအုပ်တွေ"

မောင်ဘိုးချစ် ကလေးသည် ဦးလှိုင်ဘဝက သုံးစွဲခဲ့သော စာအုပ်များ၊ တောင်ဝှေးအမှန်ကို ရွေးပြနိုင်သည်။ အခြားပစ္စည်း အသုံးအဆောင်များကိုလည်းအမှန်ရွေးပြနိုင်ခဲ့သည်။

ထိုပစ္စည်းများရွေးချယ်ပြရင်းပင် "သာထွန်းတို့ စိုးမောင်တို့ကော ရှိကြသေးရဲ့လား" ဆက်မေးပြန်သည်။ ဆရာတော်နှစ်ပါးက

"ရှိပါသေးတယ်" ဟုပြောပြီး ကျောင်းသားလွှတ်ကာ ခေါ်ခိုင်းလေသည်။

ဦးသာထွန်းနှင့် ဦးစိုးမောင်တို့ရောက်လာသောအခါ မောင်ဘိုးချစ် ကလေးက

"မင်းတို့ကြီးကြမှကိုးကွ" ဟုပြောလိုက်ရာ ဦးသာထွန်းနှင့် ဦးစိုးမောင် တို့မှာ မျက်ရည်မဆည်နိုင်အောင်ပင် ရှိကြလေသည်။

အချိန်အတန်ကြာ၍ အိမ်ပြန်ရန် ဦးအုန်းဆိက ပြောရာ မောင် ဘိုးချစ်က မပြန်ဘူးဟုငြင်းဆန်နေသည်။ ဆရာတော် ဦးပုက သက်နန်းစ ကလေးဖြင့် လက်ကိုချည်ပေးပြီး ချော့မော့ကာ ပြန်လွှတ်ရသည်။

အိမ်မှာ မနေလိုဟုဆို၍ သုံးနှစ်သားကပင်ကျောင်းအပ်ရသည်။ ကျောင်းရောက်၍ ကျောင်းသားများနှင့် ထမင်းအတူရောကျွေးရာ မစားဘဲ

"ငါဒီလိုစားတာမဟုတ်ဘူး၊ သီးသန့်စားပွဲနဲ့စားလာတာ" ဟုပြော သဖြင့် ဆရာတော်က သီးသန့်လုပ်ပေးပြီးကျွေးသည်။

ထိုသတင်းကို ကြားရသော ဦးလှိုင်၏တပည့်ဖြစ်ခဲ့သူ စလင်းဇာတိ ဖျာပုံ ကဇောင်းရွာ ကျောင်းထိုင်ဘုန်းကြီး ဦးအာလောကသည် လာရောက် စုံစမ်းရင်း ကြွလာခဲ့သည်။

မောင်ဘိုးချစ်သည် ကျောင်းဝိုင်းထဲသို့ ဝင်လာသော ဦးအာလောက ကိုမြင်ကတည်းကပင်

"ဟိုမှာ မောင်အာလောကကြီးပါလား" ဟုလှမ်းပြောလိုက်သည်။

ဦးအာလောကကြီးသည် မောင်ဘိုးချစ်ကို လေ့လာပြီး ဦးလှိုင် ပျံလွန်သော နှစ်၊ လ၊ ရက်၊ နေ့နှင့် မောင်ဘိုးချစ်အသက်ကို တွက်ချက်ကြည့် ရာအတန်ငယ်ကွာခြားနေသည်ကို တွေ့ရ၍

"မင်းဒီဘဝမရောက်ခင် ဘယ်မှာ ဘာဖြစ်သေးလဲ" ဟုမေးလိုက် သည်"

"အလယ်ရွာက ဦးကြာညို၊ ဒေါ်ပုံတို့အိမ်မှာ မိန်းကလေးဖြစ်ခဲ့တယ်။ ခြောက်နှစ်သမီးရှိတော့ ဝက်သက်ပေါက်လို့ ဝမ်းတွေသွားပြီး သေရော" ဟု မောင်ဘိုးချစ်က သွက်လက်စွာပင် ပြန်ဖြေလေသည်။ သူ၏ဒုတိယဘဝကို အလိုလိုကောင်းစွာသိနေသော သဘောရှိသည်။

မောင်ဘိုးချစ်ကလေးသည် ကိုးဂိုဏ်းချုပ်ဆရာတော် ဝင်စားသူပီပီ ဇာတိမာန်ကြီးလှသည်။ ရဟန်းသံဃာထေရ်ကြီး ဝါကြီးများနှင့် လူကြီးသူမ များကို ဆက်ဆံရာတွင် ကိုးဂိုဏ်းချုပ်ဆရာတော်ပုံစံအတိုင်း အပေါ်စီးကပင် နေ၍ ဆက်ဆံပြောဆိုလေ့ရှိသဖြင့် ဆရာတော် ဦးအောလောက, က

"ကိုယ်ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရိုသေလေးစားမှ ကြီးပွားကြောင်း" ကိုတိတ္ထိရာဇာတ်ကို ပြောပြ၍ ဆုံးမလေမှ မာန်ကျ လေသည်။

မောင်ဘိုးချစ်ကိုအသက် (၁၁)နှစ်တွင် ရှင်ပြုသည်။ ရှင်အရိယာဘွဲ့ အမည်ရသည်။ အသက် (၁၆)နှစ်အရွယ်တွင် မန္တလေးအနောက်ပြင် ချမ်းသာ အနောက်ပြင် ချမ်းသာကြီးမြောက်တိုက် ရတနာပုံကျောင်း ဆရာတော် ဦးဇာဂရထံ ပညာသင်ကြားခဲ့သည်။ ပိဋကတ်အားလုံးကို လေးဝါအရတွင် ကောင်းစွာ ကျွမ်းကျင်တော်မူလေသည်။

မငေးကျောင်းကြီး၏ တတိယဆရာတော်ဦးပု၊ စတုတ္ထဆရာတော် ဦးဘ တို့ပျံလွန်တော်မူသောအခါ ဦးအရိယာသည် မန္တလေးမှ မငေးသို့ပြန်ကြွလာပြီး မငေးကျောင်း၏ ပဉ္စမမြောက်ဆရာတော်အဖြစ် လက်ခံ၍ကျောင်းထိုင်လေသည်။

ဤသည်မှာ ကံဇာတ်ဆရာ၏ စီမံမှုကြောင့် ဘဝသစ် လူသစ်ဖြစ်ရသော ပကတိလက်တွေ့ ဖြစ်စဉ်ဖြစ်ပါသည်။

ဆွမ်းတစ်ဝက်လှူခဲ့ရသော ဒေါ်ညိုရဲ့ဘဝ

လောက ဆန်းကြယ်မှုများစွာ ရှိပါသည်။ ထိုဆန်းကြယ်မှုများသည် သဘာဝဓမ္မအရ ဖြစ်တတ်ကြပါသည်။ ဘဝဓမ္မတရားတို့တွင် ကံတရား၏ အကျိုးပေးပုံများသည် အလွန်ဆန်းကြယ်လှပါသည်။ ကံတရား၏ အကျိုးပေးပုံဆန်းကြယ်မှုထက် မည်သို့သော ဆန်းကြယ်မှုထက် မည်သို့သော ဆန်းကြယ်မှုမျှ မိနိုင်မည်မထင်ပါ။

ဗုဒ္ဓဘာသာဝင်အများတို့သည် ကံ ကံ၏အကျိုးတရားကို ယုံကြည်လက်ခံကြပါသည်။ ကောင်းမှုကုသိုလ်ကံဖြစ်စေ၊ မကောင်းမှုအကုသိုလ်ကံဖြစ်စေ ပြုလုပ်မိသော အကြောင်းတရားကြောင့် ပြုလုပ်မိသော အကြောင်းတရားကြောင့် ပြုလုပ်မိသည် အကျိုးဆက်တို့သည် မုချမသွေ ခံစားကြရပေသည်သာ။

ထီးချိုင့်မြို့နယ်၊ လယ်မ်းရွာတွင် လယ်ပိုင်ယာပိုင် သူဌေးသမီးဖြစ်သော ဦးတုတ်ကြီး၊ ဒေါ်အေးတို့ထံတွင် သမီးလေးတစ်ယောက် ထွန်းပေါက်မွေးဖွားခဲ့သည်။ သမီးကလေးသည် တည်ငြိမ်သည်၊ အေးဆေးသည်။ ပူလောင်ခြင်းမရှိ၊ ချစ်စရာ ဥပမိသမ္ပတ္တိရုပ်ဆင်းနှင့်ပြည့်စုံသည်။

သို့အတွက် မိဘတို့က သမီးလေးကို ချစ်စနိုးဖြင့် မချစ်မေဟု အမည်ပေးခဲ့သည်။

မချစ်မေကလေးသည် ထိုင်အရွယ်၊ ထအရွယ်၊ မပီကလာ ပီကလာစကားပြောတတ်သော အရွယ်မှစ၍ မိမိ၏ အတိတ်ဘဝကို ပြောပြလာသည်။ မိဘတို့က ပထမတော့ ကလေးမို့ထင်ရာမြင်ရာ ပြောသည်ဟုထင်ကြသည်။ စကားကို ပီပီသသပြောတတ်သော အရွယ်တွင် မချစ်မေကလေးသည် အတိတ်ဘဝက လယ်မ်းရွာ ဒေါ်ညိုဖြစ်ခဲ့ကြောင်း ပြောပြလာသည်။ မိမိဘဝအတိတ်က ဆင်းရဲပုံအကြောင်းကို ပြောပြသည်။ မိမိကျင်လည်ခဲ့ရသော အခြေအနေနှင့် မိမိ၏ ခင်ပွန်းသားသမီးတို့ အကြောင်းစုံတို့ကို အမှန်ပြောပြနိုင်ခဲ့သည်။

ဒေါ်ညိုတစ်ဖြစ်လဲ မချစ်မေ၏အတိတ်ဇာတ်လမ်းတွင် မှတ်တမ်းပြု

ခြင်းခံရသော ကုသိုလ်ကောင်းမှုတစ်ခုက ယခုထိမမေ့နိုင်ပါ။ အမှတ်ရနေမိပါသည်။ ထို ကုသိုလ်ကံကြောင့်လည်း ယခုဘဝ၌အရပ်တွင် သူဌေးသမီးဖြစ်လာရသည်ဟု ယုံကြည်နေမိသည်။

မချစ်မေတစ်ဖြစ်လဲ ဒေါ်ညိုဘဝဟူသည်ကား

ထီးချိုင်မြို့နယ်၊ လယ်မီးရွာအနီးတွင် သဖန်ကိုင်ရွာမည်သော ရွာတစ်ရွာ ရှိပါသည်။ သဖန်ကိုင်း ရွာသူရွာသားအားလုံးတို့သည် အများအားဖြင့်လယ်ယာ ချောင်းမြောင်း ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ကြ၍ စီးပွားရေးချောင်ချောင်လည်လည် အဆင်ပြေကြသူများ များပါသည်။

သို့သော် ထိုအထဲတွင် ဦးပေါ၊ ဒေါ်ညိုတို့ ဇနီးမောင်နှံတို့ မပါ ပါ။ သူတို့ဇနီးမောင်နှံမှာ တစ်နေ့လုပ်မှ တစ်နေ့စားရသော ကာကဝလ္လိယ လင်မယားကဲ့သို့ သဘောရှိပါသည်။

လက်လှုပ်မှ ပါးစပ်လှုပ်နိုင်သောဘဝ၊ ဝတ်စရာဆိုသည်က အရှက်လုံရုံမျှ ဒါဝတ်၊ ဒါလျှော်၊ ဒါချွတ်၊ ဒါဝတ်ဘဝဖြင့် ရွာတွင် ဇနီးဆင်းရဲ နုံချာသောဘဝဖြင့် အသက်မွေးနေရသော လင်မယားဇနီးမောင်နှံ ဖြစ်ပါသည်။

တစ်နေ့သောအချိန်တွင် သဖန်ကိုင်းရွာ ဘုန်းတော်ကြီးကျောင်း၌ သိမ် အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန် ရွာသူရွာသားအားလုံး တိုကို ခေါ်ယူညှိနှိုင်းပွဲပြုလုပ်ကြသည်။

"ဆွမ်းမှာပိဏ်၊ အလှူမှာသိမ်၊ လူမှာအချိန်" ဆိုသည့်အတိုင်း ကျောင်းအလှူတွင် သိမ်အလှူသည် အမြတ်ဆုံးအလှူဖြစ်၍ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ရွာသူရွာသားတို့သည် သိမ်ဆောက်လုပ်ရေးအတွက် အားလုံးသဘောတူကြသည်။ လိုအပ်သည်ကို ကူညီပံ့ပိုးရန်လည်း အသီးသီးဆန္ဒပြုကြသည်။

သိမ်ဖြစ်မြောက်ရေးအတွက် ရပ်မိရပ်ဖများကို ဦးစီးဦးဆောင်ဖွဲ့စည်းပြီး ဆောင်ရွက်ကြသည်။

သိမ်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးသက်နှင်းသည် သိမ်သမုတ်နိုင်ရေးအတွက် မာန်လည်ဆရာတော်ဘုရားကြီး (ဦးမာ)ကိုလျှောက်ထားသည်။ ပင့်ဖိတ်သည်။

ထိုအချိန်က သဖန်ကိုင်းရွာသည် ကွမ်းဘောင်အုပ်စုတွင် ပါဝင်သောကြောင့် ဘာသာရေးကိစ္စများကို မာန်လည်အောင်တိုက်နှင့် ဆောင်ရွက်ကြရပါသည်။

မာန်လည်ဆရာတော်ဘုရားကြီးသည် သဖန်ကိုင်းရွာ သိမ်သမုတ်ရေးကို လက်ခံပြီး သတ်မှတ်သောရက်တွင် သံဃာတော်များနှင့်အတူ ကြွလာတော်မူသည်။

ဆရာတော်များ ကြွလာသောအခါ သဖန်ကိုင်းရွာသူ/ရွာသားများသာမက မာန်လည်အောင်တိုက်တစ်ခုလုံးမှ ပရိသတ်များတို့သည် ဗျောစည်များနှင့် အုံးအုံးကြွက်ကြွက် ဘဂဝ်လျှံများမျှ ကြိုဆိုကြသည်။

ဒေါ်ညိုသည် အများနည်းတူ ဆရာတော်ကြီးများနှင့် နောက်ပါသံဃာတော်များကို ဝတ်ကောင်းစားလှကလေးများ ဝတ်ဆင်ပြီး ညောင်ရေအိုးကို ကိုင်ကာဖူးမြော်ရင်း ကြိုဆိုလိုလှပါသည်။

သို့သော်လည်း အရှက်လုံရုံမျှသော အဝတ်အစားဖြင့် လူတောထဲသို့ မတိုးဝံ့ရဲ၍ လမ်းဘေးချုံတစ်ခုထဲသို့ ဝင်ကာ ပုန်းလျှိုးကွယ်လျှိုးဖြင့် မာန်လည်ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များကို ဖူးမြော်ရလေသည်။

ဒေါ်ညိုသည် ဆရာတော်ဘုရားနှင့် သံဃာတော်များကို ဖူးမြော်ပြီးသောအခါ ဆရာတော်နှင့် သံဃာတော်များကို ဆွမ်းလှူဒါန်းရန် အလွန်ဆန္ဒပြင်းပြစွာဖြစ်မိသည်။

သို့သော် မိမိမှာကား ဆွမ်းတစ်အုပ်အတွက် ချက်ရန်ငွေသည်ကား နတ္ထိ။ နောက်ဆုံး ဒေါ်ညိုသည် မိမိရင်တွင်း၌ ဖြစ်ပေါ်လာသော စေတနာသဒ္ဓါတရားကို တားဆီးမရနိုင်တော့ဘဲ မဖြစ်မနေ ဆွမ်းတစ်အုပ်နှင့် ဟင်းတစ်ခွက်ကို လှူမည်ဟုအဓိဋ္ဌာန်ပြုမိသည်။

ထိုသို့အဓိဋ္ဌာန်ပြုပြီး ငွေရရေးကို ကြံစည်စိတ်ကူးသည်။ ကြံရာမရ၊ စိတ်ကူးမရဖြစ်နေမိသည်။

နောက်ဆုံးတွင် ဒေါ်ညိုသည် အိမ်မှ ထွက်လာရင်း ရွာအနောက်ဖက်ရှိ ရိုးကလေးနားသို့ ရောက်လာသည်။ ရိုးကလေးထဲတွင် ငါးအသေးအမွှားကလေးများသည် ရေပေါ်တွင် ပေါ်လိုက်ငုပ်လိုက်ဖြင့် ပျော်မြူးနေကြသည်ကို ဒေါ်ညိုမြင်မိသည်။

အကုသိုလ်တော့ အကုသိုလ်ပဲ။ ဒါပေမယ့် ငါရဲ့လှူချင်တဲ့ဆန္ဒအာသီသ ပြည့်စုံဖို့အတွက်တော့ ဤငါးလေးတွေကိုပဲ ပါရမီဖြည့်ခိုင်းရတော့မှာပဲ။

ဒေါ်ညိုသည် ဤသို့တွေးပြီး ရိုးထဲဆင်းကာ ရိုးကလေးကို ရှေ့ပိတ်နောက်ပိတ် ကန်ပြီး ငါးပက်လေတော့သည်။

ဒေါ်ညိုသည် အစိဌာန်အောင်မြင်အောင် ပတ်ဝန်းကျင်တွင် နတ်ဒေဝါတို့က ကူညီလေသလားမသိ။ ရိုးကလေးရေမက်ထုတ်၍ ရေကုန်သောအခါ ရိုးထဲမှ ငါးဘတ်ကြီးတစ်ကောင်ကို ဒေါ်ညို ရခဲ့သည်။ အခြားငါးအသေးအမွှားများက တစ်ပြည်စာလောက် ရခဲ့သည်။

ဒေါ်ညိုသည် ငါ၏အလှူအောင်ပြီဟု ဝမ်းသာအားရစွာနှင့်ပင် အိမ်ပြန်လာခဲ့သည်။ ငါးဘတ်ကြီးကို ရောင်းချရသောငွေဖြင့် ဆီ၊ ဆန်၊ ဆား၊ ရှောက်၊ ကြက်သွန် စသော မီးဖိုချောင်သုံး ပစ္စည်းများကို ဝယ်သည်၊ ချက်သည်။

ငါးအသေးအမွှားလေးများကို နံနံပင်၊ ပင်စိမ်းပင်တို့ဖြင့် အုပ်၍ချက်သည်။

ဆွမ်းအုပ်ပို့ချိန်သို့ ရောက်သော် ဒေါ်ညိုသည် အိမ်နီးနားချင်း မိတ်ဆွေမထံမှ အဝတ်တစ်စုံနှင့် ဆွမ်းအုပ်တစ်လုံးကိုငှား၍ မိမိအတွက် နံနက်စာပင် မချန်တော့ပဲ အကုန်လုံး သပ်သပ်ရပ်ရပ် ဆွမ်းအုပ်ထဲထည့်ပြီး ရွာဦးကျောင်းသို့ ကြော့ကြော့မော့မော့ကလေး ထွက်ခဲ့သည်။

မိမိလှူလိုသော ဆွမ်းတစ်အုပ်ကို ရလိုက်သည့်အတွက် ရင်ထဲဝယ် ဝမ်းသာကြည်နူးမှုပီတိကလည်း လွှမ်းမိုးပျော်ရွှင်ကာ တသိမ့်သိမ့်ခံစားနေရသည်။ သံဃာတော်များကို ဆွမ်းဆက်ကပ်သောအခါ မိမိ၏ ဟင်းခွက်ကလေးသည်ကံအားလျော်စွာ မာန်လည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကလည်း ဒေါ်ညို၏ဟင်းကို အားရပါးရ ဘုဉ်းပေးရှာသည်။

ဆရာတော်ဘုရားကြီးက မိမိသာဘုဉ်းပေးရုံမက အခြားသံဃာတော်များကိုလည်း -

" မောင်ပဥ္စင်းတို့၊ ဒီဟင်းကလေးကို ဘုဉ်းပေးကြည့်စမ်းကွယ့်၊ ရှေးဟင်းလေး၊ ခံတွင်းအားကြီးတွေ့တယ်" ဟုမိန့်ကြားပြီး အခြားသံဃာများကိုလည်းဘုဉ်းပေးစေပါသည်။

သံဃာတော်များဆွမ်းကပ်နေသည်ကိုလည်းကောင်း၊ မိမိဟင်းလေး ဆရာတော်ဘုရားကြီး ဘုဉ်းပေးနေသည်ကိုလည်းကောင်း၊ စိတ်ထဲမှာအာရုံစိုက်ပြီးကြည်ညိုနေမိသော ဒေါ်ညိုသည် မိမိဟင်းနှင့် ပတ်သက်၍ဆရာတော်ကြီး၏သံဃာတော်များကို မိန့်ကြားသံကို ကြားရသောအခါဝယ် မကြုံဖူးသော ပီတိသုခအဟုန် ခံစားနေရပြီး ကုသိုလ်ဇောစေတနာ ဗျာပါရအားကြီးမှု ကြောင့်နားထဲတွင် ကြေးစည်သံ၊ ခေါင်းလောင်းသံ သာဓုခေါ်သံတွေကိုပါ ကြားနေမိတော့သည်။

ဒေါ်ညိုဘဝတွင် ရှားရှားပါးပါး တစ်ကြိမ်သာ ဆွမ်းတစ်အုပ်ကို လှူဒါန်းခဲ့ရဖူးပါသည်။ အသက်သေသည့်ကာလအထိ နောက်ထပ်ဤကဲ့သို့သောပီတိအဟုန်ဖြင့် လှူရသော အလှူမျိုး မဖြစ်ပေါ်ခဲ့ပါ။

သို့သော် တစ်ကြိမ်လှူခဲ့ရသော ကုသိုလ်စိတ်ဇောကလေးကမူ မိမိရင်ထဲတွင်းဝယ် အကြိမ်ကြိမ် အမှတ်ရနေမိပြီး အကြိမ်ကြိမ် ပီတိသုခကို ခံစားနေရပါသည်။

ဤသို့ဖြင့် ဒေါ်ညို၏ ဤမှာဘက်ဘဝသည် လက်လှုပ်မှ ပါးစပ်လှုပ်ရသော ဘဝဖြင့် ဆင်းရဲစွာ ဘဝနိဂုံးချုပ်ခဲ့ရပါသည်။

ဤမှာဘက်ဘဝ မချစ်မေသည် မိမိ၏ဒေါ်ညိုဘဝဇာတ်လမ်းစုံ၊ အကြောင်းစုံကို ပြောပြနိုင်ခဲ့သည်။

ဒေါ်ညိုဘဝက အကြောင်းအကြောင်းများကို တွေးမိတိုင်း ဝမ်းသာပမ်းနည်း ခံစားရသည်။ ထို့ကြောင့် မချစ်မေသည် တစ်ချိန်တစ်ဘဝက သယ်ပိုးမှာ မြှုပ်ရသော ဒါနကလေးကို ယခုထက်တိုင် သတိရနေမိသည်။ ထိုဒါနကြောင့်ပင် ယခုဘဝတွင် သူဌေးသမီးမချစ်မေ ဖြစ်လာရသည်ကို နှလုံးသွင်း ထားမိသည်။

ဒါန၏အကျိုး [illegible] အရေးပါမှုကို မချစ်မေသည် သဘောပေါက်နားလည်နေသည်။

[illegible] မာန်လည်ဒုတိယဆရာတော် ဦးဖြိုးကို [illegible] ပေါ်ကျောင်း၌ သိမ်တစ်လုံး၊ လယ်မီးရွာတွင် [illegible] ကျောင်း၌ ကြေးချိန် ( [illegible] ပိဿာ ၆၅ ကျပ်သား) [illegible] ကြေးစည်လေးတစ်လုံး (၃ ပိဿာ ၁၅ ကျပ်သား)ရှိကြေးစည်လေးတစ်လုံး [illegible] လှူဒါန်းခဲ့သည်။

မဒေါ်ချစ်မေ၏ ဘဝ [illegible] ဒါနအကျိုးအမျိုးမျိုးတို့ကို အသက် [illegible] ကွယ်လွန်သည်အထိ လှူဒါန်းသွားခဲ့သည်။

ဒေါ်ချစ်မေ၏ ဘဝ၌ ပြုခဲ့သော ဆွမ်းတစ်ဝက်အလှူအကျိုးနှင့် ဖြစ်ပေါ်ခဲ့သော မှန်မြတ်သော စေတနာသဒ္ဓါတရားအကျိုးကား ဒုတိယဘဝ တွင်သူဌေးသမီး ဖြစ်ခဲ့ရသည်။ လူဖြစ်ကျိုးနပ်ခဲ့ရသည်။ ဘဝအဆက်ဆက် ကောင်းကျိုး ချမ်းသာကို ဖြစ်စေသည်သာဖြစ်ပါတော့သည်။

မိမိပြုမိသောကံ မိမိသာခံ၍ ကြွေးဆပ်ပါမည်

ကွမ်းလုံမြို့ကလေးသည် တောင်စဉ်တောင်ဝှမ်း အဆင့်ဆင့်၌ တည်ထောင်ထားသော အေးချမ်းသာယာသော မြို့ကလေးတစ်မြို့ ဖြစ်ပါသည်။ ထိုမြို့၏ အောက်တွင် သံလွင်မြစ်သည် တသွင်သွင် စီးဆင်းနေပါသည်။ ထိုသံလွင်မြစ်ကို ကွမ်းလုံကြိုးတံတားကြီးက လှပခန့်ညားစွာ ဖြတ်ကျော်တည်ဆောက်ထား၍ ကွမ်းလုံအလှသည် ပို၍ပင် အလကြွယ်နေသည်ဟုထင်ရပါသည်။

စာရေးသူသည် ထိုမြို့ကလေးသို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုလူပုဂ္ဂိုလ်သင်တန်း ဖွင့်လှစ် ပို့ချရင်း ရောက်သွားပါသည်။ သင်တန်းပို့ချမှုပြီးသော ညနေဆည်းဆာ အချိန်ဝယ် စာရေးသူသည် ပတ္တမြားတည်းခိုခန်း၏ နောက်ဖေးလွင်ပြင် ခြံပေါ်မှနေပြီး သံလွင်မြစ်ပသာဒနှင့် ကြိုးတံတားအလှသဘာဝအရသာကို ခံစားနေမိပါသည်။

ထိုအချိန်တွင် မြောင်ဇီးအမျိုးသားတစ်ဦးသည် စာရေးသူဘေးသို့ ရောက်လာပြီး လက်အုပ်ချီကန်တော့ရင်း-

"ဆရာက တက္ကသိုလ်သျှင်သီရိပါလားခင်ဗျာ" ဟုဗမာသံခပ်ဝဲဝဲဖြင့် မေးပါသည်။

"ဟုတ်ပါတယ်။ ထိုင်ပါ။ ကိစ္စရှိပါလားခင်ဗျာ"

"အထွေအထူးတော့ ကိစ္စမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က အတန်းပညာ (၈)တန်းအထိ သင်ဖူးပါတယ်။ စာလည်းဖတ်ပါတယ်။ ဆရာကြီးရဲ့ ရုပ်ပြစာအုပ်တွေကို ကလေးတွေ ငှားလာလို့ ဖတ်မိပါတယ်။ ပြီးတော့ ဆရာကြီးက လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ခြင်းပါစေနဲ့ သေရွာပြန်စာအုပ်တွေ ဖတ်ဖူးပါတယ်။ ကျွန်တော်အဲဒီစာအုပ်တွေ ဖတ်ပြီးကတည်းက ဆရာကြီးနှင့်တွေ့ချင်နေတာ။ ယခုတိုက်တိုက်ဆိုင်ဆိုင် မမျှော်လင့်ဘဲ လာတွေ့ကြုံနေရတော့ ကျွန်တော် အလွန်ဝမ်းသာမိပါတယ် ဆရာကြီး"

"တွေ့ချင်တာက ဘာအတွက်တွေ့ချင်တာလဲပါလဲ"

" ဒီလိုပါဆရာကြီး၊ ကျွန်တော့်ဘဝမှာ ခံစားနေရတဲ့ ဝဋ်ကြွေးတစ်ခုရှိနေပါတယ်။ ဒီဝဋ်ကြွေးကို ကျွန်တော် ဆရာကြီးတို့လို ပုဂ္ဂိုလ်မျိုးကို ပြောပြချင်ပါတယ်။ ပြီးတော့ ဆရာကြီးက ကျွန်တော့်ဘဝအတွက် ဖြေဆေးတစ်ခုရနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ် ဆရာကြီး"

ကဲ . . ပြောပါ။ ကျွန်တော် ခင်ဗျားအဖြစ်အပျက်ကို နားထောင်ပြီး ခင်ဗျားအတွက် တတ်နိုင်သလောက် အဖြေတစ်ခုပေးပါမယ်"

"ကျွန်တော် မူလက ခရစ်ယာန်ဘာသာကိုးကွယ်သူပါ။ အရာရာကို ဘုရားသခင်အလိုကျ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုတာ လက်ခံထားသူပါ။ ယခုဤဝင်္ကြေး ဇာတ်လမ်းဖြစ်ပြီးမှ ဗုဒ္ဓဘာသာစာပေတွေ လေ့လာရင်းကဲ့, ကံ၏အကျိုး ယုံကြည်ပြီး ဗုဒ္ဓဘာသာကိုလက်ခံ ယုံကြည်ပြီး လေ့လာနေဆဲပါ"

ဟုအစချီကာ သူခံစားနေရသည်ဆိုသော အဖြစ်အပျက်ဇာတ်လမ်းကို စာရေးသူအား ဆက်လက်ပြောပြပါသည်။

ကျွန်တော်ဟာ ဒီကွမ်းလုံမြို့သား မဟုတ်ပါဘူး။ ဟိုပန်မြို့သားပါ။ လားရှိုး-ကွမ်းလုံ ကုန်တင်ကားစပယ်ယာလိုက်ရင်း ဒီကွမ်းလုံမြို့သူနှင့်ညားလို့ ကွမ်းလုံရောက်လာတာပါ။

ကျွန်တော် ပထမဦးဆုံး သမီးကလေးတစ်ယောက် ရပါတယ်။ ကျွန်တော်သမီးကလေးမွေးတော့ မိဘတို့ရဲ့ချစ်ခြင်း မေတ္တာစိတ်အပြည့်အဝနှင့် ဒီသမီးကလေး ကိုလူ့လောကအလယ်မှာ တင့်တောင်းတင့်တယ်ဘဝ မကြောင့်မကြ မပူမပင်ရ ဘဝနဲ့ပညာသင်စေချင်တယ်။ ဘဝကိုတည်ဆောက်စေချင်တယ်။ အဲဒါကြောင့် ကျွန်တော် အလုပ်ကို ကြိုးစားလုပ်ပါတယ်။ တတ်နိုင်သလောက် ခြိုးခြံချွေတာပြီး စုဆောင်းပါတယ်။ ဒါပေမယ့် စပယ်ယာဘဝရငွေနှင့် ဘဝတစ်ခု ပြည့်စုံဖို့ဆိုတာ မလွယ်မှန်း ကျွန်တော်သိလာတယ်။ အဲဒီတော့ ကျွန်တော်လတ်တလော ငွေရတဲ့အလုပ်၊ ကြီးပွားချမ်းသာမယ့် အလုပ်ကို စဉ်းစားမိလာတယ်။

အဲဒီလို စဉ်းစားလာမိရင်ကနေ လာရှိုးမှာ ကျွန်တော်တို့လို ကားစပယ်ယာ ဘဝကနေပြီး ကြီးပွားချမ်းသာသွားတဲ့ ကိုလှငွေဆိုသူနှင့် ဆက်သွယ်မိတယ်။

ဒါနဲ့ ကျွန်တော်လုပ်ဖြစ်သွားပါတယ်။ ငွေကလည်း မျှော်မှန်းသည်ထက်ပို၍ရပါတယ်။ သုံးလအတွင်း ကျွန်တော်ဟာ ကွမ်းလုံမှာ သင့်တော်တဲ့ အိမ်လေးတစ်လုံး ဝယ်လာနိုင်ပါတယ်။ မယားနှင့်သမီးလေးကိုလဲ လိုလေသေးမရှိထားနိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ကြားဖြတ်တစ်ခု ကြိုတင်ပြောထားပါရစေ ဆရာကြီး၊

ကျွန်တော်ဝယ်လိုက်တဲ့ အိမ်နီးနားချင်း အိမ်တစ်အိမ်မှာ ကြောင်မတစ်ကောင်ရှိတယ်။ အဲဒီကြောင်မ ဟာ အလွန်ခိုးစားတတ်တဲ့ အလေ့အကျင့်ရှိတယ်။ မကြာမကြာလည်း အိမ်ကအစားအသောက်တွေကို ခိုးစားခဲ့ရတယ်။

တစ်နေ့မှာ အဲဒီကြောင်မဟာ ကျွန်တော်သမီးအတွက်ထားတဲ့ ဟင်းကိုခိုးစားသွားတယ်။ ကျွန်တော်ဒေါသဟာ အတိုင်းထက်အလွန်ဖြစ်သွားတယ်။ ဒီကြောင်မကို သတ်ရန် ကျွန်တော် ဆုံးဖြတ်လိုက်မိပါတယ်။

အဲဒီလိုဆုံးဖြတ်ပြီး ဒီကြောင်မကို အစာနှင့်ထောင်ဖမ်းလိုက်တာ မိတော့တာပါပဲ။ ကြောင်မကို မိတော့ ဒေါသအရှိန်က ဆထက်ထမ်းပိုးတက်ပြီး ကြောင်မကို "နင် ဒီခြေ၊ ဒီလက်တွေရှိလို့ သွားလာနိုင်ပြီး ခိုးစားနိုင်တာ၊ နင်မှာ ဒီခြေ ဒီလက်တွေ မရှိရင်ခိုးမစားနိုင်ဘူး" ဆိုပြီး ဒေါသနှင့် ကြောင်မရဲ့ ခြေလက်တွေကို ဖြတ်တောက်ပစ်လိုက်မိတယ်။

ကြောင်မခမျာလည်း မချိမဆံ့ ခံရပြီး သေဆုံးသွားပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့ရန်သူ ကြောင်မကို ကလဲ့စားချေလိုက်ရလို့ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

ကျွန်တော်ကြောင်မကို ခြေဖြတ် လက်ဖြတ်နှိပ်စက်နေတဲ့ အချိန်မှာ ကျွန်တော်ဇနီး ဈေးကပြန်လာရင်းတွေ့တော့ ကြောင်မရဲ့ မချိမဆန့်ခံနေရတာကိုမြင်ရပြီး အလွန်စိတ်မကောင်းဖြစ်တာနဲ့ ကြောင်မကို သနားဂရုဏာဖြစ်ပြီး "ကိုရယ်၊ တိရစ္ဆာန်ပဲ၊ မသိလို့ ခိုးစားတာ ဘာပြုလို့ ဒီလောက်အထိ ရက်ရက်စက်စက်လုပ်နေရပါသလဲ။ မလုပ်ပါနဲ့" ဟုတားပါတယ်။ ကြောင်မဟာ ကျွန်တော်ရဲ့ ဇနီးအသံကို ကြားရတာနဲ့ ကျွန်တော်ဇနီးကို မျက်လုံးကလေး ကလယ်ကလယ်နဲ့ ကြည့်ပါတယ်။ သူ့ကို ကယ်ပါလို့ ပြောဟန်တူပါတယ်။ ကျွန်တော်ဇနီးလည်း ကြောင်မခံစားနေရတဲ့ ဝေဒနာကို စုတ်တသပ်သပ်နဲ့ ဖြစ်နေပါတယ်။ နောက်ဆုံး မကြည့်ရက်လို့လား မပြောတတ်ဘူး။ "ကိုယ်ရယ် ဒီလိုတော့ သတ္တဝါလေးတွေကို နိုင့်ထက်စီးနင်း မလုပ်ပါနဲ့။ မသေမရှင် ဒုက္ခိတ ဘဝရောက်အောင်လည်း မလုပ်ပါနဲ့။ သတ်ချင်ရင်လည်း ဘဝပြတ်အောင် အသေသာသတ်လိုက်ပါ" လို့ပြောတော့ ကျွန်တော်လည်း ဒီလောက်တောင် ရှိလှတဲ့ကြောင်မ သေပေတော့ဆိုပြီး ခေါင်းဖြတ် သတ်မိလိုက်ပါတယ်။

ကျွန်တော်ဘဝ ကြောင်မသတ်မိတဲ့ အကုသိုလ်ဝင်သွားသလား မသိပါဘူးဆရာကြီးရယ်။ တစ်ပတ်အကြာ လားရှိုးကို ပစ္စည်းအပို့မှာ စစ်ဆေးရေး

ဂိတ်က သတင်းအရ ကျွန်တော်တို့ကားကို ပိုက်စိပ်တိုက်ရှာတော့ ပစ္စည်းတွေ အမိခံရပါတယ်။ ကားရော ဒရိုင်ဘာရော ကျွန်တော်ပါအဖမ်းခံရတော့ ကျွန်တော်က ကျွန်တော့်အတွက်ကြောင့် ကျွန်တော့်ကားပိုင်ရှင်ရော ကား မောင်းသူပါ အပြစ်မကျရောက်စေလိုတာနဲ့ ကျွန်တော်ပစ္စည်း ကျွန်တော် သယ်ယူတာပါလို့ ဝန်ခံလိုက်ပါတယ်။

အဲဒီအမှုနှင့် ကျွန်တော် ထောင်ငါးနှစ်ကျခံခဲ့ရပါတယ်။ ကျွန်တော် ထောင်ထဲ ရောက်လို့ တစ်နှစ်ပြည့်ခါနီးလောက်မှာ ကျွန်တော်ဇနီးမှာ သားလေး တစ်ယောက်မွေးတယ်ဆိုတာ သိရပါတယ်။ သားကလေး မွေးတယ် ကြားတော့ ကျွန်တော်ဝမ်းသာပါတယ်။ သမီးမွေးတာထက်တောင် ဝမ်းသာ ပါတယ်။ ထောင်ဝင်စာ လာတွေ့တဲ့ ဇနီးကို အဆင်ပြေက သားကလေးပါ ခေါ်လာပြဖို့ ကျွန်တော်ကဇနီးကို အတန်တန်မှာပါတယ်။ ဇနီးက ကွမ်းလုံ ကနေ လားရှိုးလာရတာ ကားမလွယ်၊ ခရီးလမ်းကြမ်း၍ ကလေးဒုက္ခရောက် မယ် စသည့်အကြောင်းပြကာ တစ်ခါမျှ ခေါ်မလာပါဘူး။

အဲဒီလိုနဲ့ ကျွန်တော်ဟာ လားရှိုးထောင်ထဲမှာ ကောင်းမွန်စွာနေမှု၊ ကျရာတာဝန်ကျေပွန်စွာ ထမ်းဆောင်မှု၊ လူကြီး၏ ချစ်ခင်လေးစားမှုကို ခံရပြီး လျှော့ရက်များစွာ ရပြီး သုံးနှစ် ကျော်ကျော်နှင့် ထောင်မှ ထွက်ခဲ့ရပါတယ်။ ထောင်ဝ ကျွမ်းမှုစောင့်တော့မည်ကို မသိပေ့ ဇနီးကိုလည်း ကြိုပြောမထား ခဲ့ပါဘူး။ ထောင်ဝတွေ့တဲ့ တက္ကစီနဲ့ ကျွန်တော်ဟာ လားရှိုးကနေ ပြီး ကွမ်းလုံကို ကြုံရာကားနှင့် လိုက်ပြီးပြန်ခဲ့ပါတယ်။

ညနေချိန်ရောက်သွားပါတယ်။ ကျွန်တော်အိမ်ရောက်သွားတော့ သမီးငယ်ကိုသာတွေ့ ရပါတယ်။ သမီးငယ်က မေမေမောင်လေးနှင့် ဈေးဘက် သွားတယ်၊ ယခုပြန်လာမယ်လို့ ပြောပါတယ်။

သမီးနှင့်စကားပြောလို့ မဆုံးခင်မှာပဲ ကျွန်တော်ဇနီးရောက်လာ ပါတယ်။ ကျွန်တော်ယခုလို ထောင်ကလွတ်လာပြီး ရုတ်တရက်ကြီး ရောက်လာတာကို သူ့ခမျာ အံ့ကလည်းအံ့သြ၊ ဝမ်းကလည်းသာနှင့် မျက်ရည်တွေ တတွေတွေကျပြီး ငိုနေပါတော့တယ်။ သူ့နောက်ပိုးနှင့် လွယ်ထားတဲ့ ကလေးကတော့ ကျွန်တော့်ကို သူ့အမေပခုံးကျော်ပြီး ကျွန်တော်တို့ကို ပြုံးတူကြောင်တောင်နှင့် ကြည့်နေပါတယ်။

ဇနီးက ငိုလို့အားရပြီးမှ ကလေးကို စောင်ပုခက်ကျောပိုးက ထုတ်ပြီး သားသား၊ ဒါ မင်းဖေဖေပဲလို့ပြောပြီး ကလေးကိုရှေ့မှာ ပြပါတယ်။ ကလေးက

ကျွန်တော်ကို တိုက်ရိုက်မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်တည်းမှာပဲ-

"နင်ငါ့အဖေ မဟုတ်ဘူး။ ငါ့ကိုခြေတွေ လက်တွေ ဖြတ်ခဲ့တာနင်ပဲ။ နင့်ကို ငါမုန်းတယ်။ မေမေသား သူ့ကို အဖေမတော်ချင်ဘူး"

သားငယ်က ကျွန်တော်ကို စူးစူးဝါးဝါးကြည့်ပြီး အဲဒီလို ကလေးအသံ ကလေးနဲ့ အော်ဟစ်ပြောပါတော့တယ်။

ကျွန်တော်ဟာ အတော်ပင် တုန်လှုပ်ချောက်ချားသွားမိပါတယ်။ ကလေးကိုလည်း သေချာစွာ ကြည့်မိပါတယ်။ မှန်ပါတယ်။ ကျွန်တော့် သားလေးမှာလည်း ဒီအတိုင်းပါလာပါတယ်။

"ကျွန်တော်ဟာ အလွန်ကြေကွဲဝမ်းနည်းရပါတယ် ဆရာကြီး။ ဒီကြောင်မက ဒီလိုကျွန်တော့် ဇနီးထံ လူအဖြစ်ပြန်လာလို့ ရပါသလား ဆရာကြီး။ ဒီကြောင်မဟာ ကျွန်တော်ကို ကလဲ့စားပြန်ချေဖို့ ပြန်ဝင်စား လာတာလား။ ဒါမှမဟုတ် ကျွန်တော်က သူ့ဝဋ်ကြွေးကို ပေးဆပ်ရမှာလား။ ကျွန်တော်ဟာ အတိတ်ဘဝက ကြောင်မကို အလွန်မုန်းခဲ့ပေမယ့် ယခုဘဝ သားကျတော့ မမုန်းရက်ဘူး။ ချစ်လည်းချစ်တယ်။ သနားလည်း သနားမိ ပါတယ်။ အဲဒါဆရာကြီး ကျွန်တော်ကို အဖြေတစ်ခုပေးပါခင်ဗျာ"

မြောင်ဇီးအမျိုးသားကြီးသည် သူ၏ဇာတ်လမ်းကို ပြောပြပြီး အဆုံးဝယ် မျက်ရည်တွေ တတွေတွေ ကျပြီး နေပါသည်။ စာရေးသူထံမှ အဖြေတစ်ခုကိုလည်း စောင့်နေပါသည်။

စာရေးသူက သူ့ကို ကုသိုလ်ကံ၊ အကုသိုလ်ကံအကြောင်းတွေ ပြောမပြခင်မှာ မဟာစည်ဆရာတော်ဟောခဲ့သော မောင်ညိုနှင့် ဆန် တစ်စလယ်အကြောင်း ပြောပြမိသည်။ မောင်ညိုဘဝ၊ တိုက်ကြက်ဘဝ ရောက်ပုံ သေခါနီး နွားမကြီးက လာနမ်း၍ နွားမနောက်အာရုံရောက်ပြီး နွား ဘဝရောက်ပုံ၊ နွားဘဝအသတ်ခံရခါနီး စားရေးကြီးကတော်က ကရုဏာနှင့်ပြော ပုံ၊ ထိုစာရေးကြီးကတော်ကို စွဲလမ်းပြီး ဝင်စားပုံအကြောင်းစုံနှင့် သီဟိုဠ် လက်ထက်က ညီကမရီးနှင့် ဖောက်ပြန်ပြီး အစ်ကို ကိုသတ်ပုံ၊ အစ်ကိုက မယားကိုစွဲလမ်းပြီး မြွေဘဝ၊ ခွေးဘဝ၊ နွားဘဝရောက်ပြီး နောက်ဆုံးမယားထံ သားအဖြစ် ပြန်ဝင်စားပုံ၊ သားက မိခင်က အထိတ်ဘဝ ရန်သူဖြစ်နေ၍ နို့ ပင်အတိုက်မခံပုံ ဇာတ်လမ်းစုံကို ပြောပြရပါသည်။

ထိုဇာတ်လမ်းများကို ကြားရသော မြောင်ဇီးအမျိုးသားကြီးသည် အားတက်ရွှင်လန်းလာပါသည်။ စာရေးသူက သူ့ကိုကံ၊ ကံ၏အကျိုးပေးပုံ

အာသန္နကံ မည်သို့မည်ပုံအကျိုးပေးပုံ၊ အကြောင်းစုံကို ရှင်းပြရပါသည်။ သားလေးကိုလည်း အတုံ့အလှည့် သဘောအထားဘဲ မေတ္တာတရားနှင့် ပြုစုစောင့်ရှောက်သင့်ပုံ၊ သူ့ဘဝ အကုသိုလ်များသော တိရစ္ဆာန်ဘဝကနေ ရခဲ့သော လူ့ဘဝကို ခင်ဗျားနှင့်၊ ခင်ဗျားဇနီး စွဲလမ်းမှုကြောင့်ရလာ၍ အသိဉာဏ်ရှိသော လူ့ဘဝကို ရလာသောကြောင့် ယခုအဝထက် အဆင့်မြင့်သောဘဝရောက်အောင်၊ အသိအလိမ္မာ ဉာဏ်တွေရအောင် လုပ်ပေးဖို့ပြောပြရပါသည်။ ခြေပြတ် လက်ပြတ်ဖြစ်ရသည်မှာလည်း သူ၏ အကုသိုလ်ကံကြောင့် ဖြစ်ရသည့်အကြောင်းကိုပါ ရှင်းပြရပါသည်။

မြောင်ဇီးအမျိုးသားကြီးသည် နောက်ဆုံး ကျွန်တော်အဖြေကို သဘောကျပြီး သူ့ကြောင့် တိရစ္ဆာန်ဘဝမှ ကျွတ်လွတ်ခဲ့ရသော သူ့သားကို ယခုဘဝထက် အဆင့်မြင့်အောင် ကြိုးစားပေးသွားမည်ဟု ကတိပြုသွားပါသည်။

လောကတွင် ကံတရားစီမံမှုအရ ဝဋ်ကြွေးရှိက ပေးဆပ်ရမည်သာ ဖြစ်ပါသည်။ ဘယ်သူမပြု မိမိမှု မိမိပြုသောကံ မိမိသာပြန်ခံရမည်ကို သတိပြုမိကြစေလိုပါသည်။

တက္ကသိုလ်သျှင်သိဒ္ဓိ<br>
(မော်စရိယ၊ ဘီအေ)